www.burmeseclassic.com



www.burmeseclassic.com

ဂန္ဓာရီမမနှင့် ဂန္ဓာရီဝိဇ္ဇာ၏ မအို၊ မနာ၊ မသေဆေး
ဝိတာမြိုး

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၃၂၃၀၃၀၈
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၁၀၄၄၀၈၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ မေလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
နိုင်ဦး
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၁၀၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သော အခန်းများ


- ❒ အခန်း (၁) စစ်ကိုင်းတောင်ရိုးမှ ဈောက်လာသော အရေး ကြီးစာတစ်စောင်
- ❒ အခန်း (၂) မအို၊ မနာ၊ မသေဆေး
- ❒ အခန်း (၃) ကြေးညိုပြားပေါ်ကသီလရှင်
- ❒ အခန်း (၄) မနာဆေးတောင့်ရှာပုံတော်
- ❒ အခန်း (၅) ထောင်ထဲက ငွေကြုတ်ကလေး
- ❒ အခန်း (၆) ရွှေနေမမ ဂမ္ဘီရ
- ❒ အခန်း (၇) အောက်ချင်းရင် အောက်ဥကပေါက်သည်
- ❒ အခန်း (၈) မသေဆေးတောင့်ဝက်ပါ
- ❒ အခန်း (၉) ဂန္ဓာရီဝိဇ္ဇာနှင့်ဆွမ်းဦးပုညရှင်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## စစ်ကိုင်းတောင်ရိုးမှရောက်လာသော အရေးကြီးစာတစ်စောင်

"ဒါ စိုးမမမျိုးတို့အိမ်လား"

အိမ်ရှေ့ ခြံဝတွင်ရပ်၍ လှမ်းမေးလိုက်သော သက်နှံးဝါဝါဖြင့် ဦးပဥ္စင်းတစ်ပါး၏အသံကြောင့် စိုးမမမျိုး အိမ်ရှေ့တံခါးဝသို့ ကမန်းကတန်း ထွက်လာမိသည်။

"တင်ပါ့ဘုရား၊ တပည့်တော် စိုးမမမျိုးပါ။ ဘာကိစ္စရှိလို့ပါလဲ"

ဦးပဥ္စင်းက အိမ်တံခါးဝထိလာကာ သင်္ကန်းအတွင်းဘက်တွင်လွယ်ထားသော လွယ်အိတ်ငယ်ထဲသို့ လက်နှိုက်၍ တစ်စုံတစ်ခုကို ရှာဖွေနေသည်။ ခြံဝတွင်ကား အမျိုးသမီးကြီးတစ်ဦးနှင့် သီလရှင်နှစ်ပါး ရပ်နေကြသည်။

"ဦးပဥ္စင်းတို့က စစ်ကိုင်းတောင်က ပြန်လာတာ ဒကာမကြီးရဲ့ ခုနလေးကမှ ရန်ကုန်ရောက်တာလေ။ ရောက်ရောက်ချင်း ဒီကို အရင်တန်းလာခဲ့တာပါ"

"တင်ပါ့ဘုရား"

"စစ်ကိုင်းတောင်ရိုးက ပညာဒီပကျောင်းတိုက်မှာ ဦးပဥ္စင်း ဦးပညာသာမိ ဆိုတာနဲ့ တွေ့ခဲ့တယ်။ ဒကာမကြီး အမေရဲ့ အဖေလို့ ပြောတယ်၊ သိရဲ့လား"

"သိပါတယ် ဘုရား၊ ဘိုးဘိုး အဲဒီမှာ ဘုန်းကြီးဝတ်နေတယ် ကြားပါတယ်"

"အေး- အဲဒါ ဦးပဥ္စင်းတို့နဲ့ လမ်းကြုံနေတာနဲ့ စာတစ်စောင် ထည့်ပေးလိုက်တယ်။ ရန်ကုန်ရောက်ရောက်ချင်း ဒကာမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလက်ထဲ အရောက်သွားပေးပါဆိုလို့ လာခဲ့ရတာကွယ့်၊ အရေးကြီးတယ် ထင်ပါရဲ့"

"တင်ပါ့ဘုရား၊ ဘာများအရေးကြီးလို့လဲ မသိဘူး"

"အင်း. . . အဲဒါတော့ ဦးပဥ္စင်းတို့လည်း စစ်ကိုင်းကို ခဏ သွားတဲ့ အာဂန္တုတွေဆိုတော့ မပြောတတ်ဘူးလေ။ ဒါပေမယ့် အဲဒီ ဦးပဥ္စင်းကြည့်ရတာတော့ အားမရဘူး။ ဝေဒနာ တစ်ခုခုကြောင့် အတော်လေး ကျန်းမာရေး ချို့တဲ့နေတယ် လို့တော့ ဦးပဥ္စင်း တွက်လို့ရတယ်"

"တင်ပါ့၊ အိမ်ထဲကြွပါဦးလား ဘုရား။ မတ်တတ်ကြီး"

"မဝင်တော့ဘူး၊ ဗဟန်းက ရှင်ပြုတစ်ခု အမီသွားရမှာမို့လို့ ပါ။ ကဲ- ရော့၊ ဒကာမကြီးရဲ့ ဘိုးဘိုးဆီကစာ။ ဦးပဥ္စင်းတို့ သွားပြီ"

BURMESE CLASSIC

"တင်ပါ့၊ ကျေးဇူးတင်ပါတယ် ဘုရား"

ဦးပဥ္စင်းက စာအိတ်တစ်အိတ် လှမ်းပေး၍ စိုးမမမျိုးက လက်အုပ်ချီပြီး ခံယူလိုက်သည်။ ဦးပဥ္စင်းက နှုတ်ဆက်ကာ ခြံဝတွင် ရပ်စောင့်နေသူများနှင့်အတူ ပြန်ကြွသွားသည်။

စိုးမမမျိုးက အိမ်ထဲသို့ပြန်ဝင်ကာ ဧည့်ခန်းတွင်ထိုင်၍ ဦးပဥ္စင်းပေးသွားသောစာကို ဖောက်ဖတ်လိုက်သည်။

*သို့-*
*ချစ်မြေးလေး မမ*
*ဒီစာရရချင်း အမြန်လာ။*

*ဘိုးဘိုး ဦးပညာသာမိ*
*ပညာဒီပကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး။*

စိုးမမမျိုးက နေရာမှထကာ ဘုရားကျောင်းဆောင်အောက်ရှိ ဘိုးဘိုး ဦးထွန်းရွှေ၏ဓာတ်ပုံကိုကြည့်၍ လက်အုပ်ချီကန်တော့လိုက်သည်။ ဤဓာတ်ပုံမှာ သူမ ဆယ်နှစ်သမီးအရွယ် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် မိဘနှစ်ပါး ရှိစဉ်ကတည်းက ချိတ်ဆွဲထားခဲ့သော ဘိုးဘိုး၏ လူဝတ်ကြောင်နှင့်ပုံ ဖြစ်၏။ ထိုစဉ်က ဘိုးဘိုး၏ အသက်မှာ (၅၅)နှစ်ကျော်ခန့် ရှိဦးမည်။ အခုဆိုရင်တော့ အသက် (၃၅) နှစ်ကျော် (၅၀) နှစ်နီးပါး ရှိပေရော့မည်။

* * *

ဘိုးဘိုးမှာ အမေ၏အဖေ ဖြစ်၏။

သူမ အသက် ဆယ်နှစ်ခန့်က မိဘနှစ်ပါးစလုံး ဘုရားဖူး



www.burmeseclassic.com

www.burmeseclassic.com


ကားမှောက်၍ သေဆုံးခဲ့ကြရသည်။ ထိုစဉ်ကစ၍ ဘိုးဘိုးတစ်ယောက် ဘယ်ရောက်၍ဘယ်ပေါက်နေသည် မသိ။ သူမမှာ ဖခင်၏အစ်မ ကြီးတော်ဖြစ်သူ၏လက်တွင် လူဖြစ်ခဲ့ရသည်။ ဘိုးဘိုးက ကြီးတော်ကြီးဆီ လှမ်း၍ မကြာခဏ စာရေးတတ်သည် ဆို၏။ သာကြောင်းမာကြောင်းနှင့် သူ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ တစ်နေ့နေ့ပြန်လာ၍ သူ့မြေးမလေးကို လာကြည့်မည်ဖြစ်ကြောင်းများ စာထဲထည့်ရေးတတ်ကြောင်း ကြီးတော်ပြော၍ သိခဲ့ဖူးသည်။ သို့သော် ယနေ့အထိ တစ်ခါမှ ပြန်မလာခဲ့ဘူးပေ။

လွန်ခဲ့သော လေးငါးနှစ်ကတော့ ဘိုးဘိုးသည် စစ်ကိုင်းတောင်ရိုးတွင် သာသနာ့ဘောင်ဝင်ကာ ရဟန်းဝတ်သွားကြောင်း သတင်းကြားခဲ့ရသည်။

တစ်ခုတော့ အံ့သြမိသည်။

နှစ်ပေါင်း နှစ်ဆယ်ကျော် သူမနှင့် လူကြုံဖြင့် လည်းကောင်း၊ စာအားဖြင့် လည်းကောင်း တစ်ကြိမ်တစ်ခါမျှ အဆက်အသွယ် မလုပ်ဘူးပါဘဲလျက် ယခုမှ သူမကို အရေးတကြီးခေါ် ယူခြင်းကြောင့် ဖြစ်၏။

"ဘယ်သူ့ဆီကစာလဲ မမ"

အိမ်ခန်းထဲက အသံကြား၍ထွက်လာသော ကြီးမေက သူမ၏လက်ထဲကစာကိုကြည့်ရင်း မေးသည်။ စိုးမမမျိုးက စာကို လှမ်းပေးလိုက်သည်။ ကြီးမေက စားပွဲပေါ်က မျက်မှန်လှမ်းယူတပ်ကာ ဖတ်သည်။ ခဏနေမှ ကြီးမေက မျက်မှန်ပြန်ချွတ်၍ ပြောသည်။

"သြော်. . . သမီးဘိုးဘိုးမှာက သူ့သွေးသားဆိုလို့ ပြေးကြည့်မှ ဒီမြေးမလေးတစ်ယောက် ရှိတာမဟုတ်လား။ အသက်အရွယ်ကလည်း ရလာ၊ ကျန်းမာရေးကလည်း ညံ့လာဆိုတော့ သူ မျက်စိနှစ်လုံးမမှိတ်ခင် သူ့မြေးမလေးကို နောက်ဆုံးအနေနဲ့ မြင်တွေ့သွားချင်လို့နဲ့ တူပါတယ်။ သမီး သွားတွေ့လိုက်ပါကွယ်"

ကြီးမေက စဉ်းစဉ်းစားစား ပြောသည်။

သူမအနေနှင့် သွားတော့တွေ့ရပေမည်။ ကြီးမေကတော့ ကျန်းမာရေးကြောင့် လိုက်နိုင်မည်မဟုတ်။ ထုံးစံအတိုင်း ကိုကျော်ဇေယျကိုပင် အကူအညီတောင်းရလိမ့်မည်။ ကိုကျော်ဇေယျသည်ကား သူမနှင့် ဆယ်တန်းနှစ်ကစ၍ တက္ကသိုလ်တွင် ဥပဒေဘွဲ့ရသည်အထိ အတူတက်ခဲ့သော သူငယ်ချင်းဆိုလည်း ဟုတ်သည်၊ လုပ်ဖော်ကိုင်ဖက် ဗဟိုတရားရုံးရှေ့နေတစ်ဦးဆိုလည်း မမှား။ မိမိအား


www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ချစ်ရေးဆိုတတ်၍ မိမိ၏တုံ့ပြန်မေတ္တာကို တစာစာ တောင်းခံနေသူလည်း ဖြစ်၏။

နောက်တစ်နေ့ ညနေပိုင်း အမှုရုံးချိန်းများအပြီး တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်တွင် ဆုံကြစဉ် ကိုကျော်ဇေယျအား ဘိုးဘိုးစာကို ပြမိသည်။

"အင်း. . . မမကိစ္စက မသွားမဖြစ် သွားရမယ့်ပုံပဲ။ စစ်ကိုင်းတောင်ရိုးအထိတောင်ဆိုတော့ အနည်းဆုံး အသွားအပြန် တစ်ပတ်လောက် ကြာသွားနိုင်တယ်။ နှစ်ယောက်စလုံး သွားရမှာဆိုတော့ နောက်ရုံးချိန်းတွေကို ကျွန်တော့်တပည့်တွေနဲ့လည်း တစ်ပတ်တလေ လွှဲထားခဲ့လို့ ဖြစ်ပါတယ်။ သိပ်ကြာသွားရင်တော့ အမှုသည်တွေကို အားနာဖို့ကောင်းတယ် မမရဲ့"

စိုးမမမျိုးက ခေါင်းညိတ်ပြသည်။

"ကြည့်ရတာ တစ်ပတ်ထက်တော့ ပိုမကြာနိုင်လောက်ပါဘူး ကိုကျော်ဇေယျရယ်၊ ချိန်ဘာ အောင်မြင့်တို့နဲ့ လွှဲထားခဲ့လို့ ဖြစ်ပါတယ်ရှင်"

ကိုကျော်ဇေယျက မသိမသာ ခေါင်းယမ်းပြသည်။

"ဘာပဲဖြစ်ဖြစ်၊ လိုရမည်ရ ရုံးချိန်းနှစ်ပတ်စာလောက်တော့ သူတို့ကို သေချာအပ်ထားခဲ့မှ စိတ်ချရမယ်။ ဟိုလူသတ်မှုအတွက်တော့ ရှေ့ဖတ်စာရေးကို အကျိုးအကြောင်းပြောပြပြီး တရားသူကြီးဆီလည်း မျက်နှာပြ ခွင့်တောင်းခဲ့ဦးမှ၊ နောက်ပြီးတော့ တရားခံဘက်ကိုလည်း စိတ်မပျက်အောင် ကြိုတင်အားပေးထားခဲ့မှဖြစ်မယ် မမ"

"ကောင်းပါပြီတော်၊ ကိုကျော်ဇေယျ ကောင်းသလိုသာကြည့်စီစဉ်ခဲ့ပါတော့ရှင်"

စိုးမမမျိုးက လက်ကာပြကာ အဖြစ်သည်းရန်ကောဟူသော အမူအရာ ပြသည်။

"ဩော်- မမကလည်း၊ ခရီးသွားတယ်ဆိုတာ ရက်အတိအကျသတ်မှတ်လို့ ရတာမျိုး မဟုတ်ဘူးလေ။ ကိုယ့်ဘက်က ရေပက်မဝင်အောင် လုပ်ထားခဲ့မှ ရှေ့နေအလုပ်က တော်ကာကျတာဗျ၊ ဒါနဲ့ ဒီဘိုးဘိုးကြီးနဲ့က အရင်ကလည်း တစ်ခါမှ အဆက်အသွယ်ရှိတယ် မကြားဖူးဘူး။ ခုမှ ဘာတွေ အရေးတကြီး ဖြစ်လာရတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို မမလည်း သိချင်နေတာပေါ့ရှင်"

"အရေးကြီးတယ်ဆိုတာ အကြောင်းတော့ရှိရမှာပေါ့ မမရဲ့ မဟုတ်ဘူးလား"

"ဘိုးဘိုး အသက်အရွယ်ရလာလို့ ကျန်းမာရေးမကောင်းဘူး လို့ဘဲ သတင်းရတယ်။ ဘာတွေအရေးကြီးမှန်း မမလည်း မသိဘူး"

"အင်း . . . မမတို့ကတော့ လုပ်လိုက်မှဖြင့် အဖြေမရှိတဲ့ ပဟေဠိဆန်ဆန်တွေပဲ။ ကြားလိုက်ရရင်လည်း ထူးထူးဆန်းဆန်းတွေချည်းပဲ။ မမအဖြစ်တွေနဲ့ အခု မမယူထားတဲ့ 'ဂမ္ဘီရမမ' ဆိုတဲ့ ကလောင်နာမည်နဲ့တော့ ကွက်တိပဲ"

ကိုကျော်ဇေယျ ပြောမည်ဆိုလည်း ပြောစရာချည်းပင်။

စိုးမမမျိုးတို့ ကြုံလိုက်၊ တွေ့လိုက်ပြီဆိုလျှင် သာမန်ထက်ထူးကဲ ပိုလွန်နေတတ်သည်။ မနည်း နားလည်အောင် နောက်ကလိုက်မေးနေရသည်။ တော်ရုံ အိုင်ကျူနှင့် စိုးမမမျိုးကို လိုက်မမီနိုင်ခဲ့သည်။ ဒါ ခုမှမဟုတ်၊ ကိုကျော်ဇေယျနှင့် ဆယ်တန်းနှစ်တွင် စတင်ဆုံခဲ့စဉ်က ဖြစ်၏။

* * *

"နင် ဆယ်တန်းကျောင်းသား မဟုတ်လား"

တစ်နေ့ ညနေကျောင်းဆင်း၍ အတူပြန်လာစဉ် လမ်းတွင် မမျှော်လင့်ဘဲ ဖွဲ့န်းစားကြီး မိုးရွာချလိုက်ရာ စိုးမမမျိုးက သူမ၏ ခေါက်ထီးကို လွယ်အိတ်ထဲကထုတ်ကာ ကိုကျော်ဇေယျကိုပါ ထီးမိုးပေးရင်း ထိုသို့မေးလိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ကိုကျော်ဇေယျက ဇဝေဇဝါဖြင့်ဖြေရင်း ပြန်မေးသည်။

"နင် ဆယ်တန်းကျောင်းသားဆိုရင် ထီးတော့ ယူလာရမှာပေါ့ဟ"

ကိုကျော်ဇေယျက ခေါင်းကုတ်လိုက်သည်။

"နင့်ဟာကလည်း၊ ဆယ်တန်းကျောင်းသားနဲ့ ဘာဆိုင်တုံး။ ပြီးတော့ အခုက မိုးတွင်းလည်း မဟုတ်ဘူးလေ"

စိုးမမမျိုးက နှုတ်ခမ်းမဲ့ပြသည်။

"အေး- နင်တို့ အဲဒါတွေ ခက်နေတာ။ မိုးတွင်းမှ မိုးရွာတာ မဟုတ်ဘူး၊ အချိန်အခါမဲ့မိုးဆိုတာ ရှိတယ်လေ။ မကြားဖူးဘူးလား"

"ဟုတ်ပါပြီ မမရာ၊ ငါက အဲဒါကို ဘယ်လိုသိနိုင်မှာတုံး။



www.burmeseclassic.com

www.burmeseclassic.com



မိုးလေဝသကလည်း ဘာမှမကြေညာဘဲနဲ့"

"ကိုယ်က သဘာဝတရားကြီးကို လေ့လာနေမှ သိမှာပေါ့"

"နင်ပြောတာ ငါ နားမလည်ဘူး။ ဘာသဘာဝတရားလဲ"

"ငါ အဲဒီ သဘာဝတရားကြီးကို လေ့လာခဲ့လို့ နင် အခု မိုး မစိုဘဲ ထီးဆောင်းနေရတာပေါ့"

"နင် လေ့လာခဲ့တဲ့ သဘာဝတရားက ဘာလဲ"

"ငါ မနက်က အိမ်ကထွက်မယ်အလုပ်မှာ ပုရွက်ဆိတ်တွေ အုံနဲ့ကျင်းနဲ့ အိမ်ပြောင်းနေကြတာ တွေ့ရတယ်။ အဲဒါ ဒီနေ့ မိုးရွာမယ်ဆိုတဲ့ သဘာဝတရားလေ၊ ရှင်းပြီလား"

ကိုကျော်ဇေယျစိတ်ထဲ ရယ်ချင်သလိုတော့ ဖြစ်မိသည်။ သို့သော် မရယ်ခဲ့နိုင်။ စိုးမမမျိုး၏စကားက မှားနေသည်မှမဟုတ်ဘဲ။ ပုရွက်ဆိတ်တွေ အိမ်ပြောင်းရင် မိုးရွာတတ်သည်။ ဒါ လူတိုင်းသိသော တိရစ္ဆာန်တို့က သဘာဝတရား၏ ပြုပြင်ပြောင်းလဲမှုကို ကြိုတင်သိတတ်သည့် လူထက် တစ်လှမ်းသာသော သဘာဝအသိတရားခံစားမှု ဖြစ်၏။ သိလျက်နှင့် အမှုမဲ့အမှတ်မဲ့နေလျှင် သတိမမူ ဂုမမြင် ဖြစ်တတ်သည်။

စိုးမမမျိုးကား သူများ သတိမထားမိသည်ကို မြင်တတ်သူပါတကား။

* * *

ထိုမျှသာမဟုတ်သေး၊ တက္ကသိုလ်ရောက်၍ ဥပဒေဒုတိယနှစ်တက်နေစဉ် တစ်နေ့ အတန်းနားချိန် ဦးချစ်လက်ဖက်ရည်ဆိုင်တွင် စိုးမမမျိုးက ပြောသည်။

"ဒီတစ်ချိန်တက်ပြီးရင် မမပြန်မယ် ကိုကျော်ဇေယျ၊ နောက်ဆုံးအချိန် သက်သေခံဥပဒေသင်မယ့်ဆရာ လာမှာမဟုတ်ဘူး"

တက္ကသိုလ်ရောက်တော့ စိုးမမမျိုးက ကိုကျော်ဇေယျအား 'နင်'၊ 'ငါ' နှင့် မပြောတော့။ 'ကိုကျော်ဇေယျ' ဟု လေးလေးစားစားခေါ်သည်။ သူ့ကိုယ်သူတော့ 'မမ' တဲ့။ ကိုကျော်ဇေယျကလည်း 'ကျွန်တော်' နှင့်၊ 'မမ' နှင့် ပြောင်းခေါ်ဝေါ်လာသည်။

"ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ မမ"

စိုးမမမျိုးက ခေါင်းခါပြသည်။

"မမလည်း မသိဘူး၊ စိတ်ထဲက ထင်မိလို့ပါ"

ထိုနေ့က နောက်ဆုံးအချိန်တွင် စိုးမမမျိုး မတက်တော့ဘဲ အိမ်ပြန်သွားသည်။ အံ့တော့အံ့သြစရာ၊ တိုက်ဆိုင်၍ပါလား မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်၊ ထိုနေ့ နောက်ဆုံးချိန်တွင် ဘယ်တော့မှ ပျက်ကွက်တတ်သူ မဟုတ်ခဲ့သော သက်သေခံဥပဒေနည်းပြဆရာ တကယ်ပင် ရောက်မလာခဲ့။

တတိယနှစ် ရောက်တော့လည်း တစ်ခါ ကြုံရသေးသည်။

စိုးမမမျိုးတို့အိမ်သို့ ကျောင်းအားရက်တွင် ကိုကျော်ဇေယျ သွားလည်သည့်နေ့က ဖြစ်၏။ ထိုနေ့က ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်သည့်နေ့နှင့် ကြုံနေသည်။ စိုးမမမျိုးက အပျော်တမ်းဗေဒင်လိုလိုလည်း တစ်ခါတစ်ရံ ဟောပြောတတ်ရာ အိမ်အနီးပတ်ဝန်းကျင်မှ ဆယ်တန်းဖြေထားသူ ကျောင်းသူနှစ်ဦး ရောက်လာသည်။ အောင်စာရင်းသွားမကြည့်မီ စိုးမမမျိုးထံ ဗေဒင်လာမေးကြခြင်း ဖြစ်၏။ စိုးမမမျိုးက ကိုကျော်ဇေယျရှေ့တွင် မျက်စိစုံမှိတ်၍ ဟောသည်။

"သမီးတို့နှစ်ယောက်စလုံး 'က'စာရင်းနဲ့အောင်မယ်၊ မြင့်မြင့်က ဂုဏ်ထူးပါမယ်"

ထိုနေ့က စိုးမမမျိုး ဟောလိုက်သည့်အတိုင်း နှစ်ယောက်စလုံး 'က'စာရင်းက အောင်ကြကာ မြင့်မြင့်ဆိုသူက ဂုဏ်ထူးတစ်ဘာသာပါသည်။

"မမ၊ အဲဒါ ဘယ်လိုဟောလိုက်တာလဲ။ သူတို့နှစ်ယောက်ရဲ့ အခြေအနေကို ကြိုသိနေလို့လား"

ကိုကျော်ဇေယျက အံ့သြစိတ်တစ်ဝက်၊ မကျေနပ် မယုံသင်္ကာစိတ်တစ်ခြမ်းဖြင့် မေးလိုက်သည်။

"မမ သူတို့အကြောင်း ဘာမှ ကြိုမသိဘူး။ လတ်တလော မြင်တာကို နိမိတ်ကောက်ပြီး ဟောလိုက်တာပါ"

"လုပ်ပါဦး၊ ဘယ်လိုနိမိတ်ကောက်လိုက်တာလဲ"

"ကိုကျော်ဇေယျရောက်လာလို့ ဝင်ထိုင်လိုက်တဲ့အခိုက်မှာ ဒီကောင်မလေးနှစ်ယောက် မမကို လာမေးကြတာနော်။ ကိုကျော်ဇေယျက တနင်္လာသားဆိုတော့ (က၊ ခ၊ ဂ၊ ဃ၊ င)။ နာမည်ကလည်း 'က'နဲ့စတာ မဟုတ်လား။ ဒါကြောင့် 'က' စာရင်းက အောင်မယ်လို့ ဟောလိုက်တာပါ"

ကိုကျော်ဇေယျ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"အင်း-ထားပါတော့၊ ဂုဏ်ထူးနဲ့အောင်မယ်ဆိုတာကကော"

"အဲဒီ ကောင်မလေးနှစ်ယောက်ထဲမှာ မြင့်မြင့်က နှုတ်ခမ်းနီ၊ ပါးနီဆိုးလာတဲ့အပြင် ထူးထူးခြားခြား ဆံရစ်ဝိုင်းတာလေးနဲ့ ဖြစ်မနေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူကြည့်ရတာ အလှူတစ်ခုခုမှာ ကဲ,ပြီးပြန်လာတာနဲ့တူတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ မမ မြင်လိုက်ရတဲ့ အခိုက်အတန့်လေးမှာ သူ့ပုံစံက ထူးထူးခြားခြားလေး ဖြစ်နေလို့ ဂုဏ်ထူးပါမယ်လို့ ဟောလိုက်မိတာပါ"

ဟုတ်လည်းဟုတ်တဲ့ စိုးမမမျိုးပါပေ။

သူများသတိမထားတာကို မြင်တတ်၊ ကြိုတွေးတတ်၊ နိမိတ်ကောက်တတ်သူပါတကား။

* * *

ဥပဒေ နောက်ဆုံးနှစ်မှာတော့ စိုးမမမျိုးက တစ်တန်းလုံးကို ကယ်လိုက်ပြန်သည်။ ရာဇသတ်ကြီးဥပဒေသင်သော ဆရာက တစ်နေ့ ကျောင်းသားတွေကို မေးသည်။

"ပြစ်မှုတစ်ခုကို ကျူးလွန်လို့ အောင်မြင်သွားရင် အဲဒီလူ အပြစ်ဒဏ်မခံစားရတော့ဘူး၊ တကယ်လို့ မအောင်မြင်ခဲ့ရင်တော့ အပြစ်ပေးတာ ခံရလိမ့်မယ်။ အဲဒါ ဘာမှုလဲ"

နောက်ဆုံးနှစ် ဥပဒေသင်တန်းတစ်ခန်းလုံး အပ်ကျသံကြားရမတတ် တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ တွေးမရ၍ သက်ပြင်းချသံများ၊ စဉ်းစားမရ၍ သွားတကြိတ်ကြိတ် ဖြစ်နေသံများနှင့် တစ်ယောက်နှင့်တစ်ယောက် တီးတိုးမေးမြန်းသံများကိုသာ ဟိုတစ်ကွက် ဒီတစ်ကွက် ကြားနေရ၏။

"ကဲ- ဘယ်လိုလဲ၊ ဥပဒေနောက်ဆုံးနှစ် ကျောင်းသားတွေ။ ဒါလေးတောင် မဖြေနိုင်ကြဘူးလား"

ဆရာ၏ ထေ့ငေါ့ငေါ့ လှောင်ပြောင်သလို လေသံကြောင့် ကျောင်းသား၊ ကျောင်းသူများရင်ထဲ နာသာခံခက် ဖြစ်နေကြသည်။ မနက်ဖြန် သန်ဘက် ဥပဒေဘွဲ့ရ၍ ဥပဒေပညာဖြင့် အသက်မွေးကြတော့မည့်သူများဖြစ်ပါလျက် ဒီမေးခွန်းကိုမျှ မဖြေနိုင်ပါက နောင် နှစ်အဆက်ဆက် ဥပဒေသင်တန်းများတွင် စံနမူနာထား၍ အပြောခံရပေတော့မည်။

"ကဲ- ခင်ဗျားတို့ ကျောင်းသားတွေထဲက မဖြေနိုင်ဘူးဆိုရင် ကျွန်တော် အဖြေကို ပြောလိုက်တော့မယ်"

ဆရာက တစ်ခန်းလုံးကို မျက်လုံးဝေ့ကြည့်ရင်း ပြောလိုက်သည်။ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရ။ ဆရာက မဲ့ပြုံးပြုံး၍ ပါးစပ်ဟရန် ပြင်လိုက်သည်။ ထိုစဉ်-



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုပါ ဆရာ"

တစ်ခန်းလုံး၏ မျက်လုံးများက အသံလာရာဆီသို့ လျှပ်တစ်ပြက် စုပြုံရောက်သွားကြသည်။

"ဟာ- မမ"

"အလို- စိုးမမမျိုးပါလား"

ကျောင်းသား၊ ကျောင်းသူများထံမှ အံ့သြဝမ်းသာသော အာမေဍိတ်သံများ တစ်ခန်းလုံးသို့ လွှမ်းမိုးသွားသည်။ ထိုအခိုက် ဆရာက နှစ်ခြိုက်ကျေနပ်စွာပြုံး၍ လက်ခုပ်တီးလိုက်သည်။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဆရာ၏လက်ခုပ်သံနောက်တွင် တစ်ခန်းလုံး၏ လက်ခုပ်သံများ ပွဲတင်ထပ်သွားသည်။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံများအစဲတွင် ဆရာ၏အောင်မြင်သောအသံကို ကြားလိုက်ရသည်။

"စိုးမမမျိုးရဲ့ အဖြေတစ်ခုတည်းနဲ့တင် ခင်ဗျားတို့အားလုံး ဒီနှစ် ရာဇသတ်ကြီးဥပဒေကို အောင်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဟေး. . ."

တစ်ခန်းလုံး ဝမ်းသာအားရ ပွက်လောရိုက်သွားကြသည်။ ကြည့်စမ်း။

အတွေးအခေါ် အယူအဆက သူများနှင့်မတူ။ တစ်မူထူး၍ တစ်ခါတစ်ရံ အနာဂတ်ကိုပင် ကြိုသိတတ်သော စိတ်ဝိညာဉ်နှင့် အတိတ် နိမိတ် အကောက်အပြုတို့နှင့် ရောပြွမ်းနေသော ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုးအား သူမ ယူထားသော ကလောင်နာမည် 'ဂမ္ဘီရမမ' နှင့် အံဝင်ခွင်ကျ ရှိနေပါတော့သည်တကား။

■■■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
### မအို၊ မနှာ၊ မသေဆေး

အရှေ့ဘက်တစ်လွှားတွင် နတ်ပန်းချီဆေးစုံ ခြယ်သထား လို သာယာလှပနေသော ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်နှစ်သွယ် လှမ်းမြင်ရပြီး အထက်တစ်လွှားသို့ မျှော်ကြည့်ပါက စေတီပုထိုး ရားများကို တိမ်ယံကြားတွင် မြင်တွေ့နိုင်ပြီး တရားရှာနေသော ယာဂီတို့၏ စိမ်းစိုသော ချောင်အသွယ်သွယ်ကို အပေါ်စီးမှ လှမ်း မြင်နေရသောနေရာသည်ကား စစ်ကိုင်းတောင်တော်ရိုးပင် ဖြစ် လေသည်။

ပညာဒီပ တရားကျောင်းဝင်းအတွင်းသို့ လှမ်းဝင်လာသော မမမျိုးနှင့် ကိုကျော်ဇေယျတို့အား ချောင်းတဟွတ်ဟွတ် ဆိုးနေ သော ပိန်ပိန်သွယ်သွယ် အသက် (၅၅)နှစ်ခန့်ရှိ ဦးပဥ္စင်းတစ်ပါးက းကြို နှုတ်ဆက်သည်။ ရုတ်တရက်သော် ဦးပဥ္စင်း၏ရုပ်သွင်မှာ မအိမ် ဘုရားကျောင်းဆောင်အောက်မှ ဓာတ်ပုံထဲက ဘိုးဘိုးကြီး လူဝတ်ကြောင်ပုံနှင့် ရုပ်ချင်းဆင်လှသည်ဟု ထင်မိသေး၏။ ကယ်ဆိုလျှင် သူမ၏ဘိုးဘိုးကြီးမှာ ယခုအချိန်တွင် အသက် ၀) နီးပါးပင် ရှိနေလေပြီ မဟုတ်လား။

စိုးမမမျိုးက အတွေးကိုဖြတ်ကာ ဦးပဥ္စင်း၏နောက်မှ ခပ် ယို့ကလေး လိုက်ပါလာခဲ့၏။

တရားကျောင်း၏အပြင်ခန်းဖြစ်ဟန်တူသော ကျောက်ဆင်း ရုပ်ပွားတော်ကြီးတစ်ဆူရှိရာ နေရာရှေ့ကွက်လပ်တွင် ဦးပဥ္စင်း တင်ပျဉ်ခွေ၍ ထိုင်လိုက်သည်။ စိုးမမမျိုးတို့နှစ်ဦးက ဦးပဥ္စင်းကို းချကန်တော့လိုက်ကြရင်း လာရင်းကိစ္စကို လျှောက်တင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"တပည့်တော်မက ဒီကျောင်းက ဦးပဥ္စင်း ဦးပညာသာမိ မြေး ဖြစ်ပါတယ်။ ဘိုးဘိုးက အမြန်လာတွေ့ဖို့ စာရေးခေ လို့ လိုက်လာတာပါ ဘုရား။ ဘိုးဘိုးနဲ့တွေ့ပါရစေ ဘုရား

ဦးပဥ္စင်းက လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုပိတ်၍ ချောင်းတဟွတ် ဟွတ်ဆိုးနေသည်။ မျက်လုံးများကမူ စိုးမမမျိုး၏ရုပ်သွင်ကို မျက် တောင်မခတ်ဘဲ သေချာစူးစိုက်ကြည့်နေ၏။ ခဏနေမှ ခေါင်းတ ချက်ညိတ်ကာ မျက်လုံးအကြည့်က ကိုကျော်ဇေယျထံသို့ ရွေ့လျာ သွားသည်။

စိုးမမမျိုးက-

"သူက တပည့်တော်မရဲ့ ငယ်သူငယ်ချင်း ကိုကျော်ဇေယျ ဘုရား။ ရန်ကုန်မှာ တပည့်တော်မနဲ့အတူ အမှုလိုက်နေတ ဗဟိုတရားရုံးရှေ့နေပါ ဘုရား"

ဦးပဥ္စင်းက ခပ်ပြုံးပြုံး ခေါင်းညိတ်ပြသည်။ ပြီးမှ အခန်း၏ နောက်ဘက်နားဆီသို့ လက်မြှောက်ကာ တစ်စုံတစ်ယောက်အား လှမ်းခေါ်လိုက်သည်။ ခဏအကြာ အသက်ငါးဆယ်ခန့်ရှိ လူကြီး တစ်ဦး ဦးပဥ္စင်းရှေ့ ရောက်လာကာ ဦးချကန်တော့သည်။

"ကပ္ပိယကြီး၊ ဒီက ဒကာလေးကို တောင်ပေါ်ရှခင်းတွေ လိုက်ပြပေးလိုက်ပါ။ ညအိပ်ဖို့ နေရာထိုင်ခင်းလည်း စီစ ပေးလိုက်၊ ဆွမ်းစားချိန်လောက် ဒီကို ပြန်လာကြပါ"

"တင်ပါ့ဘုရား"

ကပ္ပိယကြီးက ကိုကျော်ဇေယျကို လှည့်ကြည့်သည်။ ကိုကျော် ဇေယျက စိုးမမမျိုးအား ငဲ့စောင်းကြည့်စဉ် စိုးမမမျိုးက မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ ကိုကျော်ဇေယျက ဦးပဥ္စင်းအား ဦးချက သူ၏ ခရီးဆောင်လက်ဆွဲအိတ်ကို ဆွဲလျက် ကပ္ပိယကြီး ခေါ်ရာသို့ လိုက်ပါသွားသည်။

"ကဲ- လာ၊ မမက ဦးပဥ္စင်းနဲ့လိုက်ခဲ့"

ဦးပဥ္စင်းထံမှ 'မမ'ဟု ခေါ်လိုက်သံကြောင့် စိုးမမမျိုး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ မိမိအား 'မမ'ဟု ခေါ်ကြသည်မှာ မိမိ၏ မိသားစုနှင့် ကိုကျော်ဇေယျအပါအဝင် ရင်းနှီးသော မိတ်ဆွေသ ငယ်ချင်းများသာ ဖြစ်၏။ ခုတော့ စစ်ကိုင်းတောင်ရိုးတွင် ခုမှတွေ ရသည့် ဦးပဥ္စင်းတစ်ပါးက 'မမ' ဟု ရင်းရင်းနှီးနှီး ခေါ်လိုက်သံ ကြောင့် အတော် အံ့အားတသင့် ဖြစ်နေမိသည်။

ဦးဇင်းခေါ်လာသောနေရာမှာ တရားကျင့်သော အတွင်းခန်း နေရာ ဖြစ်ဟန်ရှိ၏။ အခန်းမှာ မကျဉ်းမကျယ် လူသုံးဦးခန်


www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ တရားထိုင်နိုင်သည်။ အခန်းထိပ်တွင် မှန်ပေါင်းချောင်ထဲ စံမြန်းတော်မူနေသော ကြေးသွန်း ရှေးဟောင်းဘုရားတစ်ဆူ တွေ့ရ၏။ သူမအား ထိုဘုရားရှေ့တွင် ထိုင်ခိုင်းထားကာ ဦးပဉ္စင်းက ဘုရားခန်းနှင့်တစ်ဆက်တည်း အတွင်းခန်းတစ်ခုထဲ ဝင်သွားသည်။ ဦးပဉ္စင်း၏ ကျိန်းစက်ရာအခန်း ဖြစ်ပေမည်။ ခဏအကြာတွင် ဦးပဉ္စင်း ပြန်ထွက်လာသည်။ လက်ထဲမှာကား ဓာတ်ပုံနှစ်ပုံကိုင်လျက်။

"ဒါ ဘယ်သူ့ဓာတ်ပုံလဲ"

ဦးပဉ္စင်းက ဓာတ်ပုံချပြသည်။ သူမ အတော် အံ့ဩသွားသည်။ ဓာတ်ပုံမှာ သူမတို့အိမ်တွင်ရှိသော ဘိုးဘိုးဦးထွန်းရွှေ၏ ဓာတ်ပုံ ဖြစ်နေသည်။

"ဒါ တပည့်တော်မရဲ့ ဘိုးဘိုးပုံပါ ဘုရား"

စိုးမမမျိုးက ဦးပဉ္စင်းအား မော့ဖူးရင်း ဖြေသည်။

"အဲဒီပုံက ဦးပဉ္စင်းနဲ့ မတူဘူးလား"

စိုးမမမျိုး ဘာပြန်ဖြေရမှန်းမသိ၊ မှင်တက်မိသလို ခံစားမိသည်။ ဤကျောင်းဝင်းထဲအဝင် ဤဦးပဉ္စင်းကို စတွေ့ကတည်းက ဤဓာတ်ပုံထဲမှ မိမိ၏ဘိုးဘိုးပုံနှင့် ရုပ်ချင်းဆင်သည်ကို ချက်ချင်း သတိပြုမိခဲ့ပြီးသား ဖြစ်၏။ သို့သော် ဘာကြောင့် ဒီလိုဖြစ်နေရပါသလဲ။

"တင်ပါ့ဘုရား၊ တူ. . . တူပါတယ်ဘုရား"

စိုးမမမျိုးက စိတ်လှုပ်ရှားစွာ အထစ်ထစ်အငေါ့ငေါ့ ဖြေမိသည်။

"ဒါဖြင့် ဒီပုံကော၊ ကြည့်ပါဦး"

ဦးပဉ္စင်းက နောက်ဓာတ်ပုံတစ်ပုံ ပြပြန်သည်။ ထိုပုံမှာ အခုလက်ရှိမြင်နေရသော ဦးပဉ္စင်း၏ သင်္ကန်းဝတ်နှင့်ပုံပင် ဖြစ်၏။

"ဒါက အခု ဦးပဉ္စင်းရဲ့ဓာတ်ပုံပါ ဘုရား"

ဦးပဉ္စင်းက မေးပြန်သည်။

"အဲဒီ လူဝတ်ပုံဓာတ်ပုံနဲ့ သင်္ကန်းဝတ်ထားတဲ့ ဦးပဉ္စင်းဓာတ်ပုံတွေ တစ်ခုနဲ့တစ်ခု တူကြသလို သင်္ကန်းဝတ်ဓာတ်ပုံဟာ အခုမြင်ရတဲ့ ဦးပဉ္စင်းရဲ့ အသက်အရွယ်နဲ့ ကွာခြားနေသလားကွယ့်"

စိုးမမမျိုးက သင်္ကန်းဝတ်နှင့် ဓာတ်ပုံကိုတစ်လှည့်၊ သူမရှေ့က ဦးပဉ္စင်းကိုတစ်လှည့် ကြည့်မိသည်။

"မကွာခြားလှပါဘူး ဘုရား၊ အခုအသက်အရွယ်နဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ထင်ပါတယ် ဘုရား”

ရုတ်တရက် ဆောင့်တက်၍ တဟွတ်ဟွတ်နှင့် အဆက်မပြတ် ဆိုးလာသောချောင်းကြောင့် ဦးပဥ္စင်းမှာ စကားဆက်မပြောနိုင်သေးဘဲ ခါးကိုင်း၍ သူ၏ရင်ဘတ်ကိုဖိကာ နားနေသည်။

အတန်ကြာမှ-

“အဲဒီ သက်န်းဝတ်ဓာတ်ပုံရဲ့ နောက်ကျောက ရက်စွဲကို ဖတ်ကြည့်စမ်းပါ”

စိုးမမမျိုးက ဓာတ်ပုံနောက်ကျောဘက်ပါ ရက်စွဲကို လှန်ကြည့်လိုက်သည်။

“ဟင်”

တအံ့တဩ အာမေဋိတ်သံတစ်ခု သူမနှုတ်မှ လွတ်ခနဲ ထွက်ကျသွားသည်။

ကြည့်စမ်း- ဒါ ဘယ်လိုဖြစ်တာလဲ၊ မယုံနိုင်စရာ။ ဤဓာတ်ပုံ ရိုက်ခဲ့သည်မှာ လွန်ခဲ့သော ၁၉၆၅ ခုနှစ်က ဖြစ်၏။ ယခု ၁၉... ခုနှစ်ဆိုတော့ အနှစ်နှစ်ဆယ်ပင် ရှိနေလေပြီ။ ဘယ့်နှယ်ကြောင့် အခုမြင်နေရသော ဦးပဥ္စင်း၏ရုပ်ရည်က ဓာတ်ပုံထဲက လွန်ခဲ့သော အနှစ်နှစ်ဆယ်မှ ရုပ်သွင်မျိုး ဖြစ်နေရတာပါလိမ့်။ ထူးဆန်းသည်က ဤဦးပဥ္စင်း၏မျက်နှာမှာ မိမိဘိုးဘိုးကြီး ဦးထွန်းရွှေ၏မျက်နှာနှင့်လည်း တူနေပြန်သေးသည်။

ထိုစဉ် ဦးပဥ္စင်းက စိုးမမမျိုးအား ခပ်တိုးတိုး ပြောလိုက်၏။

“ဦးပဥ္စင်းဟာ မမရှာနေတဲ့ ဦးပညာသာမိပဲကွယ့်”

“ရှင်”

စိုးမမမျိုး ပါးစပ်ပွင့်သွားကာ ပြူးကျယ်သော မျက်လုံးများဖြင့် ဦးပဥ္စင်းအား မော့ကြည့်မိသည်။

“ဟုတ်တယ် မမ၊ ဦးပဥ္စင်းဟာ ငါ့မြေးလေးကို တွေ့ချင်နေ... ဘိုးဘိုးဦးထွန်းရွှေပဲ”

“ရှင်”

စိုးမမမျိုးကား ကြားလိုက်ရသော စကားကြောင့် တရှင်ရှင်နှင့် တအံ့တဩ ငေးမောကြည့်နေရုံမှတစ်ပါး ဘာမှ နားမလည်... ကယောင်ချောက်ချားဖြင့် မဖြစ်နိုင်သည်များကိုသာ မြင်မက်... သော အိပ်မက်ထဲရောက်နေသကဲ့သို့ ခံစားထင်မြင်နေသည်။

ကြည့်လေ၊ ဦးပဥ္စင်းက သူ့ကိုယ်သူ သူမရှာနေသော ဦးပညာသာမိတဲ့။ သူမ၏ဘိုးဘိုးကြီး ဦးထွန်းရွှေတဲ့။ ဘယ်လိုလုပ် ဖြစ်နိုင်မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများထဲက ဘိုးဘိုး ဦးထွန်းရွှေနှင့် ဤဦးပဥ္စင်း၏ ဓာတ်ပုံများအရ ထိုစဉ်က သူတို့အသက်များမှာ (၅၀)နှစ်ကျော်၊ (၆၀)နှစ်ခန့်သာ ရှိကြပေဦးမည်။ ယခု ၁၉၈၅ ခုနှစ်တွင် သူတို့ အသက်များမှာ (၇၀)နှစ်ကျော်၊ (၈၀)နီးပါးခန့် ရှိရပေလိမ့်မည်။ အခုတော့ သူမ၏ဘိုးဘိုးဟုဆိုသော ဤဦးပဥ္စင်း၏အသက်မှာ (၅၅)နှစ်ကျော်၊ (၆၀)နှစ်ထက်မပိုနိုင်။ သူမအဖြစ်က မယုံရင် ပုံပြင် ဇာတ်ဆိုသော ယုံတမ်းစကားကို ထိုင်နားထောင်နေရသလို ဖြစ်နေသည်။

ဦးပဥ္စင်းမှာ အတောမသတ်နိုင်အောင် ဆက်တိုက် တဟွတ်ဟွတ် ဆိုးနေသောချောင်းကို မဟန့်တားနိုင်ဘဲ ရင်ဘတ်ကိုဖိကာ ဝေဒနာကို ပြင်းစွာ ခံစားနေရသည်။ ရောဂါဖိစီးမှုဒဏ်က အတော် ကြီးနေပြီထင့်။

စိုးမမမျိုးမှာ လက်ထဲက ဓာတ်ပုံများကိုတစ်လှည့်၊ ဦးပဥ္စင်း ကိုတစ်လှည့် အပြန်ပြန် နှိုင်းယှဉ်ကြည့်ရင်း မယုံကြည်နိုင်သော အတွေးများဖြင့် ဦးနှောက်တစ်ခုလုံး ချာချာလည်နေသည်။ သူမ အား အဓိက ဒုက္ခပေးနေသောအချက်မှာ ၁၉၆၅ ခုနှစ်က ဦးပဥ္စင်း နှင့် ယခု ၁၉၈၅ ခုနှစ်ရှိ ဦးပဥ္စင်းတို့၏ရုပ်သွင်မှာ အဘယ်ကြောင့် မပြောင်းမလဲဘဲ နဂိုအတိုင်းရှိနေရသည့်အချက် ဖြစ်၏။

“အိမ်း- ငါ့မြေးလေး ဒီကိစ္စကို ရုတ်တရက် ချက်ချင်းတော့ နားလည်သဘောပေါက်နိုင်ဦးမှာ မဟုတ်ဘူးကွယ့်။ ဘိုးဘိုး မျက်စိနှစ်လုံးမမှိတ်ခင် ဒါတွေကို ရှင်းပြချင်လို့ ငါ့မြေးလေး ကို ခေါ်လိုက်ရတာပါ။ အေး- တစ်ခုတော့ရှိတယ် မမရဲ့”

“တင်ပါ့ဘုရား”

“ဒီကိစ္စက ဘိုးဘိုးနဲ့ မြေးလေး မမတို့အတွက် အလွန် အရေး ကြီးတဲ့ကိစ္စ ဖြစ်တာကြောင့် ဒီကမ္ဘာမှာ ငါ့မြေးလေးကလွဲပြီး ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားနိုင်မှ ဖြစ်မယ်ကွယ့်”

“တင်ပါ့ဘုရား”

“ဘယ့်နှယ်လဲ၊ ဒီကိစ္စကို လျှို့ဝှက်ထားပါ့မယ်လို့ ဘိုးဘိုးကို ကတိပေးနိုင်ပါ့မလား”

စိုးမမမျိုး စဉ်းစားရပြီ။ ဤကိစ္စ ဆိုသည်မှာ အဘယ်နည်း။ မည်မျှအထိ အရေးကြီး၍ မိမိမှလွဲပြီး မည်သူမျှ မသိနိုင်အောင် လျှို့ဝှက်ထားရပါမည်နည်း။ အကယ်၍ ဤလျှို့ဝှက်ချက် ပေါက် ကြားသွားက မည်သို့သောအခြေအနေများ ဖြစ်ပေါ်လာနိုင်သနည်း။

“တစ်ခုလောက် မေးပါရစေဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"အေး- မေးပါကွယ်"

"တကယ်လို့များ ဒီလျှို့ဝှက်ချက်ကို သူများတွေ သိသွားရင် ဘာဖြစ်နိုင်မလဲ ဘိုးဘိုး"

ဦးပဉ္စင်းက ရုတ်တရက် မဖြေသေးဘဲ အတန်ကြာ ချောင်းဆိုးနေသေးသည်။ ပြီးမှ-

"အေး- ဒီလျှို့ဝှက်ချက်သာ ပေါက်ကြားသွားရင်တော့ ငါ့မြေးရဲ့အသက်နဲ့ ဘဝလုံခြုံရေးကို အကြီးအကျယ် ထိခိုက်သွားနိုင်တယ်ကွယ့်။ ဒါကြောင့် ဘိုးဘိုးပြောချင်တာက ဒီကိစ္စကို ပြောပြအသိပေးဖို့ ဘိုးဘိုးဘဝမှာ မြေးလေး မမ တစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့်မို့ ဒီအကြောင်းကို လုံးဝ မပေါက်ကြားအောင် မြေးလေး စောင့်ထိန်းသွားရလိမ့်မယ်"

စိုးမမမျိုးက စိတ်ထဲ မတင်မကျဖြစ်နေသည့်တစ်ခုကို မေးလိုက်သည်။

"ဒါဖြင့် ဘိုးဘိုးက ဘာလို့ အနှစ်နှစ်ဆယ်လုံးလုံး ရုပ်ပြောင်းမသွားဘဲ အသက် (၅၅) နှစ်လောက်ကအတိုင်း ဖြစ်နေရတာလဲ ဘုရား"

"အေး- အဲဒီအဖြေကို ငါ့မြေးလေးကို အသိပေးဖို့ အမြန်ခေါ်လိုက်ရတာကွယ့်။ ကဲကဲ- အခုတော့ ငါ့မြေးလေးလည်း ခရီးပန်းလာတယ် နားလိုက်ဦး၊ ညကျမှ ဘိုးဘိုး အေးအေးဆေးဆေး ရှင်းပြမယ်"

ဦးပဉ္စင်းဘိုးဘိုးက စကားဖြတ်၍ နေရာမှထလိုက်သည်။ ထို့နောက် ဆွမ်းစားဆောင်မှ အမျိုးသမီးကြီးတစ်ယောက်ကိုခေါ်၍ စိုးမမမျိုးအား အပ်လိုက်ကာ အတွင်းခန်းထဲသို့ ဝင်သွားသည်။

စိုးမမမျိုးက အမျိုးသမီးကြီးနှင့် လိုက်သွားကာ အိပ်ရာနေရာ ပြင်ဆင်ပြီး ရေမိုးချိုး အဝတ်အစားလဲသည်။ ကပ္ပိယကြီးနှင့်အတူ ပြန်လာသော ကိုကျော်ဇေယျနှင့် နံနက်စာစားကြပြီးနောက် တရားကျောင်းရှေ့ တမာပင်အောက် ခုံတန်းတွင် ထိုင်နားကြ၏။

ကိုကျော်ဇေယျက -

"အင်း. . . စဉ်းတော့စဉ်းစားစရာပဲ မမ"

"ဘာကိုလဲရှင့်"

"ဩော်- ကပ္ပိယကြီး မေးကြည့်တော့ ဦးပဉ္စင်း ဦးပညာသာမိဆိုတာ အဲဒီဦးပဉ္စင်းပဲလို့ ပြောတယ်။ မမရဲ့ဘိုးဘိုး ဘုန်းကြီးက အသက်ခုနစ်ဆယ်၊ ရှစ်ဆယ်လောက်ရှိပြီဆို။ ပြီးတော့ ဦးပညာသာမိဘွဲ့နဲ့ ဦးပဉ္စင်းကလည်း ဒီတရား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ဒီတစ်ပါးတည်း ရှိတာတဲ့။ အဲဒါ ကျွန်တော်တို့
ကျောင်းများ မှားလာမိတာများလား"

စိုးမမမျိုး၏ရင်ခုန်သံများ ရုတ်တရက် မြန်သွားသည်။ ဦး နှောက်ထဲက အချက်ပေးခေါင်းလောင်းများ၏ ဆူညံစွာ မြည်ဟည်း သွားသံကို ကြားလိုက်ရ၏။

အင်း. . . ခက်တော့ခက်နေပြီ။ ဤလို ခရီးဝေးမျိုး မိမိ တစ်ယောက်တည်း လာလို့ကလည်း မဖြစ်။ ကိုကျော်ဇေယျတို့လို ယုံကြည်စိတ်ချရသော အဖော်ကောင်းတစ်ယောက်တော့ ပါဖို့လို ၏။ ယခုတော့ ထိုအဖော်ကောင်းကပင် မိမိအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပြီလားမသိ။

ဘာပဲဖြစ်ဖြစ် ဤဘိုးဘိုးနဲ့ ပတ်သက်သောကိစ္စကို ကိုကျော် ဇေယျ လုံးဝ သိ၍မဖြစ်။ လျင်မြန်စွာ စဉ်းစားရလေပြီ။

"ကျောင်းလည်း မမှားဘူး၊ လူလည်း မမှားဘူးရှင့်"

"ဟင်- ဟုတ်လား၊ ဒါဖြင့် ဒီဦးပဥ္စင်းက. . ."

"ဘိုးဘိုးက သက်သတ်လွတ်တွေ၊ မီးလွတ်တွေစားပြီး မြင့် မြတ်တဲ့ ဒီစစ်ကိုင်းတောင်လိုနေရာမှာ တရားကျင့်လို့ အ ရွယ်တင်နေတာ ဖြစ်ပါလိမ့်မယ် ကိုကျော်ဇေယျ"

"ဩော်- အင်း. . . အေးလေ၊ ဗုဒ္ဓရဲ့ တရားတန်ခိုးတော်တွေ က ကျွန်တော်တို့ ပုထုဇဉ်တွေ လိုက်မမီနိုင်လောက်အောင် ထက်မြက်တာ ဆိုတော့လည်း ဒီလိုနေရာမျိုးမှာ တရားထူး ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေအဖို့ နုပျိုပြီး အရွယ်တင်တာလောက် ကတော့ မဆန်းလှပါဘူးလေ"

စိုးမမမျိုး သက်ပြင်းတစ်ချက် မသိမသာ ခိုးရှိုက်ထုတ်လိုက် သည်။ ကိုကျော်ဇေယျ အမှန်တကယ် ယုံသည်မယုံသည်တော့မသိ၊ မိမိဘာသာ ပြောလိုက်သည့်စကားက ကျိုးကြောင်းဆီလျော်မှုရှိပြီး ယုတ္တိမကင်းမဲ့လောက်ဟုတော့ မိမိ ထင်မြင်မိသည်။

မည်သို့ဆိုစေ လောလောဆယ် အခက်အခဲတစ်ခုကိုတော့ မသိမသာ ကျော်လွှားနိုင်လိုက်ပြီ။ ဒီထက် မည်မျှခက်ခဲသော ပြဿနာ များလာလိမ့်ဦးမည်မသိ။

"ဒါနဲ့ ဒါလောက်အရေးတကြီး ဘာကိစ္စနဲ့ ခေါ်တာလဲ မသိ ဘူးနော် မမ"

လာပြန်ချေပြီ။ ကာယကံရှင် သူမကိုယ်တိုင်ပင် ဘယ်လိုကို မှန်း အရိပ်အမြွက်မျှပင် မခန့်မှန်းနိုင်သေးသည်ကို သူကပဲ နှာရှေ့ ထွန်ကျူး လုပ်ချင်နေသေးသည်။ တော်တော်လျှာရှည်တဲ့ ... ရှေ့နေပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ စိုးမမမျိုး ဦးနှောက်ဗလောင်ဆူအောင် တွေးရပြန်လေသည်။

"ကြည့်ရတာ အပြင်လူ လုံးဝ မသိစေချင်တဲ့ မိသားစုအရေး ကိစ္စဖြစ်ဖို့များတယ် ကိုကျော်ဇေယျရဲ့။ ခု ဘာမှ မပြောသေး ဘူး။ ညကျမှ အေးအေးဆေးဆေး ခေါ်ပြောမယ်တဲ့"

ကိုကျော်ဇေယျက ခေါင်းတစ်ချက် ဆတ်ပြသည်။

"အင်း. . . ဖြစ်နိုင်ပါတယ်။ ဒါနဲ့ ဦးပဥ္စင်းကြည့်ရတာ ခန္ဓာ ကိုယ်ကသာ အရွယ်တင်လို့ နုပျိုနေပေမယ့် အသက်အရွယ် အရ ရောဂါဝေဒနာတော့ ပြင်းပြင်းထန်ထန် ခံစားနေရ ပဲ။ ခန္ဓာကိုယ်လည်း ခပ်လှပ်လှပ် ကျန်တော့တာနော်"

"ဟုတ်တယ် ကိုကျော်ဇေယျ၊ အဲဒါကြောင့်မို့လို့လည်း မမ အမြန်ခေါ် လိုက်တာဖြစ်မယ်"

ထိုနေ့ည (၇)နာရီခန့်တွင် ဘိုးဘိုး ဦးပဥ္စင်းခေါ်၍ အတွင်း ခန်းထဲသို့ ဝင်လိုက်သွားသည်။ ကိုကျော်ဇေယျကား ကပ္ပိယကြီးနှင့် ပါသွားလေပြီ။

ဘိုးဘိုးက ကြေးသွန်းဘုရားကြီးရှေ့တွင် သူမအား ငါး သီလခံခိုင်းသည်။ သူပြောပြမည့် လျှို့ဝှက်ချက်ကို မပေါက်ကြား အောင် သေတစ်ပန်သက်တစ်ဆုံး ထိန်းသိမ်းစောင့်ရှောက်သွား မည်ဟု ဘုရားရှေ့တွင် ကတိသစ္စာစကား လိုက်ဆိုရသည်။

ထို့နောက် သူမ ဘိုးဘိုး ဦးပဥ္စင်းကြီး လက်ဆင့်ကမ်းပေးသွား မည့် လျှို့ဝှက်လုပ်ငန်းကို ပေါက်မြောက်အောင်မြင်အောင် ကြိုး ကြံအားထုတ်သွားပြီး သူမ အသက်ရှင်နေသေးသမျှ ဗုဒ္ဓသာသနာ ကို အတတ်နိုင်ဆုံး ပြန့်ပွားအောင် ပြုသွားရန်ကိုပါ ကတိသစ္စာပြု သေးသည်။

"ကဲ- ငါ့မြေးလေး မမ၊ သေချာနားထောင်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀) ကျော် ဘိုးဘိုးတို့ရဲ့ နောက်ဆုံးဘုရင်ဖြစ် တဲ့ သီပေါမင်းလက်ထက်တော်မှာ အမရပူရမြို့ မြောက်ဘက် အရပ်မှာ ညောင်သပြေဆိုတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့တယ်။ ရွာစားကြီးက ဦးသူတော်တဲ့။ ဦးသူတော်ဟာ နာမည်နဲ့လိုက် အောင် သူ့ရပ်ရွာမှာ တရားသဖြင့် မျှမျှတတ အုပ်ချုပ်ခဲ့ ဘာသာတရားကိုလည်း အလွန် ရိုသေကိုင်းရှိုင်းခဲ့တယ်။ ဦးသူတော်ဟာ ငယ်စဉ်ကတည်းက တရားထိုင်တဲ့အလေ့ ရလာခဲ့ရာက အိမ်ထောင်ကျပြီး သားသုံးယောက်ရလို့ ရွာ စားကြီးဖြစ်လာတဲ့ထိ နေ့စဉ် ပုံမှန်တရားထိုင်လာခဲ့တာ။ ဒီလိုနဲ့ သူ့အသက် (၅၀)နှစ်လောက်မှာ အိမ်မှာတင် မဟာ



www.burmeseclassic.com

www.burmeseclassic.com


တော့ဘဲ ရွာနီးချုပ်စပ်က ဆိတ်ငြိမ်အရပ်တွေအထိ ရှာဖွေပြီး ကျင့်ကြံအားထုတ်ခဲ့တယ်တဲ့။

တစ်နေ့မှာ တောခပ်နက်နက်တစ်ခုထဲ ရောက်သွားပြီး အလွန်တရာအေးချမ်းတဲ့ လိုဏ်ဂူကြီးတစ်လုံးတွေ့တာနဲ့ အဲဒီနေရာမှာ မကြာခဏ တရားအားထုတ်နေခဲ့တယ်။ အဲလိုနဲ့ ရက်၊ လ အတော်ရလာတဲ့အခါ အဲဒီလိုဏ်ဂူရဲ့ပိုင်ရှင် ဂန္ဓာရီဆေးဝိဇ္ဇာကြီးတစ်ပါးက ဦးသူတော်ကို သဘောကျတာနဲ့ ကိုယ်ထင်ပြပြီး ဗုဒ္ဓသာသနာပြုလိုတဲ့ဆန္ဒရှိသလားလို့ မေးတယ်။ အဲဒီ ဂန္ဓာရီဝိဇ္ဇာကြီးကလည်း ဦးသူတော်ရဲ့ သီလနဲ့ သမာဓိခိုင်မာပုံကို သိမြင်တယ်။ ဦးသူတော်ကလည်း ဗုဒ္ဓသာသနာပြုချင်တဲ့ဆန္ဒရှိတာကြောင့် သူ့လိုဏ်ဂူနန်းထဲခေါ် သွားပြီး မအို၊ မနာ၊ မသေဆေးဖော်စပ်နည်းကို သင်ကြားပြသပေးခဲ့တယ်။

ဦးသူတော်က ဂန္ဓာရီဝိဇ္ဇာကြီးဆီမှာ(၄၅)ရက်ကြာ မီးလွတ်အသီးအနှံတွေစားပြီး တရားထိုင်ခဲ့ရတယ်။ ဝိဇ္ဇာကြီးချပေးတဲ့ ဘုရားဂုဏ်တော်တွေ၊ ဂါထာမန္တန်တော်တွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုတီးစိပ် ကျင့်ကြံအားထုတ်ခဲ့ရတယ်။ အဲလို (၄၅)ရက်ပြည့်လို့ ဝိဇ္ဇာကြီးကျေနပ်ပြီဆိုမှ ကတိသစ္စာ ဆယ်ပါး ပြုခိုင်းတယ်တဲ့။

အဲဒါတွေအားလုံး ပြီးတော့မှ ဆေးပညာနဲ့ ပတ်သက်တဲ့ ရာသီ၊ နက္ခတ်၊ ဗေဒင်ယတြာတွေ သင်ရတယ်။ ဆေးပေး၊ ဆေးကုသမှု နားလည်အောင် ဆေးခတ်ကျမ်းကြီးတွေ သင်ကြားရတယ်။ အဲဒါတွေ တတ်ပြီဆိုမှ နက္ခတ်တာရာ၊ ဗေဒင်ယတြာတွေအရ အချိန်အခါကောင်းကိုရွေးပြီး ဝိဇ္ဇာကြီးကိုယ်တိုင် ဆေးဖော်စပ်နည်း သင်ပေးတယ်။ ပထမရက်မှာ မအိုဆေး၊ ဒုတိယရက်မှာ မနာဆေး၊ တတိယရက်မှာ မသေဆေးတွေကို သူ့အချိန်အခါနဲ့ အကိုက် ဖော်စပ်စေတယ်။

အဲဒီလို ဖော်စပ်ထားတဲ့ ဆေးတောင့်ကလေး သုံးတောင့်ကို ကြေးဖလားတစ်လုံးထဲမှာထည့်ပြီး ဘုရားရှေ့မှာ (၉)ရက်တိတိ အဓိဋ္ဌာန်ဝင်ရသေးတယ်။ အဓိဋ္ဌာန် (၉)ရက်ပြည့်တဲ့နေ့ကျမှ ကြေးဖလားထဲ ရေထည့်ပြီး ဂါထာမန္တန်တွေ ရွတ်ဖတ်ရသေးတယ်။ ပြီးမှ ကြေးဖလားထဲက ပရိတ်ရေတွေကို အကုန်သောက်လိုက်ပြီးတယ်ဆိုရင်ပဲ ဦးသူတော်ဟာ မအို၊


www.burmeseclassic.com

www.burmeseclassic.com



မနာ၊ မသေဆေး သိဒ္ဓိနဲ့ ပြည့်စုံသွားတယ်တဲ့။ အဲဒီအချိန်က သူ့အသက်က (၅၀)နှစ်ဆိုတော့ အဲဒီအချိန်ကစပြီး သူ့မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို မရှိတော့ဘူးတဲ့။

သဘောကတော့ သူ့အသက် (၅၀)နှစ်အရွယ်ထက် ပိုပြီး အိုမလာတော့တဲ့အပြင် အနာရောဂါတွေလည်း လုံးဝ ကင်းရှင်းပြီး သေခြင်းတရားကိုလည်း ဟန့်တားထားနိုင်ခဲ့တယ်တဲ့”

စိုးမမျိုးသည် ဘိုးဘိုးရှင်းပြနေသည်ကို နားထောင်နေရင်းမှ တချို့အရာများကို တဖြည်းဖြည်း ရိပ်မိလာသလို ဖြစ်လာမိ၏။ သို့သော် သဲသဲကွဲကွဲတော့ မဟုတ်သေး။ ရိုးတိုးရိပ်တိပ် ဝိုးတိုးဝါးတားမျှသာ။

ဘိုးဘိုးက ချောင်းအနည်းငယ်ဆိုးလာ၍ ခဏရပ်လိုက်ပြီးမှ ဆက်ရှင်းပြ၏။

“အဲဒီလို ဆေးတောင့်စိမ်ထားတဲ့ ပရိတ်ရေတွေကို သောက်ပြီးတဲ့အခါ ဆေးတောင့်သုံးတောင့်ကို ကြုတ်ကလေးသုံးခုမှာ ထည့်ရတယ်။ ဝိဇ္ဇာကြီး အထူးစီမံထားတဲ့ ကြုတ်ကလေးတွေပေါ့။ မအိုဆေးတောင့်ကို ရွှေကြုတ်ကလေးထဲမှာ၊ မနာဆေးတောင့်ကို ငွေကြုတ်ကလေးထဲမှာ၊ မသေဆေးတောင့်ကို ကြေးကြုတ်ကလေးထဲမှာ ထည့်ရတယ်။ ပြီးမှ အဲဒီဆေးတောင့်ကြုတ်ကလေး သုံးခုကို ဆေးဖော်စပ်စီမံထားတဲ့ ပရိတ်ကြိုးနဲ့ သီထည့်ပြီး ဦးသူတော်ရဲ့လည်ပင်းမှာ ချိတ်ဆွဲထားရတယ်တဲ့။ ကိုယ်နဲ့မကွာပေါ့လေ။

တစ်ခုကျန်သေးတယ်။ ဦးသူတော်ဟာ သုံးနှစ်ပြည့်တိုင်း ဒုလ္လဘရဟန်းဝတ်ပြီး (၂၇)ရက် အဓိဋ္ဌာန်ဝင်ပေးရတယ်တဲ့။ ဒါမှ ဆေးတောင့်တွေရဲ့ နဂိုသိဒ္ဓိ မပြယ်မှာတဲ့။ ဆေးတောင့်တွေကို သိဒ္ဓိဆက်ပေးရတာ ခေါ်မှာပေါ့။ ဦးသူတော်ဟာ သုံးနှစ်တစ်ကြိမ် ရဟန်းပြုပြီး အဓိဋ္ဌာန်ဝင်ပေးခဲ့တာကြောင့် သူ့အသက် (၇၅)နှစ် ရောက်တဲ့အထိ အသက် (၅၀)နှစ်ကလို နုပျိုအရွယ်တင်ပြီး အနာရောဂါကလည်း လုံးဝ မဖြစ်ဘူးတဲ့။ သူနဲ့ရွယ်တူတွေ တဖြုတ်ဖြုတ်နဲ့ သေကုန်ကြပေမယ့် သူကတော့ လူငယ်တစ်ယောက်လို ဖျတ်ဖျတ်လတ်လတ်နဲ့ ဒေါင်ဒေါင်မြည်ပဲတဲ့။

အဲ-တစ်နေ့မှာပေါ့လေ၊ သူ့ရဲ့အငယ်ဆုံးသားက အဖေ့အရှိန်အဝါနဲ့ တစ်ချိန်လုံး သောက်စားမူးယစ်ပြီး သူကြိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com


မိန်းမပျိုလေးတွေကိုတွေ့ရင် မရရအောင်ယူပြီး ခြေတော်တင်သတဲ့။ အဲဒါကို မခံနိုင်တဲ့ မိန်းမပျိုတစ်ယောက်ရဲ့ မောင်တော်သူတစ်ယောက်က အဲဒီ သူ့သား လူရမ်းကားကို သတ်ပစ်ဖို့အထိ ကြံစည်ခဲ့တယ်။ အဲဒါကို ဦးသူတော်သိသွားတော့ သားဇောကပ်ပြီး အဲဒီ မိန်းမပျိုလေးရဲ့မောင်ကို သတ်ဖို့ အမိန့်ပေးခဲ့သတဲ့။ တရားဥပဒေနဲ့ အုပ်ချုပ်တတ်တဲ့ ဦးသူတော်ဟာ သူ့ရင်သွေးကို ထိတာနဲ့ သတိလက်လွတ်ဖြစ်သွားရှာတာပေါ့ကွယ်။

အဲဒီမှာ သူ ဝိဇ္ဇာကြီးရှေ့မှာ ကတိသစ္စာပြုထားခဲ့တဲ့ ကာယကံသုံးပါးထဲက ပါဏာတိပါတကံကို ကျူးလွန်ဖောက်ဖျက်မိတာကြောင့် တဖြည်းဖြည်း ဆေးတောင့်တွေရဲ့ သိဒ္ဓိတန်ခိုးတွေ ပျယ်ပြယ်ပြီး သူ အမှန်တကယ်ရောက်နေတဲ့ အသက် (၇၅) နှစ်အရွယ်အတိုင်း အိုမင်းမစွမ်းတဲ့ အဘိုးအိုကြီးဘဝ ရောက်သွားသတဲ့။

ဦးသူတော်ဟာ ဒီလို အိုမင်းမစွမ်းဖြစ်လာတာနဲ့ ရောဂါဝေဒနာတွေ ချက်ချင်း စုပြုံကျရောက်လာလေတော့ သူသေရတော့မယ်ဆိုတာသိလာသတဲ့။ ဒါကြောင့် သားသုံးယောက်ကိုခေါ်ပြီး မအို၊ မနာ၊ မသေဆေးတောင့်တွေရဲ့ လျို့ဝှက်ရာဇဝင်ကို တိတ်တဆိတ် ရှင်းပြတယ်။ ပြီးတော့ သားကြီးကို ရွှေကြုတ်နဲ့ မအိုဆေးတောင့်၊ သားအလတ်ကို ငွေကြုတ်နဲ့ မနာဆေးတောင့်နဲ့ သားငယ်ကို ကြေးကြုတ်နဲ့ မသေဆေးတောင့်တွေ ပေးအပ်ခဲ့သတဲ့။

ဒီဆေးတောင့် လက်ဝယ်ရရှိတဲ့လူဟာ ကတိသစ္စာဆယ်ပါးကို ဘုရားရှင်ရှေ့မှောက်မှာ သစ္စာပြုပြီး (၄၅)ရက်တိတိ ဂါထာမန္တန်တွေ ရွတ်ဖတ်ပုတီးစိပ်ပြီး အဓိဋ္ဌာန်ဝင်ပြီးမှ ဒီဆေးတောင့်တွေ အစွမ်းသိဒ္ဓိပြလာမှာ ဖြစ်တယ်။ ပြီးတော့ သုံးနှစ်တစ်ကြိမ်လည်း ဒုလ္လဘာရဟန်း (၂၇)ရက် ဝတ်ပြီး ဆေးတောင့်တွေကို သိဒ္ဓိတင်ပေးရမယ်။ ဒီဆေးတောင့်တွေရထားတဲ့ သားသုံးယောက်အနေနဲ့ ကိုယ်ရထားတဲ့ ဆေးတောင့်နဲ့ ကိုယ်စီ (၄၅)ရက် အဓိဋ္ဌာန်အရင် ဝင်ကြရမယ်။ ပြီးမှ တစ်ယောက်နဲ့တစ်ယောက် ဆေးတောင့်တွေကို အပြန်အလှန် အလဲအလှယ်လုပ်ပြီး တစ်လှည့်စီ အဓိဋ္ဌာန်ဝင်ပေးကြရမယ်။ ဒါမှ သားသုံးယောက်လုံး မအို၊ မနာ၊ မသေနိုင်တဲ့ အစွမ်းသိဒ္ဓိတွေနဲ့ ပြည့်စုံလာမှာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး ဦးသူတော်က အဲဒီလို သားသုံးယောက်တို့ကို သေသေချာချာ ရှင်းပြမှာကြားပြီး သူ့လည်ပင်းမှာ ဆွဲထားတဲ့ ဆေးတောင့်ကြုတ်ကလေးတွေကို သားတွေရဲ့လက်ထဲ ထည့်လိုက်ပြီးတာနဲ့ အသက်ကုန်ပြီး သေဆုံးသွားတယ်တဲ့။

ဖခင်မရှိတော့တဲ့နောက် အစ်ကိုအကြီးဆုံးဟာ ရှာစားကြီး ဖြစ်လာပြီး အုပ်ချုပ်စိုးစံခဲ့တယ်။ သူတို့သုံးယောက်လည်း ဖခင်ကြီး မှာထားခဲ့တဲ့အတိုင်း (၄၅)ရက်စီ အဓိဋ္ဌာန်ဝင်ပြီးကြတဲ့နောက် ဆေးတောင့်တွေကို အပြန်အလှန် လဲလှယ်ကြတယ်။ အစီအစဉ်အရ ပထမ- သားကြီးဆီက မအိုဆေးတောင့်နဲ့ သားငယ်ဆီက မသေဆေးတောင့် လဲလှယ်မယ်။ ဒုတိယ- သားကြီးဆီရောက်နေမယ့် မသေဆေးတောင့်နဲ့ သားလတ်ဆီက မနာဆေးတောင့် လဲလှယ်မယ်။ တတိယ- သားကြီးဆီရောက်နေမယ့် မနာဆေးတောင့်နဲ့ သားငယ်ဆီရောက်နေမယ့် မအိုဆေးတောင့်နဲ့လဲလှယ်မယ်။ စတုတ္ထ- သားလတ်ဆီရောက်နေမယ့် မသေဆေးတောင့်နဲ့ သားကြီး ဆီရောက်နေမယ့် မအိုဆေးတောင့်ကိုလဲမယ်။ ပြီးတော့မှ ကိုယ့်ဆေးတောင့် ကိုယ့်လက်ထဲ ပြန်ရောက်အောင် လဲယူကြမယ်ပေါ့။

အဲဒီမှာ သားငယ်က စဉ်းစားမိတယ်။ သူက အမြဲတမ်း သောက်စားမူးယစ်ပြီး တပည့်တပန်းတွေနဲ့ နေချင်တဲ့လူဆိုတော့ အာဏာလိုချင်တယ်။ ရှာစားကြီး မြန်မြန်ဖြစ်ချင်တယ်။ သူ့ဆီက မသေဆေးတောင့်ကိုသာ အစ်ကိုကြီးနဲ့ အစ်ကိုလတ်ကို တစ်လှည့်စီပေးပြီး သောက်သုံးစေမယ်ဆိုရင် သူ့အစ်ကိုတွေ တော်တော်နဲ့ မသေနိုင်တော့လို့ သူလည်း ဒီတစ်သက် ရှာစားကြီးအာဏာ ရစရာမမြင်ဘူးလို့ တွေးမိတယ်တဲ့။

ဒါကြောင့် သူ့လည်ပင်းမှာ ဆွဲထားတဲ့ မသေဆေးတောင့်ကြုတ်ကလေး ဘယ်အရက်ဆိုင်မှာ ကျပျောက်သွားတယ် မသိဘူးလို့ အစ်ကိုတွေကို ပြောသတဲ့။ အစ်ကိုတွေက ဒါတော့ အပျောက်မခံနိုင်ဘူးဆိုပြီး နေရာအနှံ့ လိုက်ရှာကြပေမယ့် မတွေ့ဘူးတဲ့။ ဘယ်တွေ့ကြပါ့မလဲ၊ သားငယ်က သူ့သေတ္တာထဲထည့်ပြီး လုံလုံခြုံခြုံ သိမ်းထားတာကိုး။

ဒီလိုနဲ့ နှစ်အတန်ကြာလာတဲ့အခါ မအိုဆေးတောင့်ဆောင်ထားတဲ့ သားကြီးဟာ မအိုပေမယ့် အနာရောဂါ စွဲ



www.burmeseclassic.com

www.burmeseclassic.com



ကပ်တာကို မတားဆီးနိုင်ခဲ့ဘူး။ ဒီလိုပဲ သေခြင်းတရားကို လည်း မလွန်ဆန်နိုင်ခဲ့ဘူးပေါ့။ သားလတ်ကျတော့ မနာ ဆေးတောင့်ဆောင်ထားလို့ ရောဂါဘယ ကင်းဝေးခဲ့ပေမယ့် အိုခြင်းနဲ့ သေခြင်းတွေကိုတော့ မရှောင်ရှားနိုင်ခဲ့ဘူး။ သား ငယ်မှာတော့ အိုခြင်းကို မဟန့်တားနိုင်ခဲ့သလို နာခြင်းကို လည်း မရှောင်နိုင်ခဲ့ဘူး။ ဒါပေမယ့် မသေဆေးတောင့်ရဲ့ အစွမ်းသိဒ္ဓိနဲ့ သေခြင်းတရားကို အနိုင်ယူနိုင်လိမ့်မယ်လို့ ယုံကြည်ပြီး ထုံးစံအတိုင်း မူးယစ်သောက်စားပြီး အလို ရမ္မက်ကြီးတဲ့ အာဏာရှင်ရွာစားကြီး ဖြစ်ခဲ့သတဲ့။ ဒါပေမယ့် အဲဒီလို မူးယစ်သောက်စားရင်း သူများသားမယားနဲ့ မှောက် မှားခဲ့မိတာကြောင့် ကတိသစ္စာ ဆယ်ချက်ထဲမှာပါတဲ့ ကာ မေသုမိစ္ဆာစာရကံကို ဖောက်ဖျက် ကျူးလွန်ရာရောက်လို့ သစ္စာစူးပြီး အသက်ဆုံးရှုံးခဲ့ရလေတယ်။

အဲဒီလို ညီအစ်ကိုသုံးယောက် ကွယ်လွန်သွားခဲ့ကြပေ မယ့် သူတို့ပိုင်ဆိုင်ခဲ့ကြတဲ့ သိဒ္ဓိဝင်ဆေးတောင့်တွေပါတဲ့ ကြုတ်ကလေးတွေကတော့ သားစဉ်မြေးဆက် လက်ဆင့် ကမ်းလာခဲ့ကြတယ်တဲ့။ အဲလိုနဲ့ အခုဆိုရင် ရွာစားကြီး ဦးသူ တော်ရဲ့ မအို၊ မနာ၊ မသေဆေးတောင့် ကြုတ်ကလေးတွေ ဟာ သူ့ရဲ့မြစ်လက်ထက်အထိ မျိုးဆက်လေးဆက်တောင် ရောက်လာပြီကွယ့်"

တစိမ့်စိမ့် အေးလာသော ဆောင်းလ၏အအေးဒဏ်ကြားမှ ချောင်းတဟွတ်ဟွတ် ဆိုးလိုက်၊ နားလိုက်ဖြင့် တဖြည်းဖြည်း ပြော လာသော ဘိုးဘိုး၏ မအို၊ မနာ၊ မသေဆေးတောင့်များ ရာဇဝင်က ရှည်လျားလှသည်။ စိတ်ဝင်စားဖွယ်ကောင်း၍သာ နားစိုက်ထောင် နေရသော်လည်း ယင်းကိစ္စကို မိမိအား ဘာကြောင့်ရှင်းပြနေသည် ကို စဉ်းစား၍ မရသေး။ ရွာစားကြီး ဦးသူတော်၏ သားမြေးမြစ်အ ထိ ရောက်နေသော မျိုးဆက်များနှင့် မိမိ မည်သို့ ပတ်သက်နေ သည်ကိုလည်း တစ်စွန်းတစ်စမျှ နားမလည်နိုင်သေး။

ထို့ကြောင့် စိတ်မရှည်တော့ဘဲ ဘိုးဘိုးအား မေးမိသည်။

"ဒါနဲ့ ဘိုးဘိုးကြီး အခုရှင်းပြနေတဲ့အကြောင်းတွေက သမီးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ ဘုရား"

ထိုအခိုက် ကျောင်းနံရံမှ တိုင်ကပ်နာရီမှ ဆယ်နာရီထိုးသံ ကြားလိုက်ရ၏။ တစ်ကျောင်းလုံးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိ သည်။ အတော် ခပ်လှမ်းလှမ်းဆီမှ ဘုရားစာရွတ်ဖတ်သံများ၊ ကြေး



www.burmeseclassic.com

www.burmeseclassic.com



စည်ထုသံများကို လေအဝှေ့တွင် တစ်ချက်တစ်ချက် ခပ်သဲ့သဲ့ ကြားရသည်။ ပတ်ဝန်းကျင်တွင်ကား တစီစီညံနေသော ပုရစ်အော်သံများကသာ လွှမ်းမိုးနေသည်။

ဘိုးဘိုးက ကိုယ်ခန္ဓာကို ရှေ့သို့ အနည်းငယ်ကိုင်းကာ ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

"ဘိုးဘိုးဟာ ရွာစားကြီး ဦးသူတော်ရဲ့မျိုးဆက်ပဲ သမီး"

"ရှင်"

စိုးမမမျိုး ပါးစပ်အဟောင်းသား ပွင့်သွားသည်။

"ဦးသူတော်ရဲ့ သားအကြီးဆုံးရဲ့ ဒုတိယမြောက်သားကမွေးတဲ့ မြစ်ပေါ့ကွယ်။ အဲဒါကြောင့် ဦးသူတော်ဆီက လက်ဆင့်ကမ်းလာခဲ့တဲ့ မအိုဆေးတောင့်ဟာ ဘိုးဘိုးရဲ့ဖခင်ကတစ်ဆင့် ဘိုးဘိုးလက်ထဲကို ရောက်လာခဲ့ရတာပေါ့ ငါ့မြေးရယ်"

စိုးမမမျိုးက အလွန် အံ့အားသင့်ကာ ဘိုးဘိုးကြီးအား စူးစိုက်ကြည့်နေမိသည်။ ဘိုးဘိုးကြီး ဤမျှ ရှည်လျားစွာ ပြောပြနေသည်ကို အခုမှ သဘောပေါက်တော့သည်။

အလို- ဘိုးဘိုးကြီးလက်ထဲတွင် မအိုစေနိုင်တဲ့ ဆေးတောင့်ရှိနေတယ်ဆိုပါလား။ ကြည့်စမ်း၊ ကြည့်စမ်း။ ခုမှပဲ ရှင်းတော့သည်။

ဒါကြောင့်လည်း ခုချိန်မှာ အသက် (၇၀)နှစ်ကျော် အရွယ်ရောက်နေရမယ့် ဘိုးဘိုးဟာ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ဓာတ်ပုံထဲကအတိုင်း မအိုနိုင်ဘဲ ခုထိ မြင်နေရတာကိုး။

ဩော်- ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒါ မအိုဆေးတောင့်ရဲ့ အစွမ်းသိဒ္ဓိနဲ့ အိုမင်းခြင်းကို ဟန့်တားထားနိုင်လို့ အရွယ်တင်ပြီး နုပျိုနေတာပေါ့။ ဒါပေမယ့် မိမိကိုခေါ်ပြီး ဒါတွေ ဘာလို့ ပြောပြနေတာပါလိမ့်။

"ကဲ- မြေးလေး၊ ဒါလောက်ဆို ဘိုးဘိုးရဲ့ အခုရုပ်ရည်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကအတိုင်း ဘာကြောင့်ဖြစ်နေတယ်ဆိုတာကို သဘောပေါက်ရောပေါ့"

"တင်ပါ့ဘုရား"

"အေး- ဒါပေမယ့် ဘိုးဘိုးဟာ မကြာခင် ပြည့်တော့မယ့် အသက် (၇၇) နှစ်မြောက်မွေးနေ့မှာ ဘဝနတ်ထံ ပျံရတော့မယ်ကွယ့်"

"ရှင်"

စိုးမမမျိုး၏ အာမေဋိတ်သံက အပြင်သို့ ကျယ်လောင်စွာ ထွက်ကျသွားသည်။ မျက်လုံးကြီးများဝိုင်းကာ ဘိုးဘိုးအား ငေးကြည့်နေမိသည်။ ရင်ထဲ၌ လှိုက်ခနဲ ဖြစ်သွားကာ ဝမ်းနည်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မျက်ရည်များပင် စို့တက်လာသလို ခံစားမိသည်။

"သေခြင်းဆိုတာ လေးမျိုးရှိတယ် ငါ့မြေး။ အာယုက္ခယ- သက်တမ်းကုန်လို့သေခြင်း၊ ကမ္မက္ခယ- ကံအစွမ်းကုန်လို့ သေခြင်း၊ ဥဘယက္ခယ- သက်တမ်းနဲ့ ကံကုန် နှစ်ပါးစုံလို့ သေခြင်းနဲ့၊ ဥပစ္ဆေဒက- လောလောလတ်လတ် ကံတရား ဖြတ်လို့ မသေသင့်ဘဲ သေရခြင်းတဲ့ကွယ့်။ ဘိုးဘိုးကတော့ ဗေဒင်ကိန်းခန်း နက္ခတ်တာရာ ဂြိုဟ်သွားလမ်းကြောင်း တွေအရ သက်တမ်းရော ကံပါ နှစ်ပါးစုံကုန်တဲ့ သေခြင်းမျိုး နဲ့ ကြုံတွေ့နေရပြီ။ မီးစာကုန် ဆီခန်းပြီဖြစ်လို့ ရှောင်လွှဲမရ နိုင်တော့ဘူး။ ဒါကြောင့် ငါ့မြေးကလေး မမကို အမြန်ခေါ် လိုက်ရတာပဲကွယ့် အဟွတ်. . . ဟွတ် အဟွတ်"

စိုးမမမျိုးက မေးသည်။

"ဘိုးဘိုးက ဘာရောဂါဖြစ်နေတာလဲ ဘုရား"

"မြို့ပေါ်က လာကြည့်ပေးတဲ့ အထူးကုဆရာဝန်ကြီးတွေက ဘိုးဘိုးမှာ နှလုံးသွေးတိုး ပထမ ဖြစ်တာတဲ့။ နောက်တော့ အဆုတ်ရောဂါပါဖြစ်လာလို့ ဆေးရုံတောင် နှစ်ခါတက်ပြီး ကုသပြီးပါပြီ။ ဒါပေမယ့် ဘိုးဘိုးလည်း ကိုယ့်ကိုယ်ကိုယ် သိပါတယ်။ ဆရာဝန်တွေ လက်လျှော့ထားလိုက်တာလည်း ရိပ်မိတယ်။ ရောဂါတွေကလည်း ကျွမ်းနေပြီကိုး။ သေခြင်း ကလည်း အချိန်ရောက်လာပြီလေ။ ကဲကဲ- အချိန်ရှိတုန်း လေး အရေးကြီးတာပြောမယ် အဟွတ်. . . ဟွတ် အဟွတ်"

ဘိုးဘိုးက ချောင်းဟပ်လိုက်တိုင်း ထွက်လာသော ချွဲသလိပ် များကို ထွေးခံထဲထွေးချရင်း မောနေသည်။ ညဉ့်နက်လာသည်နှင့် အမျှ အအေးဓာတ်က လွန်ကဲလာ၍ ချောင်းဆိုးသံကပါ ပိုကျယ် လာသလို ထင်ရ၏။ ဘိုးဘိုးက အတန်ကြာ နားနေပြီးမှ ဆက်ပြော သည်။

"ဘိုးဘိုးရဲ့ဖခင် ကွယ်လွန်တဲ့အချိန်မှာ ဘိုးဘိုးအသက်က (၅၄) နှစ်ရှိပြီ။ တစ်ဦးတည်းသောသား ဖြစ်တဲ့အတွက် ဖခင်ကြီးက သူပိုင်ဆိုင်တဲ့ မအိုဆေးတောင့်ကြုတ်ကလေးကို တိတ်တဆိတ် လက်ဆင့်ကမ်းခဲ့တယ်။ ဆေးတောင့်တွေရဲ့ ရာဇဝင်ကိုရှင်းပြပြီး ဘိုးဘိုးတစ်ဦးတည်း လျှို့လျှို့ဝှက်ဝှက် သုံးစွဲသွားဖို့လည်း အထပ်ထပ် မှာခဲ့တယ်။ အဓိဋ္ဌာန်ဝင်တဲ့ အခါ ရွတ်ဖတ်သရဇ္ဈာယ်ရမယ့် ဂါထာမန္တန်တွေနဲ့ ပရိတ် တော်၊ သုတ်တော်တွေ အပြည့်အစုံပါတဲ့ ကြေးဝါပြားတစ်



www.burmeseclassic.com

www.burmeseclassic.com


ချပ်လည်း ပေးခဲ့တယ်။ ပြီးတော့ ကျန်တဲ့ဆေးနှစ်စုံဖြစ်တဲ့ မနာဆေးတောင့်နဲ့ မသေဆေးတောင့်တွေ လက်ဝယ်ရှိထားတဲ့ သူတူ၊ တူမတွေရဲ့ နာမည်နဲ့ လိပ်စာတွေပါတဲ့ ကြေညာပြားတစ်ခုလည်း အပ်ခဲ့သေးတယ်ကွယ့်။

ဘိုးဘိုးလည်း ဖခင်ကြီးအပ်ခဲ့တဲ့ မအိုဆေးတောင့်ကို ကြေးဝါပြားထဲမှာပါတဲ့အတိုင်း အစိဋ္ဌာန်ဆွေဝင်ပြီး ရွတ်ဆိုကျင့်ကြံခဲ့တာကြောင့် အသက် (၅၅)နှစ်ကစပြီး မအိုတော့ဘဲ နုပျိုနေခဲ့တာပေါ့ကွယ်။ မနာဆေးတောင့်နဲ့ မသေဆေးတောင့်တွေ လက်ဝယ်ရောက်ရှိနေတဲ့ ညီအစ်ကို၊ ညီမဝမ်းကွဲတွေနဲ့ဆက်သွယ်ပြီး ဆေးတောင့်ချင်း အလဲအလှယ်လုပ်ပြီး ကျင့်ကြံဖို့ အားထုတ်ခဲ့သေးတယ်။ ဒါမှ ဘိုးဘိုးအနေနဲ့ ခုလို မအိုတဲ့အပြင် ရောဂါဘယကင်းရှင်းပြီး မသေနိုင်တဲ့ ဘဝမျိုးကို ပိုင်ဆိုင်ခွင့်ရပြီး သာသနာပြုသွားနိုင်မှာကွယ့်။

ဒါပေမယ့် ဘိုးဘိုးတို့ရဲ့ အဘိုးတွေ အချင်းချင်း ဒီဆေးတောင့်တွေနဲ့ ပတ်သက်ပြီး မပြေလည်ခဲ့ကြတဲ့ ရာဇဝင်တွေ ရှိခဲ့တာကတစ်ကြောင်း၊ ညီအစ်ကိုဝမ်းကွဲအချင်းချင်း တစ်ယောက်ကိုတစ်ယောက် မယုံကြည် စိတ်မချနိုင်တာက တစ်ကြောင်းကြောင့် ဒီလဲလှယ်ရေးကိစ္စ ဘိုးဘိုးလက်ထက်မှာ မအောင်မြင်နိုင်ခဲ့ဘူး ငါ့မြေး။

အမှန်တော့ ဒီမအို၊ မနာ၊ မသေဆေး သုံးမျိုးထဲမှာ ဘိုးဘိုးပိုင်ဆိုင်ထားတဲ့ မအိုဆေးတောင့်ကို သူတို့ သိပ်ပြီး လိုချင်တပ်မက် ရှိကြတယ်ကွယ့်။ မနာဆေးတောင့်ပိုင်ရှင်က ရောဂါဘယကင်းရှင်းပြီး၊ မသေဆေးတောင့်ရှိသူကလည်း နှစ်ပေါင်းများစွာ အသက်ရှင် နေထိုင်နိုင်ပေမယ့် သူတို့ဟာ ရုပ်ခန္ဓာရဲ့ အိုမင်းရင့်ရော်ပြီး ပါးရေနားရေတွန့်လာတာကို ဘယ်လိုမှ မတားဆီးနိုင်ဘူးလေ။ ရောဂါကင်းရှင်းပြီး မသေနိုင်ကြပေမယ့် အဘိုးကြီးအို ခါးကုန်းကုန်းနဲ့ အားအင်ချည့်နဲ့လာတဲ့ ရုပ်ခန္ဓာကို မရှောင်လွှဲနိုင်တာကြောင့် အဲလိုဘဝမျိုး အသက်ရှင် ရှန်းကန်နေရတာထက်စာရင် သေရတာကမှ ပိုကောင်းဦးမယ်လို့ တမ်းတမြည်ကြွေးနေကြရသတဲ့။

ဒါကြောင့်မို့လို့ အဲဒီဆေးသုံးမျိုးထဲမှာ ဘိုးဘိုးရှိထားတဲ့ မအိုဆေးတောင့်က တန်ဖိုးအရှိဆုံးပဲ ငါ့မြေး။ မအိုနိုင်သေးသမျှ ကျန်းမာနုပျို အရွယ်တင်ပြီး အနာရောဂါကလည်း


www.burmeseclassic.com

www.burmeseclassic.com



ကပ်ငြိဖို့ခက်တယ်လေ။ ဒါကြောင့် သေဘေးနဲ့လည်း ဝေးနိုင်သေးတယ် မဟုတ်လား။ အေး-ဒါပေမယ့် သက်တမ်းကုန်ကံကုန်ရင်တော့ ရှောင်လွှဲလို့ မရနိုင်ဘူးပေါ့ကွယ်"

စိုးမမမျိုးက စဉ်းစဉ်းစားစား မေးသည်။

"ဘိုးဘိုးပြောတဲ့အတိုင်းဆိုရင် အဲဒီ မအို၊ မနာ၊ မသေဆေး သုံးမျိုးစလုံးကို လက်ဝယ်ပိုင်ဆိုင်ထားနိုင်မှ ဒါမှမဟုတ်လည်း ဆေးတောင့်အချင်းချင်း အပြန်အလှန် လဲလှယ်ပြီး အစိဋ္ဌာန်ဝင်နိုင်ပါမှ မူလ လိုဏ်နန်းရှင် ဂန္ဓာရီဝိဇ္ဇာကြီး ရည်မှန်းခဲ့သလို နှစ်ရှည်လများ ဗုဒ္ဓသာသနာပြုနိုင်တော့မှာပေါ့ ဘုရား"

ဘိုးဘိုးက ဝေဒနာခံစားနေရသည့်ကြားက ကျေနပ်နှစ်ခြိုက်လှစွာ အားယူ၍ ပြုံးပြလိုက်သည်။

"မှန်လိုက်လေ ငါ့မြေးလေးရယ်၊ ငါ့မြေးဆီက ဒီလို ကြားရတာ ဘိုးဘိုး အားရလိုက်တာကွယ်။ အေးအေး- ငါ့မြေးလက်ထက်မှာ ကျန်တဲ့မနာဆေးနဲ့ မသေဆေးတောင့်တွေကိုရအောင် ကြိုးစားဖို့ ဘိုးဘိုး မှာခဲ့ပါရစေ"

"ဘယ်လို ကြိုးစားရမှာလဲ ဘုရား"

"ဒါကတော့ ငါ့မြေးက ခေတ်ပညာတတ်တဲ့လူပဲကွယ်၊ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး လိမ်လိမ်မာမာနဲ့ ချင့်ချိန်ကြိုးစားပေါ့။ ဘယ်လိုလုပ်ပါလို့ ဘိုးဘိုး သက်နိုးဝတ်ကြီးနဲ့မပြောအပ်ဘူး။ အရေးကြီးတာက မှန်ကန်မျှတပြီး တရားသဖြင့်ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ကြဖို့ပဲ။ သူတို့ရဲ့ နာမည်နဲ့ နေရပ်လိပ်စာပါတဲ့ ကြေးညိုပြားလေးကို ငါ့မြေး လက်ထဲ အပ်ခဲ့ပါ့မယ်။ ကဲ- ခု ဒီမှာခဏကြည့်စမ်း"

ဘိုးဘိုးက ပြောပြောဆိုဆို ခြုံထားသော သင်္ကန်းကို အသာအယာ ဖယ်ချလိုက်ကာ သူ၏ ညာဘက်လက်မောင်းတွင် အညိုရောင် ကြိုးလုံးကလေးဖြင့် ပတ်ချည်ထားသော ရွှေကြုတ်ကလေးကို ညွှန်ပြသည်။ ရွှေကြုတ်ကလေးမှာ အညိုကြိုးလုံး၏ အတွင်းဘက်ချိုင်းကြားအောက်နားတွင် ဝင်းခနဲ တွေ့လိုက်ရပြီး အရွယ်အားဖြင့် အလျားတစ်လက်မခွဲခန့်ရှိပြီး အချင်းလက်မခန့်ရှိမည့် ရှည်မျောမျောပုံသဏ္ဌာန်လေး ဖြစ်၏။

ဘိုးဘိုးက ရွှေကြုတ်ကလေး၏ အပေါ်က အဖုံးကလေးကို ဖွင့်ပြီး စိမ်းဖန့်ဖန့် ခပ်ရှည်ရှည် ဆေးတောင့်လေးကို ထုတ်ပြသည်။

"အဲဒါ မအိုဆေးတောင့်ပဲ ငါ့မြေး။ ဘိုးဘိုး ပျံလွန်တော်မူခါနီးရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ခါမြေး လက်ထဲ အပ်ခဲ့မယ်။ ကျန်တဲ့အပိုင်းကိုတော့ ငါ့မြေး ရဲ ဆက်လက် တာဝန်ယူရလိမ့်မယ်ကွယ့်။ ကဲ- ငါ့မြေးလေး၊ ဘာများ မရှင်းတာရှိသေးလဲကွယ့်"

ဘိုးဘိုးက မအိုဆေးတောင့်ကို ရွှေကြုတ်ထဲ ပြန်ထည့်ကာ အဖုံးကို သေသေချာချာ ပြန်ပိတ်လိုက်ပြီး သက်န်းကို စနစ်တကျ ပြန်ရုံ၍ မေးသည်။ စိုးမမမျိုးက သူ့စိတ်ထဲ မရှင်းလင်းသည့် အချက်များကို ပြန်စဉ်းစားကြည့်သည်။ ခဏနေမှ တစ်ခုချင်း စ,မေးသည်။

"ဘိုးဘိုး၊ ပထမ (၄၅) ရက် အမိဋ္ဌာန်ဝင်တဲ့အခါ ဘယ်လို ဂါထာမန္တန်တွေနဲ့ ပရိတ်တော်၊ သုတ်တော်တွေ ရွတ်ဖတ် သရဇ္ဈာယ်ရမှာလဲ ဘုရား"

"အဲဒါတွေအားလုံး ဘိုးဘိုး ငါ့မြေးကိုအပ်ခဲ့မယ့် ကြေးဝါပြား ထဲမှာ အကုန်ပါတယ်။ အစီအစဉ်အတိုင်း လုပ်ပေးထား တယ်။ နောက်ဆုံး အမိကအကျဆုံးကတော့ အမိဋ္ဌာန်(၄၅) ရက်ပြည့်တဲ့နေ့မှာ ဆေးတောင့်ကိုထုတ်ပြီး ကြေးဖလားထဲ မှာ ရေစိမ်ထားပြီးမှ ဇောဗ္ဗျင်သုတ်ကို ကိုးခေါက် ပီပီသသ ရွတ်ဆို မန်းမှုတ်ဖို့တော့ အရေးကြီးတယ်ကွယ့်"

စိုးမမမျိုးက တွေတွေဝေဝေ ပြန်မေးမိသည်။

"ဘာဖြစ်လို့ ဇောဗ္ဗျင်သုတ်ကို ရွတ်ရတာပါလဲ ဘုရား"

"အဲဒီ ဇောဗ္ဗျင်သုတ်ရဲ့ ဒုတိယအပိုဒ်မှာ 'အဇာတိ မဇရာ ဗျာဓိ၊ အမတံနိဗ္ဗာယံဂတာ' ဆိုတာ ပါတယ်။ အဓိပ္ပာယ်က အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းဝေးသောအဖြစ်ကို ရောက် ရပါလို၏တဲ့။ နောက် တတိယပိုဒ်မှာ 'ဩသဓဉ္စ ဣမံ မန္တံ၊ ဇောဗ္ဗဂီ စ တထာ ပရေ' လို့ ပါတယ်။ သူ့အဓိပ္ပာယ်က ဒီ ဆေးလည်းဖြစ်၊ မန္တရားလည်းဖြစ်တဲ့ ဇောဗ္ဗျင်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ၏တဲ့။

ပြီးတော့ အဋ္ဌမပိုဒ်မှာ 'တေစတံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ' ဆိုတာလည်း တွေ့ရတယ်။ အဓိပ္ပာယ်က ဒီဇောဗ္ဗျင်တရားတော်ကို ကြားရဆဲခဏမှာပင် အနာရော ဂါ ပျောက်ကင်းစေ၏တဲ့ ငါ့မြေး။ ဒါဟာ ဂန္ဓာရီဝိဇ္ဇာကြီး ကိုယ်တိုင် သင်ကြားပေးခဲ့ပြီး ရှာစားကြီး ဦးသူတော်လက် ထက်ကစပြီး အခု ဘိုးဘိုးလက်ထက်အထိ ရွတ်ဆိုအောင် မြင်ခဲ့တဲ့ တန်ခိုးထက်လှတဲ့ သုတ်တော်ပါပဲ"

"တင်ပါ့ဘုရား၊ သုံးနှစ်တစ်ကြိမ် ဒုလ္လဘရဟန်းဝတ်ပြီး (၂၇) ရက် အမိဋ္ဌာန်ဝင်တဲ့အခါမှာကော ဘယ်လိုဂါထာနဲ့ မန္တန်



www.burmeseclassic.com

www.burmeseclassic.com


တွေ ရွတ်ဆိုရပါမလဲ ဘုရား"

"အေး- အဲဒီအခါမှာလည်း ကြေးဝါပြားမှာပါတဲ့ ပထမ (၄၅)ရက်က အဓိဋ္ဌာန်ကျင့်စဉ်အတိုင်းပဲ ဆောင်ရွက်ရမယ် ကွယ့်"

"ယောကျ်ားတွေကတော့ သုံးနှစ်တစ်ခါ ရဟန်းဝတ်လို့ အဆင်ပြေပေမယ့် သမီးတို့ မိန်းမသားတွေကျတော့ ဘယ်လို ကျင့်ကြံအားထုတ်ရမလဲ ဘုရား"

"အေး- ငါ့မြေးတို့လို မာတုဂါမတွေကတော့ သီလရှင်ဝတ်ပြီး အဓိဋ္ဌာန်ပြု ဆေးစွမ်းသိဒ္ဓိတင်ပေးရမှာပေါ့ကွယ်"

"ဒါနဲ့ ဘိုးဘိုး၊ ကတိသစ္စာဆယ်ပါးမှာ ဘာတွေပါလဲ ဘုရား"

"အဲဒါလည်း ကြေးဝါပြားထဲမှာ အပြည့်အစုံ ပါတယ်ကွယ့်။ အနှစ်ချုပ်ကတော့ ကာယကံသုံးပါး၊ ဝစီကံလေးပါးနဲ့ မနောကံသုံးပါးတို့ကို တစ်သက်တာ စောင့်ထိန်းသွားရမယ်လို့ ကတိသစ္စာပြုရတယ်။ မီးလွတ်စားပြီး အဓိဋ္ဌာန်ဝင်နေတဲ့ ကာလအတောအတွင်းမှာ အဲဒီသစ္စာဆယ်ပါးလုံးကို တိတိကျကျလိုက်နာဖို့ အရေးကြီးသကွယ့်။

ကျန်တဲ့အချိန်တွေမှာတော့ ကာယကံသုံးပါးဖြစ်တဲ့ ပါဏာတိပါတ- သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါန- အရှင်မပေးတဲ့ဥစ္စာယူခြင်းနဲ့ ကာမေသုမိစ္ဆာစာရ- ကိလေသာတို့မှ မှားသောအားဖြင့်ကျင့်ခြင်း ဆိုတာတွေကိုသာ အဓိက မလွဲမသွေ လိုက်နာစောင့်ထိန်းနိုင်ရင် လုံလောက်ပါတယ်"

"အဲဒီ ကတိသစ္စာတွေကို ဖောက်ဖျက်ကျူးလွန်ရင် ဘယ်လို ဖြစ်မလဲ ဘုရား"

"အဲဒီ ကတိသစ္စာတွေကို ဖောက်ဖျက်ရင် ကပ်ကမ္ဘာအဆက်ဆက် ငရဲကျခံရမယ့်အပြင် ဘဝမကူးခင် လက်ရှိဘဝမှာကိုပဲ ကြီးလေးတဲ့ ဝဋ်ဒုက္ခတွေကို ခံစားရလိမ့်မယ် ငါ့မြေး"

"တင်ပါ့ဘုရား၊ ဘိုးဘိုးပြောပြတဲ့အထဲမှာ သမီး နားမရှင်းတာ တစ်ခုရှိသေးတယ် ဘုရား။ ဘိုးဘိုးရဲ့ အဘိုးလေးတော်တဲ့ ဦးသူတော်ရဲ့ အငယ်ဆုံးသားဟာ တစ်ချိန်လုံး မူးရူးနေပါလျက်နဲ့ ဒီမသေဆေးတောင့်နဲ့ အဓိဋ္ဌာန်ဝင်တာ ပေါက်မြောက်အောင်မြင်ခဲ့တယ်လို့ သိရတယ်။ အဲဒီ ကတိသစ္စာဆယ်ပါးထဲမှာ သုရာမေရယကံ မပါဘူးလား ဘုရား"

"အမှန်တော့ ပထမ (၄၅) ရက် အဓိဋ္ဌာန် စဝင်ကတည်းက ငါးပါးသီလ ခံယူရတယ်။ ဒါ ကြေးဝါးပြားမှာလည်း ပါပြီး


www.burmeseclassic.com

www.burmeseclassic.com



သွားပါ။ စောစောက ဘိုးဘိုးပြောသလို အမိဋ္ဌာန်ဝင်နေတဲ့ အချိန်မှာတော့ အဲဒီသုရာမေရယကံရော ကတိသစ္စာဆယ်ပါးကိုပါ လိုက်နာစောင့်ထိန်းရမယ်ကွယ့်။ ကျန်တဲ့အချိန်တွေမှာတော့ ခုနပြောတဲ့ ကာယကံသုံးပါးကိုသာ အဓိက ရှောင်ကြဉ်ရမှာမို့လို့ ကတိသစ္စာဆယ်ပါးထဲမှာ သုရာမေရယကံ ထည့်စရာမလိုတော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ အရက်သေစာ သောက်စားနေတဲ့ လူတစ်ယောက်ဟာ ဝစီကံလေးပါးထဲက မုသာဝါဒ- မဟုတ်မမှန် ပြောဆိုတာ၊ ဖရုသဝါစာ- ကြမ်းတမ်းတဲ့ စကားပြောတာ၊ သမ္ဖပ္ပလာပ- အကျိုးမရှိတဲ့ သိမ်ဖျင်းတဲ့စကားပြောဆိုတာ စတဲ့ ကံတစ်ပါးပါးကို အလိုအလျောက် ကျူးလွန်နေမိမှာဖြစ်လို့ပဲကွယ့် အဟွတ်. . . အဟွတ်. . . ဟွတ်ဟွတ်”

ဘိုးဘိုး ချောင်းအဆက်မပြတ် ကျယ်လောင်စွာ ဆိုးလာကာ ခွေလဲတော့မလို ဖြစ်နေ၍ ကပ္ပိယကြီးကို လှမ်းခေါ်လိုက်ရသည်။

ဘိုးဘိုးကား ဇရာဝေဒနာကြောင့် လုံးဝ စကားဆက်မပြောနိုင်တော့ဘဲ သူ့မအား လက်ဟန်ခြေဟန်ဖြင့်သာ ပြနိုင်တော့ပြီး ကပ္ပိယကြီးအား မှီတွယ်၍ အတွင်းခန်းဆီသို့ တရွေ့ရွေ့ လိုက်ပါသွားလေတော့သည်။

■■■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## ကြေးညိုပြားပေါ်က သီလရှင်

"မြန်မာနှစ် ၆၇၄ ခုနှစ်လောက်မှာ တစ်စီးရှင် သီဟသူဟာ ဝိဇယပူရ ပင်းယမြို့ကို တည်ထောင်ခဲ့တယ်တဲ့။ အဲဒီမင်း လက်ထက် ဘေးဘိုးစဉ်ဆက် ကိုးကွယ်လာခဲ့တဲ့ သရီရဓာတ်တော် (၇)ဆူ ကိန်းအောင်းနေတဲ့ ရတနာကွမ်းခွက်မှာ မင်းကြီးကမသိဘဲ ကွမ်းထည့်စားမိလို့ တစ်ကိုယ်လုံးယားယံပြီး အနာတွေဖြစ်လာသတဲ့ မမရဲ့"

"အင်း. . ."

"အဲဒါကြောင့် မင်းကြီးက ကွမ်းခွက်ကို ပန်းထိမ်သည် ငစိန်သင်ဆီပို့ပြီး ဖျက်ကြည့်စေတဲ့အခါ ဓာတ်တော်တွေကို တွေ့ရသတဲ့။ ငစိန်သင်က ကွမ်းခွက်ကို ပေပေါ်တင်ပြီး တူနဲ့ ရိုက်ဖျက်ခဲ့တာကြောင့် ကွမ်းခွက်ထဲက ဓာတ်တော်နှစ်ဆူဟာ ပေနဲ့ တူထဲမှာ မြုပ်ဝင်ကျန်ရစ်ခဲ့တယ်တဲ့။

မင်းကြီးက သူ့ဆီပြန်ရောက်လာတဲ့ ကွမ်းခွက်ကို စစ်ဆေးကြည့်တဲ့အခါ ရွှေမယ်န ခုနစ်ချက်ရှိတာကို တွေ့လို့ ကွမ်းခွက်ထဲမှာ ဓာတ်တော် (၇)ဆူ ရှိရမယ်၊ အခု (၅) ဆူ တည်းတွေ့တယ်။ ဓာတ်တော် (၂) ဆူကို ငစိန်သင် ထိမ်ဝှက်ထားတယ်ဆိုပြီး ငစိန်သင်ကို ဖမ်းစေသတဲ့ မမရဲ့"

"အင်း. . . ဆိုပါဦး"

"ငစိန်သင်ကလည်း ကြောက်ရွံ့တာနဲ့ ပေနဲ့တူကိုထမ်းပြီး လျက်ခုံကျွန်းအရောက်ပြေးပြီးတဲ့နောက် လှေကြုံနဲ့ စစ်ကိုင်းဘက်ကို ကူးလာခဲ့တယ်။ စစ်ကိုင်းမြို့ကို တည်ထောင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အသင်္ယာစောယွန်းရဲ့ အမတ်ကြီး ပုညက ဓာတ်တော်နှစ်ဆူ ရောင်ခြည်တော်ကွန့်မြူးတာကို ဖူးမြင်လိုက်ရလို့ ငစိန်သင်ဆီက ပေနဲ့တူကို တောင်းယူပြီး ကောင်းစွာ ပင့်ဆောင်ပူဇော်တဲ့အတွက် ဓာတ်တော်တွေ ပေနဲ့တူကနေထွက်ပြီး ရတနာပန်းတောင်းမှာ တည်တယ်တဲ့"

"အင်း. . ."

"ပုညအမတ်ကြီးက လူအများ ကိုးကွယ်နိုင်အောင် ဌာပနာပြီး စေတီတည်လိုတာကြောင့် ဓာတ်တော်ပတ္တမြားကြုတ်ကို မင်းမူထမ်းတစ်ဦးကို တင်လိုရာမှာ တင်စေလို့ အမိဋ္ဌာန်ပြီး စစ်ကိုင်းတောင်ကို လွှတ်လိုက်တယ်။ မင်းမူထမ်းက ဓာတ်တော်ကို ငဖားတောင်မှာ တင်ထားခဲ့တဲ့အတွက် မြန်မာနှစ် ၆၈၄ ခုနှစ်မှာ အဓိဋ္ဌာန်ထားခဲ့တဲ့အတိုင်း ငဖားတောင်ထိပ်မှာ စေတီတော်တည်ထားကိုးကွယ်ခဲ့တယ်။

ပုညအမတ်ကြီးက တည်ခဲ့တာကြောင့် ပုညစေတီ၊ ပုညရှင်စေတီလို့ ခေါ်ခဲ့ရာက နောင်အခါ ဝါစဉ်ဘုရားပွဲတွေမှာ ဦးစွာ ဆွမ်းကပ်ရာဖြစ်တဲ့အတွက် ဆွမ်းဦးပုညရှင်စေတီလို့ ခေါ်တွင်ခဲ့ကြတယ်တဲ့ မမ"

ကိုကျော်ဇေယျက စစ်ကိုင်းတောင်ရိုး ပုညတောင်စွယ်တွင် လှမ်းမြင်နေရသော ဆွမ်းဦးပုညရှင်စေတီတော်၏ သမိုင်းကြောင်းကို စိုးမမမျိုးအား ရှင်းပြနေခြင်း ဖြစ်၏။

စိုးမမမျိုးက ဟက်ခနဲ ရယ်သွမ်းသွေးလိုက်သည်။

"အလဲ့- ရွှေနေကြီးက တယ်တော်ပါလား။ တရားခွင်မှာ ပုဒ်ထီးပုဒ်မနဲ့ ထိထိမိမိလျှောက်လဲနိုင်ရုံတင်မကဘူး၊ ဘုရားသမိုင်းတွေကိုလည်း ခုနှစ်သက္ကရာဇ် အတိအကျနဲ့ ရှင်းပြနိုင်နေပါလား"

ကိုကျော်ဇေယျက စိုးမမမျိုး မယုံသလို ခနဲ့နေမှန်းသိ၍ တမင် အသံထွက်၍ ရယ်ချလိုက်သည်။

"ဟား ဟား ဟား ဟား၊ မမက သိပ်လည်း မြှောက်မနေနဲ့ဦး။ တော်ကြာ တောင်ပေါ်မှာ ရှာန်ရပြီး မိုးပေါ်ပျံတက်သွားမိနေဦးမယ်နော်"

"ဟုတ်လား၊ ဒါဆိုလည်း မမတစ်ယောက်တည်း အေးအေးဆေးဆေး ပြန်သွားရုံပဲပေါ့"

"လုပ်ပြီ၊ မမကလည်း နောက်မှန်းသိသိကြီးကို ပြောင်နေပြန်ပြီ။ ကျွန်တော်က စစ်ကိုင်းသားလေ၊ စစ်ကိုင်းသားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဦးပုညရှင်စေတီတော်သမိုင်းမှမသိရင် လူပြောခံရမှာစိုးလို့ လေ့လာထားရတာဗျ"

"ဪ- ဒါကြောင့်ကိုး စစ်ကိုင်းသားကြီးရဲ့"

"ကျွန်တော်ကတော့လေ လက်ထပ်ပြီးတာနဲ့ မမနဲ့ နှစ်ယောက်တည်းလာပြီး သူများထက်ဦးအောင် ဆွမ်းလာကပ်ချင်နေတာဗျ"

"အောင်မယ်- ကြည့်စမ်း ကြည့်စမ်း၊ လူကို ပိုင်စိုးပိုင်နင်းနဲ့။ သူ့ကို ဘယ်သူက အဖြေပေးသေးလို့တုံးရှင့်၊ ဟင်းနော်"

"ဟဲဟဲ- မမကလည်းဗျာ၊ ကျွန်တော့်ရင်ထဲရှိတဲ့အတိုင်း စိတ်ကူးယဉ်ပြီး ပြောမိတာပါ။ မမ မကြိုက်ရင် နောက်မပြောတော့ပါဘူးနော်၊ ဆောရီး. . . ဆောရီး"

"ကဲ- တော်ပါတော့၊ ပြန်ကြမယ်"

"နေ. . . နေပါဦး မမရဲ့၊ ဟိုမှာ လှမ်းမြင်နေရတဲ့ ပတ္တမြားစေတီတော်ရဲ့ သမိုင်းကြောင်းကလည်း စိတ်ဝင်စားစရာ မမရဲ့"

"ဘာလဲ၊ နောက်ဆုံးကျရင် ဆွမ်းဦးပုညရှင်လို စိတ်ကူးယဉ်ပြဖို့ ကြံစည်နေတာ မဟုတ်လား"

"ဟာ့- ဟို. . . မမကလည်း၊ မ. . . မဟုတ်ပါဘူးဗျာ အဲလို"

"မဟုတ်ဟုတ်၊ ဟုတ်ဟုတ် ပြန်မှကိုဖြစ်မယ်။ ဘိုးဘိုးရဲ့ ကျန်းမာရေးက စိတ်ချရတာ မဟုတ်ဘူးလေ"

စိုးမမမျိုးက ပြောရင်း ပညာဒီပတရားကျောင်းဘက် ဦးဆောင်လျှောက်သွားသည်။ ကိုကျော်ဇေယျက ဘေးချင်းယှဉ်ကာ အမီကပ်လိုက်လာသည်။

"ဒါနဲ့.မမတို့ မြေးအဘိုး စကားပြောကြတာ ညက အတော်ညဉ့်နက်သွားတယ်ကြားတယ်။ ဘာတွေများ ဒီလောက် ဆွေးနွေးနေကြတာလဲ"

စိုးမမမျိုး ကြိုတင်မှန်းဆထားသလို ကိုကျော်ဇေယျက မေးလာလေပြီ။ သူမ ပြင်ဆင်ထားသည့်အဖြေကိုပင် ပေးရတော့သည်။ စိုးမမမျိုးက တောင်ကမူလေးတစ်ခုကို ကျော်လိုက်ပြီးမှ စိတ်ညစ်သည့်လေသံမျိုးဖြင့် ပြော၏။

"မမတို့ မနေ့က ထင်ထားတဲ့အတိုင်း မိသားစုအမွေကိစ္စပါ ကိုကျော်ဇေယျ"

"အင်း- ကျွန်တော်လည်း ထင်သားပဲ။ ဒါနဲ့ အမွေက ဘယ်ကရမှာလဲ၊ ဘိုးဘိုးဘုန်းကြီးဆီကလား"



www.burmeseclassic.com

www.burmeseclassic.com



စိုးမမမျိုးက ခပ်ညည်းညည်းပြောသည်။

"ဒီကိစ္စက ထင်သလောက် မလွယ်ဘူး၊ တော်တော် ရှုပ်ထွေးမယ့်သဘောရှိတယ်ရှင့်"

"အာ- မမကလည်း ဘယ်လောက်ရှုပ်ရှုပ်ပါ၊ ကျွန်တော့်ရဲ့လက်ထဲသာ အပ်လိုက်စမ်းပါ။ သိတယ်မဟုတ်လား၊ ကျော်ဇေယျတို့က အမွေမှုဘက်မှာ ချန်ပီယံလေ"

"ကဲပါ- ကိုကျော်ဇေယျရယ်၊ မမ ဒီကိစ္စကို လောလောဆယ် မပြောပါရစေနဲ့။ စိတ်ညစ်လွန်းလို့ပါ"

စိုးမမမျိုးက စကားလမ်းကြောင်းကို မသိမသာ ဖြတ်ပစ်သည်။ ကိုကျော်ဇေယျကတော့ ခပ်ပြုံးပြုံးပင်။

"ဟုတ်လား၊ ဒါဆိုလည်း အမိန့်တော်မြတ်အတိုင်းပါဗျား"

ကိုကျော်ဇေယျ ဆိုသူက ဒီလိုလူမျိုး။ စိုးမမမျိုး မကြိုက်တာသူ မလုပ်။ စိုးမမမျိုး သဘောမတူရင် လက်ရှောင်သည်။ စိုးမမမျိုး၏အငြိုအငြင်ကို တစ်စက်ကလေးမှ မခံနိုင်။ စိုးမမမျိုး စိတ်ချမ်းသာဖို့ဆိုလျှင် ဘာမဆို လုပ်ပေးချင်သည်။ သူက စိုးမမမျိုးအား အသေအလဲ အသည်းစွဲချစ်နေခဲ့သူ မဟုတ်လား။

"ရန်ကုန်ကလာတဲ့ ဒေါ်စိုးမမမျိုး ဆိုတာလား"

ကျောင်းဝင်းထဲအရောက် ဘိုးဘိုးအိပ်ခန်းထဲက ထွက်လာသူတစ်ဦးက စိုးမမမျိုးအား မေးလိုက်သည်။ လည်ပင်းတွင် နားကြပ်တစ်ခုချိတ်ထားသဖြင့် ဆရာဝန်ဖြစ်ဟန်တူ၏။

"ဩော်- ဟုတ်ကဲ့ပါရှင်"

"ကျွန်တော် ဒေါက်တာအောင်ကျော်ပါ။ ဒီနေ့ ဦးပဥ္စင်းရဲ့ အခြေအနေက မနေ့ကနဲ့ လုံးဝ မတူဘူး။ အံ့ဩစရာ ကောင်းလောက်အောင် ကျဆင်းသွားတယ်ဗျ။ ကျွန်တော့် စိတ်ထင် ဒီက ဒေါ်စိုးမမမျိုးနဲ့တွေ့ပြီး သူပြောချင်တာတွေ ပြောလိုက်ရလို့ စိတ်လျှော့ချလိုက်တယ်လို့ ယူဆရတယ်ဗျ။ သူ့ရောဂါအခြေအနေတော့ သူသိပြီးသားပါ။ ဦးပဥ္စင်းက ဗေဒင်နက္ခတ်တွေလည်း နားလည်ထားတော့ သူ့ကိုယ်သူ သိနေပြီလို့လည်း ပြောပါတယ်။ ခါတိုင်းနေ့ကတော့ စိတ်တင်းထားလို့နဲ့ တူတယ်၊ အတော် ခံနိုင်ရည်ရှိသေးတာဗျ။ ဒီနေ့မှ ခုလို ဖြစ်သွားတာပါ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်မတို့ ဘာများဆောင်ရွက်ပေးရမလဲရှင်"

"ရပါတယ်၊ ကျွန်တော်တို့က ဒီမှာ အိမ်ရှင်လို ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ခုရက်ပိုင်းလေးတော့ ရောက်တုန်းရောက်ခိုက် အတတ်နိုင်ဆုံး ပြုစုသွားပေးဖို့ပါပဲ။ ဒီကျောင်းတိုက်ရဲ့ အကြီးအကဲ ဆရာတော်ကြီးနဲ့လည်း သွားတွေ့လိုက်ကြပါဦး"

"ဟုတ်ကဲ့၊ အခုပဲ သွားဖူးလိုက်ပါ့မယ်"

ဒေါက်တာအောင်ကျော် ထွက်သွားပြီးနောက် မျက်နှာချင်းဆိုင်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော နာယကဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြ၏။

ဆရာတော်ကြီးက အထွေအထူး မိန့်ကြားခြင်းမပြု။ ဘိုးဘိုးဦးပဥ္ဇင်းမှာ သက်တမ်းကုန်၊ ကံကုန်ပြီဖြစ်၍ မကြာမီ ပျံလွန်တော်မူတော့မည်ဖြစ်သောကြောင့် သူ့အနီးတွင်နေကာ ပြုစုပူဇော်သွားရန်သာ မိန့်ကြားခဲ့သည်။

စိုးမမျိုးသည် အချိန်ပြည့် ဘိုးဘိုးအနီးတွင်နေ၍ ပြုစုပေးနေခဲ့သည်။ ဘိုးဘိုးက လက်ဟန်အမူအရာဖြင့်သာ အသိအမှတ်ပြုပြသည်။ ဘာမှတော့မပြော။

ထိုနေ့မှ သုံးရက်မြောက်သော နံနက်စောစော စိုးမမျိုးအား သူ့အနီးလာရန်ခေါ်သည်။ ဘိုးဘိုးက ခေါင်းအုံးအောက်သို့ လက်နှိုက်ကာ ခြောက်လက်မ၊ လေးလက်မ ပတ်လည်ခန့်ရှိ ယွန်းဘူးပြားတစ်ခုကို လှမ်းပေးသည်။ စိုးမမျိုးက အသာလှမ်းယူ၍ ဖွင့်ကြည့်ရာ ယွန်းဘူးထဲတွင် ကြေးဝါပြားတစ်ချပ်၊ ကြေးညိုပြားတစ်ချပ်နှင့် ပရိတ်ကြိုးလုံးဖြင့် ဆွဲထားသော ရွှေကြုတ်ကလေးတို့ကို တွေ့လိုက်ရ၏။

ဘိုးဘိုးက တိုးညှင်းသောအသံဖြင့် ပြော၏။

"ကြေးဝါပြားကို ခဏထုတ်ပါကွယ်"

စိုးမမျိုးက ယွန်းဘူးတွင်းမှ ကြေးဝါပြားကို ထုတ်လိုက်၏။

"အဲဒီထဲက ကတိသစ္စာဆယ်ချက်ကို လက်အုပ်ချီပြီး ဘိုးဘိုးကြားအောင် ဆိုပြပါ"

စိုးမမျိုးက ကြေးဝါပြားပေါ်တွင် စာလုံးသေးသေးလေးများဖြင့် ထွင်းထုထားသော ကတိသစ္စာဆယ်ချက်ကို လက်အုပ်ချီ၍ ရွတ်ဆိုပြလိုက်သည်။ တစ်ကြိမ်ရွတ်ဆိုပြီးတိုင်း ဘိုးဘိုးက ထပ်မံရွတ်ဆိုခိုင်းသည်။ ဤနည်းဖြင့် ဆက်လက်ရွတ်ဆိုလာရာ ကိုးကြိမ်ရွတ်ဆိုပြီးသည်တွင် ဘိုးဘိုးထံမှ အသံမကြားရတော့ပေ။

"ဘိုးဘိုး၊ ဘိုးဘိုး"

စိုးမမျိုးက အနီးကပ်၍ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးကြီး၊ ဘိုးဘိုး. . ."

စိုးမမမျိုး ငိုသံစွက်လာသည်။ ဘိုးဘိုးက တုတ်တုတ်မျှ မလှုပ်။ မျက်လုံးများမှိတ်၍ အသက်ပင်ရှူတော့ဟန်မတူ။

ထိုစဉ် ဒေါက်တာအောင်ကျော် ရောက်လာကာ ဘိုးဘိုးအား စမ်းသပ်စစ်ဆေးသည်။ အတန်ကြာမှ နားကြပ်ကိုချွတ်လိုက်ကာ-

"ဦးပဋ္ဌင်း ပျံလွန်တော်မူသွားပါပြီ"

စိုးမမမျိုးထံမှ 'ဘိုးဘိုး၊ ဘိုးဘိုး' ဟု ခေါ်ကာ ကျိတ်ငိုသံ ထွက်လာသည်။ ကိုကျော်ဇေယျက စိုးမမမျိုး၏ လက်ဖမိုးပေါ်က အသာဆုပ်ကိုင်ကာ အသံမထွက်စေရန် သတိပေးသည်။ စိုးမမမျိုးက သတိရကာ ကြေးဝါပြားကို ယွန်းဘူးထဲ ပြန်ထည့်သည်။ ထို့နောက် ယွန်းဘူးကို သူမ၏လက်ဆွဲအိတ်ထဲသို့ သေချာထည့်သိမ်းလိုက်သည်။ ပြီးမှ ဘိုးဘိုး၏ခြေဖမိုးအား ဦးတိုက်၍ ကန်တော့လိုက်သည်။

* * *

ဘိုးဘိုးခေါ် ဦးပဋ္ဌင်း ဦးပညာသာမိ၏ အန္တိမစျာပနကား ဆရာတော်ကြီး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် လည်းကောင်း၊ ဒကာဒကာမများ၏ ဝိုင်းဝန်းကူညီပေးမှုကြောင့် လည်းကောင်း စည်ကားသိုက်မြိုက်စွာ သဂြိုဟ်ပြီးစီးသွားခဲ့လေသည်။

စိုးမမမျိုးနှင့် ကိုကျော်ဇေယျတို့လည်း နာယကဆရာတော်ကြီးအား ပူဇော်ကန်တော့ကြပြီး စစ်ကိုင်းတောင်ရိုးမှ ပြန်လာခဲ့ကြတော့သည်။

"ကားနဲ့ပြန်မယ့်အစီအစဉ်ကို ဖျက်လိုက်ပါ ကိုကျော်ဇေယျ"

"အာ- မမကလည်းဗျာ၊ ကျွန်တော် တစ်နေ့ကတည်းက ကားဂိတ်ကို ဖုန်းအတန်တန်ဆက်ပြီး မှာထားခဲ့ရတာဗျ။ ဖျက်ရမှာ နှမြောစရာကြီး"

"ကိစ္စမရှိဘူး၊ ဖျက်သာဖျက်လိုက်ပါ။ မမတို့ မန္တလေးကူးပြီး ညရထားနဲ့ ဆင်းကြမယ်"

ကိုကျော်ဇေယျက ဘာမှ အထွန့်တက်မနေတော့။ ကားဂိတ်ကို လှမ်းအကြောင်းကြားကာ အစီအစဉ်ဖျက်လိုက်သည်။ စိုးမမမျိုး၏ဆန္ဒအတိုင်း မန္တလေး ညရထားဖြင့် ရန်ကုန်ပြန်လာခဲ့ကြ၏။

* * *

"ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ"

ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ပြီး၍ အိမ်ပြန်လမ်းမှာပင် သတင်းဆိုးတစ်ခုကို တအံ့တဩ ကြားလိုက်ရ၏။ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းမှထွက်လာသော ရန်ကုန်ကား ကျောက်ဆည်အဝင်မှာ မှောက်သတဲ့။ သေသူသေ၊ နာသူနာ၊ ဆေးရုံပို့သူ ပို့ရသတဲ့။

"ကြည့်စမ်း၊ ကံသီပေလို့။ မမ အဲဒါကို ဘယ်လိုလုပ် ကြိုသိလိုက်တာလဲဟင်"

ကိုကျော်ဇေယျက အလွန် အံ့သြလွန်းစွာ မေးမိသည်။

"ဟင့်အင်း- မမလည်း ဘာမှ သိတာမဟုတ်ဘူး။ မနေ့က မနက်ပိုင်း စိတ်ထဲ မသိုးမသန့်ဖြစ်နေတာနဲ့ ကားလက်မှတ်ဖျက်ခိုင်းမိလိုက်တာပါ ကိုကျော်ဇေယျ"

"ဟုတ်လားဗျာ"

ကိုကျော်ဇေယျ ဘာမှမပြောနိုင်။ ပါးစပ်အဟောင်းသားဖြင့်သာ စိုးမမမျိုးအား ငေးမောကြည့်နေမိတော့သည်။

သြော်- တကယ့် ဂမ္ဘီရမမပါတကား။

* * *

ရန်ကုန်သို့ ပြန်ရောက်ပြီး ရက်သတ္တ တစ်ပတ်ခန့် ကြာသည် အထိ တရားရုံးများတွင် အမှုရုံးချိန်းကိစ္စများ ဆောင်ရွက်ခဲ့ပြီးနောက် စိုးမမမျိုး မိမိ၏အမှုများကို ကိုကျော်ဇေယျအား လွှဲအပ်လိုက်ကာ အဓိဋ္ဌာန် (၄၅) ရက် စတင်ဝင်ရောက်လေတော့၏။

ကြေးဝါးပြားပါ ဂါထာမန္တန်အချို့မှာ မိမိရရှိထားပြီးသော တရားစာများဖြစ်၍ အဓိဋ္ဌာန်ဝင်ရာတွင် အခက်အခဲမရှိလှပေ။ ရှတ်တရက် မီးလွတ်သီးနှံ ပြောင်းစားလိုက်ရသည်ကိုသာ တစ်နေ့တစ်နေ့ အာဟာရမပြည့်ဝသလို ခံစားနေရသည်။ နေမကောင်းချင်သလိုဖြစ်လာလျှင် ဆေးခန်းပြ၍ ဆရာဝန်ညွှန်ကြားသည့်ဆေးများစားကာ ကျန်းမာရေးကို အထူး ဂရုစိုက်နေရ၏။

အဓိဋ္ဌာန် (၄၅)ရက် ပြည့်သည့်နေ့တွင်ကား ယွန်းဘူးထဲက မအိုဆေးတောင့် စိမ်းဖန့်ဖန့်လေးကို ထုတ်ယူကာ ကြေးဖလားတွင် ရေထည့်၍စိမ်သည်။ ထို့နောက် ဗောဇ္ဈင်္ဂသုတ်တော်ကို ကိုးခေါက်ရွတ်ဆို မန်းမှုတ်ပြီးနောက် ကြေးဖလားထဲက ပရိတ်ရေကို သောက်ချလိုက်ရာ တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ မခံစားဘူးခဲ့သော အလွန် ထူးကဲလှသည့် အရသာတစ်မျိုးကို ခံစားလိုက်ရ၏။

ရင်ထဲသို့ စီးဝင်သွားသော ပရိတ်ရေမှာ သီတာရေစင်ပမာ တစ်ကိုယ်လုံးရှိ သွေးကြောအနှံ့ စီးဆင်းနေသည်ကို ကောင်းစွာ ခံစားသိရှိနေသည်။ ကြေးဖလားထဲမှ ပရိတ်ရေများ ကုန်အောင် သောက်လိုက်ပြီးသည်နှင့် မိမိတစ်ကိုယ်လုံး ငှက်မွေးတစ်ခုသဲ့ ပေါ့ပါးသွားလျက် မြေကြီးပေါ်မှ တဖြည်းဖြည်းကြွ၍ မိုးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com


မြင့်တက်နေသကဲ့သို့ ခံစားလိုက်ရ၏။

အားလုံးပြီးသည်နှင့် မအိုဆေးတောင့်ကို ရွှေကြုတ်ကလေး ထဲပြန်ထည့်ကာ အပေါ်ကအဖုံးကို သေချာစွာ ပြန်ပိတ်ထားလိုက် ပြီး ပရိတ်ကြိုးလုံးနှင့်အတူ သူမ၏လည်ပင်းတွင် ဆွဲထားလိုက်တော့ ၏။ ပရိတ်ကြိုးလုံး၏အရှည်မှာ သူမ၏လည်ပင်းတွင် ဆွဲထားရန် အနေတော်ဖြစ်နေသည့်အပြင် ရွှေကြုတ်လေးမှာ သူမ၏ ရင်ညွန့် တည့်တည့်သို့ ရောက်ရှိနေသည်။ ရွှေကြုတ်ကလေးမှာ သူမ၏ရင် ညွန့်တွင် ကပ်၍ ရှိနေ၊ မနေကို ခံစားသိရှိနိုင်လောက်သော အလေး ချိန် အသင့်အတင့် စီးနေသည်။

အုံ့ဩဖွယ်ကောင်းသည်မှာ ထိုနေ့ကစ၍ သွားလာလှုပ်ရှား ရသည်မှာ ခါတိုင်းနှင့်မတူဘဲ ပို၍ လျင်မြန်ပေါ့ပါးလာသလို မနက် မိုးလင်း မိမိကိုယ်မိမိ မှန်ထဲကြည့်လိုက်မိတိုင်း တစ်နေ့ထက်တစ်နေ့ ပို၍ နုပျိုလာသလို ခံစားမိသည်။ အထူးသဖြင့် မိတ်ကပ်၊ ပေါင်ဒါ နှုတ်ခမ်းနီတို့မှာ ယခင်က နေ့တစ်ဝက်မျှကြာလျှင်ပင် မေးမှိန်ပျက် ပြက်တတ်၍ ထပ်မံ မွမ်းမံခြယ်သ,ရသော်လည်း ယခု တစ်နေကုန် သွားသည်အထိ ထပ်မံခြယ်သ,ရန် မလိုတော့အောင် စွဲမြဲနေတတ် သည်။ သူမ၏ခန္ဓာကိုယ်တွင် ယခင်ကကဲ့သို့ ချွေးထွက်မှု နည်းပါး သွားခြင်းမရှိသော်လည်း သူမ၏မျက်နှာပြင်တစ်ဝိုက်တွင် ခါတိုင်း ထက် ချွေးစေးယိုစီးထွက်ရှိမှု နည်းနေသလိုတော့ ခံစားမိသည်။

"ကြည့်စမ်း၊ မမတို့များ စစ်ကိုင်းက နှစ်ယောက်တည်း ပြန် လာပြီးမှ တစ်နေ့တခြား ပိုလှလာသလိုပဲဟော့။ ဆေးကောင်း တွေ့နေရင် တို့ကိုလည်းမေ့မထားနဲ့ဦးနော် ဟင်းဟင်း . . ."

လုပ်ဖော်ကိုင်ဖက် ရှေ့နေမမများက နောက်သလို ပြောင် သလို အရွှန်းဖောက်၍ ပြောကြသော်လည်း သူတို့မျက်လုံးအကြည့် များကမူ စိုးမမမျိုးတစ်ယောက် အမှန်တကယ် ပို၍ လှလာသည်ကို မနာလိုဝန်တိုစိတ်တစ်ဝက်ဖြင့် လက်ခံနေသလို ထင်ရ၏။

တစ်နေ့ ညဉ့်ဦးပိုင်းတွင် ဖြစ်သည်။

စိုးမမမျိုး အိပ်ပျော်နေစဉ် ယောဂီရောင်ရင့်ရင့်ဝတ်ရုံဖြင့် အသက် (၇၀) နှစ်ကျော်အရွယ် သီလရှင်တစ်ဦးကို အိပ်မက်ထဲ တွင် တွေ့လိုက်ရ၏။ သီလရှင်ကြီးက စိုးမမမျိုးကို မြင်လိုက်သည် နှင့် 'သမီး၊ သမီး' ဟု ခေါ်ကာ အနားသို့ကပ်လာပြီး သူမ၏ရင်ဘတ် ကိုပုတ်ပြကာ စိုးမမမျိုးအား လက်ယပ်ခေါ်သည်။ ထိုသို့ ရင်ဘတ် ကိုပုတ်ပြလိုက်၊ လက်ယပ်ခေါ်လိုက်ဖြင့် တဖြည်းဖြည်း ပို၍နီးကပ် လာကာ စိုးမမမျိုး၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



မိမိလက်တွင် အေးစက်စက် အထိအတွေ့ကြောင့် စိုးမမမျိုး အိပ်ရာမှ ရုတ်တရက် လန့်နိုးသွားသည်။

ထူးခြားသော ဒီအိပ်မက်ကြောင့် မျက်လုံးများ ကြောင်သွားကာ အတွေးပေါင်းစုံ ဝင်လာတော့သည်။ ဘာကြောင့် ဒီလိုအိပ်မက်မျိုး မက်ရတာပါလိမ့်။ မည်သို့သော အမိပ္ပာယ်များ ဆောင်နေလေပါသနည်း။ စိုးမမမျိုး စဉ်းစား၍မရ။

ညအိပ်ရာဝင်စဉ်ကလည်း နေ့စဉ်ပြုနေကျအတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်းဝတ် မပျက်ခဲ့။ ညစဉ် ရွတ်နေကျအတိုင်း အိပ်မက်ဆိုးများမမက်အောင် ကာကွယ်နိုင်သော မေတ္တာသုတ်ကို လည်းကောင်း၊ ပီယဆေးခတ်ခြင်း, ပုဏ္ဏာကတိုက်ခြင်းတို့မှ ကာကွယ်နိုင်သော မောရသုတ်ကို လည်းကောင်း၊ ရောဂါဘယများ သက်သာပျောက်ကင်းစေနိုင်ပြီး အိုခြင်း, နာခြင်း, သေခြင်းတို့မှ ကင်းဝေးစေနိုင်သော ဗောဇ္ဈင်္ဂသုတ်တော်ကို လည်းကောင်း၊ ဂြိုဟ်ဆိုး, နိမိတ်ဆိုး, အိပ်မက်ဆိုးများမှကင်းစင်ကာ မိမိလုပ်သမျှ အရေးကြီးကိစ္စများ အောင်မြင်စေနိုင်သော ပဋ္ဌာန်းသုတ်တော်ကို လည်းကောင်း အထူးအာရုံပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ အိပ်ရာဝင်ခဲ့ခြင်း ဖြစ်၏။

ဤသည်မှာ မိဘနှစ်ပါး ကွယ်လွန်ခဲ့ပြီးနောက် ကြီးမေ၏ သွန်သင်မှုဖြင့် သူမ (၁၅) နှစ်သမီးခန့်ကစ၍ နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်လာခဲ့သော ပရိတ်တော်များ ဖြစ်၏။ ထိုသို့ နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲ ရွတ်ဆိုပူဇော်လာခဲ့ခြင်းကြောင့်လား မသိ၊ စိုးမမမျိုး အဖို့ ပရိတ်တော်တို့၏ တန်ခိုးအာနုဘော်အစွမ်းထက်မှုများကို သူမ ဆယ်တန်းရောက်သည့်နှစ်ကစ၍ ခံစားသိမြင်လာရသည်။

တစ်ခါတစ်ရံ အိပ်မက်မက်သလိုလိုနှင့် မကြာမီကျရောက်လာတော့မည့် အန္တရာယ်တစ်ခုခုကို ကြိုတင်သိမြင်နေတတ်ခြင်း၊ ရံဖန်ရံခါ စိတ်အာရုံ၏စေ့ဆော်တိုက်တွန်းလာမှုကြောင့် မိမိရရှိမည့် အခွင့်အရေးတစ်ခုကို စွန့်လွှတ်မိလိုက်သည်နှင့် ကြီးမားသောပြဿနာတစ်ခုမှ လွတ်မြောက်ခဲ့တတ်ခြင်း၊ မကြာခဏဆိုသလိုလည်း မိမိနှင့်တကွ မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ကောင်းကျိုးမင်္ဂလာများ ဖြစ်ပေါ်လာတော့မည့် အတိတ်ကောင်း၊ နိမိတ်ကောင်းများကို မိမိအာရုံတွင် ထင်ဟပ်ပေါ်လွင်လာတတ်ခြင်း စသော ထူးခြားဆန်းကြယ်သည့် စိတ်ဝိညာဉ်စေ့ဆော်မှုများကို အလိုအလျောက် ခံစားရရှိလာတတ်သည်။

ထို့ကြောင့်လည်း စိုးမမမျိုးအား ကိုကျော်ဇေယျနှင့် အပေါင်းအဖော်များက 'ဂမ္ဘီရမမ' ဟု ခေါ်ကြခြင်း ဖြစ်၏။ စိုးမမမျိုးကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကလည်း ထိုအမည်ကို နှစ်သက်မြတ်နိုးစွာ လက်ခံခဲ့သည်။ သို့ဖြစ်၍လည်း ထို 'ဂမ္ဘီရမမ' ကလောင်အမည်ဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ 'တရားဥပဒေလောကမှ ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းများ' ဟူ၍ ရေးသားကာ ကလောင်သွေးနေခဲ့သူ ဖြစ်၏။

စိုးမမမျိုးအနေဖြင့် ယခုညတွင်လည်း ခါတိုင်းညများကဲ့သို့ ဝတ်မပျက်ဘုရားရှိခိုး၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါလျက် အဘယ်ကြောင့် ဤသို့သော ထူးထူးခြားခြားအိပ်မက် မက်ရပါလေသနည်း။ သို့သော် အိပ်မက်ဆိုးတော့ ဖြစ်ဟန်မတူ။

စိုးမမမျိုးသည် အိပ်ရာမှထ၍ ဘုရားကျောင်းဆောင်အောက် အံဆွဲထဲတွင် သော့ခတ်ထားသော ယွန်းဘူးကို ထုတ်ယူလိုက်သည်။ ယွန်းဘူးကိုအသာဖွင့်ကာ ကြေးညိုပြားကို ကြည့်မိသည်။ ကြေးညိုပြားပေါ်တွင် ရေးထွင်းပုံဖော်ထားသော စာလုံးများကား သေးငယ်လှပြီး ရှေးရိုးဆန်သောလက်ရေးများဖြစ်၍ အတွန့်အဆွဲ များလှသည်။

ကြေးညိုပြား၏ထိပ်တွင် 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဖြင့် အစပျိုးထားပြီး အောက်တွင် ရှာစားကြီးဦးသူတော်၏ သားသုံးယောက်၊ ထိုသားသုံးယောက်မှ ဆင်းသက်လာသောမြေးများ၊ ထိုမြေးများမှတစ်ဆင့် ထပ်မံ ပေါက်ဖွားလာသော မြစ်များအထိ အမည်နာမ၊ နေရပ်လိပ်စာများကို စနစ်တကျ ရေးထွင်းထားသည်ကို တွေ့ရ၏။

သူမ၏ဘိုးဘိုးဘုန်းကြီး ဦးပညာသာမိမှာ ရှာစားကြီး ဦးသူတော်၏ မျိုးဆက်လေးဆက်မြောက် မြစ်တော်သူ ဖြစ်၏။ ရှာစားကြီး၏သားကြီးဖြစ်သူ၏သားမှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသားဖြစ်သူ ဘိုးဘိုးမှာ ဖခင်ထံမှ မအိုဆေးတောင့်ကို လက်ဆင့်ကမ်း ဆက်ခံနိုင်သူ ဖြစ်၏။

စိုးမမမျိုးက သူမ၏ဘိုးဘိုးကဲ့သို့ မျိုးဆက်လေးဆက်မြောက်ဖြစ်သော ဘိုးဘိုးနှင့် တစ်ခေတ်တည်းဖြစ်သည့် မြစ်တော်သူများ စာရင်းကို ဆက်လက် ရှာဖွေကြည့်၏။ ထိုစဉ် စိုးမမမျိုး၏ မျက်လုံးများ ကြေးညိုပြား၏ တစ်နေရာအရောက်တွင် တုံ့ခနဲ ရပ်တန့်သွားကာ အံ့အားတသင့်ဖြင့် ပါးစပ်အဟောင်းသား ပွင့်သွားမိသည်။

စိုးမမမျိုး လုံးဝ မျှော်လင့်မထားခဲ့သော နာမည်နှင့် လိပ်စာတစ်ခုခုကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။ သူမက ထိုနာမည်ကို မျက်တောင်မခတ် စိုက်ကြည့်ကာ အံ့သြွှက်၍ပင် ဖတ်ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်ဉာဏစာရီ
(ကျောင်းသစ်ကျောင်း၊ မမ္ဘသုခတိုက်)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့"

■■■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## မနာဆေးတောင့်ရှာပုံတော်

"အင်း- ဆရာကြီးတို့ကျောင်းမှာတော့ ဒေါ်ဉာဏစာရီ သုံးပါးတောင် ရှိတယ်ကွယ့်။ အားလုံး အသက်(၅၀)နှစ်အောက်တွေချည်းပဲ။ သမီးတွေ့ချင်တဲ့ အသက်(၇၀)နှစ်ကျော် ဒေါ်ဉာဏစာရီတော့ မရှိဘူး"

ဗဟန်းကျောင်းသစ်ကျောင်းမှ အုပ်ချုပ်သူဖြစ်သော ဆရာကြီး ဒေါ်ကိဿရထေရီက စိုးမမမျိုးနှင့် ကိုကျော်ဇေယျတို့အား ရှင်းပြနေသည်။

"တင်ပါ့ဘုရား၊ တပည့်တော်တွေ့ချင်တဲ့ အသက် (၇၀)နှစ်ပတ်ဝန်းကျင် ဒေါ်ဉာဏစာရီက အမြဲတမ်း သီလရှင်ဝတ်နေတာမျိုး မဟုတ်ဘူး ဘုရား။ ခေတ္တယာယီဝတ်တာမျိုးပါ"

"ဩော်-ဒီလိုလား။ ဆရာလေး၊ ဟိုဆရာကြီး ဒေါ်ပညာဝတီကို ခဏခေါ်ပေးပါဦး"

ခဏအကြာတွင် ဆရာကြီး ဒေါ်ပညာဝတီ ရောက်လာ၏။ အုပ်ချုပ်သူ ဆရာကြီးက အကျိုးအကြောင်း ရှင်းပြသည်။ ဆရာကြီး ဒေါ်ပညာဝတီက နှစ်စဉ် သီလရှင်လာဝတ်ကြသူများ စာရင်းတွင် ရှာပေးသည်။

"ဒီ ဉာဏစာရီများလား"

စိုးမမမျိုးက ဆရာကြီး ထောက်ပြသော စာမျက်နှာကိုကြည့်လိုက်သည်။ အသက် (၇၃) နှစ်အရွယ် ဒေါ်ဉာဏစာရီတွေ့ပါးတွေ့သည်။ စာရင်းအရ ဤကျောင်းတွင် သုံးနှစ်တစ်ကြိမ် သီလရှင်ဝတ်ခဲ့ပြီး တစ်ခါဝတ်လျှင် (၂၇)ရက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . . ဒီ ဒေါ်ဉာဏစာရီပဲ ဘုရား"

စိုးမမမျိုးက ဝမ်းသာစွာ ပြောလိုက်သည်။

"ဩော်-ဒီဉာဏစာရီလား။ အင်း. . ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ဆုံးသွားပြီကွယ့်"

"ဟုတ်လား၊ ဒါဆို သူ့နေရပ်လိပ်စာများ ရနိုင်မလား ဆရာကြီး"

"ရနိုင်ပါတယ်၊ ရော့- ဒီမှာကြည့်"

ဆရာကြီးက စာရင်းစာအုပ်တစ်နေရာကို ဖွင့်ပြသည်။

"လူနာမည်က ဒေါ်ငြိမ်းရှင်တဲ့၊ သမီးနာမည်က မမြရှင်တဲ့။ နေတာကတော့ ဒီနားက ရေတာရှည်လမ်းဟောင်းထိပ်က တိုက်ကြီးမှာပေါ့ကွယ်"

စိုးမမမျိုးက ဒေါ်ငြိမ်းရှင်ဆိုသူ၏သမီးနှင့် နေရပ်လိပ်စာများကို မှတ်စုစာအုပ်တွင် ကူးယူသည်။ ထို့နောက် ဆရာကြီးများအား လျှုဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ နှုတ်ဆက်၍ ပြန်လာခဲ့လေသည်။

ဒေါ်ဉာဏစာရီခေါ် ဒေါ်ငြိမ်းရှင်မှာ ကြေးညိုပြားတွင် ဖော်ညွှန်းထားချက်အရ ရွာစားကြီး ဦးသူတော်၏ သားလတ်၏ ဒုတိယသားမှမွေးသော သမီးဟု သိရ၏။ ငွေကြုတ်ပါ မနာဆေးတောင့်မှာ ဒေါ်ငြိမ်းရှင်ထံတွင်ရှိသည်ဆို၏။ ကြေးညိုပြားစာရင်းတွင် ဒေါ်ငြိမ်းရှင်၏ သားသမီးများကို မတွေ့ရ။ ယခု ဒေါ်ငြိမ်းရှင် ဆုံးသွားပြီဆိုတော့ ငွေကြုတ်ပါ မနာဆေးတောင့်သည် မည်သူ၏ လက်ဝယ်သို့ ရောက်နေလေပြီနည်း။ သီလရှင်ကျောင်း၏ စာရင်းအရ မမြရှင်ဆိုသူမှာ ဒေါ်ငြိမ်းရှင်၏သမီးဟု ဆို၏။ မည်သို့ဆိုစေ မမြရှင်ဆိုသူအား သွားရောက်တွေ့ဆုံရပေတော့မည်။

* * *

"ဘာလိုချင်လို့ပါလဲရှင်"

ဗဟန်းရေတာရှည်လမ်းဟောင်းထိပ်ရှိ တစ်ထပ်တိုက်ပုလေးရှိသော ခြံဝင်းထဲသို့ ဝင်မိသည်နှင့် ခြံဝတစ်ဖက်တွင် ဖွင့်ထားသော ဈေးဆိုင်တွင်းမှ အမျိုးသမီးတစ်ယောက်က လှမ်းမေးလိုက်ခြင်းပါ။

"ဟိုလေ- ကျွန်မ ဒီအိမ်က ဒေါ်မြရှင်နဲ့ တွေ့ချင်လို့ပါ"

"ဒေါ်မြရှင်ဆိုတာ ကျွန်မပါပဲ။ ဘာကိစ္စများ ရှိလို့ပါလဲ"

ထိုအမျိုးသမီးမှာ အသက် (၃၅)နှစ်ကျော် (၄၀)နှစ်အတွင်း ဖြစ်ဟန်ရှိပြီး ဖော်ရွေသည့်အမူအရာ တွေ့ရ၏။ စိုးမမမျိုးက ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


“ဩော်- ဒေါ်မြရှင်က အစ်မလား၊ အတော်ငယ်သေးတာပဲ နော်။ ကျွန်မက ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုးလို့ ခေါ်ပါတယ်။ စာရေးဆရာမ ဂမ္ဘီရမမလည်း ဖြစ်ပါတယ်။ ကျွန်မလေ၊ ဟို- အစ်မရဲ့အမေ ဒေါ်ဉာဏစာရီ အဲ- ဒေါ်ငြိမ်းရှင်နဲ့ပတ်သက်ပြီး သိချင်တာလေးတွေ ရှိလို့ပါ”

“ဩော်- ဆရာမက အမေနဲ့ သိကြသလား။ ကဲ- လာပါ၊ ဒီမှာမတ်တတ်ကြီး။ သမီးရေ ဆိုင်ခဏကြည့်ထားနော်”

ဒေါ်မြရှင်ဆိုသူက ဈေးဆိုင်ထဲက သူ့သမီးကို လှမ်းအော်ပြောရင်း စိုးမမမျိုးအား အိမ်ရှေ့ဧည့်ခန်းဆီသို့ ခေါ်သွားသည်။ စားပွဲပေါ်ရှိ ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းတစ်ခွက်ထည့်ကာ စိုးမမမျိုးရှေ့တွင် အသာချပေးလိုက်သည်။

“ကဲ- ပြောပါ ဆရာမ၊ အမေ့အကြောင်း ဘာသိချင်လို့လဲ”

ဒေါ်မြရှင်က လိုလိုလားလား မေးသည်။ စိုးမမမျိုးက ပြန်ပြုံးပြကာ လေသံအေးအေးဖြင့် ပြောသည်။

“ဒီလိုပါ အစ်မရယ်၊ အစ်မလည်း ဖတ်ဖူးမလားတော့ မသိဘူး။ ကျွန်မက မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ လူတွေရဲ့ ထူးခြားဆန်းကြယ်တဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်တွေကို လေ့လာပြီး ရေးသားနေတဲ့ စာရေးမပါ အစ်မ”

“ဩော်- ဟုတ်ကဲ့၊ ပြောပါရှင်”

“အဲဒါ ကျွန်မရဲ့ဘိုးဘိုးဘုန်းကြီးကတစ်ဆင့် ဒီက အစ်မရဲ့ အမေ ဒေါ်ငြိမ်းရှင်အကြောင်း ကြားခဲ့ရလို့ အရမ်း စိတ်ဝင်စားနေမိလို့ပါရှင်”

“ဟုတ်ကဲ့၊ ဘာကိုများလဲ မသိဘူး”

“ဩော်- ဒေါ်ငြိမ်းရှင်ဟာ ဒေါ်ဉာဏစာရီ နာမည်ခံယူပြီး သုံးနှစ်တစ်ကြိမ် သီလရှင်ဝတ်ခဲ့တယ် မဟုတ်လား အစ်မ”

“ဟုတ်ပါတယ်ရှင်”

“ပြီးတော့ သီလရှင်တစ်ခါဝတ်ရင် (၂၇)ရက် ဆိုတာလည်း မှန်ပါတယ်နော် အစ်မ”

“မှန်ပါတယ်ရှင်”

“ဟိုလေ- အစ်မလည်း စဉ်းစားကြည့်ပါ။ အစ်မရော သီလရှင် ဘယ်နှခါ ဝတ်ဖူးခဲ့လဲတော့ မသိဘူး။ ကျွန်မတော့ လေ ခုချိန်အထိ တစ်ခါမှ မဝတ်ခဲ့ဖူးသေးဘူးရှင့် ဟင်းဟင်းဟင်း၊ တကယ်လို့ ဝတ်ဖြစ်ရင်လည်း တစ်ခါနှစ်ခါပေါ့ အစ်မရယ်။ ခုတော့ အစ်မရဲ့အမေက သုံးနှစ်တစ်ကြိမ် ပုံမှန်ဝတ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဝတ်ရင်လည်း (၂၇) ရက် ပုံမှန်ဖြစ်နေတာ မထူးဆန်းဘူးလားရှင်"

"အင်း. . . ကျွန်မကတော့လေ၊ ဘာမဆို အမေ စိတ်ချမ်းသာရင်ပြီးရောဆိုပြီး လိုက်လုပ်ပေးခဲ့တာပါ။ ကျွန်မ မှတ်မိသလောက် ဟိုးတုန်းက သရက်တောကျောင်းတိုက်မှာ ဝတ်ခဲ့တာရှင့်။ ကျွန်မ လေးကြိမ်လောက် လုပ်ပေးခဲ့ရတာ။ အဲဒီနောက်ကျမှ ဗဟန်းမှာ ပြောင်းဝတ်လာတာ သုံးကြိမ်ရှိပြီ။ အဲဒီတုန်းက ဒါ အမေ နောက်ဘဝအတွက် ကောင်းမှုကုသိုလ်လုပ်တာပဲလို့ပဲ ယူဆထားခဲ့မိတယ်။ အခု ဆရာမတွေးသလိုမျိုး တစ်ခါမှ မစဉ်းစားမိခဲ့ဖူးဘူး။

အင်း. . . ဟုတ်တော့ဟုတ်တယ်နော်။ သုံးနှစ်တစ်ကြိမ်၊ ပြီးတော့ တစ်ခါဝတ်ရင် (၂၇)ရက်ဆိုတော့ ဆန်းတော့ဆန်းသလိုပဲ"

"အဲလို အချိန်မှန်၊ ပုံမှန်ဝတ်ခဲ့တာဟာ ထူးခြားတဲ့ အကြောင်းကိစ္စတစ်ခုကြောင့်လို့ အစ်မ မထင်မိဘူးလား"

"အင်း. . . ဒါတော့လည်း ဘယ်သိပ့်ါမလဲနော်။ အမေ့မှာ အကြောင်းရှိချင်ရှိမှာပေါ့"

"ဩော်- ဒါဆို အဲဒီအကြောင်းကို အစ်မ မသိဘူးပေါ့နော်"

"ဟုတ်ကဲ့၊ ကျွန်မ မသိရပါဘူးရှင်"

"ဒါဆိုရင်လေ အစ်မအမေက ဘာရောဂါနဲ့ ဆုံးခဲ့တာလဲမသိဘူး"

"အင်း. . . အဲဒီ အမေ့ရောဂါကိစ္စက အခု ဆရာမ မေးလိုက်တော့မှပဲ ထူးဆန်းသလိုလို ဖြစ်လာမိတယ်"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ အစ်မ"

"ကျွန်မအမေက ပြောလို့ပြောတာမဟုတ်ဘူး၊ ကျန်းမာရေးမှာတော့ တကယ့် ဒေါင်ဒေါင်မြည်ပဲ။ အသက် (၇၅)နှစ်အရွယ်မှာ ဆုံးသွားတဲ့အထိ ရောဂါဆိုလို့ ဖျားတာနာတာတောင် မဖြစ်ခဲ့ဖူးဘူး"

"ဒါဖြင့် ဘယ်လိုကြောင့် ဆုံးသွားရတာလဲရှင်"

"တစ်နေ့မနက်မှာပေါ့ ဆရာမရယ်၊ အမေ အိပ်ရာက တော်တော်နဲ့ ထမလာလို့ သွားကြည့်ပြီးနှိုးတော့ တုတ်တုတ်ကိုမလှုပ်တော့ဘူး။ အဲဒါ ဆရာဝန်ပြေးခေါ်ပြီး စမ်းသပ်ကြည့်လိုက်တော့မှ ဆုံးပြီတဲ့။ အကောင်းပကတိက ဆုံးသွားတာ၊ ဘာရောဂါမှမရှိတာ ဆရာဝန်လည်း အသိပါ။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်လှုပ်ရှားစရာ တစ်ခုခုကြောင့် နှလုံးထိခိုက်ပြီး ဆုံးတာလို့ပဲ ဆေးစာထွက်လာတော့တယ်"

စိုးမမမျိုးကတော့ သိလိုက်ပေပြီ။ ဒေါ်ငြိမ်းရှင်သည် ငွေကြုတ်ပါ မနာဆေးတောင့် လက်ဝယ်ရှိသူဖြစ်၍ အသက် (၇၅)နှစ်အထိ ကျန်းမာရေးကောင်းကာ ရောဂါကင်းရှင်းခဲ့ရသည် မဟုတ်လား။ သူမ ရုတ်တရက် သေဆုံးရခြင်းမှာလည်း ကတိသစ္စာဆယ်ပါးပါ ကာယကံသုံးပါးထဲက တစ်ပါးပါးနှင့် ပတ်သက်ခဲ့ဖွယ်ရှိမည်။

"ဩော်- ဒီအတိုင်းဆို အစ်မရဲ့အမေ ဒေါ်ငြိမ်းရှင်ဟာ သုံးနှစ်တစ်ကြိမ် သီလရှင် ပုံမှန်ဝတ်တာ၊ တစ်ခါဝတ်ရင် (၂၇)ရက်ကြာတာမှာတင် ထူးဆန်းနေတာ မဟုတ်တော့ဘူး။ သေဆုံးတဲ့အချိန်မှာတောင် အတော် ဆန်းဆန်းကြယ်ကြယ် ဖြစ်ခဲ့သေးတာပေါ့နော်"

"ဟုတ်ကဲ့၊ အဲလိုပဲ ပြောရတော့မှာပေါ့လေ"

"ဒါနဲ့ အစ်မ၊ ဟို- အဒေါ်ငြိမ်းရှင်ဆုံးတော့ ထူးထူးဆန်းဆန်း တစ်ခုခုများ ပြောပြခဲ့တာမျိုး၊ ခန္ဓာကိုယ်ပေါ်မှာ ကျန်ခဲ့တာမျိုးများ ရှိသလား"

"ဟင့်အင်း၊ ကျွန်မကို ပြောဖို့နေနေသာသာ အမေဆုံးတာတောင် မနက်မှသိရတဲ့ဥစ္စာ။ အမေ့ကိုယ်ပေါ်မှာလည်း ဘာမှ ထူးထူးဆန်းဆန်း မကျန်ခဲ့ပါဘူး"

"ဟုတ်ကဲ့။ ဒါ. . . ဒါဖြင့်လေ၊ ဟို- အဆောင်လို လက်ဖွဲ့လိုဟာမျိုး တစ်ခုခုများ အစ်မကိုအပ်ခဲ့တာ ရှိမလား"

"ဆရာမရယ်. . .၊ ကျွန်မ အမေဆုံးပြီးမှ သိရတာပါရှင်"

"ဟုတ်လား၊ အဒေါ်ငြိမ်းရှင်မှာ တခြားသားသမီး ရှိခဲ့သေးလား"

"ကြုံကြုံဖန်ဖန် ဆရာမရယ်၊ ကျွန်မအမေက အပျိုကြီးရှင့်။ ကျွန်မကိုတော့ ငယ်ငယ်ကတည်းက မွေးစားခဲ့လို့ သမီးအရင်းလို ဖြစ်နေတာလေ"

"ဩော်. . ."

စိုးမမမျိုး ကြေးညိုပြားကို ပြန်သတိရလိုက်သည်။ မှန်သည်၊ ဒါကြောင့် ကြေးညိုပြားတွင် ဒေါ်ငြိမ်းရှင်၏ သားသမီးစာရင်းကို မတွေ့ရခြင်းပင် မဟုတ်ပါလား။

"ဒါနဲ့ ဆရာမက ခုန ကျွန်မအမေ မဆုံးခင် အဆောင်လိုလို လက်ဖွဲ့လိုလို ပေးခဲ့လားလို့ ဘာဖြစ်လို့မေးရတာလဲဟင်"

စိုးမမမျိုးက ဒေါ်မြရှင်၏ ပြန်လှန်မေးခွန်းသို့ ရှေ့နေပီပီ



www.burmeseclassic.com

www.burmeseclassic.com



အထူး သတိထား၍ ဖြေလိုက်ရသည်။

"ဩော်- ဒီလိုဘဝမှာ ထူးထူးခြားခြားဖြစ်တတ်တဲ့ လူတွေမှာ ကျွန်မတို့လို သာမန်လူတွေ နားမလည်တဲ့ ဆန်းဆန်းပြားပြား ပစ္စည်းလေးတွေ ရှိတတ်လို့ပါ"

ဒေါ်မြရှင်က စိုးမမမျိုး၏အဖြေကို နားထောင်နေရင်း သူ၏မျက်လုံးအကြည့်က ကြမ်းပြင်ပေါ်သို့ ရွေ့လျားသွားကာ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန် တွေ့ရသည်။

အတန်ကြာမှ-

"အင်း. . . ကျွန်မကတော့ မွေးစားသမီးဆိုတော့ မဆိုင်ဘူးဘဲ ထားပါတော့။ အမေ့မှာ သူ့သွေးဆိုလို့ မောင်အရင်းတစ်ယောက်တော့ ရှိတယ်။ အဲဒီမောင်ကလည်း သူ့အစ်မကိုသိပ်ချစ်တော့ အစ်မလိုပဲ အိမ်ထောင်မပြုဘဲ မောင်နှမနှစ်ယောက် အတူနေခဲ့ကြတာ အမေ ဆုံးတဲ့အထိပါပဲ။ ဆရာမပြောတဲ့ ထူးထူးဆန်းဆန်းပစ္စည်းဆိုတာမျိုးသာ ရှိခဲ့မယ်ဆိုရင် ကျွန်မထင်တယ်၊ အမေက သူ့မောင်လက်ထဲပဲ အပ်ခဲ့မှာ အမှန်ပဲ"

စိုးမမမျိုး၏မျက်လုံးများ အရောင်တလက်လက် တောက်ပသွားကြ၏။ အသံကို သတိထား၍ ထိန်းမေးလိုက်သည်။

"ဟုတ်လား အစ်မ၊ အင်း. . . ဒါဆိုရင်လေ အဒေါ်မြမ်းရှင် ဆုံးပြီးတဲ့နောက် အဲဒီ သူ့မောင်မှာ ဘာထူးခြားမှုတွေ ရှိလာတာ တွေ့မိသေးလဲ"

ဒေါ်မြရှင်က တွေးတွေးဆဆဟန်ဖြင့် အပေါ်နှုတ်ခမ်းကို အောက်သွားများဖြင့် ဖိကိုက်စဉ်းစား၍ပြောသည်။

"အဲ- ပြောရရင် သူ့ကျန်းမာရေး ကောင်းလာတာတစ်ခုကလွဲလို့ ဘာမှ ထူးထူးခြားခြား မရှိလှပါဘူးရှင်"

စိုးမမမျိုးမျက်ဝန်းများ အရောင်တဝင်းဝင်း ဖြစ်သွားပြန်၏။

"ဘယ်လိုကျန်းမာရေးကောင်းလာတာမျိုးလဲ အစ်မ"

"ဘယ်လိုပြောရမလဲ၊ လေးလေးက ဟိုတုန်းက တကယ့်ရှုံနာရှိုက်ကုန်းလေးရှင့်။ တော်ကြာ ဖျားရတာနဲ့၊ တော်ကြာ ဗိုက်အောင့်ရတာနဲ့၊ သူချည်းပဲ ဆေးခန်းသွားနေရတာ။ ဟော- အမေလည်း ဆုံးပြီးသွားရော လေးလေး ဘယ်လိုဖြစ်သွားတယ် မသိဘူး။ တစ်နေ့တစ်နေ့ လမ်းလျှောက်ထွက်ရတာနဲ့၊ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ရတာနဲ့ အရင်လို ဖျားတာနာတာလည်း မရှိတော့ဘဲ တကယ့်ကို ဒေါင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်မြည် ဖြစ်လာတာပါပဲ ဆရာမရယ်"

စိုးမမမျိုးက အလျင်အမြန် တံတွေးမျိုချ၍ မေးလိုက်မိသည်

"အဲ. . . အဲဒီ အစ်မရဲ့လေးလေး ဘယ်မှာလဲ၊ ဒီမှာပဲ အတ
တူနေကြတာ မဟုတ်ဘူးလားဟင်"

ဒေါ်မြရှင်က စိုးမမမျိုး၏အမေးကို ရုတ်တရက် ပြန်မဖြ
သေးဘဲ ညှိုးငယ်သောမျက်နှာဖြင့် ပြန်ကြည့်နေသည်။

အတန်ကြာမှ-

"ဒီအိမ်မှာ ကျွန်မတို့နဲ့ အတူတူ နေကြတာပါပဲ။ လေးလေ
က အစိုးရဌာနတွေနဲ့ ရင်းနှီးတော့ အဲဒီဌာနတွေက ပြ
ရောင်းတဲ့ပစ္စည်းတွေကို ပုတ်ပြတ်နဲ့ဝယ်ပြီး အပြင်ပုဂ္ဂလိက
ကုန်သည်တွေဆီမှာ ပြန်သွင်းတာလေ။ အဲဒါ မနှစ်က ဒီအ
ချိန်လောက်မှာပေါ့၊ ဥပဒေနဲ့မလွတ်တဲ့ ပစ္စည်းတစ်ခု ဝယ်မ
လို့ ရောင်းတဲ့ဝန်ထမ်းတွေရော ဝယ်တဲ့လေးလေးပါ ပြည်သူ
ပိုင်ပစ္စည်းပုဒ်မနဲ့ အရေးယူခံခဲ့ရတယ်ရှင့်"

"ဟုတ်လား၊ သူ အခု ဘယ်မှာလဲ"

"အင်းစိန်ထောင်ထဲမှာလေ၊ ထောင်ဆယ်နှစ်ကျနေတယ်"

"အို. . ."

စိုးမမမျိုး၏နှုတ်ခမ်းနှစ်လွှာမှာ ဝလုံးတစ်လုံးကဲ့သို့ ဝန်းဝိုင်
သွားသည်။ ခဏနေမှ သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ မှုတ်
ထုတ်လိုက်မိသည်။

ရွှေပြည်တော် မျှော်တိုင်းဝေးလေပြီလား။

■■■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## ထောင်ထဲက ငွေကြုတ်ကလေး

"အာ- ဒါ ဘာမျှားခက်လို့လဲ မမရယ်။ အဲဒီလူရဲ့ နာမည်၊ အဖေနာမည်၊ နေ့ရပ်လိပ်စာနဲ့ အမှုအကြောင်းအရာတွေသာ ကျွန်တော့်ကိုပေးစမ်းပါ။ အမြန်ဆုံး စုံစမ်းပေးပါ့မယ်"

ဒေါ်မြရှင်အိမ်ကပြန်လာပြီး နောက်ရက် ကိုကျော်ဇေယျအား ဒေါ်မြရှင်၏လေးလေးအကြောင်း အနည်းအကျဉ်း ပြောပြသည်တွင် သူက အားမလိုအားမရနှင့် ပြန်ပြောခြင်း ဖြစ်သည်။

ကိုကျော်ဇေယျအနေနှင့် စိုးမမမျိုး လှုပ်ရှားနေသောကိစ္စများကို ဘိုးဘိုးဘုန်းကြီး မိန့်မှာခဲ့သော မိသားစုအမွေကိစ္စနှင့် ပတ်သက်ဆက်နွှယ်နေသူများအား လိုက်လံ စုံစမ်းနေခြင်းအဖြစ်သာ နားလည်ထားပေသည်။ သူ့စိတ်ထဲတွင် စိုးမမမျိုး၏ လုပ်ရပ်များမှာ လျှို့ဝှက်ဆန်ပြီး သဘာဝမကျ ဖြစ်နေသည်များကို ရိပ်မိသိရှိနေသော်လည်း သူ ချစ်မြတ်နိုးသော စိုးမမမျိုး စိတ်ချမ်းသာအောင် အထောက်အကူပေးနေခြင်းသာ ဖြစ်၏။ ဤကိစ္စနှင့်ပတ်သက်၍ စိုးမမမျိုးကိုယ်တိုင် ဖွင့်ဟမပြောသရွေ့ သူ့ဘက်က ပြန်မမေးမိအောင်လည်း စိတ်ဆုံးဖြတ်ထားပြီး ဖြစ်၏။

စိုးမမမျိုးက ဒေါ်မြရှင်ထံမှ မေးမြန်းမှတ်သားလာခဲ့သော သူမ၏လေးလေးနှင့်ဆိုင်သော အချက်အလက်များကို ကိုကျော်ဇေယျအား အပ်လိုက်သည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ ကိုကျော်ဇေယျ စာရွက်စာတမ်းများဖြင့် ရောက်လာသည်။

"ကဲ- ရော့ မမ၊ ဒါ ဒေါ်မြရှင်ရဲ့လေးလေး ဦးခင်မောင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com


(ဘ) ဦးမြည္ဒန့်ရဲ့ တရားရုံးစီရင်ချက်မိတ္တူပဲ။ အပက(၃)နှစ်ထောင်ဆယ်နှစ်ကျနေတယ်။ အဲဒါ မနက်ဖြန် မမ သူ့ကို အင်းစိန်ထောင်မှာ သွားတွေ့ပေတော့"

"ရှင်- ဘယ်လို၊ မမက သူ့ကို ထောင်ဝင်စာ သွားတွေ့ရမှာလား"

ကိုကျော်ဇေယျက ခေါင်းခါသည်။

"ဘယ်ဟုတ်မလဲ မမရယ်၊ ထောင်ဝင်စာ (၁၅)မိနစ်လောက်နဲ့ မမသိချင်တာတွေ ဘယ်မေးလို့ ပြီးမလဲ။ မမက သူ့ရဲ့ တရားခံရှေ့နေအနေနဲ့ သွားတွေ့ရမှာပါ"

"ဟင်- မမက ဘယ်နှယ်လုပ်ပြီး သူ့ရှေ့နေဖြစ်နိုင်မှာလဲ၊ ပြီးတော့ သူက ထောင်ကျနေပြီ မဟုတ်လား"

"ဒီလို မမရဲ့၊ သူ ထောင်ကျနေတာတော့ မှန်တယ်။ ဒါပေမယ့် အခု သူ့ကို ကုန်သည်တစ်ယောက်က လိမ်လည်မှုနဲ့ နောက်အမှုဖွင့်ထားတယ်။ အဲဒါကို ဦးခင်မောင်ညွှန့်လည်း သိတယ်။ မမက သူ့ရှေ့နေအနေနဲ့ သူ့ဆီက ရှေ့နေပါဝါလွှဲစာ သွားယူရမှာပါ"

"အို- သူက မမကို သူ့ရှေ့နေအဖြစ်နဲ့ လက်ခံဦးမှကိုး"

"မမ ဒါတွေ ဘာမှစိုးရိမ်မနေပါနဲ့။ ကျွန်တော် အားလုံး စီစဉ်ပြီးသားပါ။ သူ မမရဲ့ ရှေ့နေပါဝါမှာ လက်မှတ်ထိုးပေးပါလိမ့်မယ်၊ စိတ်ချပါ။ ပြီးရင် မမသိချင်တာတွေ သူ့ကို မေးလို့ရပြီလေ"

စိုးမမမျိုးက ဘာမှမပြောနိုင်တော့ဘဲ ကိုကျော်ဇေယျကိုသာ မျက်လုံးဝိုင်း၍ ကြည့်နေမိသည်။ သို့သော် ကိုကျော်ဇေယျကိုတော့ သူ ယုံကြည်စိတ်ချသည်။ ဒီလူသည် အလုပ်နှင့်ပတ်သက်လာလျှင် အရာရာတွင် အဘက်ဘက်က ရေပက်မဝင်အောင် စေ့စပ်သေချာစွာ ဆောင်ရွက်တတ်သည် မဟုတ်ပါလား။

* * *

နောက်တစ်နေ့ နံနက်စောစောတွင် ကိုကျော်ဇေယျနှင့်အတူ အင်းစိန် ဗဟိုအကျဉ်းထောင်ရှိရာသို့ ထွက်လာခဲ့ကြသည်။ ကိုကျော်ဇေယျက အကျဉ်းထောင်ဘူးဝရှိ စာပေးစာယူဌာနတွင် အမှုသည် တရားခံ အကျဉ်းသားနှင့် တွေ့ဆုံခွင့်ပြုရန် လျှောက်လွှာ တင်ထားလိုက်သည်။

စိုးမမမျိုးတို့ ရပ်စောင့်နေကြစဉ် အကျဉ်းထောင်ဘူးဝ သံတံခါး နီနီရဲရဲကြီးနှစ်ချပ်၏ ဖွင့်သံ၊ ပိတ်သံများကို တဂျိန်းဂျိန်း


www.burmeseclassic.com

www.burmeseclassic.com



ကြားနေရ၏။ အပြင်က ကားတစ်စီးစီး ဝင်မည်ဆိုလျှင် သံတံခါးကြီး နှစ်ချပ်က ဂျိန်းခနဲ မြည်ဟည်း၍ ပွင့်လာသည်။ ကားမောင်းဝင်ပြီး သည်နှင့် ဂျိုင်းခနဲမြည်ကာ ပြန်ပိတ်သွားပြီး ဂျလောက်ခနဲ သော့ ခတ်လိုက်သံကြားရသည်။ ထောင်ပိုင် စသော ထောင်အရာရှိတစ်ဦး ဦးဝင်လာလျှင်လည်း ထိုတံခါးကြီးနှစ်ချပ် ဖွင့်ပေးရသည်။

အလုည့်ကျသည့် ထောင်ဝင်စာတွေ့သူများ တန်းစီဝင်သည့် အခါတွင်ကား တံခါးကြီးကို မဖွင့်တော့ပေ။ သံတံခါးချပ်ကြီး၏ အလယ်တွင် ဖောက်ထားသော လူတစ်ကိုယ်စာ မလွယ်ပေါက်ငယ် ၏တံခါးလေးကို လှပ်ပေးထားရသည်။ လူကုန်သည်နှင့် ထိုတံခါး ငယ်ကို ဂျောက်ခနဲ ပြန်ပိတ်ထားလိုက်သည်။

ထောင်တံခါးဟူသည် မလိုအပ်လျှင် အစဉ်အမြဲ ပိတ်ထားရ သည် မဟုတ်ပါလား။

"ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုး ရှိပါသလား"

စာပေးစာယူဌာနမှ အော်မေးသံကြောင့် စိုးမမမျိုး အနား ကပ်သွား၍ ဖြေလိုက်သည်။

"ဟုတ်ကဲ့၊ ရှိပါတယ်ရှင့်"

"အမှုသည်နဲ့ တွေ့လို့ရပါပြီ"

စိုးမမမျိုးက ထောင်ဘူးဝတံခါးလေးရှေ့တွင် သွားရပ်လိုက် သည်။ အတွင်းဘက်မှ ဂျလောက်ခနဲမြည်၍ တံခါးလေးပွင့်သွားစဉ် ခေါင်းငုံ့၍ကျော်ဝင်လိုက်သည်။ ထောင်တံခါးကြီးအတွင်းအရောက် ဝန်ထမ်းတစ်ယောက်က ခေါ်သွားကာ ထောင်ပိုင်ကြီးရုံးခန်းနှင့် ကပ်လျက် အခန်းတစ်ခန်းတွင် နေရာချပေးသည်။ မလှမ်းမကမ်းရှိ ထောင်ဝင်စာခန်းမှ ထောင်ဝင်စာတွေ့သူချင်း အပြန်အလှန်ပြော နေသော စကားသံများက လက်ပံပင်တွင် ဆက်ရက်ကျသည့်နှယ် ကြားနေရ၏။

ခဏအကြာတွင် ပုံစံအကျီ၊ လုံချည်အဖြူ ဝတ်ဆင်ထားသော အသက် (၆၅)နှစ်ကျော်ခန့်ရှိမည့် အကျဉ်းသားတစ်ယောက်ကို ဝန်ထမ်းက ခေါ်လာကာ သူမရှေ့ရှိ ကုလားထိုင်တွင် နေရာယူစေ သည်။ ဝန်ထမ်းက အခန်းအဝင်ဝရှိ ခုံတစ်လုံးတွင်ထိုင်၍ စောင့် ကြည့်နေသည်။

စိုးမမမျိုးက ဒေါ်မြရှင်၏ ဦးလေးတော်သူ ဦးခင်မောင်ညွှန့် ဆိုသူ အကျဉ်းသားအား အကဲခတ်လိုက်သည်။ အသားဖြူဖြူ၊ နှာတံ ပေါ်ပေါ်၊ မေးရိုးကားကားနှင့် ဥပဓိရုပ်ကောင်းသူ ဖြစ်၏။ မိုမောင်း သော မျက်ရစ်များနှင့် အတွန့်အတွန့်ဖြင့် မညီမညာ ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ပေါ်က အရေပြားများက ဇရာ၏ဖိစီးမှုလက္ခဏာတို့ကို ဖော်ပြနေသည်။

သူမနှင့် မျက်နှာချင်းဆိုင် နှစ်ပေခန့်အကွာတွင် ထိုင်နေသော ဦးခင်မောင်ညွန့်ထံမှ အသက်ရှူလိုက်တိုင်း မောဟိုက်နေသံကို ကောင်းစွာ ကြားနေရ၏။ သူ၏မျက်လုံးအကြည်များ အရောင်ဖျော့တော့လှကာ နှုတ်ခမ်းနှစ်လွှာမှာလည်း ခြောက်ကပ်လျက် တွေ့ရ၏။ ရောဂါဝေဒနာတစ်ခုခု၏ ဖိစီးမှုဒဏ်ကို အတော် ခံစားနေရဟန်ရှိသည်။

ဤမျှ ကျန်းမာရေးညံ့ဖျင်းနေသူတစ်ဦးထံတွင် သူမ လိုချင်သည့် ငွေကြုတ်လေးပါ မနာဆေးတောင့် ရှိမှရှိနိုင်ပါလေမည်လား။

"ရွှေနေကြီးကြည့်ရဟာ ကျွန်တော့်အမှုကိစ္စအတွက်နဲ့ လာတွေ့တာ မဟုတ်လောက်ဘူး ထင်ပါရဲ့နော်"

ရုတ်တရက် မထင်မှတ်ထားဘဲ စတင်ပြောဆိုလိုက်သော ဦးခင်မောင်ညွန့်၏ စကားသံကြောင့် စိုးမမမျိုး အခန်းပေါက်ဝသို့ စောင်းငဲ့ကြည့်မိသည်။ အပေါက်ဝခုံတွင် ထိုင်နေသော ဝန်ထမ်းမှာ အပြင်ဘက်သို့ အာရုံရောက်နေသည်။ ထောင်ဝင်စာခန်းမှ ဆူညံသော စကားပြောသံများက ပတ်ဝန်းကျင်ကို လွှမ်းမိုးထားသည်။

"လေးလေးပြောတာ မှန်ပါတယ်ရှင်"

စိုးမမမျိုးက လေသံဖြင့် ပြောလိုက်၏။ ဦးခင်မောင်ညွန့်က ခေါင်းညိတ်၏။

"ဒါဖြင့် ဘာကိစ္စနဲ့လာတာလဲ ရွှေနေကြီး"

စိုးမမမျိုးက တံတွေးတစ်ချက် မျိုချလိုက်သည်။

"လေးလေး၊ ဦးသူတော်ကိုတော့ သိမှာပေါ့နော်"

"ဘာလဲ၊ ဟိုး- သိပေါမင်းလက်ထက်က ရှာစားကြီး ဦးသူတော်ကို ပြောတာလား"

"မှန်ပါတယ် လေးလေး"

"မသိဘဲနေမလားဗျာ၊ ဦးသူတော်က ကျွန်တော့်ရဲ့ အဘေးလေ။ ကျွန်တော်က သူ့ရဲ့မြစ်ပေါ့"

"ကျွန်မကလည်း ဦးသူတော်ရဲ့ မြစ်ရဲ့မြေးပါ။ တွတ်ခေါ်မှာပေါ့။ ဦးသူတော်က ကျွန်မရဲ့ အဘောင် ခေါ်ရမယ် ထင်တာရဲ့"

"ဟာ- ဒါဆို ရွှေနေကြီးနဲ့ ကျွန်တော်တို့က ဆွေမျိုးတွေပေါ့။ အဲ- ထောင်ထဲလာပြီး ဆွေမျိုးစပ်နေတာတော့ မဟုတ်ပါဘူးနော"



www.burmeseclassic.com

www.burmeseclassic.com



စိုးမမမျိုးက လေအေးအေးဖြင့် ဆက်ပြောသည်။

"အဲဒီ ဦးသူတော် လက်ထက်ကနေစ,ပြီး မျိုးဆက်လေးငါး ဆက်အထိ လက်ဆင့်ကမ်းလာခဲ့ကြတဲ့ ထူးခြားဆန်းကြယ်တဲ့ပစ္စည်းလေးတစ်ခုအကြောင်းတော့ လေးလေး သိလိမ့်မယ်ထင်ပါရဲ့"

"ထူးခြားဆန်းကြယ်တဲ့ ပစ္စည်းလေး ဟုတ်လား၊ ဘယ်လိုဟာများပါလိမ့်"

ဦးခင်မောင်ညွန့်က အလွန် အံ့အားသင့်သွားဟန် မျက်လုံးများပြူး၍ မေးသည်။ စိုးမမမျိုးက ဦးခင်မောင်ညွန့်၏မျက်လုံးများအတွင်း စူးစိုက်ကြည့်ရင်း ဆက်ပြောသည်။

"လေးလေးရဲ့အစ်မ ဒေါ်ငြိမ်းရှင်ဟာ အဲဒီပစ္စည်းလေးအတွက်နဲ့ပဲ သုံးနှစ်တစ်ကြိမ် သီလရှင် မှန်မှန်ဝတ်ခဲ့ပြီး တစ်ခါဝတ်ရင် (၂၇)ရက်တိတိ ပုံမှန်ကြာခဲ့တယ် မဟုတ်လား"

"ဩော်- ရှေ့နေကြီးက ဒါတွေလည်း သိနေတာကိုး"

စိုးမမမျိုးက ဆက်ပြောသည်။

"အဲဒီပစ္စည်းလေး ဆောင်ထားလို့ ဒေါ်ငြိမ်းရှင်ဟာ ရုတ်တရက် သေဆုံးခဲ့တဲ့အထိ အနာရောဂါ ကင်းရှင်းပြီး အသက်အရွယ်နဲ့မမျှအောင် ကျန်းမာရေး ဒေါင်ဒေါင်မြည် ကောင်းနေခဲ့တယ် မဟုတ်လား"

ဦးခင်မောင်ညွန့်က မထိတရိ ပြုံးပြသည်။

"ဟဲဟဲ- နေပါဦး၊ ရှေ့နေကြီးက ကျွန်တော့်ကို ဘာဖြစ်လို့ ဒါတွေ လာမေးနေရတာလဲ။ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ငြိမ်းရှင်က အဲဒီပစ္စည်းလေးကို ဦးခင်မောင်ညွန့်ကို လက်ဆင့်ကမ်း အပ်ခဲ့လို့ပါပဲ"

"အလိုဗျာ၊ စွပ်စွပ်စွဲစွဲ ကြံကြံဖန်ဖန်ဗျာ။ ခင်ဗျားဟာက အတိအကျကြီးပါလား။ ဒါနဲ့ နေပါဦး၊ အဲဒီ ပစ္စည်းလေးကို ကျွန်တော့်ကို လက်ဆင့်ကမ်းခဲ့တယ်ဆိုတာ ရှေ့နေကြီးမှာ ဘာအထောက်အထားရှိလဲ"

စိုးမမမျိုးက ပြုံး၍ပြောသည်။

"ရှိပါသော်ကော လေးလေးရယ်၊ အမြဲတမ်း ကျန်းမာရေးညံ့လို့ ရှုံ့နာရှိုက်ကူနဲ့လေး ဖြစ်နေခဲ့တဲ့ လေးလေးဟာ ဒေါ်ငြိမ်းရှင်ဆုံးပြီးတဲ့အချိန်နောက်ပိုင်းကစပြီး အံ့ဩလောက်အောင် ကျန်းမာရေး ကောင်းမွန်လာပြီး ဒေါင်ဒေါင်မြည်နေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တယ် မဟုတ်လား။ ဒါ ဒေါ်ငြိမ်းရှင်ရဲ့ ထူးခြားဆန်း ကြယ်တဲ့ ပစ္စည်းလေးဟာ လေးလေးလက်ထဲ ရောက်နေ တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒါထက် ခိုင်လုံတဲ့ အထောက်အ ထား ဘယ်မှာရှိတော့မလဲ လေးလေး"

ဦးခင်မောင်ညွန့်သည် ပါးစပ်အဟောင်းသားပွင့်သွားကာ စိုးမမမျိုးအား အံ့ဩလွန်းဟန် စူးစိုက်ကြည့်နေသည်။ ယင်းသို့ ကြည့်နေရင်းမှာပင် သူ၏မျက်လုံးများသည် တစ်စုံတစ်ခုကို တွေးမိ သည့်အလား အားပျော့ ညှိုးငယ်သွားကြ၏။

ခဏနေမှ စိတ်မပါတပါ မေးသည်။

"ကဲ- ဒါဖြင့် အဲဒါ ဘယ်လိုပစ္စည်းမျိုးလဲ၊ အတိအကျ ပြော နိုင်လား"

စိုးမမမျိုးက မဆိုင်းမတွ ဖြေသည်။

"အဲဒါ ငွေကြုတ်ကလေးနဲ့ ထည့်ထားတဲ့ မနာဆေးတောင့် လေးပါ"

ဦးခင်မောင်ညွန့်က ကျေနပ်နှစ်ခြိုက်သွားဟန် ပြုံး၍ ခေါင်း တဆတ်ဆတ် ညိတ်ပြသည်။

"ကောင်းပြီလေ၊ ရှေ့နေကြီးက အဲဒါကို ဘာလုပ်ချင်လို့လဲ"

"ကျွန်မမှာရှိတဲ့ မအိုဆေးတောင့်လေးနဲ့ ခဏအလဲအလှယ် လုပ်ပြီး အဓိဋ္ဌာန်ဝင်ချင်လို့ပါ"

ဦးခင်မောင်ညွန့် ခေါင်းညိတ်ပြသည်။ ထို့နောက် စိုးမမမျိုး ၏ ရင်ညွန့်တည့်တည့်ကို စူးစိုက်ငေးကြည့်ရင်းပြောသည်။

"ဒါဆို ရှေ့နေကြီးရဲ့ မအိုဆေးတောင့်ကို ကျွန်တော့်ကို ပြနိုင်မလား"

ဦးခင်မောင်ညွန့်က မေးနေရင်း သူ၏ မျက်လုံးအကြည့်ကို စိုးမမမျိုး၏ ရင်ညွန့်ပေါ်က မခွာဘဲ ဆက်ကြည့်မြဲ ကြည့်နေသည်။ စိုးမမမျိုးက အခန်းဝမှ အစောင့်ဝန်ထမ်းထံ မျက်လုံးဝေ့ကြည့်လိုက် ကာ လက်နှစ်ဖက်ကိုမြှောက်၍ လည်ပင်းပေါ်ရှိ ပရိတ်ကြိုးလုံးကို ကိုင်စွဲလိုက်ပြီး ခေါင်းပေါ်ကကျော်၍ ချွတ်လိုက်သည်။ သူမလက် ထဲတွင် ရွှေရောင်ကြုတ်ကလေး ပါလာသည်။

ဦးခင်မောင်ညွန့်က ရွှေကြုတ်အဖုံးကိုဖွင့်ရန် လက်ပြသည်။

စိုးမမမျိုးက အဖုံးကို အသာမ,၍ဖွင့်ကာ ဆေးတောင့်ကို ဆွဲထုတ်လိုက်သည်။ ဦးခင်မောင်ညွန့်က စိမ်းဖန့်ဖန့်အရောင်သန်း နေသော မအိုဆေးတောင့်ကို အနီးကပ်၍ သေသေချာချာ စူးစိုက် ကြည့်သည်။ အတန်ကြာမှ စိတ်ကျေနပ်သွားဟန် ခေါင်းညိတ်ပြ၍



www.burmeseclassic.com

www.burmeseclassic.com



ဆေးတောင့်ကို ပြန်ထည့်ရန် ပြောသည်။

စိုးမမျိုးက ဆေးတောင့်ကို ပြန်ထည့်လိုက်ရာ ဦးခင်မောင်ညွန့်က လည်ပင်းတွင် ပြန်ဆွဲထားရန် လက်ပြသဖြင့် နဂိုအတိုင်း ပြန်ဆွဲထားလိုက်သည်။

ဦးခင်မောင်ညွန့်က ရှည်လျားသော သက်ပြင်းတစ်လုံး မှုတ်ထုတ်လိုက်သည်။ ပြီးနောက် ရှေ့နောက်ဘေးဘီကို လှည့်ကြည့်ကာ ခပ်တိုးတိုး ပြောသည်။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ဦးသူတော်ရဲ့ မျိုးဆက်တစ်ယောက်ယောက် ကျွန်တော်နဲ့ လာဆက်သွယ်လိမ့်မယ်လို့ မျှော်လင့်ပြီး စောင့်စားနေခဲ့တာ အတော်ကြာခဲ့ပါပြီ။ ကျွန်တော့်အနေနဲ့တော့ စောစောက ရှေ့နေကြီးပြောသလို အစ်မကြီး ဒေါ်ငြိမ်းရှင် မဆုံးခင်လေးကမှ ဒီရာဇဝင်ကို သိခဲ့ရတာပါ။

အစ်မကြီး ဒီမနာဆေးတောင့်ကို ကျွန်တော့်လက်ထဲ အပ်လိုက်တုန်းက စိတ်ထဲ တစ်မျိုးဖြစ်မိသေးတယ်။ အစ်မကြီးနှယ်၊ ဒီလောက် ကျန်းမာရေးကောင်းနေပါလျက်နဲ့ လျှို့ဝှက်ထားခဲ့တဲ့ကိစ္စကိုဖွင့်ပြောပြီး ဘာကြောင့် ဒီဆေးတောင့်ကို အပ်နေတာပါလိမ့်ပေါ့။ ဒီဆေးတောင့် ကျွန်တော့်လက်ထဲရောက်ပြီး နှစ်ရက်ပဲကြာတယ်၊ အစ်မကြီး အကောင်းပကတိကနေ ရုတ်တရက် ဆုံးသွားတယ်။ ဒါ အစ်မကြီး သူသေတော့မယ်ဆိုတာ ကြိုတင်သိနေတဲ့သဘောပဲ မဟုတ်လား။

ကျွန်တော်လည်း အစ်မကြီးမှာခဲ့တဲ့အတိုင်း အဓိဋ္ဌာန်ဝင်ပြီး မနာဆေးတောင့်ကို သောက်ခဲ့တာ အံ့သြစရာကောင်းလောက်အောင် ကျန်းမာနုပျိုလာခဲ့တာပေါ့ဗျာ"

ဦးခင်မောင်ညွန့်ကပင် ဆက်ပြောသည်။

"ကျွန်တော်တို့က ရွာစားကြီး ဦးသူတော်ရဲ့သားလတ်ကဆင်းသက်လာပြီး ဒီမနာဆေးတောင့်ပါတဲ့ ငွေကြုတ်လေးကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာခဲ့ကြပေမယ့် အစ်မကြီးလက်ထဲ ရောက်တဲ့အချိန်မှာ ဆွေစဉ်မျိုးဆက်စာရင်း ပါမလာတော့ဘူး။ ကြေးညိုပြား ခေါ်မှာပေါ့။ ကျင့်ကြံအားထုတ်ရမယ့် အစီအစဉ်တွေ ဖော်ပြထားတဲ့ ကြေးပေပြား တစ်ခုပဲ ပါတော့တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မအိုဆေးနဲ့ မသေဆေး ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာကို မသိနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့တာနဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် ဆက်သွယ်လာမှာပဲလို့ မျှော်လင့်မိခဲ့တာ အမှန်ပါ။ ကျွန်တော်လည်း ကျွန်တော့်မှာ ရှိတဲ့ မနာဆေးစွမ်းအပြင် မအိုဆေးနဲ့ မသေဆေး အာနိသင်တွေကိုလည်း လိုချင်တပ်မက်စိတ်နဲ့ တမ်းတနေခဲ့မိတာ ပေါ့ဗျာ"

ဦးခင်မောင်ညွန့်က ပြောရင်း မောဟိုက်လာသည်။ ခဏနားနေပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"ဒီကြားထဲ ကံကြမ္မာအလှည့်အပြောင်းကြောင့် အမှုတစ်ခု ဖြစ်ပြီး ထောင်ဆယ်နှစ်ကျခဲ့တယ်။ အံ့ဩစရာကောင်းတာက ဒီအမှုကို တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းနေတုန်းက ဒေါင်ဒေါင်မြည်အောင် ကောင်းနေခဲ့တဲ့ ကျွန်တော့်ကျန်းမာရေးဟာ တရားရုံးက အပြစ်ရှိတယ်ဆိုပြီး အမိန့်ချခံလိုက်ရတဲ့နေ့ကစပြီး တဖြည်းဖြည်း ယိုယွင်း ကျဆင်းလာတော့တာဗျ။

အစပထမမှာတော့ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ တွေးမရခဲ့ဘူး။ နောက်မှာပဲ တရေးရေး တွေးမိပြီး နားလည်လာခဲ့ရတာပါ။ အမှန်က ရှေ့နေကြီးလည်း သိတဲ့အတိုင်းပါပဲ၊ ကျွန်တော်ဟာ ကတိသစ္စာ ဆယ်ပါးထဲပါတဲ့ ကာယကံသုံးပါးထဲက အဒိန္နာဒါန ဆိုတဲ့ အရှင်မပေးတဲ့ဥစ္စာကို ခိုးယူမိသလိုဖြစ်ပြီး ထောင်ကျခဲ့ရတာ မဟုတ်လား၊ ဒီတော့ ထားခဲ့တဲ့ ကတိသစ္စာက စူးပြီပေါ့ဗျာ"

ဦးခင်မောင်ညွန့် ပြောနေရင်း အမောဖောက်လာပြန်သည်။ အတန်ကြာ နားနေပြီးမှ တဖြည်းဖြည်း ဆက်ပြောသည်။

"အခုတော့ ကျွန်တော် မျှော်လင့်အတောင့်တဆုံး ဖြစ်ခဲ့တဲ့ မအိုဆေးတောင့်ဟာ ကျွန်တော် စိတ်ကူးနဲ့ရှုးခဲ့သလို ကျွန်တော့်လက်ထဲ ဆိုက်ဆိုက်ရောက်လာနေပြီလေ။ ရှေ့နေကြီးပြောသလို ကျွန်တော့်ကို ဆွေမျိုးအချင်းချင်း အလဲအလှယ်လုပ်ပြီး အမိဋ္ဌာန်ဝင်လိုက်ကြရုံပဲပေါ့။

ကြည့်စမ်း၊ ဘယ်လောက်ကောင်းလဲလို့။ ဒါပေမယ့် ရှေ့နေကြီး အလာကောင်းပေမယ့် ကျွန်တော့်အတွက်ကတော့ အခါနှောင်းသွားခဲ့ပါပြီ။ ကတိသစ္စာကို ဖောက်ဖျက်မိခဲ့တဲ့ ကျွန်တော့်အတွက် ဘယ်ဆေးတောင့်ကမှ အစွမ်းသိဒ္ဓိ မရှိနိုင်ပါဘူး။ ဒီဆေးတောင့်ကို ကျွန်တော် ဆက်ထားလို့လည်း ဘာမှအကြောင်းမထူးတော့ပါဘူး။ ဒီဆေးတောင့်ကို လက်ဝယ်ပိုင်ဆိုင်ထိုက်တဲ့ မျိုးဆက်သစ်တစ်ယောက်လည်း အခု



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါပြီ၊ ဒါကြောင့်. . .”

ဦးခင်မောင်ညွန့်က ပြောပြောဆိုဆိုနှင့် လက်နှစ်ဖက်ကို မြှောက်ကာ သူ၏လည်ပင်းတွင် စွပ်ထားသော ပရိတ်ကြိုးလုံးကို ဆွဲချွတ်လိုက်သည်။ လက်ထဲတွင် ပါလာသော ငွေကြုတ်ကလေး၏ အဖုံးကို မဖွင့်ပြကာ ဆေးတောင့်ကို အသာဆွဲထုတ်လိုက်သည်။ သူ့လက်ထဲတွင် အဝါရောင်ရင့်ရင့် မနာဆေးတောင့်ကို စိုးမမျိုး မြင်တွေ့လိုက်ရသည့်အခါ ရင်ထဲ၌ ဝမ်းသာလုံးဆို့တက်သွားမိ၏။

ဦးခင်မောင်ညွန့်က မနာဆေးတောင့်ကို ငွေကြုတ်လေးထဲ စနစ်တကျပြန်ထည့်ကာ စိုးမမျိုး၏လက်ထဲ အပ်လိုက်ပြီးသည်နှင့် နေရာမှ ထရပ်လိုက်လေတော့သည်။

စိုးမမျိုးက နေရာမှ ကမန်းကတန်းထကာ ကြမ်းပြင့်ပေါ်တွင် ဒူးတုပ်ထိုင်လိုက်ပြီး ဦးခင်မောင်ညွန့်အား ဦးသုံးကြိမ် ပြည့်အောင် ကန်တော့လိုက်သည်။ ဦးခင်မောင်ညွန့်က တတွတ်တွတ်နှင့် ဆုပေးကာ အစောင့်ဝန်ထမ်းနှင့်အတူ အကျဉ်းထောင်ထဲသို့ ပြန်လည် ဝင်ရောက်သွားပါလေတော့သည်။

■■■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## ရွှေနေမမ ဂမ္ဘီရ

မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ဖြစ်ပါသည်။

"မောင်လေးက အ-ထ-က(၁)က ကိုးတန်းကျောင်းသား မောင်အောင်သန်းနော်"

စိုးမမမျိုးက မေးလိုက်သည်။

"ဟုတ်ကဲ့"

"အသက် ဘယ်လောက်ရှိပြီလဲကွယ့်"

"(၁၈)နှစ်ပါ"

"သြော်- ကိုးတန်းကျောင်းသားက (၁၈)နှစ်တောင် ရှိနေပြီ ဆိုတော့ ကိုးတန်းမှာ တစ်ခါကျပြီးပြီပေါ့နော်"

မောင်အောင်သန်းက ရုတ်တရက် မဖြေ။ သက်သေခုံ၏ လက်ယာဘက်ခြမ်းတွင် ထိုင်နေသော တရားခံအကျိုးဆောင်ကို မော့ကြည့်သည်။ အကျိုးဆောင်က မေးထိုးပြသည်။

စိုးမမမျိုးက ထပ်မေးသည်။

"ကဲ- မမထပ်မေးမယ်၊ မောင်လေး ကိုးတန်းမှာ တစ်ခါကျ ခဲ့တယ်ဆိုရင် မှန်တယ်နော်"

"ဟုတ်ကဲ့"

"ဒါဖြင့် ရှစ်တန်းမှာကော ကျခဲ့သေးလား"

"မကျခဲ့ပါဘူး"

"ဟုတ်လား၊ ဒီလိုဆို ခုနစ်တန်းမှာတော့ တစ်ခါကျခဲ့သေး တယ် မဟုတ်လား"

မောင်အောင်သန်းက အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



...တိုက်ရင်း တရားခံအကျိုးဆောင်အား မော့ကြည့်ပြန်သည်။ အကျိုးဆောင်က ဆက်ဖြေရန် မေးငေါ့ပြပြန်သည်။

"ဟုတ်ကဲ့၊ ခုနစ်တန်းမှာ တစ်ခါကျခဲ့ပါတယ်"

"အို- ဖြစ်ရလေ၊ ဘာလို့များ ဒီလောက်တော်တောင် ကျနေရတာပါလိမ့်နော်။ ဒါနဲ့ မောင်လေးနဲ့ တရားလို မဖြူပြာက တစ်တန်းတည်းနော်"

"ဟုတ်ပါတယ်"

"မောင်လေးရော တရားလို မဖြူပြာပါ ကန်တော်လေး(၉၃) လမ်းထဲမှာ နေကြတာနော်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပြီ။ ပြီးခဲ့တဲ့ သောကြာနေ့ ကျောင်းကအပြန်မှာ မောင်လေးက မဖြူပြာနောက်ကလိုက်ပြီး ရည်းစားစကား ပြောခဲ့တယ်ဆိုရင် မှန်ပါတယ်နော်"

"မ. . . မဟုတ်ပါဘူး၊ ကျွန်တော် သူ့နာမည် မသိလို့ လိုက်မေးကြည့်တာပါ"

"ဩော်- ဟုတ်ပါပြီ၊ နာမည်သိချင်လို့ လိုက်မေးမိတာပေါ့နော်။ ဒါနဲ့ မောင်လေးက ပြီးခဲ့တဲ့လကလည်း ခုလိုပဲ သုံးခါ နောက်ကလိုက်ပြီး နာမည်မေးခဲ့သေးတယ်ဆိုရင် မှန်ပါတယ်နော်"

မောင်အောင်သန်း ခဏတွေ၍ စဉ်းစားသည်။ ပြီးမှ-

"သုံးခါ မဟုတ်ပါဘူး၊ နှစ်ခါတည်းပါဗျာ"

"ဩော်ဩော်- နှစ်ခါတည်းပေါ့နော်။ ကောင်းပါပြီ၊ အဲဒါ ဘယ်နေ့တွေကလဲဆိုတာ မောင်လေး မှတ်မိသေးလား"

"ရက်စွဲအတိအကျတော့ မမှတ်မိဘူး။ ညနေ ကျောင်းဆင်းချိန်တွေမှာပါပဲ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါနဲ့ အဲဒီ သုံးခေါက်လုံး မဖြူပြာရဲ့ နာမည်မသိလို့ လိုက်မေးခဲ့တာပဲပေါ့"

မောင်အောင်သန်းက ခဏငေး၍ စဉ်းစားသည်။ ပြီးမှ-

"ပထမနှစ်ခေါက်ကတော့ ဘာစကားမှ မပြောဘဲ ဒီအတိုင်း ကပ်လိုက်ခဲ့တာပါ။ တတိယအခေါက်ကျမှ နာမည်မေးမိတာပါ"

"ကောင်းပါပြီ၊ မောင်လေးက အဲဒီလို မဖြူပြာရဲ့နောက်က နှစ်ကြိမ်ကပ်လိုက်ခဲ့ပြီး တစ်ကြိမ် နာမည်မေးခဲ့တာ ဘာကြောင့်များလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်သန်း ချက်ချင်း အဖြေမပေး။ ခေါင်းငုံ့၍ တွေးနေသေးသည်။ ခဏနေမှ-

"ကျွန်. . . ကျွန်တော် သူ့ကို စိတ်ဝင်စားမိလို့ပါ"

"ဟုတ်ပြီ မောင်အောင်သန်း၊ ပထမတစ်ကြိမ် မဖြူပြာ နောက်ကလိုက်တုန်းက သူ့ကျောင်းလွယ်အိတ်ကို ဆွဲထား သေးတယ်နော်"

"ဒါ မတော်တဆပါ။ သွားရင်းလာရင်း ထိမိသွားတာပါ ဆွဲထားတာ မဟုတ်ပါဘူး"

"မောင်လေးရဲ့လက်နဲ့တော့ မဖြူပြာရဲ့လွယ်အိတ်ကို ထိမိ ဆွဲထားတဲ့သဘောမျိုး ဖြစ်သွားမှာပေါ့နော်"

"ဟုတ်ပါတယ်"

"ဒုတိယတစ်ခေါက် လိုက်တုန်းကလည်း နောက်က ဖိနပ်ကို နှစ်ခါတောင် နင်းမိခဲ့သေးတယ်နော်"

မောင်အောင်သန်းက နှုတ်ခမ်းများကို ဖိကိုက်ကာ -

"ဒါလည်း မမျှော်လင့်ဘဲ ဖြစ်သွားတာပါ။ တမင်လုပ်တာ မဟုတ်ပါဘူး"

"မဖြူပြာရဲ့ဖိနပ်ကို နင်းတော့နင်းမိခဲ့တယ်ပေါ့နော်"

"ဟုတ်. . . ဟုတ်ကဲ့၊ နည်းနည်းတော့ နင်းမိခဲ့တယ်ထင် တယ်"

"ကောင်းပြီ၊ အဲဒီနှစ်ခေါက်လုံး မောင်အောင်သန်းလိုက်လာ တာကို မဖြူပြာက ဘာပြောသေးလဲ"

"ဘာမှတော့ မပြောပါဘူး၊ ဒါပေမယ့် မကျေနပ်တဲ့ပုံစံတော့ တွေ့ရပါတယ်"

"မောင်အောင်သန်း ဒီလို နောက်ကလိုက်နေတာကို မနှ သက်မလိုလားတဲ့သဘောပေါ့နော်"

"အဲလိုမျိုးပဲ ဆိုပါတော့"

"တတိယအခေါက်မှာ မောင်အောင်သန်း နာမည်လိုက်ခေ တော့ မဖြူပြာက ဘာပြောလဲ"

"လိုက်မနှောင့်ယှက်နဲ့လို့ ပြောပါတယ်"

"ဟုတ်ပြီ၊ မောင်အောင်သန်းက မဖြူပြာနောက်ကလိုက် တာကို မဖြူပြာက မနှစ်သက် မလိုလားတဲ့ အမူအရာ စကားနဲ့လည်း မနှောင့်ယှက်ဖို့ ပြောပါလျက်နဲ့ အခု နောက်ကလိုက်ပြီး လွယ်အိတ်ကိုဆွဲတာတို့ ဖိနပ်ကို တ နင်းတာတို့ဟာ မိန်းကလေးတစ်ယောက်ရဲ့ ကာယိန္ဒြေ



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးစေတယ်ဆိုတာ သိသလား"

"ကျွန်တော် မသိပါဘူး"

"အခု တရားလို မဖြူပြာက မောင်အောင်သန်းကို တရားခံအဖြစ် ရုံးတော်မှာ လျှောက်ထားပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ (၃၅၄) ကာယိန္ဒြေ ပျက်စီးမှုနဲ့ တရားစွဲထားတယ်ဆိုတာတော့ သိပါတယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဒါကိုတော့ သိပါတယ်"

"အဲဒီပုဒ်မအရ ပြစ်မှုထင်ရှားရင် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရနိုင်တယ်ဆိုတာကော သိသလား"

"ကျွန်တော် မသိပါဘူး"

စိုးမမျိုးက တရားသူကြီးဘက်လှည့်၍ ဦးညွတ်လိုက်သည်။

"ရုံးတော်ရှင့်၊ တရားခံကို မေးလို့ပြီးပါပြီ။ ဒီနေ့ ရုံးတော်ရှေ့မှာ စစ်ဆေးချက်အရ တရားခံ မောင်အောင်သန်းဟာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ (၃၅၄)ကို ကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားနေတဲ့အတွက် တရားခံအပေါ် ထိရောက်ဟန့်တားလောက်တဲ့ပြစ်ဒဏ် ချမှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်"

တရားသူကြီးက ပြုံး၍ လက်ကာပြသည်။

"ဟုတ်ပါပြီ၊ အခု ဒီအမှုကိုစစ်ဆေးလို့ မပြီးသေးတဲ့အတွက် တရားလိုရှေ့နေကြီးအနေနဲ့ ဒီကိစ္စကို နှစ်ဖက် လျှောက်လဲချက်ပေးတဲ့အခါမှတင်ပြပါ။ ကဲ- တရားခံဘက်က 'ပြန်ရှင်း' မေးစရာ ရှိသေးလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

တရားခံအကျိုးဆောင်နေရာမှထကာ သူ့အမှုသည် မောင်အောင်သန်းအား ပြန်ရှင်း မေးခွန်းမေးသည်။ စောစောက တရားလိုဘက်၏ ပြန်လှန်မေးခွန်းများဖြင့် ထိုးနှက်ချက်ကြောင့် ယိုင်နဲ့သွားသော အမှုအိမ်ကို ပြန်လည်တည့်မတ်ပေးခြင်း ဖြစ်၏။

"မောင်အောင်သန်းက မဖြူပြာရဲ့လွယ်အိတ်ကို မတော်တဆ ထိရုံထိမိပြီး တမင်ဆွဲထားတာ မဟုတ်ဘူးနော်"

"ဟုတ်ပါတယ်"

"မဖြူပြာရဲ့ဖိနပ်ကိုလည်း သေသေချာချာ တမင်နင်းလိုက်တာ မဟုတ်ဘဲ လမ်းလျှောက်ရင်း မလွတ်တာနဲ့ အမှတ်တမဲ့ ထိမိသလိုမျိုး ဖြစ်သွားတာ မဟုတ်လား"

ထိုစဉ်-



www.burmeseclassic.com

www.burmeseclassic.com


"ရှုံးတော်ရှင့်၊ ရှုံးတော်ရှင့်"

စိုးမမမျိုးက ထိုင်နေရာကထ၍ လှမ်းအော်လိုက်သည်။

"တရားခံအကျိုးဆောင်ဟာ ကိုယ့်တရားခံကို ကိုယ်ပြန်လှ မေးခွန်းနဲ့ နိမိတ်ပြမေးခွန်းတွေ မေးနေပါတယ်။ ကျွန်မ ကန့်ကွက်ပါတယ်ရှင့်"

တရားသူကြီးက ခေါင်းညိတ်ပြသည်။

"တရားခံအကျိုးဆောင်ကြီးအနေနဲ့ ကိုယ့်လူကိုယ် ပြန်လှ မေးခွန်း မေးလို့မရဘူးလေ"

တရားခံအကျိုးဆောင်က ရှုံးတော်သို့ ဦးညွှတ်လိုက်သည်

"ဟုတ်ကဲ့၊ ကျွန်တော် ဒီမေးခွန်းတွေကို ရုပ်သိမ်းပါတယ်"

တရားခံအကျိုးဆောင်က မောင်အောင်သန်းဘက် ပြ လှည့်၍ မေးခွန်းအသစ် ပြင်မေးသည်။

"မောင်အောင်သန်းက မဖြူပြာရဲ့လွယ်အိတ်ကို တမင်ခ ထားတာလား၊ မတော်တဆ ထိရုံထိမိတာလား"

ထိုအခိုက် စိုးမမမျိုး ထရပ်လိုက်ပြန်သည်။

"ရှုံးတော်ရှင့်၊ ဒါလည်း ခုန နိမိတ်ပြမေးခွန်းကို မလိမ့်တပတ် လုပ်ပြီး ပြန်မေးနေတာပါ။ ကျွန်မ ကန့်ကွက်ပါတယ်၊ ရှုံး တော်က တားမြစ်ပေးပါရှင့်"

တရားသူကြီးက ခပ်ပြုံးပြုံးအမူအရာဖြင့် ခေါင်းညိတ်လိုက ပြန်သည်။

"တရားခံအကျိုးဆောင်ကြီး၊ မေးခွန်းပြန်မေးပါ"

တရားခံအကျိုးဆောင်က ရှုံးတော်သို့ ဦးညွှတ်လိုက်က မောင်မောင်သန်းအား မေးခွန်းအသစ် ထပ်ပြင်မေးသည်။

"ကဲ- မောင်အောင်သန်း၊ သေချာနားထောင်ပြီး ဖြေပါ မဖြူပြာရဲ့လွယ်အိတ်ကို ဘယ်လိုလုပ်မိခဲ့လဲ"

"ကျွန်တော် သူ့လွယ်အိတ်ကို မတော်တဆ ထိရုံထိမိတာပါ"

"ကောင်းပြီ၊ မဖြူပြာရဲ့ဖိနပ်ကိုရော ဘယ်လိုလုပ်မိခဲ့လဲ"

"ဟုတ်ကဲ့၊ ဟို- သူ့ဖိနပ်ကို ကျွန်တော် တမင် နင်းလိုက်တာ မဟုတ်ဘဲ လမ်းလျှောက်ရင်း မလွတ်တာနဲ့ အမှတ်တမဲ့ ထိမိသလိုမျိုး ဖြစ်သွားတာပါ"

ထိုစဉ် စိုးမမမျိုးက မကျေမနပ်ဖြင့် ဆတ်ခနဲ ထရပ်လိုက် ပြန်သည်။ တရားရုံးတစ်ခုလုံး ကြားနိုင်အောင် အသံကိုမြှင့်လိုက် သည်။

"ရှုံးတော်ရှင့်၊ တရားခံအကျိုးဆောင်ဟာ ပထမအကြိမ်မှာ


www.burmeseclassic.com

www.burmeseclassic.com



ပြန်လှန်မေးခွန်းတွေ မှားယွင်းမေးမိချင်ယောင်ဆောင်ပြီး သူ ဖြေစေချင်တဲ့ စကားလုံးတွေကို တရားခံရဲ့ ခေါင်းထဲမှာ ရိုက်သွင်းထားခဲ့ပါတယ်။ အခု ဒုတိယအကြိမ် ပြန်မေးရတဲ့ အခါမှာ သူ ခုနက ရိုက်သွင်းထားခဲ့တဲ့ စကားလုံးတွေကို သိသိကြီးနဲ့ ပြန်တူးဖော်ယူနေတာပါ။ ဒါဟာ ဥပဒေနဲ့အညီ ဝရမ်းမှု စစ်ဆေးနည်းရဲ့ ပျော့ကွက်ကို အခွင့်ကောင်းယူပြီး တရားရုံးတော်ရဲ့ စီရင်ပိုင်ခွင့် ယန္တရားကို အလွဲသုံးစားပြု နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ရုံးတော်မှာ စစ်ဆေး မေးမြန်း ဖြေဆိုချက်တွေအပေါ်မှာ ကျွန်မ တရားလိုအကျိုး ဆောင်အနေနဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ရုံး တော်က မှတ်တမ်းတင်ထားပေးပါရန် တင်ပြ တောင်းဆို အပ်ပါတယ်ရှင့်”

တရားသူကြီးက ထွက်ဆိုချက်မှတ်တမ်း လိုက်ရေးနေသော ရှေ့ဖတ်စာရေးအား ခေါင်းညိတ်ပြလိုက်သည်။

“ကဲ- တရားခံဘက်က ထပ်မေးဖို့ ရှိသေးလား”

“မရှိပါဘူး ခင်ဗျာ”

“မရှိရင် ရုံးတော်ကို နောက်တစ်ပတ် တနင်္လာနေ့ နံနက် (၁၀) နာရီမှာ ထပ်မံ စစ်ဆေးဖို့ ရွှေ့ဆိုင်းလိုက်တယ်”

တရားသူကြီးက ပြောပြီးသည်နှင့် ထရပ်လိုက်သည်။ နှစ်ဖက်အကျိုးဆောင်များနှင့် တရားရုံးပရိသတ်များပါ ထရပ်၍ အရို အသေပြုလိုက်ကြသည်။

“အဲဒီအမျိုးသမီးရှေ့နေက ဘယ်သူလဲဗျ”

ပရိသတ်ထဲက တစ်ယောက်က မေးသည်။

“ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုးဆိုတာပေါ့။ ဘာဖြစ်လို့ လဲဗျ”

“ဩော်- တော်တော်ထက်တဲ့ မိန်းမပဲဗျ”

“အာ- ထက်တာတော့ မပြောနဲ့၊ တရားဥပဒေလောကမှ ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းများဆိုပြီး မဂ္ဂဇင်း၊ ဂျာနယ် တွေမှာရေးနေတဲ့ ဂမ္ဘီရမမ ဆိုတာ သူပေါ့ဗျ”

“ဩော်- ဒါကြောင့်ကိုး. . .”

ထိုအမှုတွင် တရားခံ မောင်အောင်သန်းအား ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၆)လ ချမှတ်ခဲ့၏။

နောက်တစ်မှုမှာ အင်းစိန်မြို့နယ် တရားရုံးတွင် ဖြစ်သည်။ စိုးမမမျိုးလိုက်ရသော အမှုများမှာ များသောအားဖြင့် ပျော်ကျွား



www.burmeseclassic.com

www.burmeseclassic.com



လေးဘက်က မတရားမှု၊ တာဝန်ပျက်မှုများကြောင့် မိန်းကလေးဘက်က နစ်နာခဲ့ရသော အမှုမျိုးများ ဖြစ်၏။ စိုးမမျိုးကိုယ်နှိုက်ကလည်း ကိုယ့်ထူးကိုယ်ချွန်လိုသော မိန်းမမျိုးဖြစ်ကာ စော်ရိုတန်ရှိ ယောကျ်ားကို အထင်မကြီးတတ်သောစိတ်များ ကိန်းအောင်းနေလေရာ ယင်းခံစားချက်များနှင့် ရောပြွမ်းနေသော စိုးမမျိုး၏ တရားခွင်မှ ပြန်လှန်မေးခွန်းများမှာ ကိုယ်တိုင်ခံစားနေရသူပမာ လှုပ်ရှားသက်ဝင်၍ ပြင်းပြင်းထန်ထန် ရှိလှသည်။

ယခင်က ဗိုလ်တထောင်မြို့နယ် တရားရုံးတွင်လည်း အမှုတစ်မှု လိုက်ပေးခဲ့ရသေးသည်။ အမှုမှာ ယောကျ်ားလေးက မိန်းကလေးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းလျက် ကာမကို ရယူခဲ့ပြီး မိန်းကလေး၌ ကိုယ်ဝန်ရှိလာသောအခါ ယောကျ်ားလေးက လက်ထပ်ယူရန် ငြင်းဆန်သဖြင့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ(၄၁၇) လိမ်လည်မှုဖြင့် တရားစွဲခဲ့ရသောအမှု ဖြစ်၏။

ယင်းအမှုကိုကြည့်လျှင်လည်း ပုရိသယောကျ်ားတို့၏ ကတိသစ္စာ ပျက်ကွက်မှု၊ တာဝန်ပျက်ကွက်မှုများနှင့် အားနွဲ့သော မိန်းမသားများအား သွေးဆောင်လှည့်ဖြား၍ ဖျက်ဆီးပစ်ခဲ့သော လူမဆန်သည့် အပြုအမူများက ပေါ်လွင်ထင်ရှားခဲ့သည်။ ထို့ကြောင့်လည်း စိုးမမျိုး၏မိန်းမမာနကို ပိုမို သွေးတက်စေပြီး ယောကျ်ားတို့အပေါ် အထင်အမြင်သေးမှုကိုလည်း ပို၍ တိုးပွားစေခဲ့သည်။ ထိုအမှုတွင်လည်း ပြစ်မှုထင်ရှားသဖြင့် တရားခံအား ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့လေသည်။

ယခု အင်းစိန်မြို့နယ်တရားရုံးတွင် လိုက်ပါဆောင်ရွက်ခဲ့ရသော အမှုမှာကား ခပ်ဆန်းဆန်း ဖြစ်၏။

အမှုမှာ မောင်မြကြိုင်နှင့် မစန်းစန်းမြင့်တို့မှာ သမီးရည်းစားများဖြစ်ပြီး နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြသည်။ တစ်နေရာတွင် နှစ်ပတ် ပေါင်းသင်းနေထိုင်ခဲ့ပြီး တစ်နေ့တွင် မောင်မြကြိုင် ပြန်မလာဘဲ ပျောက်သွားသည်။ မစန်းစန်းမြင့်က စုံစမ်းကြည့်ရာ မောင်မြကြိုင်မှာ သူ၏မိဘများထံ ပြန်ရောက်၍ နေထိုင်လျက်ရှိကြောင်း သိရ၏။

မောင်မြကြိုင်မှာ ပညာလည်းမစုံ၊ အလုပ်အကိုင်လည်းမရှိဘဲ မိန်းမခိုးပြေးမိခဲ့ခြင်းဖြစ်ရာ ရက်သတ္တနှစ်ပတ်ခန့်အကြာ ပါလာသော ငွေကြေးပစ္စည်းများ ကုန်သွား၍ စားဝတ်နေရေးဆင်းရဲမှုဒဏ်ကိုမခံနိုင်သဖြင့် မစန်းစန်းမြင့်ကို စွန့်လွှတ်ပစ်သွားခဲ့ကြောင်း သိရှိရသည်။ မစန်းစန်းမြင့်က မိမိအား လင်မယားအဖြစ် ခိုးယူ



www.burmeseclassic.com

www.burmeseclassic.com


ပေါင်းသင်းပြီးမှ စွန့်ခွာသွားမှုအပေါ် မကျေမနပ်ဖြစ်ကာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ (၄၉၃) နဲ့ တရားစွဲဆိုခဲ့သည်။

ထိုပုဒ်မ (၄၉၃)ရဲ့ သဘောမှာ ယောကျ်ားတစ်ယောက်သည် ကိုယ်နှင့် တရားဝင်လက်မထပ်ရသေးသော မိန်းမတစ်ယောက်ကို တရားဝင် လက်ထပ်ပြီးသယောင် လှည့်ဖြားယုံကြည်စေပြီး ကာမကိုရယူခြင်းကိစ္စမျိုး ဖြစ်၏။

ယခုအမှုတွင် ယခင်အမှုများကဲ့သို့ ထိမ်းမြားလက်ထပ်ယူပါမည်ဟု အယုံသွင်း လှည့်ဖြား၍ ကာမကို ရရှိခြင်းမဟုတ်ပေ။ ထိုမိန်းမကို ယူလည်းယူခဲ့သည်။ ပေါင်းလည်း ပေါင်းသင်းခဲ့သည်။ သို့သော် ပေါင်းသင်းပြီးမှ စွန့်ခွာသွားခဲ့ခြင်း ဖြစ်၏။

ထိုအမှုမှာ စိုးမမမျိုးက မောင်မြကြိုင်အား ဇွဲသတ္တိနည်းသော ယောကျ်ားတစ်ယောက်အဖြစ် ပြစ်တင်ရှုတ်ချကာ မတရားစွန့်ပစ်ခဲ့သည့်အချက်ကို ပြန်လည်မေးခွန်းများဖြင့် ပေါ်လွင်ထင်ရှားအောင် မေးခွန်းထုတ် ထိုးနှက်နိုင်ခဲ့သည့်အပြင် ယောကျ်ားတို့အား နှိမ့်ချသည့်သာဓက တစ်ခုကိုလည်း တင်ပြခဲ့သေးသည်။

"ဒီမယ် မောင်မြကြိုင်၊ မင်း မဟောသဓာဇာတ်တော်ထဲက သိင်္ဂုတ္တရလုလင်အကြောင်း ကြားဖူးမှာပေါ့"

"ဟင့်အင်း၊ ကျွန်တော် မကြားဖူးပါဘူး"

"ဩော်- ဟုတ်လား။ ဒါဆိုလည်း ကြားဖူးအောင် ပြောပြရတာပေါ့ကွာ။

မိတ္တိလာပြည်က သိင်္ဂုတ္တလုလင်ဟာ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာထံက ပညာစုံလို့ပြန်တဲ့အခါ ဆရာကြီးက ရွယ်ရောက်နေပြီဖြစ်တဲ့ သူ့သမီးနဲ့ ထိမ်းမြားပေးစားလိုက်တယ်တဲ့။ သိင်္ဂုတ္တရလုလင်က ဘုန်းမရှိတဲ့ ယောကျ်ားဖြစ်ပြီး ဒိသာပါမောက္ခဆရာကြီးရဲ့ သမီးကတော့ ဘုန်းရှိတဲ့ မိန်းမ ဖြစ်တယ်တဲ့။ ညအချိန်မှာ သိင်္ဂုတ္တရလုလင်က သတို့သမီးရောက်လာရင် ဘုန်းမရှိတဲ့အတွက် အိပ်ရာကဆင်းပြီး မြေမှာအိပ်လေ့ရှိတယ်တဲ့။

မိတ္တိလာပြည် အပြန်လမ်းမှာ သတို့သမီးက သဖန်းသီးစားချင်လို့ တက်ခူးနေတုန်း သိင်္ဂုတ္တရလုလင်က သဖန်းပင်ရင်းအောက်မှာ ဆူးတွေရံပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားတယ်တဲ့။ ကဲ- မောင်မြကြိုင်၊ မင်း အခု ကြားဖူးပြီ မဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သိင်္ဂုတ္တရလုလင်က ဘယ်သူနဲ့တူသလဲ"
"ကျွန်တော် မသိပါဘူးခင်ဗျာ"
"ဘာလို့ မသိချင်ယောင်ဆောင်နေရတာလဲ။ သူများသား သမီးကို ခိုးယူပေါင်းသင်းပြီး ရှာဖွေမကျွေးမွေးနိုင်တဲ့ မင်းလို သရဲဘောကြောင်ပြီး ဖွဲ့သတ္တိမရှိတဲ့ယောကျ်ားနဲ့ တူတာပေါ့ ကွ၊ မဟုတ်ဘူးလား"
မောင်မြကြိုင်က မဖြေ။ စိုးမမျိုးက ဆက်မေးသည်။
"အဲဒါ ဘာဖြစ်လို့လဲဆိုတာကော သိရဲ့လား"
"ကျွန်တော် မသိပါဘူး ခင်ဗျာ"
"အေး- စန်းစန်းမြင့်လို ဘုန်းကံရှိတဲ့ မိန်းမတွေကို မင်းတို့လို ဘုန်းကံမရှိတဲ့ ယောကျ်ားတွေက မပေါင်းရဲလို့ ကိုယ်လွတ် ရုန်း ထွက်ပြေးသွားရတာပေါ့ကွ၊ နားလည်လား"
စိုးမမျိုးက အနည်းငယ် အသံမြှင့်ပြောလိုက်သည်။
မောင်မြကြိုင်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။
ထိုစဉ် တရားခံအကျိုးဆောင်က ရုတ်တရက်ထရပ်လိုက်ပြီး-
"ရုံးတော်ခင်ဗျား- တရားလိုအကျိုးဆောင်က ကျွန်တော့်အ မှုသည်ရဲ့ ဂုဏ်သိက္ခာတစ်ခုတင်မဟုတ်ဘူး၊ ယောကျ်ားတွေ ဆိုတဲ့ ဗဟုဝုစ်ကိန်းကိုသုံးပြီး ကျွန်တော်တို့ယောကျ်ားသား အားလုံးကို ပုတ်ခတ်နေပါတယ်။ တားမြစ်ပေးပါခင်ဗျာ"
စိုးမမျိုးက တရားသူကြီးအား ဦးညွှတ်လိုက်သည်။
"ရုံးတော်ရှင့်၊ ကျွန်မ ယောကျ်ားသားအားလုံးကို ပြောနေ တာ မဟုတ်ပါဘူး။ သိင်္ဂုတ္တရလုလင်လို ဘုန်းကံမရှိတဲ့ မောင် မြကြိုင်တို့လို ယောကျ်ားတွေကိုသာ ဆိုလိုတာ ဖြစ်ပါတယ်"
"ရုံးတော်ခင်ဗျား၊ ဒါ သက်သက် သူ အခုမှပြင်ပြောတာပါ။ သူ ပထမပြောတုန်းက ဒီလိုမဟုတ်ပါဘူး"
"ရုံးတော်ရှင့်၊ ရှေ့ဖတ်စာရေးရဲ့ မှတ်တမ်းကိုကြည့်ရင် သိနိုင် ပါတယ်။ ကျွန်မ ဘုန်းကံမရှိတဲ့ ယောကျ်ားတွေကိုသာ ပြော တာပါ။ ယောကျ်ားအားလုံးကို သိမ်းကျုံးပြီး ဘယ်ပြောရဲ ပါ့မလဲရှင် ဟင်း ဟင်း ဟင်း"
တရားသူကြီးက လက်တစ်ဖက်မြှောက်သည်။
"ကဲကဲ- အကျိုးဆောင်အချင်းချင်း ငြင်းခုံနေစရာ မလိုဘူး။ ရုံးတော်က မှတ်တမ်းတင်ထားပါတယ်။ ကဲ- တရားလိုဘက် က မေးစရာရှိသေးလား"
"မရှိတော့ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"တရားခံဘက်ကကော"

"မရှိပါဘူးခင်ဗျာ"

"ကောင်းပြီ၊ဒါဆို ရုံးတော်ကို လာမယ့်အပတ် ကြာသပတေးနေ့အထိ ရွှေ့ဆိုင်းလိုက်တယ်"

တရားသူကြီး တရားခွင်ပေါ်က ဆင်းသွားသည်။ တရားလို၊ တရားခံ နှစ်ဖက်အကျိုးဆောင်များနှင့် ပရိသတ်များ မတ်တတ်ထ၍ အရိုအသေပြုကြသည်။

ထိုအမှုအပြီးတွင် တရားခံ မောင်မြကြိုင်အား ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်တစ်နှစ်နှင့် ဒဏ်ငွေ (၅၀၀/-) ချမှတ်ခဲ့သည်။

* * *

စိုးမမျိုး လိုက်ပါဆောင်ရွက်ခဲ့ရသော တောင်ဥက္ကလာပမြို့နယ်တရားရုံးက အမှုတစ်ခုမှာကား ဥပဒေအကြောင်းခြင်းရာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်တွေ့ရှိခဲ့ရသည့်အပြင် စိုးမမျိုးကိုယ်တိုင် အပါအဝင် အမျိုးသမီးများအတွက် အထူး သင်ခန်းစာယူဖွယ်ဖြစ်ခဲ့ရလေသည်။

အမှုမှာ ဒေါက်တာစိုးညွန့် ဆိုသူက လက်ရှိ တရားဝင်ဇနီးရှိလျက်နှင့် လုပ်ငန်းလုပ်ပိုင်ခွင့်ပြုလူလွတ်တာဟန်ဆောင်ကာ မတင်ရီဆိုသူကို ပဲခူးတရားရုံးမှာ လက်ထပ်မင်္ဂလာပြုခဲ့သည်။ ထိုသို့ လက်ထပ်စဉ် ဒေါက်တာစိုးညွန့်က သူကိုယ်သူ ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ကြောင်း လက်ထပ်မင်္ဂလာပြုချက်တွင် ထည့်သွင်းကြေညာခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်မှာ အိမ်ငှားနေသောအခါမှ ဒေါက်တာစိုးညွန့်တွင် မယားကြီးရှိကြောင်း ကြားသိရတော့သည်။

ထိုအချိန်တွင် မတင်ရီ၌ (၁၁)လသား ယောကျ်ားကလေးတစ်ယောက် ရရှိနေပြီဖြစ်သော်လည်း ဒေါက်တာစိုးညွန့်သည် ၎င်းအပြင် နောက်ထပ်မိန်းမများ ထပ်ယူခဲ့သေးသည်ကို ကြားသိရသဖြင့် မပေါင်းသင်းနိုင်တော့၍ ကွာရှင်းပေးပါရန် လျှောက်ထားခဲ့သောအမှု ဖြစ်သည်။

ယင်းအမှုကို တောင်ဥက္ကလာပမြို့နယ် တရားရုံးက ရာဇသတ်ကြီးဥပဒေ ပုဒ်မ (၄၉၅)အရ လက်ခံစစ်ဆေးခဲ့ရာ စိုးမမျိုးက နစ်နာသူအမျိုးသမီး မတင်ရီ၏ အကျိုးဆောင်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ရသည်။

ရာဇသတ်ကြီးပုဒ်မ (၄၉၅) အရ ယောကျ်ားတစ်ဦးသည် မယားအသက်ရှင်လျက်ရှိခြင်းဖြစ်၍ နောက်ထပ် အိမ်ထောင်ပြုခြင်းသည် အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ် ထိမ်းမြားသူအား



www.burmeseclassic.com

www.burmeseclassic.com



အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်လျှင် ပြစ်မှုကျူးလွန်သူအား ထောင်ဒဏ် ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထား၏။

စိုးမမမျိုးသည် ပင်ကိုကပင် တော်ရုံယောကျ်ားအပေါ်၌ ယုံကြည်မှု မရှိတတ်သူဖြစ်ပေရာ ယခုအမှုကဲ့သို့ မိန်းကလေးများကို လိမ်ညာလှည့်ဖြား၍ တစ်ယောက်ပြီးတစ်ယောက် ခြေ[illegible]တင်ပြီး ဖျက်ဆီးပစ်နေသူ ယောကျ်ားတစ်ဦးအား အထင်ကရ တွေ့ရသောအခါ ယောကျ်ားများအပေါ် မုန်းတီးရွံရှာသည့်စိတ်ပင် တဖွားဖွား ပေါ်ပေါက်ခဲ့ရ၏။

ယင်းကဲ့သို့ စိုးမမမျိုး၏ မူလ အခြေခံစိတ်ဓာတ်နှင့် မိမိအမှုသည် မတင်ရီအတွက် အနိုင်ရလိုသော ရှေ့နေစိတ်ဓာတ်တို့ ပေါင်းစပ်၍ ပြန်လှန်မေးခွန်းများဖြင့် တိုက်စစ်ဆင်လိုက်ခါမှ အနာပေါ် တုတ်ကျသကဲ့သို့ နာသာခံခက် အမျက်ထွက်ခဲ့ရပုံများကား-

"ဒေါက်တာ့မှာ အရင်အိမ်ထောင်ရှိလျက်နဲ့ ထိမ်ချန်ပြီး မတင်ရီကို ဘာလို့ ထပ်ယူခဲ့တာလဲ"

ဒေါက်တာစိုးညွန့်က မထေ့တထေ့ ပြုံးလိုက်သည်။

"ဒါ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စပါ ရှေ့နေကြီး"

"ရှင် နမချင်းစာနာဖို့ ကောင်းပါတယ်။ ရှင့်မှာ နမ မရှိဘူးလား"

ဒေါက်တာ စိုးညွန့်က ခေါင်းခါပြသည်။

"ကျွန်တော်က တစ်ဦးတည်းသောသားလေ"

"ဪ- ဒါဖြင့် ရှင့်မှာ အမေတော့ရှိမှာပေါ့"

ဒေါက်တာစိုးညွန့်က လက်တစ်ဖက်မြှောက်ပြသည်။

"ရှေ့နေကြီးမှာလည်း အမေရှိတာပါပဲ။ ကျွန်တော်တို့ ဒီအမှုကိစ္စမှာ အမေတွေ ဆွဲမထည့်ရင် ကောင်းမယ်ထင်တယ်ဗျ"

စိုးမမမျိုး နှုတ်ဆွံ့ကာ မျက်လုံးများပင် ဝိုင်းသွားမိသည်။ တော်တော်လာတဲ့ ငနဲပါလား။ ဒီလို အမှုကိစ္စမျိုး ဘယ်နှကြိမ် ကြုံခဲ့ပြီမသိ။ တရားရုံးအတွေ့အကြုံ အတော် ရင့်ကျက်နေပုံရ၏။

"ထားပါတော့ရှင်၊ ဒေါက်တာ့အနေနဲ့ အရင်အိမ်ထောင်ရှိနေပေမယ့် ကျွန်မအမှုသည် မတင်ရီကို တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီးပြီပဲ။ အဲဒါတောင် ဘာလို့ နောက်ထပ် မိန်းမတွေ ထပ်ယူခဲ့ရသေးတာလဲ"

ဒေါက်တာစိုးညွန့်က နှုတ်ခမ်းရွဲ့၍ ပြုံးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုန ဖြေခဲ့ပြီးပါပကောလားဗျာ၊ ဒါ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါလို့"

စိုးမမမျိုး၏ဒေါသ နားထင်သို့ ဆောင့်တက်လာသည်။

"ကောင်းပြီ၊ ရှင် ဒီလိုပုံစံမျိုးဖြေနေလို့ မရဘူး။ ရှင့်ကိုယ်ရေးကိုယ်တာဆိုတာကို ရုံးတော်က နားလည်အောင် ရှင်းပြစမ်းပါ"

ဒေါက်တာစိုးညွန့်က မကျေနပ်သောမျက်နှာဖြင့် တရားသူကြီးအား လှမ်းကြည့်သည်။ တရားသူကြီး၏ တောက်ပြောင်စူးရှသော မျက်လုံးအကြည့်ကြောင့် ကြမ်းပြင်ဆီသို့ ပြောင်းကြည့်မိသည်။ ခဏနေမှ စိုးမမမျိုးအား မျက်လုံးလှန်ကြည့်၍ ဖြေသည်။

"ကျွန်တော် မတင်ရီနဲ့ လက်ထပ်မင်္ဂလာပြုလွှာမှာ ကျွန်တော်ဟာ မြန်မာ ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်တယ်လို့ အတိအလင်း ကြေညာခဲ့တာပဲဗျာ"

စိုးမမမျိုးက နားမလည်ဟန် မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ရှင် ဘာကိုဆိုတာလဲ"

ဒေါက်တာစိုးညွန့်က ခပ်ယဲ့ယဲ့ပြုံးသည်။

"ကျွန်တော့်လို ဗုဒ္ဓဘာသာ မြန်မာတစ်ယောက်အနေနဲ့ နောက်ထပ် တရားဝင်အိမ်ထောင်ပြုခွင့်ရှိတယ်မဟုတ်လား"

အလို- စိုးမမမျိုး၏နှုတ်ခမ်းများ ဝလုံးသဏ္ဍာန်ဝိုင်းစက်သွားသည်။

"ဩော်ဟော် . . . တယ်ဟုတ်ပါလား၊ ဒါကြောင့် ဥပဒေကို အကာအကွယ်ယူပြီး မယားငယ်တွေ တစ်ယောက်ပြီးတစ်ယောက် ယူနေတာကိုးရှင့်"

ဒေါက်တာစိုးညွန့်က လက်ကာပြသည်။

"ဒီမှာ ရှေ့နေကြီး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ မယားငယ်ဆိုတာ မရှိဘူးလေ။ နောက်အိမ်ထောင်ကို မယားပြိုင်ဒါမှမဟုတ် ဒုတိယမယား၊ တတိယမယား၊ စတုတ္ထမယား ဆိုပြီး ခေါ်ဝေါ်ရမယ်လို့ ဥပဒေအရ တရားဝင်ပြဋ္ဌာန်းထားတယ်မဟုတ်လား"

ကြည့်စမ်း၊ တကယ့်လူ။ မိကျောင်းသားထက် ဆိုးမည့်ငနဲ။ ရှေ့နေထက်တောင် လျှာတစ်တောင်လောက် ရှည်ထွက်နေပါလေ့

"အို-ရှင်က မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ခြေတော်တင်တဲ့ ပညာမှာတင် ကျွမ်းကျင်ရုံမက တရားဥပ



www.burmeseclassic.com

www.burmeseclassic.com



ဒေကိုပါ အရှုပ်ဆိုး အကျည်းတန်အောင် ဖျက်ဆီးနေတဲ့ သတ္တဝါပါလား"

ထိုစဉ် တရားခံရှေ့နေကြီး ရုတ်တရက် ထရပ်လိုက်သည်။

"ရုံးတော်ခင်ဗျား၊ တရားလိုရှေ့နေကြီးဟာ ကျွန်တော့်အမှုသည်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်အောင် သိမ်ဖျင်းတဲ့စကားလုံးတွေ သုံးနှုန်းနေပါတယ်၊ တားမြစ်ပေးပါ ခင်ဗျား"

စိုးမမျိုး မျက်နှာနီရဲသွားကာ တရားခံရှေ့နေအား ဆတ်ခနဲ လှည့်ကြည့်သည်။

"ဘာရှင့်၊ ဂုဏ်သိက္ခာ ဟုတ်လား။ ဒီလိုလူမျိုးမှာ ဂုဏ်သိက္ခာဆိုတာ ရှိသေးလို့လား၊ ရှေ့နေကြီးပဲ စဉ်းစားကြည့်စမ်းပါဦး။ မရှိတော့တဲ့ ဂုဏ်သိက္ခာကို ကျွန်မက ဘယ့်နှယ်လုပ် ချလို့ရမှာတုံး၊ ကြံကြံဖန်ဖန်ရှင်။ ပြီးတော့ ရှေ့နေကြီး ကြားတဲ့မြင်တဲ့အတိုင်းပဲ၊ ရှင့်တရားခံ ပြောနေဆိုနေပုံက ရုံးတော်ကို မထီမဲ့မြင်ပြုမှုနဲ့ တရားစွဲလို့ ရနေပြီရှင့်၊ နားလည်ရဲ့လား"

ထိုစဉ်-

"ဒုန်း. . . ဒုန်း"

တရားသူကြီးက သူ၏ လက်ကိုင်ဘုနှင့် စားပွဲကို နှစ်ချက်ဆင့် ထုလိုက်သည်။

"ဒါ တရားခွင်၊ ခင်ဗျားတို့ စကားနိုင်လုတဲ့နေရာ မဟုတ်ဘူး။ မေးစရာမရှိတော့ရင် ရုံးချိန်းပေးလိုက်မယ်"

တရားသူကြီးက ရုံးချိန်းပေးကာ တရားခွင်ပေါ်က မကျေမနပ်နှင့် ဆင်းသွားသည်။

အဆိုပါအမှုအား နောက်ဆုံး၌ မြို့နယ်တရားရုံးက ဒေါက်တာ စိုးညွန့်အပေါ် ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့ရာ ဒေါက်တာစိုးညွန့်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံတက်ခဲ့သည်။ ရန်ကုန်တိုင်းတရားရုံးက မူလ အောက်ရုံးအမိန့်အတိုင်းပင် အတည်ပြုခဲ့သဖြင့် ဒေါက်တာစိုးညွန့်က လက်မလျှော့ဘဲ တရားရုံးချုပ်အထိ ပြင်ဆင်မှု လျှောက်ထားခဲ့သည်။

တရားရုံးချုပ်က ထိုအမှုကို သုံးသပ်ရာတွင် ဒေါက်တာစိုးညွန့်သည် မယားကြီးရှိစေကာမူ မြန်မာဗုဒ္ဓဘာသာဖြစ်သည့်အလျောက် နောက်ထပ် တရားဝင်အိမ်ထောင်ပြုနိုင်ကြောင်း၊ မတင်နွဲ့သည် တရားဝင်ဇနီးအဖြစ်သို့ ရောက်ရှိပြီးသူဖြစ်ကြောင်း ယူဆနိုင်မည်ဖြစ်၍ ဒေါက်တာ စိုးညွန့်သည် ရာဇသတ်ကြီးပုဒ်မ (၄၉၅) ပြဋ္ဌာန်းချက်ပါ ပြစ်မှုမျိုးကျူးလွန်နိုင်မည်မဟုတ်၍ မှုခင်းရုံးနှင့်အယူ



www.burmeseclassic.com

www.burmeseclassic.com



ရုံးတို့မှ ချမှတ်သောအမိန့်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး ဒေါက်တာစိုးညွန့်အား အမှုမှ တရားသေလွှတ်လိုက်ကြောင်း တွေ့ရှိရသည်။

ဤနေရာ၌ အမှုမှန်ဖြစ်ပါလျက် ဒေါက်တာစိုးညွန့် အဘယ်ကြောင့် တရားသေလွှတ်သွားရသည်ကို စဉ်းစားရပေမည်။

ရာဇသတ်ကြီးပုဒ်မ (၄၉၅) အဓိပ္ပာယ် ဖွင့်ချက်ချက်တွင်-

'နောက်ထပ် အိမ်ထောင်ပြုခြင်း အတည်မဖြစ်သော ကိစ္စမျိုး၌' ဆိုသော စကားရပ်ပါရှိနေရာ ထိုစကားရပ်အရ နောက်ထပ်တရားဝင်အိမ်ထောင်ပြုခြင်းကို အတည်မဖြစ် ခွင့်မပြုသော ခရစ်ယာန်ဘာသာဝင်များနှင့်သာ သက်ဆိုင်နေပေသည်။ မယားကြီးရှိလျက်နှင့် နောက်ထပ် တရားဝင်အိမ်ထောင်ပြုနိုင်ခွင့်ရှိသော မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် ဤပုဒ်မ (၄၉၅) ကို ကျူးလွန်ရောက်ခြင်းကြောင့် ဒေါက်တာစိုးညွန့် တရားသေလွှတ်သွားရခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဤအမှုသည် အယုံလွယ်၊ အညာလွယ်သော မိန်းမလေးများအတွက် ဘဝသင်ခန်းစာ အထူးယူတတ်ကြစေရန် မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်ဟု စိုးမမမျိုးတစ်ယောက် အပြည့်အဝ ခံယူခဲ့လေသည်။

စိုးမမမျိုးသည် ထိုရက်ပိုင်းအတွင်း ကိုယ်တိုင်ဆောင်ရွက်မှဖြစ်မည့် အမှုရုံးချိန်းများ စုပြုံကျ၍ အလုပ်ပိနေသဖြင့် ဦးခင်မောင်ညွန့်ထံမှ ရလာခဲ့သော ငွေကြုတ်ကလေးပါ မနှာဆေးတောင့်ဖြင့် အဓိဋ္ဌာန်ဝင်ခြင်းကို လည်းကောင်း၊ ထပ်မံ ရှာပုံတော်ဖွင့်ရဦးမည့် မသေဆေးတောင့်ကိစ္စကို လည်းကောင်း တဒင်္ဂအားဖြင့် မေ့မေ့ပျောက်ပျောက်ပင် မေ့နေခဲ့၏။

တစ်နေ့ ညစဉ် ဝတ်ပြုနေကျအတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်ကာ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး အိပ်ပျော်သွားစဉ် အလွန် ထူးဆန်းသော အိပ်မက်တစ်ခုကြောင့် လန့်နိုးခဲ့ရသည်။

အိပ်မက်ထဲ၌ ကိုယ်ထည်ကြီးမားသော ငှက်ကြီးတစ်အုပ် မိမိထံ ပျံဝဲလာနေသည်ကို တွေ့ရ၏။ ထိုငှက်များ၏ နှုတ်သီးတို့မှာ ငှက်ကြီးဝန်ပိုကဲ့သို့ဖြစ်သော်လည်း မရှည်လှဘဲ ခပ်ကောက်ကောက် နှစ်ထပ်ဖြစ်နေကာ နှုတ်သီးပေါ်တွင် နှာရောင်ခပ်ပြားပြားတစ်ခု ပါလျက် ရှိသည်။ ကိုယ်ခန္ဓာကြီးမားကာ အမြီးရှည်ကြီးများပါ၍ အမြီးများမှာ ဥဒေါင်းကဲ့သို့ ဖြန့်ကားနိုင်ကြောင်း တွေ့ရ၏။

မည်သည့်ငှက်များဟု ရုတ်တရက် စဉ်းစား၍ မရခဲ့။

ထိုငှက်အုပ်ထဲမှ ငှက်ကြီးတစ်ကောင်သည် သူမထံသို့ ဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ထိုးစိုက်ပြီး သူမ၏လက်နှစ်ဖက်ကို ခြေသည်းများဖြင့် ကုတ်ခြ
သွားရာ သူမမှာ လေထဲသို့ တန်းလန်းလွင့်၍ ပါသွားသည်။ ငှက်
အုပ်ကြီးသည် သူမအား မိုင်ပေါင်းများစွာ အမြန်သုတ်ချီသွားပြီး
တောင်ခိုးများ တလိပ်လိပ်ဝေနေကာ တောင်ခြေ၌ မြူခိုးတိမ်မှုင်
အုံ့ဆိုင်းမှုန်နေသော နေရာတစ်ခုအရောက်တွင် ငှက်အုပ်ကြီးက
ခပ်နိမ့်နိမ့် ဝဲပျံလာကြပြီး သူမအား လွှတ်ချလိုက်လေသည်။

"အား"

စိုးမမမျိုး၏ အလန့်တကြား အော်ဟစ်လိုက်သံကြောင့် သူ့
ဘေးက အိပ်နေသော ကြီးမေပင် လန့်နိုးသွားသည်။ ကြီးမေက
လှုပ်နှိုးလိုက်မှ လန့်နိုးသွားကာ အိပ်မက်မက်နေမှန်း သိတော့သည်။
ကြီးမေက ရေမန်းတစ်ခွက်တိုက်ပြီးနောက် အိပ်မက်အကြောင်းကို
မေး၏။ သူမက ငှက်အုပ်ကြီးချီသွားပြီး လွှတ်ချလိုက်၍ အော်မိပုံကို
ပြောပြသည်။ ကြီးမေက အတန်ကြာစဉ်းစားပြီး မှတ်ချက်ပြုသည်။

"အင်း. . . ငါ့တူမကြီးတော့ အလွန်ဝေးလံတဲ့ ခရီးရှည်ကြီး
တစ်ခု သွားရလိမ့်မယ်ထင်ပါရဲ့ကွယ်"

စိုးမမမျိုးသည် မျက်လုံးများကြောင်ကာ ရုတ်တရက် ပြန်
အိပ်မပျော်နိုင် ဖြစ်သွားသည်။ ထို့ကြောင့် အိပ်ရာမှထကာ ဘုရား
ကျောင်းဆောင်အောက်ဘက် အံဆွဲထဲတွင် သော့ခတ်သိမ်းထား
သော ယွန်းဘူးကို ထုတ်ယူလိုက်သည်။ ယွန်းဘူးထဲက ကြေးညိုပြား
ကို မီးရောင်အောက်တွင် ထောင်ကြည့်လိုက်သည်။

ကြေးညိုပြားပေါ်တွင် ရေးထွင်းထားသော စာလုံးများမှာ
ရှေးရိုးဆန်လှသော အဆွဲအငင် အတွန့်အကွေးများ ဖြစ်သည့်အ
ပြင် စာလုံးများကလည်း သေးငယ်လွန်းလှသည်။ အချိန်ကာလ
အားဖြင့်လည်း နှစ်ပေါင်းများစွာ လက်ဆင့်ကမ်း ဖြတ်သန်းလာခဲ့ပြီး
ဖြစ်၍ အချို့စာလုံးများကို ပြတ်ပြတ်သားသား မမြင်ရတော့ပေ။

စိုးမမမျိုးက ကြေးညိုပြားကို မီးရောင်နှင့် ပို၍ နီးကပ်
အောင် တိုးကပ်ကြည့်သည်။

ရွာစားကြီး ဦးသူတော်၏ သားသုံးယောက်စာရင်း။ ထိုသား
သုံးယောက်မှ ထပ်မံ ပေါက်ဖွားလာသော မြေးများမှ မြစ်များအထိ
အမည်နာမ နေရပ်လိပ်စာများကို စနစ်တကျ ရေးထိုးထားသည်ကို
တွေ့ရ၏။

စိုးမမမျိုး၏ ဘိုးဘိုးမှာ ဦးသူတော်၏ မြစ်ဖြစ်ပြီး မိအိုဆေး
တောင့်ကို လက်ဆင့်ကမ်းယူလာသူ ဖြစ်၏။ ဒုတိယမြစ်ဖြစ်သော
ဒေါ်ဉာဏစာရီခေါ် ဒေါ်ငြိမ်းရှင်သည်လည်း မိအိုဆေးတောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်လေးဆက် တိုင်အောင် ထိန်းသိမ်းထားနိုင်ခဲ့သူ ဖြစ်၏။

စိုးမမမျိုးက တတိယမြစ်တော်သူ မသေဆေးတောင့်ကို လက်ဆင့်ကမ်း သယ်ဆောင်လာသူ၏ စာရင်းကို ကြည့်လိုက်သည်။

"ဟာ"

စိုးမမမျိုး၏နှုတ်မှ အာမေဍိတ်သံ ထွက်ကျသွားသည်။ တတိယ မြစ်ဖြစ်သူ၏ နေရပ်လိပ်စာကား ကြီးမေ မှန်းဆလိုက်သကဲ့သို့ အလွန် ဝေးလံသီခေါင်လှပါတကား။

ကြေးညိုပြားပေါ်က လိပ်စာမှာ-

"ဒေါ်သူဇာရွှေ

လောင်ဗန်းရပ်ကွက်၊ မတူပီမြို့၊ ချင်းပြည်နယ်တောင်ပိုင်း"

■■■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

## အောက်ချင်းရင်အောက်ဥကပေါက်သည်

'သန်းကြွယ်' အမည်ရှိ ရန်ကုန်-ပခုက္ကူ အမြန် ဟီးနိုးကား ကြီး အုင်းစိန်စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်မှ စတင်ထွက် ချိန်တွင် နံနက် (၈း၁၅)နာရီ ရှိနေလေပြီ။ စိုးမမမျိုးနှင့် ကိုကျော် ယျတို့မှာ ကား၏ရှေ့ပိုင်း ခုံနံပါတ် (၅)နှင့် (၆)တို့တွင် လိုက်ပါ ကြသည်။

ဆောင်းဦးပေါက် တန်ဆောင်မုန်းလဖြစ်၍ ကားထွက်သ နှင့် အတားအဆီးမဲ့ မိမိမျက်နှာဆီသို့ ပြေးဝင်လာသော အေး သည့် လေနုအေးကြောင့် စိုးမမမျိုးက သူမ၏နံဘေးမှ မှန်တံခါး ဆွဲပိတ်လိုက်မိသည်။ သဘာဝလေ အပြည့်အဝ ရှူရှိုက်ခွင့်ရသော ခရီးရှည်ထွက်လာရသည်ကိုတော့ စိုးမမမျိုး နှစ်ခြိုက်မိသလို ခံ ရသည်။ နိစ္စဓူဝ အမှုတွဲများ၊ ငြင်းခုံသံများ၊ အချုပ်ခန်းများ၊ ငိုရှိ သံနှင့် ဒေါသသံများ စသော အနိဋ္ဌာရုံများမှ ခေတ္တခဏ ကင်းလွ ခွင့်ရပြီး မိမိအဖို့ ထိုတာဝန်များမှ ကင်းဝေးသော နေရာစိမ်းစိ များဆီသို့ ခြေချဖူးတော့မည်ဖြစ်၍လည်း စိုးမမမျိုး၏ရင်ထဲ ပေ့ ရွှင်လန်းနေမိသည်။

ကြေးညိုပြားပေါ်မှ ဒေါ်သူဇာရွှေ ဆိုသူမှာ ရှာစားကြီး ဦး တော်၏ အငယ်ဆုံးသားမှ ဆင်းသက်လာသော တတိယမြစ်တေ သူ ဖြစ်၏။ သူမ၏လက်ထဲတွင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း သော ကြေးကြုတ်ကလေးဖြင့် ထည့်သွင်းထားသည့် မြသဲ တောင့် ရှိသည်ဆို၏။ အငယ်ဆုံးမြစ်ဖြစ်၍ ဘိုးဘိုးတို့ထက် အသ ငယ်မည်ဟု ယူဆရသော်လည်း အသက် (၇၀)နှစ်ထက်ေ

www.burmeseclassic.com



ငယ်လိမ့်မည်မထင်။

သူမ၏ဘိုးဘိုးမှာ မအိုဆေးတောင့် လက်ဝယ်ရှိခဲ့သည့်တိုင် အောင် အနာရောဂါနှင့် သေခြင်းတရားတို့မှ ရှောင်လွှဲ၍ မရနိုင်ခဲ့ ချေ။ ဒေါ်ဉာဏစာရီထံ၌လည်း မနာဆေးတောင့်ရှိခဲ့၍ အနာ ရောဂါဘယ ကင်းရှင်းနိုင်ခဲ့သော်လည်း အိုမင်းရင့်ရော်ခြင်းနှင့် သေခြင်းတရားတို့ကို မဟန့်တားနိုင်ခဲ့ပေ။

ယခု ဒေါ်သူဇာရွှေ၌ကား မသေဆေးတောင့် လက်ဝယ်ရှိ နေသူဖြစ်ရာ မည်မျှပင် အိုမင်းမစွမ်းဖြစ်၍ ရောဂါထူပြောနေစေ ကာမူ အသက်ကတော့ ရှည်မြဲနေဦးမည်ဟု ယူဆရသည်။ ထို့ ကြောင့်လည်း စိုးမမမျိုးအနေဖြင့် ဒေါ်သူဇာရွှေအား လူကိုယ်တိုင် တိုက်ရိုက်တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်နေမိသည်။

'သန်းကြွယ်' ဟီးနိုးကားကြီးသည် ရန်ကုန်-ပြည်လမ်းမကြီး အတိုင်း တစ်မြို့ဝင်တစ်မြို့ထွက်ဖြင့် အချိန်နှင့်တစ်ပြေးညီ မောင်း နှင်လာသည်။ ကားပေါ်တွင်ကား ခရီးသည်အများစုမှာ ငိုက်မျဉ်း၍ လိုက်ပါလာကြသည်။ ဤခရီးစဉ်ကို သွားလာနေကျ ကုန်သည်များ ဖြစ်ပေမည်။

ကားတစ်စီးလုံး ထိုင်ခုံများအောက်တွင် ငါးပိ၊ ငါးခြောက် အိတ်များဖြင့် ပြည့်ကျပ်နေသည်။ များသောအားဖြင့် မကွေး၊ ရေနံ ချောင်း စသော မြို့များသို့ သွားကြမည့်သူများ ဖြစ်၏။ ပခုက္ကူမှတစ် ဆင့် ချင်းပြည်နယ်သို့ ခရီးရှည်ဆက်မည့်သူမှာ မိမိတို့နှစ်ဦးသာ ဖြစ်ပေမည်။

"ကဲ- မမ၊ မင်းလှကိုရောက်ပြီတဲ့။ ထမင်းစားကြမယ်"

ကိုကျော်ဇေယျ၏အသံကြောင့် စိုးမမမျိုး နာရီကို မြှောက် ကြည့်မိသည်။ နေ့လယ် (၁၂း၃၀) နာရီ ရှိနေလေပြီ။

ကားအောက်ကိုဆင်း၍ ထမင်းဆိုင်နောက်ဘက်တွင် ကိုယ် လက်သုတ်သင်ကြပြီးနောက် ကြက်သားဟင်းဖြင့် ထမင်းမှာလိုက် ကြသည်။ ထမင်းဆိုင်မှာ အတော်အတန် ကျယ်ဝန်းပြီး ကားပေါ်ပါ ခရီးသည်များအားလုံး စားနိုင်လောက်သော နေရာထိုင်ခင်းများ စီစဉ်ပေးထားသည်။ ထိုဆိုင်အနီးတွင်လည်း အခြား ထမင်းဆိုင် နှစ်ဆိုင်၊ သုံးဆိုင်ခန့် ရှိနေသည်။ ထိုဆိုင်များတွင်ကား စားသုံးသူ မရှိသလောက် ဖြစ်၏။ မိမိတို့ 'သန်းကြွယ်' ဟီးနိုးကားကြီး ရပ်လိုက် သော ဤဆိုင်မှာသာ စားသုံးသူများဖြင့် စည်ကားနေသည်။

ထိုစဉ် ပြည်ဘက်မှလာသော ဟီးနိုးကားကြီးတစ်စီး နံဘေး ကဆိုင်တွင် ထိုးရပ်လိုက်၏။ စောစောက ချောက်တီးချောက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ထမင်းဆိုင်မှာ ချက်ချင်းလက်ငင်း စားသုံးသူများဖြင့် ပျားပန်းခပ်မျှ အသက်ဝင်လှုပ်ရှားသွားသည်။

ဩော်- သူ့ကားဆရာမိတ်နှင့် သူ့ ထမင်းဆိုင်အဆက်နှင့်ပေကိုး။ ကားဆရာအဖွဲ့အတွက် ထမင်းဝိုင်းကိုကား အထူးဟင်းလျာများဖြင့် အခမဲ့ကျွေးမွေးသည်ဟု သိရသည်။ အပြန်အလှန် ကျေးဇူးပြုကြသည်ပဲပေါ့။

"ကဲ- ခရီးသည်များ ကားပေါ်တက်ကြပါ"

မင်းလှထမင်းဆိုင်တွင် တစ်နာရီခန့် ရပ်နားပြီးနောက် ကားစပယ်ယာက လှမ်းဆော်လိုက်သည်။ ရန်ကုန်-ပခုက္ကူ ဟီးနိုးကားကြီးသည် ရန်ကုန်က ထွက်လာသည့်အရှိန်နှုန်းထက် မလျော့ဘဲ ပေါင်းတည်၊ ရွှေတောင်၊ ပြည်မြို့တို့တွင် ခေတ္တရပ်နား၍ ခရီးသည်များအတင်အချလုပ်ခဲ့ပြီးနောက် 'ပြလို့' အရောက်တွင် ညနေစာစားရန်ရပ်နားပြန်သည်။ ညနေ (၅း၃၀) နာရီခန့် ရှိပေပြီ။

ထိုထမင်းဆိုင်မှာလည်း မင်းလှကဆိုင်ထက် မသေးလှဘဲ ကားတစ်စီးစာ ခရီးသည်များအားလုံး တစ်ပြိုင်တည်း စားနိုင်လောက်အောင် ကျယ်ဝန်းသည်။

"ဒီမှာတော့ ဆိတ်ကလီစာ နာမည်ကြီးပဲတဲ့။ အဲဒါပဲ မှာလိုက်မယ်နော်"

ကိုကျော်ဇေယျက ပြောသည်။ စိုးမမမျိုးက ခေါင်းညိတ်ပြမိသည်။ ပထမဆိုင်နှင့် ဒုတိယဆိုင် ဟင်းအမည်ချင်းမတူသော်လည်း ချက်ပြုတ်ထားပုံ အရသာချင်းက သိပ်မထူးလှဟု စိုးမမမျိုး ထင်သည်။ သူမစိတ်ထဲတွင်ကား ပခုက္ကူ အမြန်ရောက်ရေးကိုသာ စိတ်စောနေမိသည်။

ထိုမှ မကွေး၊ ရေနံချောင်းတို့ကို ကျော်ဖြတ်ရပ်နားပြီးသည့်နောက် ကားသည် ဘယ်မှာမှမရပ်တော့ဘဲ တစ်ညလုံး မောင်းတော့သည်။ နောက်တစ်နေ့ နံနက် (၆း၃၀)နာရီတွင် ညောင်ဦးဆိပ်ကမ်းသို့ ရောက်သည်။ နံနက် (၇)နာရီတွင် ဇက်ဖြင့်ကူးပြီးနောက် ကျွန်းချောင်းစက်ရုံကို ဖြတ်ကျော်လာကာ နံနက် (၉း၄၅) နာရီခန့်တွင် ပခုက္ကူမြို့သို့ ရောက်၏။

ထိုမှတစ်ဆင့် မင်းတပ်သို့တက်မည့်ကားဂိတ်ကို စုံစမ်းကြရာ မြို့အထွက်နားတွင် တွေ့ရ၏။ မင်းတပ်ကားလက်မှတ် နှစ်စောင်ဖြတ်၍ ကြားစခန်းတည်းခို၍ ကားစောင့်ရသည်။ ပေါက်ခဲလွန်တွင် တာပေါင်ပျက်နေသဖြင့် ကားများ မထွက်နိုင်သေးဟု သိရ၏။ ကိုကျော်ဇေယျက ထွက်မည့်ကားအမျိုးအစားကို စုံစမ်းကြည့်ရာ

www.burmeseclassic.com



အတော် စိတ်ပျက်သွားမိသည်။

"ဒီကနေ့ မင်းတပ်ကို တက်မယ့်ကားတွေက သုံးတန်ကုန်တင်ကား ပက်လက်ကြီးတွေတဲ့။ နောက်က အမိုးအကာလည်းမပါဘူးတဲ့ မမရဲ့"

"တခြားကားမရှိဘူးတဲ့လား ကိုကျော်ဇေယျရဲ့"

"လိုင်းကားဆိုရင် ဒီမှာတော့ ဒီလိုကားတွေနဲ့ပဲ လူရောကုန်ပစ္စည်းတွေပါ အပြည့်အသိပ်တင်ပြီး ခရီးသွားကြတာတဲ့။ သီးသန့် ဂျစ်ကားတို့ဘာတို့ ငှားသွားဖို့ဆိုရင်လည်း ကုန်ကျစရိတ်က တအားများမှာတဲ့။ ပခုက္ကူနဲ့ မင်းတပ်က (၉၇)မိုင်တောင်ဝေးပြီး ကားလမ်းတွေကလည်း အရမ်းပျက်နေလို့ အပြင်ပုဂ္ဂလိကကားတွေကလည်း မလိုက်ချင်ကြဘူးတဲ့ မမ"

စိုးမမမျိုးက သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်။

"မမတို့နှစ်ယောက်ကတော့ ကားခေါင်းခန်းက လိုက်ရမှာမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆိုလည်း ဒီအတိုင်းပဲ လိုက်သွားကြတာပေါ့ရှင်၊ ဘယ်တတ်နိုင်မလဲ"

နောက်တစ်နေ့ နံနက်တွင် မင်းတပ်သို့သွားမည့် ပက်လက်ကုန်ကားတစ်စီး ကြားစခန်းသို့ ရောက်လာသည်။ တောင်ပေါ်သို့ပို့မည့် ကုန်ပစ္စည်းများ တင်လိုက်ကြသည်မှာ ကားတစ်စီးလုံး ခြေချစရာပင် မရှိတော့ပေ။ ခရီးသည်များမှာ ထိုကုန်များအပေါ်တွင် ထိုင်၍လိုက်ကြမည် ဖြစ်၏။

စိုးမမမျိုးနှင့် ကိုကျော်ဇေယျတို့ ကားခေါင်းခန်းထဲတွင် နေရာယူလိုက်သည်။ စိုးမမမျိုး၏မျက်နှာက မကောင်းလှ။ ညက ဘုရားရှိခိုးစဉ်က ခါတိုင်းကဲ့သို့ စိတ်ပေါ့ပေါ့ပါးပါး မရှိ။ ခပ်လေးလေး ဖြစ်နေသည်။ မိမိ ခရီးပန်းလာ၍ ဖြစ်မည်ပင် သဘောထားလိုက်မိသည်။ စိတ်ထဲကတော့ တထင့်ထင့်၊ တစ်ခုခုများ ဖြစ်လေမလား။

ထင်သည့်အတိုင်းပင်။ စိုးမမမျိုးတို့ တွေးလိုက်လျှင် လွဲခဲ့သည်။

နေ့လယ် (၁၂:၃၀)နာရီခန့် ပခုက္ကူကြားစခန်းက ထွက်လာသော သုံးတန်ကားကြီးသည် နေ့လယ် (၁:၃၀)နာရီ မိုင်တိုင် (၁၆/၃) ကမ္ဘာရွာ ကုန်းမြင့်တစ်ခုသို့ အတက်တွင် ကုန်နှင့်လူအလေးချိန်ကို မနိုင်တော့ဘဲ လက်ဝဲဘက်သို့စောင်း၍ တိမ်းမှောက်ပါလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကားခေါင်းခန်း၏ညာဘက်တွင် ယာဉ်မောင်းရှိ၍ စိုးမမမျိုးက ဘယ်ဘက်ဘေးတွင် နေရာယူကာ ကိုကျော်ဇေယျက အလယ်က ဖြစ်၏။ ကားမှာ လက်ဝဲဘက်သို့ ရုတ်တရက် တိမ်းမှောက်၍ တုံးလုံးလဲခြင်းဖြစ်ရာ ယာဉ်မောင်း၏ ခန္ဓာကိုယ်က ကိုကျော်ဇေယျ အပေါ်ပိကျလာပြီး ကိုကျော်ဇေယျမှာလည်း စိုးမမမျိုး၏ခန္ဓာကိုယ်ပေါ်သို့ ဘေးတိုက် ဖိကျသွားမိသည်။

စိုးမမမျိုးမှာ အရပ်အမောင်းကောင်း၍ ကိုယ်လုံးကိုယ်ထည် အတော်အသင့် တောင့်တင်းကြံ့ခိုင်သူ ဖြစ်သော်လည်း ယောကျ်ား သားနှစ်ဦး၏ ခန္ဓာကိုယ်အလေးချိန်ဖြင့် ရုတ်တရက် ဆောင့်ကျလာသောဒဏ်ကြောင့် သူမ၏လက်ဝဲဘက် လက်မောင်းမှာ ကားတံခါးပေါင်ပေါ်တွင် ဖိညှပ်ခံလိုက်ရရာ လက်ပြင်တစ်ခုလုံး ကျဉ်ခနဲခံစားမိလိုက်သည်။

ကားမှာ ဘယ်ဘက်သို့ တစောင်းတုံးလုံးလဲနေပြီး ကားရှေ့မှန်ကြီးတစ်ခုလုံး ကွဲအက်ကြေမွသွားသည်။ ယာဉ်မောင်းလုပ်သူက ချက်ချင်းသတိရကာ ထိုမှန်မရှိတော့ဘဲ တံခါးပေါက်သဖွယ် ထောင်နေသော ရှေ့မှန်ပေါက်က ထွက်သွားသည်။ ယာဉ်မောင်း၏ နဖူးပြင်၌ကား သွေးသံရဲရဲ တွေ့လိုက်ရ၏။

ကိုကျော်ဇေယျကလည်း ထ၍ ထိုမှန်မရှိတော့သော အပေါက်က လှမ်းထွက်လိုက်ကာ ဘယ်လက်တံခါးပေါင်နားတွင် ကပ်လျက် ငြိမ်နေသော စိုးမမမျိုးအား လှမ်းမေးလိုက်သည်။ ကိုကျော်ဇေယျ၏ ညာဘက်နားထင်တွင် သွေးစအနည်းငယ် မြင်ရ၏။

"မမ ဘာဖြစ်သွားသေးလဲဟင်"

စိုးမမမျိုးက ဘာမှမပြောဘဲနှင့် သူ့လက်ကိုင်အိတ်ကိုသာ ကိုကျော်ဇေယျထံ လှမ်းပေးသည်။ ပြီးမှ အသာထရပ်ကာ မှန်ပေါက်ကထွက်ရန် ပြင်သည်။ ကိုကျော်ဇေယျက လက်ကမ်းပေးလိုက်သဖြင့် တဖြည်းဖြည်း အပြင်ဘက်သို့ ထွက်လာနိုင်သည်။ သို့သော် စိုးမမမျိုးက လက်နှစ်ဖက်ဖြင့် ဘယ်ဘက်ရင်အုံပေါ်သို့ ဖိကပ်ထားသည်။ ကိုကျော်ဇေယျက စိုးရိမ်တကြီး မေးသည်။

"မမ ဘယ်လိုနေသေးလဲ၊ သိပ်နာနေသလား"

စိုးမမမျိုးက အပေါ်နှုတ်ခမ်းများကို အောက်သွားများဖြင့် ခပ်တင်းတင်း ဖိကိုက်ရင်း အသက်ကို မှျဉ်းမှျဉ်းရှူကြည့်သည်။ အသက်ရှူလိုက်တိုင်း ရင်ဘတ်က အောင့်လာသည်။ လူနှစ်ယောက်မိမိအပေါ် ပြုတ်ကျလာသည့်ဒဏ်ကြောင့်လား သို့မဟုတ်. . .။

www.burmeseclassic.com



"ကဲ- ဒီက ဒဏ်ရာရတဲ့ခရီးသည်တွေ ကျွန်တော်တို့နဲ့ ဆေးရုံကို လိုက်ခဲ့ကြပါ"

ရဲအရာရှိတစ်ဦးနှင့် တာဝန်ရှိသူများက ဒဏ်ရာရသူများကို မလှမ်းမကမ်းရှိ ကမ္မတိုက်နယ်ဆေးရုံသို့ ခေါ်သွားသည်။ လူ (၂၀) ခန့် ရှိမည်။ ကားနှင့်ပါလာသော ခရီးသည်တစ်ဝက်မျှ ဆေးရုံတွင် ပြသစစ်ဆေးရသည်။ ကိုကျော်ဇေယျ၏ခေါင်းကဒဏ်ရာမှာ မပြောပလောက်၍ ဆေးထည့်ပြီး ပလာစတာကပ်လိုက်သည်နှင့် ပြီးသွားသည်။

စိုးမမမျိုးကိုကား ရင်ဘတ်က အောင့်သည်ဆို၍ ဆရာဝန်မတစ်ဦးက အတွင်းခန်းထဲခေါ်ကာ စစ်ဆေးစမ်းသပ်ကြည့်သည်။

"ကျွန်မစိတ်ထင်တော့ ရုတ်တရက် ထိခိုက်မိလို့ အရှိန်နဲ့ အောင့်နေတာပါ။ ဒါပေမယ့် စိတ်ချရအောင် ပခုက္ကူဆေးရုံမှာ ဆက်ပြပါ။ ကျွန်မ စာရေးပေးလိုက်မယ်"

ထို့ကြောင့် ကားကြုံဖြင့် ပခုက္ကူသို့ပြန်လိုက်သွားကာ ပခုက္ကူဆေးရုံကြီးတွင် ဆက်ပြရ၏။

"အင်း. . . ဒေါ်စိုးမမမျိုးက ဆေးရုံတက်ပြီး ကုသခံရင် ပိုကောင်းလိမ့်မယ်ဗျာ"

ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာရဲလွင်က စိုးမမမျိုးအား စစ်ဆေးအပြီးတွင် ပြောလိုက်သည်။

"ဟုတ်လား ဆရာ၊ ကျွန်မတို့က ရန်ကုန်က လာတာပါ။ မင်းတပ်-မတူပီထိအောင် အရေးကြီးကိစ္စတစ်ခုနဲ့ခရီးဆက်ရဦးမှာမို့လို့ပါ။ ဖြစ်နိုင်ရင်တော့ ကျွန်မ ဆေးရုံမတက်ချင်ဘူး ဆရာ"

ဒေါက်တာရဲလွင်က ခဏစဉ်းစားသည်။

"ဒါဖြင့် ဒီလိုလုပ်ပါ၊ မိမိသဘောအလျောက် ဆေးရုံမတက်တာပါလို့တော့ လက်မှတ်ထိုးပေးရမယ်နော်"

"ဟုတ်ကဲ့၊ ထိုးပေးပါ့မယ်"

"ကောင်းပြီ၊ ဆေးရုံဘေးမှာ ဇီဝကဆိုတဲ့ ဆေးခန်းတစ်ခုရှိတယ်။ အဲဒီမှာ ချက်ချင်း ဓာတ်မှန်သွားရိုက်ပြီး ကျွန်တော့်ကို လာပြပါ"

စိုးမမမျိုးတို့ ထိုဇီဝကဆေးခန်းတွင် ဓာတ်မှန်သွားရိုက်သည်။ တစ်နာရီအတွင်း ရသည်။ ဓာတ်မှန်ကို ဒေါက်တာရဲလွင်ထံ ပြန်ပြသည်။

"အင်း. . . ကြည့်ရတာ အရိုးတွေဘာတွေ ဘာမှ မဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။ ဒါပေမယ့် ဒေါက်တာခင်မောင်လေးနဲ့ တွေ့လိုက်ပါဦး"

ဒေါက်တာရဲလွင်က နပ်(စ်)မတစ်ဦးအား ဒေါက်တာခင်မောင်လေးထံ ပို့ခိုင်းလိုက်သည်။ ဒေါက်တာခင်မောင်လေးမှာ အရိုးအကြောအထူးကု ဆရာဝန်ကြီး ဖြစ်သည်။

"ခင်ဗျား ခါတ်မှန်အရ အရိုးထိခိုက်မှုတော့ မတွေ့ရဘူး။ ဆေးစားပြီး လေ့ကျင့်ခန်းလုပ်သွားရင် တဖြည်းဖြည်းချင်း ပျောက်သွားပါလိမ့်မယ်"

ဒေါက်တာခင်မောင်လေးက စမ်းသပ်စစ်ဆေးပြီး ဆေးစာရေးပေးလိုက်သည်။

"တော်သေးတာပေါ့ မမရယ်၊ တစ်ခုခုဖြစ်လို့ ဆေးရုံတက်ရရင် ဒုက္ခနော်။ ကဲ- ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ မမ ဒီဒဏ်ရာကြီးနဲ့တော့ ခရီးဆက်လို့ မဖြစ်လောက်ဘူး။ ခရီးက ဝေးတယ်၊ ကြမ်းလည်း ကြမ်းတယ်။ မမ ခံနိုင်မှာ မဟုတ်ဘူးနော်"

စိုးမမမျိုးက ပြောသည်။

"ကျွန်မတို့ ခရီးဆက်သွားကြမယ် ကိုကျော်ဇေယျ"

"ဟင်- ဖြစ်ပါ့မလား မမရယ်၊ တော်ကြာ သူများရပ်ရွာလာပြီး တောထဲတောင်ထဲကျမှ တစ်ခုခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် ဒဏ်ရာသက်သာသွားမှ တစ်ခေါက် ပြန်လာကြတာပေါ့ဗျာ"

စိုးမမမျိုးက ခေါင်းခါပြသည်။

"မမရဲ့ဒဏ်ရာက ဘာမှမဖြစ်နိုင်ပါဘူး။ လူကျတဲ့အရှိန်နဲ့ နာနေတာပါ။ ဆေးစားပြီး တစ်ရက်၊ နှစ်ရက်နေရင် ကောင်းသွားမှာပါ။ မင်းတပ်တက်မယ့်ကားကလည်း ချက်ချင်းထွက်ဖြစ်ဦးမှာ မဟုတ်ဘူးလေ။ အဲဒါကိုစောင့်ရင်း ဖြည်းဖြည်း ခရီးဆက်ကြတာပေါ့။ နောက်တစ်ခေါက်ဆိုရင် အချိန်တွေ သိပ်ကြာသွားလိမ့်မယ်။ ရောက်လက်စနဲ့ ခရီးဆက်ကြမယ် ကိုကျော်ဇေယျ"

ကိုကျော်ဇေယျ ဘာမှမပြောတော့။ စိုးမမမျိုး ဆုံးဖြတ်ချက်တစ်ခုချပြီးလျှင် ပြန်မပြင်တတ်မှန်း သူ ကောင်းကောင်းသိသည်။ အလွန် ခေါင်းမာသောမိန်းမ ဖြစ်သည်။ တစ်ခါတစ်ရံ ဒီလိုမိန်းမမျိုးကိုမှ စွဲစွဲလမ်းလမ်းဖြစ်မိသော သူ့ကိုယ်သူ မကျေမနပ်ဖြစ်ဖူးသည်။ သို့သော်လည်း အချစ်ဆိုသည်က အခက်သားမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စိုးမမမျိုးနှင့်ပတ်သက်၍ ကိုကျော်ဇေယျ အစာမကြေတာ တစ်ခု ရှိသေးသည်။ စစ်ကိုင်းတောင်ရိုးကို ခေါ် သွားခဲ့သည်မှ ယခု ချင်းတောင်ကို တက်လာသည်အထိ ယခုသွားနေသော ခရီးစဉ် အဓိကအကြောင်းကို အသိမပေးသေးခြင်း ဖြစ်သည်။

သူမ မိမိအား စစ်ကိုင်းတောင်ရိုးတွင် ပြောပြခဲ့ဖူးသော မိသားစုအမွေကိစ္စ မဟုတ်မှန်း ရိပ်မိသည်။ ဤကိစ္စသည် စိုးမမမျိုး ဒေါ်ဉာဏစာရီကို သွားရောက်စုံစမ်းခဲ့သည်အထိ မသိသာသေး သော်လည်း အင်းစိန်ထောင်ထဲဝင်၍ သူမတစ်ယောက်တည်း ဦးခင်မောင်ညွန့် ဆိုသူနှင့် တွေ့လိုက်သည့်တွင် မိသားစုအမွေကိစ္စ မဖြစ်နိုင်တော့ဟု မိမိ ယူဆမိသည်။

အဘယ်ကြောင့်ဆိုသော် မိမိသည် ရှေ့နေတစ်ဦး ဖြစ်သည်။ ဥပဒေပညာ သင်ကြားတတ်မြောက်ထ းသော သူမနှင့် အရင်းနှီး ဆုံးပုဂ္ဂိုလ် ဖြစ်သည်။ မိသားစုအမွေမှုသာဆိုပါက အနေးနှင့်အမြန် မိမိနှင့် သေချာပေါက် တိုင်ပင်ညှိနှိုင်းလာရမည် ဖြစ်၏။

ခုတော့ ဒီလိုမဟုတ်။

စင်စစ် မိမိနှင့် စိုးမမမျိုးတို့ကြားတွင် တစ်ယောက်နှင့်တစ် ယောက် အသိမပေးနိုင်လောက်သော လျှို့ဝှက်ချက်ဟူသည် မရှိခဲ့။ ဆယ်တန်းနှစ်ကစ ဥပဒေတွဲ့ရလာပြီး ယခု ဗဟိုတရားရုံးရှေ့နေ များ ဖြစ်လာသည့် ဆယ်နှစ်တာကာလအတွင်း သူ့အကြောင်း၊ ကိုယ့်အကြောင်း မသိတာ ဘာမှမရှိခဲ့။ မိသားစုအချင်းချင်းတို့၏ ဘဝအခြေအနေအထိ ထဲထဲဝင်ဝင် သိခဲ့ကြပြီးလည်း ဖြစ်၏။

ယခုမှလာ၍ ဤကိစ္စကို မိမိအပေါ် လျှို့ဝှက်ထားနေခြင်း မှာ သူမတွင် ထူးခြားသော အကြောင်းတစ်ခုကြောင့် ဖြစ်ပေမည်။

ဥပမာအားဖြင့် သူ၏ဘိုးဘိုးထံတွင် မိသားစုအရေးကိစ္စ တစ်ခုနှင့်ပတ်သက်၍ ဒီတစ်သက် ရင်ထဲ့နှုတ်ပိတ်နေပါမည်ဆိုသော ကတိစကားမျိုး သစ္စာရေသောက်၍ ကတိထားခဲ့ရဟန်ပေါ် သည်။ ထို့ကြောင့်လည်း မိမိကို အသိပေးလိုစိတ်ရှိသော်လည်း ကတိသစ္စာ အား မဖောက်ဖျက်နိုင်၍ သိသိကြီးနှင့် လျှို့ဝှက်ထားခဲ့ရဟန်တူ၏။ မိမိအနေနှင့် ထိုအချက်ကို ထောက်ထားစာနာသောအားဖြင့် မသိ လိုက်မသိဘာသာနေ၍ ခွင့်လွှတ်စောင့်ကြည့်နေခဲ့ရခြင်းသာပင်။

ယခု ပခုက္ကူတွင် ကားမှောက်ပြီးမှ ထိုကိစ္စမှာ ပို၍ ရှုပ်လုံး ပေါ်လာသည်။

ဆရာဝန်ကိုယ်တိုင် ဆေးရုံတက်ခိုင်းသည်ကို လျစ်လျူရှုကာ ဤမျှကြမ်းတမ်းသော ခရီးရှည်ဆက်သွားရန် ဆုံးဖြတ်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com


တော်ရုံကိစ္စမဟုတ်တော့မှန်း ထင်ရှားပီပြင်လာသည်။ ထူးခြားသည့် အကြောင်းအရာထက်ပိုသော အလွန် လျှို့ဝှက်နက်နဲသည့် ဖြစ်ရပ်ဆန်းတစ်ခုနှင့် ပတ်သက်ဆက်နွှယ်နေသည်ဟု ကိုကျော်ဇေယျ မှတ်ချက်ချမိလာသည်။

မည်သို့ဆိုစေ ဒီအခြေအနေရောက်မှတော့ မိမိ၏ အသည်းနှလုံးတစ်စုံလုံးကို ပေးအပ်ထားပြီးသော စိုးမမျိုးအ[illegible] ဆက်လက်စောင့်ရှောက်၍ သူ၏ဆန္ဒပန်းတိုင်ရောက်အောင် ကူညီပေးသွားရပေတော့မည်။

မည်သည့်နည်းနှင့်မဆို နောက်ဆုံးတစ်နေ့တွင်တော့ သူမ၏ လျှို့ဝှက်ချက်ကို မိမိ သိရှိလာရမည်ဟု ယုံကြည်ထားမိသည်။

"ကောင်းတာက ကျွန်မတို့ဆေးခန်းနဲ့ အနီးဆုံး တည်းခိုခန်းတစ်ခုမှာနေကြပါလား၊ ကျွန်မ သူနာပြုဆရာမတစ်ယောက်လွှတ်ပြီး ကူညီနိုင်တာပေါ့"

ပခုက္ကူဆေးရုံကြီးမှအပြန် ခတ်မှန်ရိုက်ခဲ့သော ဇီဝကဆေးခန်းတွင်ပြန်ပြ၍ တာဝန်ခံဆရာဝန်မက ထိုသို့ အကြံပြုသည်။ သူမ၏အကြံပြုချက်အတိုင်း ဆေးခန်းနှင့် မလှမ်းမကမ်းရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုရင်း ဆေးထိုး၊ ဆေးစားလုပ်ကာ ညပိုင်းတွင် သူနာပြုဆရာမတစ်ဦး လာရောက်၍ ဆေးလိမ်းကာ ပြုစုပေး၏။ ဤသို့ဖြင့် သုံးရက်မျှ ကြာသောအခါ ရင်ဘတ်မှ နာခြင်း၊ အောင့်ခြင်း သိသိသာသာ သက်သာလာသည်။

ဒီကြားထဲ ရောက်တုန်းရောက်ခိုက် ရွှေမုဋ္ဌောဘုရား၊ သီဟိုဠ်ဘုရားနှင့် ပခုက္ကူမြတ်စွာဘုရားခေါ် တံကဲဘုရားများသို့ သွားရောက် ကြည်ညိုခဲ့ကြသေးသည်။ ဘုရားကအပြန် ကြားစခန်းသို့ဝင်ကာ မင်းတပ် ကားလက်မှတ်ဝယ်စဉ် မင်းတပ် မြို့မနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးထန်းဝိုင်းအောင် ဆိုသူနှင့် တွေ့ဆုံရင်းနှီးခဲ့ရသည်။ မင်းတပ်ရောက်ရင် ဝင်လာရန်လည်း ဖိတ်မန္တကပြုသွားသေးသည်။

နောက်ထပ် နှစ်ရက်ခန့်အကြာတွင် မင်းတပ်မြို့သို့ ဒုတိယအကြိမ် တက်ခဲ့ကြပြန်သည်။

ဒီတစ်ကြိမ်တွင်လည်း သုံးတန်ကုန်ကား ပက်လက်ပင် ဖြစ်၏။ သို့သော် ဒီတစ်ခေါက် ယာဉ်မောင်း ကိုအောင်တုတ် ဆိုသူကား အလွန် စေ့စပ်သေချာ၍ အားမနာတတ်သူ ဖြစ်၏။ သူကားပေါ်တွင် အန္တရာယ်ဖြစ်စေလောက်သည်အထိ ကုန်ပစ္စည်းများ အတင်မခံပေ။ တောင်ပေါ်ခရီးဖြစ်၍ သူနိုင်သလောက်သာတင်ပြီး ကျန်


www.burmeseclassic.com

www.burmeseclassic.com


တာတွေ ထားပစ်ခဲ့သည်။

ကြားစခန်းမှ နေ့လယ် တစ်နာရီခန့် ထွက်လာသောကားသည် ညနေ သုံးနာရီခန့်တွင် ပေါက်မြို့အဝင်တွင်ရပ်၍ ထမင်းစားကြသည်။ လမ်းတွင် ကျောချောင်းအရောက် ကားပေါ်ကဆင်း၍ လူသတ်သတ် ကားသတ်သတ် ကူးခဲ့ရသည်။ ကားဝိတ်များလျှင် နွံနစ်မှာစိုး၍ ဖြစ်ဟန်တူသည်။ ချောင်းငယ်သုံးလေးခုကိုတော့ ကားဖြင့်ပင် ဖြတ်ကူးခဲ့သည်။

ဤသို့ဖြင့် ည (၈း၃၀)နာရီခန့်တွင် ဆောမြို့နယ်ထဲရှိ ဂုံဘိုချောင်းခေါ် ယောချောင်းစပ်သို့ ရောက်လာသည်။ ယာဉ်မောင်းကိုအောင်တုတ်က ကားရှေ့မီးနှစ်လုံးကို ဖွင့်ထားကာ ကားပေါ်မှ ဆင်းသွားပြီး ချောင်းထဲသို့ လျှောက်သွားကြည့်သည်။ ချောင်းရေမှာ သူ့ခါးလယ်လောက်သာ ရှိသော်လည်း ညအချိန် ရေစီးသန်နေ၍ စိတ်ချပုံမရ။ ကားနှင့်ဖြတ်ကူးစဉ် ချောင်းလယ်ရောက်မှ ကားစက်ချို့ယွင်းသွားပါက ရေစီးနောက် မျောပါသွားနိုင်သည်။ ညအချိန် ကုန်ပစ္စည်းများ၊ အမျိုးသမီးနှင့် ကလေးများ ပါနေ၍ အန္တရာယ်များလှသည် ဆို၏။

ယောချောင်း၏အကျယ်မှာ ကိုက်(၂၀၀)ခန့်ရှိ၍ တစ်ဖက်ကမ်းဆိုလျှင် ကျောက်ထုသို့ ရောက်ပေပြီ။ ကျောက်ထုပြန်မည့်လူ (၂၀)ခန့် မကြောက်မရွံ့ မှောင်မှောင်မည်းမည်းထဲဆင်း၍ ဖြတ်ကူးသွားကြသည်။ ဒေသကျွမ်း၊ ရေကျွမ်းသော ချင်းတိုင်းရင်းသားများဖြစ်၏။

ကိုအောင်တုတ်က ကားကို နောက်ပြန်ဆုတ်ကာ အနီးရှိ ပန်းဆန်ရွာထဲသို့ မောင်းဝင်လိုက်ကာ ရွာထိပ်ရှိ ဇရပ်တစ်ခုနံဘေးတွင် ထိုးရပ်လိုက်၏။ ဇရပ်ကား အမိုးရှိသော်လည်း အကာမရှိ။ 'ဒီည ဒီမှာပဲ ညအိပ်ကြမယ်' ဟု ပြောသည်။

ညနေ သုံးနာရီခန့် ပေါက်အဝင်တွင် ထမင်းစားလာကြသော ခရီးသည် (၂၀)ခန့်မှာ ယခု ည(၉)နာရီကျော်တွင် ဗိုက်ဆာလာကြပြီ။ ထို့ကြောင့် ခရီးသည်အချို့ ကိုအောင်တုတ်နှင့်အတူ ရွာထဲဝင်ကာ စားစရာရှာကြရ၏။ စိုးမမျိုးတို့လည်း လိုက်ပါသွားကြသည်။

ပန်းဆန်ရွာမှာ ဂုံဘိုရွာနှင့် သရက်ချဉ်ရွာကြားတွင်ရှိပြီး ဆောမြို့နယ်ထဲ ပါဝင်၏။ တစ်ချိန်က လူအများကို ပြုစားတတ်သည်ဟု ကြားဖူးသော ယောနယ်လည်း ဖြစ်၏။

"ဖြစ်ပါ့မလား ကိုအောင်တုတ်၊ တော်ကြာ မနက်မိုးလင်းရင်


www.burmeseclassic.com

www.burmeseclassic.com


ဒီအိမ်တွေ ပျောက်ကုန်ရင်တော့ ပြဿနာပဲနော်"

ရွာထဲဝင်၍ အိမ်တစ်အိမ်တွင် မုန့်ဟင်းခါးစားနေစဉ် ကိုကျော်ဇေယျက ကိုအောင်တုတ်အား ခပ်တိုးတိုး မေးလိုက်မိသည်။ စိုးမမျိုးက မပြောရန် လက်တို့သည်။

"ဘာမှမစိုးရိမ်ပါနဲ့ ဆရာရယ်၊ ဒီရွာမှာက ကျွန်တော် မကြာခဏ ညအိပ်နေကျပါ။ ထူးထူးဆန်းဆန်း မရှိပါဘူး"

ကိုအောင်တုတ်က အေးအေးဆေးဆေး ပြန်ပြောမှ စိုးမမျိုး စိတ်အေးသွားမိသည်။ သို့သော် ရွာထိပ်ဇရပ်သို့ ပြန်အရောက်တွင် အအေးဓာတ်က လွှမ်းကဲလာသည်။ အနွေးထည်နှင့် မလုံလောက်၍ ပါလာသည့်စောင်များထုတ်ကာ ခရီးသည်များ တစ်ယောက်ကျောတစ်ယောက်မှီ၍ တစ်ညတာ ဖြတ်သန်းခဲ့ရသည်။ ဒီကြားထဲ အေးလာလေ၊ နာကျင်လာလေ ဖြစ်လာသော ရင်ဘတ်ကဒဏ်ရာကြောင့် ဆရာဝန်ပေးလိုက်သော လိမ်းဆေးများဖြင့် နွေးထွေးအောင် ကြိုးစားခဲ့ရ၏။ ကိုကျော်ဇေယျကား ယောကျ်ားပီပီ အနွေးထည်တစ်ထည်ဖြင့် လုံလောက်သူ ဖြစ်သည်။

နောက်တစ်နေ့ နံနက် (၇)နာရီခန့်တွင် ကိုအောင်တုတ် ယောချောင်းကို အရှိန်ဖြင့် ဖြတ်ကူးခဲ့သည်။ ဖြတ်ကူးစဉ် စက်ခေါင်းကို အလုံပိတ်၍ ပန်ကာကြိုးကို ဖြုတ်ထားခဲ့သည်။ ဆယ်မိနစ်အတွင်း တစ်ဖက်ကမ်း ကျောက်ထုသို့ ရောက်သွားသည်။ လမ်းတွင် ပုံတောင်အတက်တွင် ကားဗွက်နစ်နေ၍ လူများဆင်းကာ ရှေ့မှနေ၍ သံကြိုးများဖြင့် ဝိုင်းဆွဲတင်ခဲ့ရသေးသည်။

ကျောက်ထုတွင် လက်ဖက်ရည်သောက်၍ ခဏနားကြ၏။

ပခုက္ကူမှ မင်းတပ်အထိ (၉၇)မိုင်ရှိရာ ကျောက်ထုအထိဆိုပါက (၇၉)မိုင်ခန့် ခရီးပေါက်ခဲ့ပြီ ဖြစ်၏။ မင်းတပ်မြို့သို့ရောက်ရန် (၁၈) မိုင်ခန့်သာ လိုတော့သည်။ သို့သော် တောင်တက်လမ်းမှာ ပို၍ မတ်စောက်လာသဖြင့် သတိထား၍ မောင်းနေရ၏။ တစ်ခါတစ်ရံ တောင်ကမ်းပါးယံကွေ့များတွင် လမ်းချော်နေသဖြင့် ခရီးသည်များ ဆင်း၍တွန်းကြရ၏။ သံကြိုးများဖြင့် ရှေ့ကလူအားဖြင့်လည်းဆွဲ၊ စက်အားကိုလည်း မြှင့်တင်ပြီး တပင်တပန်း တက်ခဲ့ကြရသည်။

ထို့ကြောင့် နံနက် (၇း၃၀) နာရီခန့်က ကျောက်ထုမှ ထွက်လာခဲ့သောကားသည် (၁၀း၃၀) နာရီကျော်မှ မင်းတပ်မြို့ပေါ်သို့ ရောက်တော့သည်။

ကိုကျော်ဇေယျ၏ ကျောင်းနေဖက်သူငယ်ချင်း ဥပဒေအရာရှိ


www.burmeseclassic.com

www.burmeseclassic.com



ကိုလှမြင့်နှင့် သွားရောက်တွေ့ဆုံခဲ့ပြီး သူ စီစဉ်ပေးသော မြို့လယ်နားက အိမ်တစ်လုံးတွင် ခေတ္တတည်းခိုရင်း မတူစီသို့တက်မည့် ကားကြုံကို စောင့်ရသည်။

"ခုရက်ပိုင်းတော့ မိုင် (၄၀)လောက်မှာ တောင်ပြိုနေလို့ လိုင်းကားတွေ မထွက်ရဲကြသေးဘူး။ ဒီကြားထဲ မိုးပါရွာလိုက်တော့ ကားလေးတွေ လမ်းချော်လို့ မတက်ကြသေးဘူး ဖြစ်နေတယ်။ နှစ်ရက်၊ သုံးရက်တော့ အခြေအနေစောင့်ကြည့်ကြပါဦး၊ ကားကိစ္စတော့ ကိုယ်စီစဉ်ပေးပါ့မယ်"

ဉပဒေအရာရှိ ကိုလှမြင့်က ရှင်းပြ၏။ လမ်းဆုံရှိ 'ရွှေဖလား' လက်ဖက်ရည်ဆိုင်တွင် ဖြစ်၏။

"ဒါနဲ့ ကိုလှမြင့်က ဒီမှာ ဘယ်လောက်ကြာနေပြီလဲ"

"ရှေ့လကုန်ရင် နှစ်နှစ်ပြည့်ပြီလေ၊ ပြန်ပြောင်းရတော့မယ်ဗျ"

"မိသားစုပါ ပါလာသလား"

"ပါတာပေါ့ ကိုကျော်ဇေယျရာ။ ကလေးတွေက အလယ်တန်းတစ်ယောက်၊ မူလတန်းတစ်ယောက်လေ။ ပြန်ပြောင်းမှာနဲ့ အကြီးကောင် အထက်တန်းတက်မှာနဲ့ အတော်ပဲပေါ့ဗျာ"

"အင်း. . . ကိုလှမြင့်က အိမ်ထောင်ပြုတာစောတော့ သားသမီးတွေတောင် အတော်ကြီးနေကြပြီပဲ"

"ဟာ- ကိုယ်အိမ်ထောင်ပြုတာ မစောပါဘူး။ လူသာမနိုပြနေကျ နှစ်ဆယ်ကျော်၊ အစိတ်ပိုင်းမှာပါ။ ကဲ- သူများတွေကို ပြောမနေနဲ့၊ ခင်ဗျားတို့ ခုထိ လက်မထပ်သေးဘူးလား။ အသက် (၃၀)ဆိုတာ နည်းနည်းတောင် နောက်ကျနေပြီ"

ကိုကျော်ဇေယျက စိုးမမျိုးအား ပြုံးစစဖြင့် ကြည့်၍-

"ဒါတော့ မမကိုသာ မေးကြည့်ပေတော့ ကိုလှမြင့်ရေ၊ ကျွန်တော်ကတော့ ခာတ်ခဲပဲဗျ"

"ဟာ- ကိုကျော်ဇေယျကတော့ ထုံးစံအတိုင်း ပဟေဠိတွေ လုပ်နေပြန်ပြီ၊ ရှင်းရှင်းပြောမှပေါ့"

ကိုလှမြင့်က နားမလည်ဟန်မေးသည်။

"ဟဲဟဲ- ခာတ်ခဲဆိုတော့ အဲဗားရယ်ဒီလေဗျာ။ ကျွန်တော်က အမြဲ အဆင်သင့်ဖြစ်နေတာ ကြာပြီလေ"

အနီးရှိ စိုးမမျိုးက ကိုကျော်ဇေယျ၏လက်မောင်းကို လိမ်ဆွဲဆိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလာလာ. . . နာတယ် မမရယ်၊ နောက်မပြောတော့ပါဘူးဗျာ။ ချမ်းသာပေးပါ ဟဲ ဟဲ ဟဲ"

ကိုလှမြင့်က သူတို့နှစ်ယောက်ကိုကြည့်ကာ သဘောကျ၍ တဟားဟား ရယ်မိသည်။

"ဟား ဟား ဟား အေးဗျာ- ခင်ဗျားတို့လို ပျော်ပျော်ရွှင်ရွှင်နေဖက်သူငယ်ချင်းတွေနဲ့ တစ်ခါတစ်ရံ ဆုံမိမှပဲ ကျွန်တော်လည်း ငယ်မူပြန်သလို ခံစားရတာဗျ။ ဒီမှာက မြို့ကကျဉ်းကျဉ်း၊ အလုပ်ကလည်း များများစားစား ရှိတာမဟုတ်ဘူး။ ဘယ်မှလဲ သွားစရာမရှိတော့ တစ်နေ့တစ်နေ့ ဒီလက်ဖက်ရည်ဆိုင်မှာပဲ အချိန်ကုန်တာ များနေတယ်"

"အင်း. . . ဒါဆို ပျင်းစရာကြီးပေါ့"

"ဒါတော့ ဘယ်တတ်နိုင်မလဲ၊ အစိုးရဝန်ထမ်းဖြစ်မှတော့ ဒီလိုဝေးလံတဲ့ ပြည်နယ်တွေမှာလည်း တစ်လှည့်စီ တာဝန်ထမ်းဆောင်နေကြရတာပေါ့ဗျာ။ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့ဘာကိစ္စနဲ့ မတူပီအထိ တက်ကြမှာလဲ"

ကိုကျော်ဇေယျက စိုးမမမျိုးအား စောင်းငဲ့ကြည့်လိုက်သည်။

"ဩော်- ဒီက မမရဲ့ မိသားစုရေးမွေကိစ္စတစ်ခုအတွက် ဆိုပါတော့ဗျာ"

"ဘယ်လို၊ မိသားစုအမွေကိစ္စက ဘယ့်နှယ် ချင်းတောင်အထိရောက်လာရတာလဲ မမရဲ့"

စိုးမမမျိုးက ကိုလှမြင့်အား ကြည့်လိုက်သည်။

"ကျွန်မရဲ့အဘွားတစ်ယောက်ကို လာရှာတာပါ"

ကိုလှမြင့်၏မျက်လုံးများ မြင့်တက်သွားသည်။

"ဗျာ- မမရဲ့အဘွား ဟုတ်လား၊ ဒါဆို မမတို့က မတူပီကချင်းမျိုးနွယ်တွေလား"

"မဟုတ်ပါဘူး၊ ကျွန်မက ဗမာပါ။ အင်း. . . ကျွန်မထင်တာတော့ အဘွားက မတူပီက ချင်းအမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အဲဒီမှာ အခြေချနေတယ်လို့ ထင်မိတယ်ရှင့်"

ကိုလှမြင့်က အံ့အားသင့်သွားမိသည်။

"ခင်ဗျာ၊ ထင်မိတယ်ဆိုတော့ မသေချာဘူးပေါ့"

စိုးမမမျိုးက စဉ်းစားရင်းဖြေသည်။

"အဲလေ၊ ဟို- အဘွားက မတူပီမှာရှိတာတော့ သေချာတယ်။ ထင်မိတယ်ဆိုတာက ဗမာမျိုးနွယ်အဘွားဟာ ဒီလိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ ရောက်နေတာဟာ အဲဒီက ချင်းတိုင်းရင်းသားတစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျမှ ဖြစ်နိုင်မှာမို့ ထင်မိတယ်လို့ ပြောတာပါ"

"အေးဗျာ၊ ဒီအတိုင်းဆို အဲဒီအဘွားနဲ့ မမတို့ အဆက်အသွယ်ပြတ်နေခဲ့တာ နှစ်အတော်ကြီးကြာနေတဲ့သဘောပေါ့"

"ဟုတ်ကဲ့၊ အဲလိုပဲ ဆိုပါတော့ရှင်"

"ဒါနဲ့ မမရဲ့အဘွားနာမည်က ဘယ်သူတဲ့လဲ"

"ဒေါ်သူဇာရွှေတဲ့ရှင့်"

"သူ့ယောကျ်ားနာမည်ကော"

"ဒါတော့ ကျွန်မလည်း ဘယ်သိနိုင်ပါ့မလဲ"

"အြော်- ဟုတ်သားပဲ၊ မမ ဘယ်သိနိုင်ပါ့မလဲ။ ဒါနဲ့ အဘွားနေတဲ့ရပ်ကွက်ကိုရော သိလား"

"ဟို- လောင်ဇန်းရပ်ကွက်တဲ့"

ကိုလှမြင့်က ပြောပြောဆိုဆို လက်ဖက်ရည်ဆိုင်ထဲမှ လူရွယ်တစ်ယောက်ထံ လျှောက်သွား၍ မေးမြန်းနေသည်။ အတန်ကြာမှ စိုးမမမျိုးတို့ထံ ပြန်လာသည်။

"ဒီကောင်လေးက မတူပီကပဲ၊ ရပ်ကွက်ချင်းမတူဘူး။ သူက ခိုဘွေရပ်ကွက်ကတဲ့။ ကြည့်ရတာ မတူပီရောက်မှပဲ လူကြီးတွေမေးမှ သိနိုင်မယ်ထင်တယ်ဗျ"

ကိုကျော်ဇေယျက လက်ကာပြသည်။

"ကဲ- ဒါတွေထားတော့ဗျာ၊ ရောက်တုန်းရောက်ခိုက် မြို့ထဲကို လိုက်ပြပါဦး"

"ပြရမှာပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားတို့ ဒီနေ့တော့ ခရီးပန်းလာတယ်၊ မနက်ဖြန်မှ ကျွန်တော် အေးအေးဆေးဆေး လိုက်ပြပါ့မယ်။ ခု ဒီအိမ်မှာ ပြန်နားကြပါ၊ ဒီမိသားစုက သဘောကောင်းပါတယ်။ ဘာမှ အားနာစရာမရှိဘူး"

ထိုနေ့က စိုးမမမျိုးတို့ ကိုလှမြင့်စီစဉ်ပေးသော ချင်းမိသားစုအိမ်တစ်အိမ်တွင် အနားယူကြသည်။ မင်းတပ်ကား နေ့ခင်းဘက်ပင် ဖြစ်သော်လည်း အအေးဓာတ်က မလျော့ပေ။ မင်းတပ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၈၆၀) ပေ ရှိသည် မဟုတ်လား။

နောက်တစ်နေ့ နံနက်စောစော ကိုလှမြင့်နှင့် ပထမဦးဆုံးသွားခဲ့သောနေရာမှာ မင်းတပ်ပြည်သူ့ဆေးရုံ ဖြစ်၏။ ကိုကျော်ဇေယျက စိုးမမမျိုး၏ ဒဏ်ရာအခြေအနေကို စိုးရိမ်မိ၍ ဖြစ်၏။

"ဓာတ်မှန်အရရော လက်ရှိအခြေအနေအရပါ အတွင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ခုခု ထိခိုက်မိတာ မရှိပါဘူး။ အပေါ်ယံ ဒဏ်ချက်ကြောင့် နာတာပါ၊ အေးလာရင် ပိုပြီး သိသာတတ်တယ်။ အန်ဒ်ပါစလင်ကိုတော့ တစ်ပတ်လောက် ဆက်စားပေးပါဦး၊ တဖြည်းဖြည်းတော့ ပျောက်သွားမှာပါ"

တာဝန်ခံဆရာဝန် ဒေါက်တာခင်မောင်မြင့်က စမ်းသပ်ပြီးနောက် ရှင်းပြသည်။ စားဆေးနှင့် လိမ်းဆေးများပါ ပေးလိုက်သည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဌာနမှ ဦးစီး ကိုအွမ်ယော အပါအဝင် သူတို့လေးဦး မင်းတပ်မြို့ပေါ်မှ နှစ်မိုင်ခွဲခန့်ဝေးသော အနောက်ဘက်ရှိ တောင်ပုလုဆရာတော် ဦးပညာသိရိ ကျောင်းတိုက်သို့ သွားရောက်ခဲ့ကြ၏။

တောင်တန်းသာသနာပြုကျောင်း ဖြစ်၏။ ဆရာတော်အားဖူးတွေ့ခဲ့ရကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ နံနက်စာစားခဲ့ကြ၏။ ထိုနေ့ နေ့လယ်ပိုင်း ပြန်လာကြကာ တည်းခိုအိမ်တွင် နားလိုက်ကြ၏။

နောက်တစ်နေ့နံနက်တွင် မင်းတပ်ကြားစခန်းတွင် တွေ့ခဲ့သော သိက္ခာရဆရာတော် ဦးထန်းငိုင်းအောင်ရှိရာ မြို့မနှစ်ခြင်းအသင်းသို့ သွားရောက်ခဲ့ကြ၏။ ထိုနေ့က သိက္ခာရ ဆရာတော် ဦးထန်းငိုင်းအောင်အိမ်တွင် အလှူလုပ်ခြင်းနှင့်ကြုံနေသဖြင့် နံနက်စာစားပြီးမှ နှုတ်ဆက်ပြန်ခဲ့ကြသည်။

မင်းတပ်မြို့သည် မြို့နှစ်ထပ်မြို့ဟု ဆိုနိုင်သည်။ မြို့အပေါ်ထပ်တွင် အစိုးရရုံများနှင့် ဆေးရုံရှိကာ မြို့အောက်ထပ်တွင် ကြေးနန်းရုံ၊ စာတိုက်နှင့် လူနေရပ်ကွက်များ ရှိနေသည်။

ထိုနေ့က မြို့အောက်ထပ်နှင့် မြို့အဝင်ဘက်ရှိ စိုက်ပျိုးရေးဥယျာဉ်များအနှံ့ ရောက်ခဲ့ကြကာ ညနေပိုင်းတွင် ပြန်နားခဲ့ကြ၏။ နောက်တစ်နေ့နံနက်တွင် လမ်းဆုံရှိ ရွှေဖလား လက်ဖက်ရည်ဆိုင်တွင် ဆုံကြရပြန်သည်။

"ညက မတူပီက ကားကြီးတစ်စီး ဆင်းလာတယ်ဗျ။ လမ်းလည်း အတော်လေး ကောင်းနေပြီလို့ သိရတယ်။ စိုက်ပျိုးရေးအရာရှိ ဦးတင်အောင်လည်း ပါလာတယ်၊ လမ်းမှာ(၆) ရက်ကြာခဲ့တယ်တဲ့"

ကိုလှမြင့်က မတူပီသတင်းကို ပြောပြသည်။

"မင်းတပ်နဲ့ မတူပီ (၁၀၂)မိုင်ကို (၆)ရက်ကြာတယ်ဆိုတော့ တစ်ရက်မှ (၁၇)မိုင်လောက်ပဲ ရောက်တာပေါ့ဗျ။ တော်တော်ကြာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇေယျက တွက်ကြည့်ပြောသည်။

"ဒါက ကားကြီးမို့လို့ပါ။ ခင်ဗျားတို့နှစ်ယောက်ကို မနက်ဖြန် ဟားခါးအစည်းအဝေးက ပြန်လာမယ့် ဆောက်လုပ်ရေးက အေအီး (AE) ဦးသန်းအောင်ကားနဲ့ ထည့်ပေးမယ်။ သူတို့အဖွဲ့က လူများတယ်၊ ဂျစ်ကားနှစ်စီးနဲ့ ပြန်လာမှာ"

ကိုလှမြင့်ပြောသည့်အတိုင်းပင် ဆောက်လုပ်ရေးမှ အေအီး (AE) ဦးသန်းအောင်တို့အဖွဲ့ကားများ နောက်တစ်နေ့ ရောက်လာရာ စိုးမမျိုးတို့နှစ်ယောက် ထိုကားဖြင့် လိုက်ခဲ့ကြ၏။ ဦးသန်းအောင်တို့အဖွဲ့တွင် ကိုမန်ဖိုးမောင်းသော ဂျစ်ကားနှင့် ကိုမောင်ရွှေမောင်းသော ဂျစ်ကားတို့ပါ၏။ စိုးမမျိုးတို့အား ကိုမန်ဖိုး၏ ဂျစ်ကားဖြင့် လိုက်ခွင့်ပြုခဲ့သည်။

လမ်းများမှာ ပြောသလောက် မဆိုးလှသော်လည်း မိုးရွာထားသဖြင့် မကြာခဏ ကားပျက်သည်။ လူဆင်း၍ တွန်းလိုက်မှ စက်နိုးတတ်သည်။ လမ်းချော်နေသဖြင့် တောင်အောက်သို့ ကျမသွားစေရန် သတိထားမောင်းနေရသဖြင့် တစ်နာရီ ငါးမိုင်နှုန်းခန့်သာ မောင်းနိုင်သည်။

စိတ်ပျက်စရာတော့ ကောင်း၏။

သို့သော် ဒီလမ်း၊ ဒီခရီးတွင် ဒီလိုကားကြုံရဖို့က လွယ်သည် မဟုတ်။ မတူပီသို့ထွက်မည့် လိုင်းကားများကား နောက်တစ်ပတ်ကြာရင်တောင်မှ မသေချာ။ ဥပဒေအရာရှိ၏ မိတ်ဆွေများဖြစ်၍သာ ဝန်ထမ်းချင်း ကူညီရိုင်းပင်းကြသဖြင့် ဒီကားဖြင့် လိုက်ပါခွင့်ရခြင်း ဖြစ်၏။

နံနက် (၇း၃ဝ) နာရီခန့်ကထွက်လာသော ကားများမှာ နေ့လယ် (၂)နာရီထိုးမှ မိုင်(၃၀)ခန့် ရောက်တော့သည်။ ခဏနား၍ ကားပြင်ဆင်ပြီးနောက် ဆက်ထွက်သည်။ လမ်းချော်သဖြင့် တစ်ခါတစ်ရံ တောင်နံရံသို့ ဝင်တိုက်မိတော့မလိုလို၊ တစ်ခါတစ်ခါ တောင်အောက်ပြုတ်ကျတော့ မယောင်ယောင် အသည်းတအေးအေး ရင်တတိတ်ထိတ်နှင့် စီးလာရသည်။

ညနေ (၁၆း၃၀)နာရီတွင် မိုင် (၄၀)သို့ ရောက်သည်။ ထိုနေရာတွင် ဆောက်လုပ်ရေး အဆောက်အအုံတစ်ခုရှိ၍ ညအိပ်ရပ်နားလိုက်သည်။ ယင်းနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် အတော် မြင့်မားလှသည်။ တောင်၏အမြင့်ကား ဧဘားဝန်းကျင်မြင့်ရသည့် တိမ်တိုက်များထက်ပင် မြင့်မားနေပါလား။

ထိုညက အလွန်အေးသဖြင့် တော်တော်နှင့် အိပ်မပျော်၊

www.burmeseclassic.com



အိပ်ရာနံဘေးတွင် မီးဖိုထားကြရ၏။

လက်ကိုမီးကင်၍ နည်းနည်းနွေးလာလျှင် အိပ်ရာထဲဝင်စောင်ခြုံလိုက်သည်။ သိပ်မကြာခင် စောင်ခြုံထားသည့်ကြားကပင် တအားအေးလာသဖြင့် မီးလှုံရပြန်သည်။ ဤသို့ဖြင့် သံသရာလည်ပြီး မိုးလင်းရတော့သည်။

နောက်တစ်နေ့နံနက် ဆက်ထွက်လာရာ (၇၅)မိုင်ခွဲခန့်အရောက် မြေပြိုနေသည်နှင့် တိုးတော့သည်။ သို့သော် (AE) ဦးသန်းအောင်၏ ဆောက်လုပ်ရေးအဖွဲ့ကား ဒီလမ်းနှင့် ဒီခရီးအကြောင်းကို နောကြေနေကြပြီ ဖြစ်၏။

အသင့်ပါလာသော ပေါက်တူးများဖြင့် တောင်နံရံမှ ကားလမ်းပေါ် ပြိုကျနေသော မြေကြီးများကိုတူးကာ တောင်အောက်ချောက်ထဲသို့ ပစ်ချကြသည်။ ဤသို့ဖြင့် မြေကြီးများ လျော့နည်းသွားကာ ကားတစ်စီးစာသွားနိုင်ရုံ လမ်းကြောင်းရလာသည်။ သို့သော် မြေကြီးများမှာ စိုထိုင်း၍ လမ်းချော်နေသဖြင့် ကိုမန်ဖီးက ကားစက်နှိုးထားပြီး ကျန်လူများက ကားကို ရှေ့မှ သံကြိုးများဖြင့် ဆွဲယူရသည်။

ကားရုန်းသံ တဂွီးဂွီး အော်မြည်၍ ထိုနေရာကို ကျော်လွှားနိုင်မှ ကားပေါ်တက်၍ ရှေ့ခရီးဆက်ကြရပြန်သည်။

စိုးမမျိုးက ကားလမ်းဘေးတစ်လျှောက် တွေ့မြင်နေရသော တောင်တန်းကြီးများကိုကြည့်၍ သက်ပြင်းချမိသည်။ ချင်းတိုင်းရင်းသားများသည် အဘယ်ကြောင့် ဤမျှ မြင့်မားလှသော တောင်ပေါ်တွင် လာနေရပါသနည်း။ အဘွား ဒေါ်သူဇာရွှေသည် ချင်းအမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၍သာ ဤမျှ ဝေးလံသီခေါင်သော တောင်ပေါ်ဒေသသို့ ရောက်လာခဲ့ရခြင်း ဖြစ်မည်။

ယင်းသို့သာ မဟုတ်ပါက သိပေါမင်းလက်ထက်က ရှာစားကြီး ဦးသူတော်၏မြစ် ဒေါ်သူဇာရွှေသည် မြေပြန့်ဒေသမှ တစ်ဖဝါးမှပင် ခွာမည်မဟုတ်။ ခုတော့ အဘွားရှိရာသို့ မိမိပါ လိုက်ပါလာနေရလေပြီ။

သွားလေသူ ဘိုးဘိုးထံ ကတိသစ္စာပြုထားခဲ့၍ လည်းကောင်း၊ ဘိုးဘိုး၏ မအိုဆေးအကျိုးကို လက်တွေ့ခံစားနေရပြီး မနာဆေးတောင့်ကိုလည်း လက်ဝယ်ပိုင်ပိုင် ရထားနေပြီဖြစ်ရာ မသေဆေးတောင့် ရရှိရန်သာ လိုတော့၍ လည်းကောင်း၊ ဦးသူတော်၏မျိုးဆက်သစ်အနေဖြင့် ကြေးညိုပြားပါ နာမည်ရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသဖြင့် လည်းကောင်း မိမိက ဤကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com


မဖြစ်မနေဆောင်ရွက်နေရခြင်း ဖြစ်၏။

မိမိ၏မေတ္တာကို တုံ့ပြန်မှုရလိမ့်နိုးနှင့် မိမိ၏ ဆန္ဒမှန်သမျှ အလိုလိုက် အကြိုက်ဆောင်ပေးနေသော ကိုကျော်ဇေယျကို မကြာခဏ ရင်ထဲက အားနာနေမိသည်။ မိမိ ဆယ်တန်းကျောင်းသူဘဝကတည်းက အိမ်နီးချင်း၊ တစ်တန်းတည်း အတူတက်လာခဲ့ပြီး တက္ကသိုလ်ဥပဒေဘွဲ့ကိုယ်စီရသည်အထိ အချစ်သစ္စာရှင်ကြီး ကိုကျော်ဇေယျအပေါ် သံယောဇဉ်တွယ်ခဲ့မိသည်တော့ အမှန်။

ကိုကျော်ဇေယျနှင့် နှစ်ပေါင်းများစွာ ကျောင်းသားဘဝ၊ ရှေ့နေအလုပ်သင်ဘဝ၊ ဗဟိုတရားရုံးရှေ့နေအဖြစ် တရားခွင်ဘဝတို့၌ အတူလက်တွဲ၍ နီးနီးကပ်ကပ် ဆောင်ရွက်လာခဲ့သည့်တိုင် မိမိအနေဖြင့် ကိုကျော်ဇေယျအပေါ် ကြိုက်နှစ်သက်ခဲ့မှုတော့ ရှိပါ၏။

တော်ရုံယောကျ်ားကို အထင်မကြီးတတ်သော မာနရှင် မိမိအနေဖြင့် ကိုကျော်ဇေယျသည် မိမိ သတ်မှတ်ထားသော စံနှုန်းအတွင်းသို့ တော်တော်များများ ဝင်ရောက်လာသူ ဖြစ်၏။ သူ၏ ဥပမိ ရုပ်ရည်၊ စိတ်နေသဘောထား၊ လူမှုဆက်ဆံရေးနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယတို့မှာ သာမန်ယောကျ်ားများထက် အပုံကြီးသာသည်ဟု မိမိလက်ခံထားသည်။ ထို့ကြောင့်လည်း ကိုကျော်ဇေယျကို မိမိကြိုက်နှစ်သက်မိခဲ့ခြင်း ဖြစ်၏။

သို့ပင်လည်း သူနှင့်ပတ်သက်ပြီး အချစ်ဆိုသော အရာသည် မိမိရင်ထဲတွင် ယခုအထိ မမွေးဖွားသေးခဲ့ပါတကား။

* * *

ထိုနေ့ည ကိုးနာရီခန့်တွင်မှ (၈၄)မိုင်ရှိ ဆောက်လုပ်ရေးကြားစခန်းတစ်ခုသို့ ရောက်လာခဲ့၏။ ကိုမန်ဖီး၏စကားအရ ထို(၈၄)မိုင် စခန်းနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေငါးထောင်ကျော်မြင့်သော အမြင့်ဆုံး၊ အအေးဆုံးနေရာဖြစ်ကြောင်း သိရ၏။ ယင်းစခန်းမှာရပ်နား၍ ညအိပ်သောအခါ စိုးမမမျိုး မီးဖိုနားက မခွာနိုင်။

"ရရဲ့လား မမ၊ ဒဏ်ရာဘယ်လိုနေသေးလဲဟင်"

အိပ်မပျော်နိုင်ဘဲ ထလာသော ကိုကျော်ဇေယျက မေး၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ အပြင်ဘက်တွင်ကား တောင်ခိုးတောင်ငွေ့များ အုံ့ဆိုင်းမှုန်မှိုင်းနေသည်။ ခပ်ဝေးဝေးဆီမှ သတ္တဝါတစ်ကောင်၏ အော်မြည်သံလိုလို သဲ့သဲ့ကြားမိသည်။ ချော်ဟောက်သံများပေလား။

"အင်း. . . နေ့ခင်းနေ့လယ်တော့ သိပ်မသိသာပေမယ့် ခုလို


www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းကျတော့ နည်းနည်း ပြန်အောင့်ချင်လာတယ်။ အရင်ထက်စာရင်တော့ အများကြီး သက်သာပါပြီလေ”

ကိုကျော်ဇေယျက သက်ပြင်းတစ်ချက် ရှူထုတ်လိုက်မိသည်။ သူ့မျက်နှာရှေ့က နှင်းမှုန်များကြောင့် လေထုအတွင်း မီးခိုးတန်းသဖွယ် တွေ့လိုက်ရ၏။

“ကျွန်တော် အမှန်အတိုင်းပြောရရင် မမကိုစွဲမိလို့သာ ဒီလောက်ကြမ်းတဲ့ခရီးကို လိုက်လာခဲ့တာပါ။ ပြီးတော့ ဒီလောက် ကားမှောက်တဲ့ဒဏ်ရာ ရထားတာတောင် ဒီခရီးကို ဆက်တက်ခဲ့တဲ့ မမကိုလည်း အံ့ဩမိတာ အမှန်ပဲ”

စိုးမမမျိုးက ဘာမှ ပြန်မပြောဘဲ မီးကိုသာ ဂရုတစိုက်လှုံနေသည်။ သူမ သိနေသည်။ ကိုကျော်ဇေယျပြောနေသော ဘာသာစကားကို သူမ ကောင်းကောင်းနားလည်သည်။ သူလည်း ရှေ့နေ၊ ကိုယ်လည်း ရှေ့နေပင် မဟုတ်လား။

သူမဦးနှောက်က ဘာသာပြန်ပေးသော ကိုကျော်ဇေယျ၏ စကားမှာ-

‘ကျွန်တော် မမကို ချစ်လွန်းလို့သာ ဒီလောက် အနစ်နာခံပြီး လိုက်လာတာနော်။ ပြီးတော့ မမ အခုလုပ်နေတဲ့ကိစ္စ ဘယ်လောက် အရေးကြီးလဲဆိုတာ ခုထိ ကျွန်တော့်ကို မပြောရသေးဘူးနော်’

သိပါတယ် ကိုကျော်ဇေယျရယ်။ ရှင် ကျွန်မအပေါ် ဘယ်လောက်ထိ ချစ်မြတ်နိုးနေတယ်ဆိုတာ ဟောဒီ ချင်းတောင်တန်းကြီးတွေက ခိုင်လုံတဲ့ချစ်သက်သေတွေ ဖြစ်နေပါပြီ။ ကျွန်မလည်း တစ်နေ့နေ့တော့ ရှင့်ကို ပြန်ချစ်မိလေမလားလို့ မျှော်လင့်မိပါရဲ့။

ဒါပေမယ့်လေ. . . ကျွန်မမှတစ်ပါး မအို၊ မနာ၊ မသေဆေးတွေအကြောင်းကို ဒီကမ္ဘာမှာ ဘယ်သူ့ကိုမှ အသိမပေးပါဘူးလို့ သွားလေသူ ဘိုးဘိုးဆီမှာထားခဲ့တဲ့ ကတိသစ္စာကိုတော့ ဖောက်ဖျက်လို့ မဖြစ်ဘူးရှင့်။ ဒါကြောင့် ဒီကိစ္စကိုတော့ ရှင် မသိချင်ပါနဲ့။ ကျွန်မလည်း ဘယ်လိုနည်းနဲ့မှ ပြောပြလို့ရမှာ မဟုတ်ဘူး။ ဒါကိုတော့ ရှင် နားလည်ခွင့်လွှတ်ပေးပါလို့ ကျွန်မ အနူးအညွတ်တောင်းပန်ပါရစေတော့။

“မမ. . . မမ”

“ဟင်- အင်”

“မိုးလင်းနေပြီလေ ထတော့၊ ခဏနေ ကားထွက်တော့မှာ”

“ရှင်- ဟုတ်လား”

ညက အတွေးလွန်ပြီး ဘယ်အချိန်က အိပ်ပျော်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ကိုကျော်ဇေယျ အသံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ မိုးစင်စင်လင်းနေလေပြီ။ ကမန်းကတန်း အိပ်ရာကထ၍ ကိုယ်လက်သုတ်သင်ရသည်။

ထိုကြားစခန်းမှ မတူပီမြို့နှင့် (၁၈)မိုင်ခန့်သာ လိုတော့ရာ နံနက် (၇း၃၀) နာရီတွင် ထွက်လာခဲ့သောကားမှာ လမ်းချော်ခြင်းများ မရှိတော့သော ချမ်းပြန်းရွာနှင့် လေမျို (၉၇)မိုင် ကွန်ကရစ်တံတားများကို ဖြတ်ကျော်ပြီးသည်နှင့် တောင်ပတ်လမ်းမှာ တဖြည်းဖြည်း မတ်စောက်လာသည်ကို သတိပြုမိသည်။

'လှိုက်လှဲစွာ ကြိုဆိုပါ၏'

မတူပီမြို့

ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၅၆၀)ပေ။

မြို့အဝင်တွင် ထင်းခနဲတွေ့လိုက်ရသော ဆိုင်းဘုတ်ကြောင့် စိုးမမျိုးရင်ထဲ သိမ့်ခနဲ ခုန်သွားမိသည်။ ရန်ကုန်မှ စတင်ရေတွက်လျှင် မိုင်ပေါင်း (၅၀၀)ကျော်မျှ ရှည်လျားသော ခရီးကြမ်းကြီးကို မဆုတ်မနစ် ချီတက်ခဲ့ရသော ပင်ပန်းမောဟိုက်မှုများသည် ဤ 'မတူပီမြို့' ဆိုသော နာမည်ကို ဖတ်လိုက်ရသည်နှင့် ချက်ချင်းပင် လွင့်စဉ်ပျောက်ကွယ်သွားသလို ခံစားမိတော့သည်။

မြို့တွင်းသို့ဝင်မိသည်နှင့် ပထမဆုံး အဓိကရ မြင်လိုက်ရသည်မှာ ကောင်းကင်သို့ ပျံတက်တော့မည့်နှယ် တိမ်ယံများကို ကျော်၍ မိုးပေါ်သို့ချွန်ထွက်နေသော မြို့မနှစ်ခြင်း သာသနာပြု အသင်းတော် (MYOMA BAPTIST CHURCH) ၏ မျှော်စင်ကြီးပင်ဖြစ်၏။ လမ်းများမှာ မြို့တွင်းသို့ရောက်လေ၊ ပို၍ မတ်လာလေပင်။

"ဥပဒေအရာရှိ ဦးနှံမောင်မောင်လွင်ရဲ့အိမ်မှာ ရပ်ပေးပါဗျာ"

ကိုကျော်ဇေယျက ကားမောင်းနေသော ကိုမန်ဖီးအား ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်။ သူက တရားရုံးဝင်းထဲမှာ နေတာပါ"

မတူပီပြည်သူ့ဆေးရုံကြီးကို ကျော်လွန်လာခဲ့ပြီးနောက် မြို့အရှေ့ဘက် လမ်းဆုံအရောက်တွင် လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။ ပြန်ကြားရေးရုံးအလွန် လက်ဝဲဘက်ရှိ ဝင်းကြီးတစ်ခုထဲ ထပ်ချိုးကွေ့ကာ အိမ်တစ်လုံးရှေ့တွင် ရပ်ပေးလိုက်သည်။

အိမ်ထဲမှ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ဆံပင်ကောက်ကောက်နှင့် လူတစ်ယောက် ထွက်လာသည်။ အသက်လေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခန့် ရှိမည်။

"ကျွန်တော် ရန်ကုန်က ဗဟိုတရားရုံးရှေ့နေ ကျော်ဇေယျ ပါ။ မင်းတပ်က ကိုလှမြင့်က စာပေးလိုက်လို့ပါ"

ကိုကျော်ဇေယျက ပြောရင်း စာတစ်စောင် ထုတ်ပေးလိုက် သည်။ ထိုသူက စာကို ချက်ချင်း ဖောက်ဖတ်လိုက်သည်။

"ဟာ- လာကြပါ၊ ကျွန်တော် မောင်မောင်လွင်ပါပဲ။ အိမ်ထဲ ဝင်ကြပါဗျာ"

"ဟုတ်ကဲ့"

ကိုကျော်ဇေယျက (AE) ဦးသန်းအောင်နှင့် ကိုမန်ဖီးတို့အား ကျေးဇူးတင်စကား အထပ်ထပ်ပြောကာ ဦးမောင်မောင်လွင်၏ အိမ်ဆီသို့ လိုက်လာခဲ့ကြသည်။

ဦးမောင်မောင်လွင်က ဖော်ရွေရင်းနှီးစွာ သူ၏မိသားစုနှင့် မိတ်ဆက်ပေး၏။ ဦးမောင်မောင်လွင်၌ အထက်တန်းကျောင်းတက် နေကြသော သားတစ်ယောက်၊ သမီးတစ်ယောက် ရှိ၏။ စိုးမမျိုး တို့ကလည်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်ကြ၏။

"ဒါနဲ့ ကိုကျော်ဇေယျတို့နှစ်ယောက်က ဘယ်လို ဟို. . ."

ဦးမောင်မောင်လွင်၏ အခက်အခဲကို ကိုကျော်ဇေယျက ချက်ချင်း တုံ့ပြန်လိုက်သည်။

"ကျွန်တော်တို့က သူငယ်ချင်းတွေပါ ကိုမောင်မောင်လွင်"

"ဪ. . ."

ဦးမောင်မောင်လွင်တို့လင်မယားက အားနာဟန်ဖြင့် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"ဒါဆိုလည်း ဒေါ်စိုးမမျိုးက ကျွန်တော့်သမီးနဲ့ အိပ်လို့ရပါ တယ်။ ကိုကျော်ဇေယျလည်း သားကြီးနဲ့အတူ အိပ်ကြပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ ကိုမောင်မောင်လွင်"

စိုးမမျိုးတို့ ရေမိုးချိုး၊ နေ့လယ်စာစားသောက်ပြီးနောက် ဧည့်ခန်းတွင် နေရာယူလိုက်ကြသည်။ ကိုကျော်ဇေယျက လာရင်း ကိစ္စနှင့် လိုအပ်သော အကူအညီရရှိရန် တောင်းခံသည်။

"အင်း. . . ဒေါ်သူဇာရွှေ၊ ကျွန်တော် ဒီမှာ တာဝန်ကျနေ တာ တစ်နှစ်ကျော်နေပြီ။ မတူပီမှာ အဲဒီနာမည်မျိုး တစ်ခါမှ မကြားဖူးဘူးဗျ။ ဒီမှာက ဗမာနာမည်ဆိုလို့ ကျွန်တော်တို့လို အစိုးရဝန်ထမ်းတွေပဲ ရှိတယ်။ အားလုံးက ချင်းရိုးရာ နာမည်ပဲ ထားကြတာလေ"

ကိုကျော်ဇေယျက စဉ်းစားရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


"မမရဲ့အဘွားကလည်း ဗမာတိုင်းရင်းသားပဲလေ။ အကြောင်းတစ်ခုခုနဲ့ ဒီကိုရောက်နေတာပါ။ အမှန်က ဒီလို ဗမာနာမည်နဲ့ဆိုရင် ပိုပြီး လူသိများသင့်တာပေါ့နော်"

ဦးမောင်မောင်လွင် ခေါင်းညိတ်ထောက်ခံသည်။

"ကိုကျော်ဇေယျ ပြောတာလည်း စဉ်းစားစရာပေါ့လေ။ သိပ်လည်း စိတ်မပူကြပါနဲ့၊ ဒီမြို့မှာ တကယ်ရှိလို့ကတော့ ကျွန်တော် ရအောင် စုံစမ်းပေးမှာပါ"

ထိုနေ့တွင် စိုးမမမျိုး၏ကိစ္စကို ဤမျှနှင့် နိဂုံးချုပ်ကာ ခရီးပန်းလာကြသည့်အလျောက် အသီးသီး အနားယူလိုက်ကြသည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် ဦးမောင်မောင်လွင်နှင့်အတူ မတူပီ ပြည်သူ့ဆေးရုံကြီးတွင် စိုးမမမျိုး၏ရင်ဘတ်က ဒဏ်ရာအခြေအနေကို ဝင်ရောက် စစ်ဆေးစမ်းသပ်ခံခဲ့သည်။

"ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး။ အနံ့ပါစလင်ဆေးစားလာတာလည်း များနေပြီ၊ ရပ်လိုက်ပါတော့။ နာတာကျင်တာရှိရင် ရေနွေးအိတ်နဲ့ အုပ်ပေးပါ။ တဖြည်းဖြည်း ပျောက်သွားမှာပါ"

တာဝန်ခံဆရာဝန်ကြီး ဒေါက်တာရှီအုပ်က စမ်းသပ်စစ်ဆေးပြီး အကြံပြုသည်။ ထိုမှတစ်ဆင့် မြို့လယ်ကောင်ရှိ မြို့မနှစ်ခြင်းအသင်းတော်သို့ ခေါ်သွားသည်။ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဘုရားကျောင်းတက်ရောက်သူများဖြင့် ပြည့်နေသည်။ စိုးမမမျိုးတို့အား ဧည့်သည်ဘာသာခြားဖြစ်၍ ဘုရားကျောင်းစင်မြင့်၏ ရှေ့ဆုံးတန်းရှိ ခုံတန်းရှည်ကြီးပေါ်တွင် ထိုင်စေသည်။

စင်မြင့်ပေါ်တွင်ကား ကုတ်အင်္ကျီအနက်၊ ဘောင်းဘီ မီးခိုးရောင်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးက စကားပြောစင်ပေါ်တွင်တင်ထားသော သမ္မာကျမ်းစာပါ စာပိုဒ်တစ်ပိုဒ်ကို မတူပီ ချင်းဘာသာစကားဖြင့် ရှင်းလင်းဟောကြားလျက် ရှိသည်။

"အဲဒါ သိက္ခာရ ဆရာတော် ဦးစန်လုံး ဆိုတာပဲဗျ"

ဦးမောင်မောင်လွင်က ကိုကျော်ဇေယျနှင့် စိုးမမမျိုးတို့အား ပြောပြသည်။ သိက္ခာရ ဆရာတော် ဦးစန်လုံး အချိန်အတော်ကြာဟောကြားပြီးနောက် စိုးမမမျိုးတို့ရှိရာဆီသို့ လှမ်းကြည့်ကာ တရားနာပရိသတ်ဘက်လှည့်၍ ဗမာလို ပြော၏။

ဦးစန်လုံး စင်ပေါ်ကဆင်းလာသည်။ ဦးမောင်မောင်လွင်က သိက္ခာရဆရာတော်၏နောက်က လိုက်သွားသည်။ ပရိသတ်များ မတ်တတ်ထ၍ သိက္ခာရ ဆရာတော်ကို အရိုအသေပြုကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ကိုကျော်ဇေယျနှင့် စိုးမမမျိုးတို့လည်း နောက်မှလိုက်သွားကြသည်။

ဦးမောင်မောင်လွင်က ဘုရားကျောင်းအပြင်ဘက် လမ်းပေါ်ရောက်သည်အထိ သိက္ခာရ ဆရာတော်နှင့် စကားတပြောပြောနှင့် လိုက်ပါသွားသည်။ စိုးမမမျိုးတို့လည်း သူတို့နောက် မလှမ်းမကမ်းက လိုက်ပါသွားကြသည်။ အတန်ကြာလျှောက်မိသောအခါ သိက္ခာရ ဆရာတော်သည် အိမ်ကြီးတစ်အိမ်ပေါ်သို့ တက်သွားသည်ကို တွေ့လိုက်ရ၏။ ဦးမောင်မောင်လွင်က နောက်လှည့်၍ တက်ခဲ့ရန် လက်ဟန်ပြသည်။

အိမ်ပေါ်ရောက်၍ ဧည့်ခန်းတွင် နေရာယူပြီးသောအခါမှ ဦးမောင်မောင်လွင်က စိုးမမမျိုးတို့နှစ်ယောက်အား သိက္ခာရဆရာတော်နှင့် မိတ်ဆက်ပေးသည်။ ပြီးတော့မှ သူတို့လာရင်းအကြောင်းကို ပြောပြသည်။

"ကျွန်တော် ဒီလောင်ဗန်းရပ်ကွက်မှာ နေလာတာ အတော်ကြာခဲ့ပါပြီ။ ဒီဒေါ်သူဇာရွှေ ဆိုတဲ့နာမည်ကို အပြင်မှာလည်း တစ်ခါမှ မကြားဖူးဘူး။ ကျွန်တော့်ရဲ့ ဘာသာရေး ပရိသတ်ထဲမှာလည်း ဒီနာမည်မျိုး မရှိဘူးဗျ"

သိက္ခာရ ဆရာတော် ဦးစန်လုံးက ရှင်းပြသည်။ ဦးမောင်မောင်လွင်က စိုးမမမျိုးကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ သိက္ခာရ ဆရာတော်အား-

"ဒါဆိုရင် ဟို- တခြား ရပ်ကွက်တွေမှာများ ရှိနိုင်မလားမသိဘူး"

သိက္ခာရ ဆရာတော် ဦးစန်လုံးက ခေါင်းခါပြသည်။

"ကျွန်တော်တို့ မတူပီမြို့ပေါ်မှာ လောင်ဗန်း၊ စံဘောင်၊ ခိုဘွေနဲ့ လေးဆိုပြီး ရပ်ကွက်(၄)ခု ရှိတယ်ဆိုပေမယ့် မြို့က အရှေ့နဲ့အနောက်ပြေးကြည့်မှ တစ်မိုင်ခွဲသာသာလောက်ပဲ ရှိတာဗျ။ တစ်မြို့လုံးကလူတွေ တစ်ယောက်နာမည် တစ်ယောက် အလွတ်နီးပါး ရနေကြတာလေ။ နောက်ပြီး ဒီနာမည်က ချင်းနာမည် မဟုတ်ဘဲ ဗမာနာမည်ဖြစ်နေတော့ မမှတ်မိစရာအကြောင်းကို မရှိဘူး။ ဒါပေမယ့် စိတ်တော့မပျက်ကြပါနဲ့၊ ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်"

ဦးမောင်မောင်လွင်တို့ သိက္ခာရ ဆရာတော်အား နှုတ်ဆက်၍ ပြန်လာကြသည်။ စိတ်ထဲကတော့ ဘဝင်မကျကြ။ အထူးသဖြင့် စိုးမမမျိုးစိတ်ထဲသံသယပွားနေမိသည်။ ကြေးညိုပြားပေါ်မှနာမည်


www.burmeseclassic.com

www.burmeseclassic.com



နှင့်လိပ်စာသည် မှန်မှမှန်ပါလေစ။ လူနာမည်သော်လည်းကောင်း၊ မြို့နာမည်သော်လည်းကောင်း တစ်ခုခုမှားယွင်းနေခြင်းမျိုးများဖြစ်လေသလား။

သို့သော်လည်း ဒုတိယမျိုးဆက် ဒေါ်ဉာဏစာရီခေါ် ဒေါ်ငြိမ်းရှင်၏လိပ်စာမှာ လူရောနာမည်ပါ အတိအကျ မှန်ကန်ခဲ့သည် မဟုတ်လော။ သို့ဖြစ်၍ ကြေးညိုမြားကလိပ်စာ မမှားတန်ရာ။ အခြား တစ်စုံတစ်ရာ လွဲမှားနေ၍သာ ဖြစ်ပေလိမ့်မည်။

အပြန်တွင် ကြေးနန်းရုံးဝင်၍ ကြီးမေထံ စိတ်မပူရန် ကြေးနန်းတစ်စောင် ရိုက်လိုက်သည်။ ထို့နောက် မြို့တွင်းရှိ ချင်းစောင်ရက်လုပ်ခြင်းလုပ်ငန်းများကို ဝင်ရောက်လေ့လာကြသည်။ ပြီးမှ မြို့အရှေ့ဘက်ရှိ တောင်တန်းသာသနာပြု ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းဆီသို့ လျှောက်လာခဲ့ကြ၏။

လမ်းတွင် အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း အားကစားကွင်းကို ဖြတ်ကျော်ရသည်။ ထိုနေ့က မြို့နယ်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပနေချိန်ဖြစ်၏။ စိုးမမမျိုးက ဘောလုံးကွင်းကို ဖြတ်ကျော်ရင်း ပွဲကြည့်စင်ဘက်ဆီသို့ အမှတ်မထင် လှည့်ကြည့်လိုက်သည်။

"အလို"

သူမ၏ပါးစပ်က အာမေဍိတ်သံတစ်ချက် တအံ့တဩ ထွက်သွားပြီး ခြေလှမ်းများပါ တုံ့ခနဲ ရပ်သွား၏။

"ဘာဖြစ်လို့လဲ မမ"

ကိုကျော်ဇေယျက သူမ၏ရင်ဘတ်ဆီက ထပ်နာလာလေသလား စိုးရိမ်စိတ်ကြောင့် မေးလိုက်သည်။ စိုးမမမျိုးက ဘာမှပြန်မဖြေဘဲ ပွဲကြည့်စင်ရှေ့တည့်တည့်တွင် လေထဲသို့ တဖျပ်ဖျပ် လွင့်နေသော အလံတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။

ဦးမောင်မောင်လွင်က-

"အဲဒါ ချင်းပြည်နယ်အထိမ်းအမှတ် အလံလေ၊ ဘာဖြစ်လို့လဲ"

စိုးမမမျိုးက အလံဆီသို့ လက်ညှိုးထိုးပြရင်း-

"အဲဒီအလံမှာပါတဲ့ ငှက်ကြီးက ဘာငှက်မျိုးလဲဟင်"

ဦးမောင်မောင်လွင်က ပြုံး၍ ရှင်းပြသည်။

"ဒါ အောက်ချင်းငှက်လေ။ အောက်ချင်းငှက် ဆိုတာက အလွန် သစ္စာတရား ကြီးမားကြတယ်တဲ့။ အဲလိုပဲ ချင်းတိုင်းရင်းသားတွေကလည်း သူတို့အချင်းချင်းအပေါ် မှာရော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အပေါ်မှာပါ သစ္စာစောင့်ထိန်းကြမယ်ဆိုတဲ့ သဘောပေါ့ဗျာ”

“ဩော်- ဒီလိုကိုး”

စိုးမမမျိုး အခုမှ သဘောပေါက်သွားသည်။ ရှင်းရှင်းလင်းလင်းလည်း နားလည်သွားတော့သည်။

ကြည့်စမ်း၊ လက်စသတ်တော့ မိမိအိပ်မက်ထဲက ငှက်အုပ်ကြီးမှာ ဒေါက်ချင်းငှက်များပါတကား။ မိမိအား မြူခိုး တိမ်တိုက်တွေထဲ ပြောသောနေရာတွင် လွှတ်ချထားခဲ့သည်မှာ ဒေါက်ချင်းငှက်ကြီးပါတကား။ ထို့ကြောင့်လည်း မိမိ ချင်းပြည်နယ်သို့ ခရီးဆန့်ခဲ့ရခြင်း မဟုတ်ပါလား။ ကြီးမေ၏ အိပ်မက်အဓိပ္ပာယ် ကောက်ယူချက် မှန်ကန်လှပေစွ။

သို့ဖြစ်၍ ကြေးညိုပြားပေါ်က နာမည်နှင့် လိပ်စာသည် လုံးဝ မှားယွင်းချွတ်ချော်ခြင်း မရှိနိုင်တော့ပေ။ မှန်ကို မှန်ရပေမည်။ ဒေါ်သူဇာရွှေ ဤမတူပီမြို့တွင် ရှိကိုရှိနေရပေမည်။ သူမ၏ဘွားတော်အား ဤမြို့တွင် မတွေ့ တွေ့အောင် ရှာရမည်ဟု စိတ်တုံးတုံး ချလိုက်မိတော့သည်။

* * *

မတူပီမြို့၏အရှေ့ဘက်ဖျား ကုန်းမြင့်တစ်ခုပေါ်၌ တောင်တန်းသာသနာပြု ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းကို အဝေးမှ လှမ်းမြင်နေရ၏။

“ဒီမှာက ခရစ်ယာန် ရိုမန်ကက်သလစ်ဘုရားကျောင်းတစ်ကျောင်းနဲ့ ဘက်(ပ်)တစ် နှစ်ခြင်း သာသနာပြုကျောင်းက (၂၀)လောက် ရှိတယ်ဗျ။ ဒီက ချင်းတိုင်းရင်းသား အားလုံးလိုလိုက ခရစ်ယာန်ဘာသာဝင်တွေချည်းပဲ၊ ဗုဒ္ဓဘာသာဆိုလို့ ကျွန်တော်တို့လို ဝန်ထမ်းလောက်ပဲ ရှိတာလေ”

ဦးမောင်မောင်လွင်က ရှင်းပြသည်။ ကိုကျော်ဇေယျက-

“သိက္ခာရ ဆရာတော် ဦးစန္ဒလုံး ပြောတဲ့အတိုင်းဆို မတူပီမှာ ခရစ်ယာန်ဘာသာထွန်းကားခဲ့တာ ၁၉၄၄ ခုနှစ်ကမှဆိုတော့ အခု ၁၉၉၆ ခုနှစ်မှာ အနှစ် (၄၀)ကျော်လေး ရှိသေးတာပဲ။ အဲဒီအရင်က ချင်းလူမျိုးတွေ ဘာကိုးကွယ်ကြလဲဗျ”

ဦးမောင်မောင်လွင်ကား-

“ကျွန်တော် ကြားဖူးသလောက်တော့ နတ်တို့ဘာတို့ ကိုးကွယ်ခဲ့ကြတာပေါ့ဗျာ။ ကျွန်တော်တို့ ရှေးမြန်မာတွေ လိုပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇေယျက ခေါင်းညိတ်ပြသည်။

"တကယ်လို့သာ သိက္ခာရ ဆရာတော် ထပ်ဖွဲ့န်းထက်အရင်ခုလို တောင်တန်းသာသနာပြု ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေသာရှိနိုင်ရင် ဒီက ချင်းတိုင်းရင်းသားတွေ အားလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်ခဲ့မှာ အမှန်ပဲဗျ"

ဦးမောင်မောင်လွင်က ခေါင်းညိတ်ထောက်ခံသည်။ ထိုစဉ် စိုးမမမျိုးက ရုတ်တရက် ဝင်ပြောသည်။

"အဲလိုတော့ဘယ်ပြောလို့ရမလဲ ကိုကျော်ဇေယျရဲ့။ ဘာသာတရားဆိုတာကလည်း အချိန်၊ နေရာ၊ ဒေသအလိုက် သူဝင်စား မွေ့လျော်တဲ့အတိုင်း ဖြစ်တတ်တာမျိုးရှင့်။ ကျွန်မတို့ ကိုယ်တိုင် ခရစ်ယာန်မဖြစ်နိုင်သလို၊ သူတို့လည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာဖို့ ဘယ်လွယ်ပါ့မလဲနော်"

ကျောင်းဝင်းထဲ ဝင်မိသည်နှင့် ကျောင်းထိုင်ဆရာတော် ဦးရာဇိန္ဒအား အသင့်ဖူးတွေ့ရ၏။ ဦးမောင်မောင်လွင် ဦးဆောင်၍ ဆရာတော်အား ဦးချကန်တော့ကြပြီး မိတ်ဆက်ပေးသည်။ ဆရာတော်က လာရင်းကိစ္စကို မေးမြန်းသဖြင့် စိုးမမမျိုးက ရှင်းပြလိုက်သည်။

"အာ- ဒကာမလေးနှယ်၊ လောင်ဗန်းရပ်ကွက် ဒေါ်သူဇာရွှေဆိုတာကို ဦးပဥ္စင်း ကောင်းကောင်းသိတာပေါ့ကွယ်"

စိုးမမမျိုး၏မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားသည်။

"ဟုတ်လား ဘုရား၊ ဒီကလူတွေက မသိကြဘူး ဖြစ်နေတယ်ဘုရား"

ဆရာတော်က ပြုံး၍ ခေါင်းညိတ်သည်။

"သူတို့က ကုန်သည်ကြီး ဦးဝါဆာရဲ့ဇနီး ဒေါ်ရိုင်ဗန်း ဆိုရင်တော့ ကောင်းကောင်း သိကြပါလိမ့်မယ်။ အမှန်က ဒီလိုကွယ့်၊ ကြာတော့ကြာခဲ့ပြီပေါ့ကွယ်။ ဦးပဥ္စင်းတို့တောင် မရောက်သေးတဲ့ အချိန်ကပေါ့။ ဒီက ကုန်သည်ကြီး ဦးဝါဆာနဲ့ ဒကာမလေးရဲ့အဘွား ဒေါ်သူဇာရွှေတို့ဟာ ရေနံချောင်းမြို့မှာတွေ့ပြီး လူငယ်ဘာဝ ချစ်ကြိုက်မိကြလို့ မတူပိကို လိုက်လာတာတဲ့။ ဦးဝါဆာက ခရစ်ယာန် ဘာသာဝင်ဆိုတော့ ဒေါ်သူဇာရွှေကလည်း သူ့ကိုယ်သူ ဒေါ်ရိုင်ဗန်းလို့ နာမည်ပြောင်းပြီး တနင်္ဂနွေနေ့တိုင်း နှစ်ခြင်းသာသနာပြု ဘုရားကျောင်းကို တက်သတဲ့။

ကြည့်ရတာ ဒေါ်သူဇာရွှေက အောက်ပြည်အောက်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက်နဲ့ သူ့နာမည်အရင်းကိုဖျောက်ပြီး ဦးဝါဆာရဲ့ဇနီး ချင်းလူမျိုး ခရစ်ယာန်ဘာသာဝင်အဖြစ်နဲ့ သူ့ဘဝကို ဇာတ်မြှုပ်ထားခဲ့တယ်လို့ထင်မိတယ်။ အမှန်တကယ်တော့ ဒကာမလေးအဘွားက ခရစ်ယာန်ဘာသာထဲ ဝင်သွားခဲ့တာ မဟုတ်ဘူးကွယ့်"

"တင်ပါ့ဘုရား"

"ဦးပဥ္စင်းတို့တွေ ဒီမှာ တောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းဖွင့်လိုက်တာနဲ့ ပထမဆုံး ရောက်လာတာ ဒကာမကြီး ဒေါ်သူဇာရွှေပဲကွယ့်"

"တင်ပါ့ဘုရား"

"မကြာခဏ ဦးပဥ္စင်းဆီလာပြီး ဝတ္တုပစ္စည်းတွေကပ်တယ်။ နေ့ကြီးရက်ကြီးတွေမှာ သီလယူပြီး ဥပုသ်စောင့်တယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဝတ္တရားအရ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းကို ဝတ်မပျက်တက်တယ်။ ဦးဝါဆာကလည်း ဘာမှမပြောဘူး၊ ဒေါ်သူဇာရွှေရဲ့ဆန္ဒအတိုင်း ခွင့်ပြုထားတယ်။ တစ်ခါတလေ သူတောင် ဘုန်းကြီးကျောင်း ပါလာသေးတယ်"

"တင်ပါ့ဘုရား"

"အဲဒါနဲ့ တစ်နေ့မှာ ဒကာမလေးရဲ့အဘွားကိုယ်တိုင် ကထိန်သင်္ကန်းကပ်လှူပြီး ရေစက်ချ အမျှဝေတဲ့အခါ သူ့ကို ဒေါ်ရိုင်ဗန်းလို့မခေါ်ဘဲ ဒေါ်သူဇာရွှေနာမည်ခေါ်ပြီး ဆုတောင်းပေးဖို့ ပြောလာတယ်။ အဲဒီတော့မှ ဦးပဥ္စင်းလည်း ဒကာမလေးရဲ့အဘွား နာမည်အရင်းကို သိခဲ့ရတာကွယ့်"

"တင်ပါ့ဘုရား"

"အဲ- ပြီးခဲ့တဲ့ သုံးနှစ်လောက်က ဒကာမကြီးရဲ့ ခေါင်းထဲမှာ မကြာခဏ ကိုက်ခဲလာတယ် ဆိုတာနဲ့ သူတို့လင်မယား ပခုက္ကူဆေးရုံကြီးမှာ သွားပြဖို့ ဆင်းသွားကြတယ်။ သူတို့မှာ သားသမီး မထွန်းကားခဲ့တော့ ဦးဝါဆာက အိမ်ကို သူ့ညီလက်အပ်ပြီးသွားခဲ့တာ ပခုက္ကူဆေးရုံမှာ အတွင်းလူနာအဖြစ်နဲ့ တက်နေရတယ်လို့ နောက်ပိုင်းမှာ သူ့ညီဆီက သိရတယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်း လုံးဝ အဆက်အသွယ် မရတော့ဘူး။ သူ့ညီကို ခေါ်မေးကြည့်တော့လည်း ဘာသတင်းမှ မရဘူးတဲ့။ သူ့ညီကိုယ်တိုင် ပခုက္ကူဆင်းပြီး ဆေးရုံကြီးမှာ စုံစမ်းကြည့်တော့လည်း မတွေ့ပါက ဆေးရုံလာတက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒေါ်ရိုင်ဗန်းဆိုတာ ဆေးရုံတက် လူနာစာရင်းမှာ ရှာမတွေ့ဘူးတဲ့။ အင်း. . အခုဆို ဒေါ်သူဇာရွှေရဲ့သတင်း လုံးဝမကြားရတော့တာ နှစ်နှစ်နီးပါးတောင် ရှိနေပြီကွယ့်"

"တင်ပါ့ဘုရား"

"ဦးပဥ္စင်းလည်း ဒေါ်သူဇာရွှေကိုယ်တိုင် သူ့နာမည်ကို မသိစေချင်ဘူးထင်တာနဲ့ ဘယ်သူ့မှမပြောပြခဲ့ဘူး။ ဒေါ်ရိုင်ဗန်းအနေနဲ့ပဲ ပြောနေခဲ့တယ်။ ဒီနေ့တော့ ဒကာမလေးဆီက ထူးထူးဆန်းဆန်း ဒေါ်သူဇာရွှေဆိုတဲ့နာမည် ကြားမိလိုက်တော့မှ ဒီကိစ္စကို မေးတော်တဲ့ ဒကာမလေးအနေနဲ့ သိသင့်တယ်ထင်လို့ ဖွင့်ပြောမိတာပါ"

"တင်ပါ့ဘုရား"

"ဒီလောက်ဆို ဒကာမလေးတို့လည်း ရှင်းလောက်ပါပြီ။ ဒါထက် သေချာချင်သေးရင် ဦးဝါဆာရဲ့ညီ ဦးလောထန်းနဲ့ ဝင်တွေ့သွားကြဦး။ ဒီက ဒကာမလေးတို့ ပြန်ပြီးတဲ့နောက် ဒေါ်သူဇာရွှေနဲ့ပတ်သက်တဲ့ သတင်းတစ်ခုခုများ ကြားရရင် ဦးပဥ္စင်းကိုလည်း လှမ်းအကြောင်းကြားဦးကွယ့်"

"တင်ပါ့ဘုရား"

သူတို့သုံးဦး ဆရာတော်အား လျှုဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ဘုန်းကြီးကျောင်းက ပြန်လာခဲ့ကြသည်။ အပြန်တွင် လောင်ဗန်းရပ်ကွက်သို့ဝင်ကာ ဦးဝါဆာ၏ညီ ဦးလောထန်းနှင့်ဝင်တွေ့ခဲ့ကြသည်။

"ဟုတ်တယ်၊ အစ်ကိုနဲ့ အစ်မ ပခုက္ကူဆင်းသွားလို့ မကြာခင် အစ်မဆေးရုံတက်နေရတဲ့အကြောင်း ကြေးနန်းတစ်စောင်ရတယ်။ နောက်ပိုင်း အဆက်အသွယ် လုံးဝ မရတော့ဘူး။ ဒါနဲ့ လေးငါးခြောက်လကြာတော့ ကျွန်တော် ပခုက္ကူ ဆေးရုံကြီးမှာ သွားစုံစမ်းတော့လည်း ဘာသတင်းမှမရတော့ဘူး။ အစ်မဖြစ်နေတဲ့ရောဂါကိုပြောပြပြီး စုံစမ်းမေးမြန်းကြည့်တော့ မတူပီက ဒေါ်ရိုင်ဗန်းဆိုတာ ဆေးရုံလာမတက်ဘူးလို့ ပြောတယ်ဗျ"

ဦးဝါဆာ၏ညီ ဦးလောထန်းက ရှင်းပြသည်။ စိုးမမမျိုးက-

"ဒါနဲ့ အဘွားဖြစ်တာက ဘာရောဂါလဲ မသိဘူး"

"အဲ- သူ့ခေါင်း ညာဘက်ခြမ်းမှာ မကြာခဏ ကျဉ်သလိုကိုက်ခဲသလိုလို ဖြစ်တယ်။ တစ်ခါတစ်ခါ မခံမရပ်နိုင်အောင်ကိုက်တယ်တဲ့။ ဒါကြောင့် အစ်ကိုက ဆေးရုံအမြန်သွားပြခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာလေ"

"အဘွားက အသက် ဘယ်လောက်ရှိပြီလဲဟင်"

"အင်း. . . အဲဒီတုန်းက အသက် (၇၀)ဆိုတော့ အခုဆိုရင် (၇၃) နှစ်လောက် ရှိလောက်ပြီ။ ကျွန်တော့်အစ်ကိုထက် အစ်မက ငါးနှစ်လောက် ပိုကြီးတယ်ဗျ။ ဒါပေမယ့် အစ်မက အသက်ကြီးပေမယ့် သူ တော်တော်နဲ့ သေမှာမဟုတ်သေးဘူးလို့ ပြောသွားသေးတယ်"

စိုးမမျိုး ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထသွားမိသည်။

သေချာသည်။ ဒါ အဘွားလက်ထဲတွင် မသေဆေးတောင့် ရှိနေကြောင်း သက်သေခံလိုက်သည့်စကားပင် မဟုတ်ပါလော။

သို့သော် ဒေါ်သူဇာရွှေ ဘယ်ရောက်၍ ဘယ်ပေါက်နေသည် မသိသေး။ ဘယ်ကစ၍ ရှာရပေမည်နည်း။ မတူပီက လွန်ခဲ့သော သုံးနှစ်ခန့်က ရောဂါကုသခံရန် ထွက်သွားပြီး ပခုက္ကူဆေးရုံကြီးတွင် ခြေရာပျောက်သွားခဲ့သည်မှာ နှစ်နှစ်ခန့်ပင် ရှိနေပြီ။ လုံးဝ အဆက်အသွယ်မရတော့ဟု သိရသည်။

ပျောက်သောသူ ရှာလျှင်တွေ့ ဆိုသောစကား ရှိသော်လည်း တောင်ပေါ်မှဆင်း၍ ခြေရာဖျောက်ကာ ပုန်းရှောင်နေသူအား တောင်အောက်တွင် အလွယ်တကူ ရှာ၍တွေ့နိုင်ပါမည်လား။

"ကဲ-. ဦးမောင်မောင်လွင်၊ အစစအရာရာ အကူအညီပေးခဲ့တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ရန်ကုန်ရောက်တဲ့ အခါ ဝင်လာခဲ့ပါဦး"

"ရပါတယ်ဗျာ၊ အချင်းချင်းတွေပဲဟာ။ အကူအညီပေးရတာ ဘာမှ အပန်းမကြီးပါဘူး"

ကံအားလျော်စွာ စိုးမမျိုးတို့ ပြန်မည့်နေ့နှင့် ဆောက်လုပ်ရေးမှ ကိုမန်ဖီးတို့ဂျစ်ကားနှစ်စီး ပခုက္ကူဆင်းမည့်ရက်နှင့် တိုက်ဆိုင်နေပြန်ရာ ထိုကားဖြင့်ပင် လိုက်ပါခွင့်ရခဲ့သည်။

ဦးမောင်မောင်လွင်၊ ဆရာတော် ဦးရာဇိန္ဒ၊ ဒေါက်တာရှိုအုပ်၊ သိက္ခာရဆရာတော် ဦးစန်လုံးနှင့် ဦးလောထန်းတို့အား အသီးသီး နှုတ်ဆက် ကျေးဇူးတင်စကားပြောခဲ့သေးသည်။

* * *

ကိုမန်ဖီးကားမှာ အလာတုန်းကလိုပင် (၈၄)မိုင်နှင့် မိုင် (၄၀)တို့တွင် နှစ်ညအိပ်ရကာ သုံးရက်ကြာခဲ့သည်။ လမ်းမှာ အလာတုန်းကထက် မဆိုးတော့။ ပွင့်လင်းရာသီသို့ ရောက်လာသည့်အလျောက် လမ်းမြေသားများ မာကျောလာဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com


မိုင် (၄၀)သို့ ဒုတိယအဖြစ် တည်းခိုရန် ရောက်ခါနီး နှစ်မိုင် ခန့်အလိုတွင် ထူးခြားဖြစ်စဉ်တစ်ခု မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသည်။ တခြားတော့ မဟုတ်၊ စိုးမမမျိုး ရုတ်တရက် သတိမေ့မြောသွားခြင်း ဖြစ်၏။

ရင်ဘတ်က ဒဏ်ရာကြောင့်လား၊ တောက်လျှောက် ခရီး ကြမ်းနှင်ခဲ့ရ၍လား၊ ရာသီဥတု အေးလွန်းနေသဖြင့်လား။ သေချာ သည်က ထိုအချက်များကို အခြေခံဖြစ်ပေါ်လာသော ဖင်ပန်းမှု ဒဏ်ကို ခံနိုင်စွမ်းရည်ကျဆင်းသွားခြင်း ဖြစ်ပေလိမ့်မည်။

သတိမေ့မြော၍ မိမိကိုယ်ခန္ဓာဆီသို့ အရုပ်ကြိုးပြတ် ပြိုလဲ လာသော စိုးမမမျိုး၏ကိုယ်လုံးအား စိုးရိမ်တကြီး ပွေ့ဖက်ထား လိုက်ရသည်။ 'မမ၊ မမ' ဟု အကြိမ်ကြိမ် တဖွဖွ ခေါ်နေသည်ကို စိုးမမမျိုး လုံးဝ မကြားနိုင်တော့လောက်အောင် ပင်ပန်းမှုဒဏ်က ဖိစီးသွားခဲ့သည်။

တောထဲတောင်ထဲ ဆရာဝန် မရှိသောနေရာတွင်မှ အခုလို ဖြစ်ရခြင်းအပေါ် ကိုကျော်ဇေယျ စိတ်မကောင်းဖြစ်၍ မဆုံးပေ။ ခရီးနှစ်မိုင်သာသာခန့် မေ့မြောနေခဲ့သော စိုးမမမျိုးသည် မိုင်(၄၀) စခန်းရောက်၍ ကိုကျော်ဇေယျ ပွေ့ချီသွားခဲ့ပြီး ခုတင်ပေါ် ရောက် သည်အထိ သတိမရသေး။ ပါလာသော ရှူဆေး၊ လိမ်းဆေးများဖြင့် တတ်အားသမျှ ဝိုင်းဝန်းပြုစုလိုက်ကြ၍ အတော်လေးကြာမှ သတိ ပြန်လည်လာတော့၏။

"ဟင်- မမတို့ ဘယ်ရောက်နေပြီလဲ ကိုကျော်ဇေယျ"

"ဟူး. . . တော်သေးတာပေါ့ မမရယ်၊ ဒါလောက် မြန်မြန် သတိပြန်ရလာပေလို့။ နို့မို့ရင် ကျွန်တော့်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး"

ကိုမန်ဖီးတို့အဖွဲ့လည်း အခုမှ စိတ်အေးသွားကာ အိပ်ရာအ သီးသီးဆီသို့ ထွက်သွားကြသည်။

"မမ ဘယ်နားလောက်မှာ သတိမေ့သွားတာလဲဟင်"

"ဒီစခန်းရောက်ဖို့ နှစ်မိုင်လောက်အလိုမှာလေ"

"မမလေ၊ သတိမေ့ပြီး ဘယ်လိုဖြစ်သွားသေးလဲ။ ကားပေါ် က ပြုတ်ကျမလို ဖြစ်သေးလားဟင်"

"မဖြစ်ပါဘူး မမရယ်၊ သတိမေ့တာနဲ့ တစ်ပြိုင်တည်း ကျွန် တော့်ရင်ခွင်ထဲ ကျလာတော့တာပဲလေ"

"ရှင်- အဲဒါ ကိုကျော်ဇေယျက ဘယ်လိုလုပ်လိုက်လဲ"

"ဘယ်လိုလုပ်ရမလဲဗျာ၊ ဒီစခန်းရောက်တဲ့အထိ တစ်ချိန်လုံး


www.burmeseclassic.com

www.burmeseclassic.com


ပွဲ့ဖက်ထားရတော့တာပေါ့။ ဘယ်တတ်နိုင်မလဲ"

"အို- ရှင် တကယ်ပြောတာလား"

"အာ- မမကလည်းဗျာ၊ ကျွန်တော်က အရေးထဲ လိမ်ပြော နေရဦးမှာလား။ ပြီးတော့ ဒီအချိန်မှာ မမကို ကျွန်တော်မှ မပွေ့ထားရင် ဘယ်သူပွေ့ထားမလဲ"

"ဒါ. . . ဒါဖြင့် ကားပေါ်ကနေပြီး ဒီအိပ်ရာပေါ်ရောက် အောင် ကိုကျော်ဇေယျပဲ ရွှေ့လာတာပေါ့"

"ဒါပေါ့ မမရယ်၊ ကျွန်တော်မျိုးကြီးကပဲ ရွှေမင်းသမီးလေးကို ပွေ့ချီရွှေ့ပြောင်းခဲ့ရပါသတဲ့ဗျား"

"တော်ပါ ပြောင်စပ်စပ်နဲ့၊ လူဆိုး. . . ဟင်း"

"အလိုဗျာ၊ လူကိုများ လူဆိုးတဲ့။ ဘာလဲ၊ ကျေးဇူးတင်စကား လေး တစ်ခွန်းပြောဖို့ တွန့်တိုနေတာလား"

"အမလေး- တစ်ခွန်း မဟုတ်ပါဘူး၊ အခွန်းတစ်ရာ တစ် ထောင် ကျေးဇူးတင်ပါသတဲ့ရှင်။ ကဲ- ကျေနပ်ပြီလား"

"ဟား ဟား ဟား ဟား"

ကိုကျော်ဇေယျ၏ရယ်သံကို စိုးမမမျိုး အလွန် နားလည် သဘောပေါက်သည်။ ရယ်သံနောက်တွင် အဓိပ္ပာယ်များစွာပါနေ သည်။

ကျွန်တော့်မေတ္တာကို ခင်ဗျား ခုထိ မတုံ့ပြန်သေးပေမယ့် ကျွန်တော့်ရင်ခွင်ထဲ ရောက်လာရတာပဲ မဟုတ်လား ဟား ဟား ဟား ဟား. . . ။

အင်းလေ- ဤမျှ ဝေးလံသီခေါင်သော ခရီးကြမ်းရှည်ကြီးကို နှစ်ယောက်တည်း အတူလာခဲ့ကြမှတော့ ဒီလိုအဖြစ်မျိုးတွေက ရှောင်လို့ ဘယ်ရပ့ါမလဲလေ။ တစ်ခုမဟုတ် တစ်ခုတော့ ထိမိငြိမိကြ မည်သာ။ သို့သော် မိမိက သတိမေ့နေသူပီပီ ဘာမှ မသိလိုက်ရ သော်လည်း သတိရနေသော ကိုကျော်ဇေယျတစ်ယောက် ဘယ်လို မျိုး ခံစားခဲ့ရမည်လဲတော့ မပြောတတ်။ အင်း. . . သူ့မျက်နှာပြင် ပေါ်မှာကား မိမိအတွက် စိုးရိမ်သောကရောက်နေသော အရေးအ ကြောင်းများကိုသာ အထင်းသား မြင်လိုက်ရ၏။

သူတော်ကောင်း နတ်ကောင်းမ,မှာပါ။

"ခရီးဆက်သွားလို့ ဖြစ်ပါတယ်နော် ဒေါ်စိုးမမမျိုး"

နောက်တစ်နေ့နံနက် ကားထွက်ခါနီး၌ ကိုမန်ဖီးကမေး၏။

"ရပါတယ်ရှင်၊ ကျွန်မ ဘာမှထပ်မဖြစ်နိုင်တော့ပါဘူး။ ဒီ နေ့ပဲ မင်းတပ်ရောက်တော့မှာ မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ မင်းတပ်ရောက်ရင်တော့ ဆေးရုံမှာပြဖို့လိုလိမ့်မယ်ဗျ"

"ဟုတ်ကဲ့ရှင်"

* * *

ထိုနေ့ နံနက် (၈)နာရီခန့်က ထွက်လာလိုက်ကြရာ မင်းတပ်မြို့သို့ ညနေ သုံးနာရီခန့်တွင် ရောက်လာသည်။

"သွေးပေါင်ကျပြီ အားနည်းသွားလို့ပါ၊ ကျွန်တော် အကြောဆေးတစ်လုံး သွင်းပေးလိုက်ပါ့မယ်။ နည်းနည်း အနားယူလိုက်ရင် ကောင်းသွားမှာပါ"

မင်းတပ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာ ခင်မောင်မြင့်က စိုးမမျိုးအား စမ်းသပ်ပြီးနောက် အကြောဆေးတစ်လုံးသွင်းပေးကာ အားဆေးများ ထုတ်ပေးလိုက်သည်။

ဥပဒေအရာရှိ ကိုလှမြင့်အား သွားရောက်တွေ့ဆုံနှုတ်ဆက်ကာ အကျိုးအကြောင်း ရှင်းပြခဲ့ပြီး ထိုညတွင် အလာတုန်းကတည်းခဲ့သော အိမ်မှာပင် ညအိပ်ခဲ့ကြသည်။ နောက်တစ်နေ့နံနက်တွင် ကိုလှမြင့်၊ ကိုအွမ်ယောနှင့် သိက္ခာရဆရာတော် ဦးထန်းငိုင်းအောင်တို့အား နှုတ်ဆက်၍ တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ ကျောက်ထုတွင် ခဏနား၍ ယောချောင်းကို ရေတိမ်ရာက ဖြတ်ကျော်ပြီးနောက် အလာတုန်းက တစ်ညတာ အိပ်စက်ခဲ့ရသော ပန်းဆန်ရွာထိပ်ကဇရပ်ကို လှမ်းမြင်ခဲ့ရသေးသည်။

တောင်ဆင်းလမ်းများ အတော်ခြောက်သွေ့နေပြီဖြစ်သည့်တိုင် ပခုက္ကူမြို့သို့ ရောက်သည့်အချိန်မှာ ညကိုးနာရီပင် ခွဲနေလေပြီ။ ကိုမန်ဖီးတို့နှင့် နှုတ်ဆက်လမ်းခွဲကာ ယခင် တည်းခိုခန်းမှာပင် ညအိပ်ရပ်နားခဲ့ကြသည်။

"ကျွန်မ မှတ်မိတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တစ်ခါ လူတစ်ယောက် မတူပီက ဆေးရုံတက်တဲ့ ဒေါ်ရိုင်ဗန်းဆိုတာကို လာစုံစမ်းသေးတယ်၊ စာရင်းအရ ရှိမှမရှိဘဲ။ ဘယ့်နှယ်လုပ်မလဲ"

နောက်တစ်နေ့ နေ့လယ်ပိုင်း ပခုက္ကူဆေးရုံကြီးတွင် သွားရောက်စုံစမ်းခဲ့ရာ ဆေးရုံအတက်အဆင်းစာရင်း တာဝန်ရှိသူ စာရေးဝန်ထမ်းတစ်ဦးက ရှင်းပြသည်။ စိုးမမျိုးက တစ်ချက်ပြုံးပြကာ လေသံအေးအေးဖြင့် ပြော၏။

"မတူပီက ဒေါ်ရိုင်ဗန်းဆိုတာမတွေ့ရင် ဒေါ်သူဇာရွှေဆိုတဲ့ နာမည်များ ဖြစ်နေမလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဝန်ထမ်းက စာရင်းစာအုပ်ကို နောက်ကြောင်းပြန်လှန်ကာ တစ်နေရာတွင် ရှာဖွေကြည့်သည်။

"ဒေါ်သူဇာရွှေ . . ဒေါ်သူဇာရွှေ၊ ဟော- ဒီမှာတွေ့ပြီ။ ဒေါ်သူဇာရွှေ၊ အသက် (၇၀)၊ မတူပီမြို့တဲ့။ အဲဒါလား"

စိုးမမမျိုးက စာရင်းစာအုပ်ကို ယူ၍ကြည့်သည်။

"ဟုတ်တယ်၊ အဲဒီ ဒေါ်သူဇာရွှေပါပဲ။ အဲဒါ ဘာရောဂါနဲ့ ဆေးရုံတက်ပြီး ဘယ်တုံးက ဆင်းသွားတာလဲ သိပါရစေရှင်"

စာရေးမက ဆေးရုံဆင်းစာအုပ်တစ်အုပ်ကို ရွေးယူကာ တစ်နေရာသို့ လက်ထောက်၍ ရှာဖွေသည်။

"အင်း . . ဒီမှာပါ၊ ဒေါ်သူဇာရွှေက ခေါင်းမှာ သွေးခဲတဲ့ ရောဂါနဲ့ (၁-၃-၁၉၈၃) ရက်နေ့မှာ ဆေးရုံတက်ခဲ့ပြီး (၁၃-၉-၁၉၈၃) ရက်နေ့က ရန်ကုန် ဦးနှောက်နဲ့အာရုံကြောဆေးရုံကို ပြောင်းရွှေ့လိုက်တယ်တဲ့"

"ဟူး. . ."

စိုးမမမျိုးက သက်ပြင်းမောတစ်လုံးချကာ ကိုကျော်ဇေယျအား လှမ်းကြည့်သည်။ ကိုကျော်ဇေယျ ပခုံးတွန့်၍ ခေါင်းခါပြသည်။ သူလည်း မောလောက်ပါပေပြီ။ ရန်ကုန် ဦးနှောက်နှင့် အာရုံကြောဆေးရုံအထိ ပြန်လိုက်ရဦးမှာပါလား။

ဩော်- ဘယ်ဆီမှာများလဲ ဘွားဘွားရယ်။

■■■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဂ)
## မသေဆေးတောင့်[illegible]

"ပခုက္ကူဆေးရုံက (၁၃-၉-၁၉၈၃)ရက်နေ့မှာ ကျွန်တော်တို့ဆေးရုံကို ပြောင်းပေးလိုက်တယ် ဆိုပေမယ့် ဒီမှာ ၁၉၈၃ ခုနှစ်၊ (၉)လပိုင်း တစ်လလုံး ရောက်လာတာ မတွေ့ရဘူးဗျ။ နေပါဦး၊ (၁၀)လ ပိုင်းထဲမှာဆိုရင်တော့. . . ဟုတ်ပြီဗျ၊ (၂-၁၀-၁၉၈၃) ရက်နေ့မှ ဆေးရုံလာတာလေ၊ ခေါင်းမှာ သွေးခဲတဲ့ရောဂါတဲ့နော်"

ရန်ကုန် ဦးနှောက်အာရုံကြောဆေးရုံကြီးတွင် တာဝန်ရှိသူ စာရေးဝန်ထမ်းတစ်ဦးထံ သွားရောက် စုံစမ်းမေးမြန်းခဲ့ရာ ဆေးရုံ အဝင်စာရင်းတွင် ရှာတွေ့သဖြင့် စိုးမမျိုးတို့ အားတက်သွားရသည်။

"ဟုတ်ကဲ့- အဲဒါလေ၊ ကျွန်မတို့ ဒီနေ့အထိ အဆက်အသွယ် မရတော့လို့ လာစုံစမ်းရတာပါ။ ဒေါ်သူဇာရွှေဆိုတာ ကျွန်မ အဘွားပါ။ ကျေးဇူးပြုပြီး ဒီမှာပဲ ခုထိ ဆေးရုံတက်နေရတာလား၊ တခြား ဆေးရုံးပဲ ထပ်ပြောင်းရသေးလား"

စာရေးဝန်ထမ်းက စိုးမမျိုးနှင့် ကိုကျော်ဇေယျတို့အား စိတ်မကောင်းဟန် အားနာသော အမူအရာမျိုးဖြင့် စူးစိုက်ကြည့်လိုက်ပြီး -

"အင်း. . . ဆေးရုံလာတက်ပြီး နှစ်နှစ်လောက်ကြာတဲ့အထိ အိမ်လည်း ပြန်မလာဘူး၊ အဆက်အသွယ်လည်း လုံးဝမရတော့ဘူး ဆိုတော့ ဒါ ဘယ်လိုပဲတွေးတွေး ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



စာရေးက တိုက်ရိုက်ပြောရမှာ အားနာဟန်ဖြင့် သွယ်ဝိုက်ပြောနေခြင်း ဖြစ်သည်။ စိုးမမမျိုးက-

"အဲဒါတော့ ကျွန်မတို့လည်း သဘောပေါက်မိပါတယ်ရှင်။ ဒါပေမယ့်လေ၊ အဘွား ဆေးရုံတက်တာကို လာစောင့်ပေးတဲ့ အဘိုးကပါ သူ့ရပ်ရွာကို ပြန်မလာဘဲ အဆက်အသွယ်လည်းမလုပ်ဘူး ဆိုတော့ ကျွန်မစိတ်ထဲ အဲဒါကို အတော်လေး ဘဝင်မကျ ခံစားနေရလို့ပါ။ အဲဒါ ကျေးဇူးပြုပြီး အခြေအနေအမှန်လေး သိရအောင် ဆက်ပြီးကူညီပါဦးရှင်"

စာရေးက လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ နေ့လယ် (၁၂) နာရီတိတိ။

"ဒီလိုလုပ်ပါလားဗျာ၊ ကျွန်တော်လည်း ဟိုဘက်ဆေးရုံသွားရမယ့်ကိစ္စလေးတွေ ရှိနေသေးလို့ပါ။ အားတော့နာပါတယ်၊ ညနေ သုံးနာရီလောက် တစ်ခေါက် ပြန်လာကြပါလား။ ကျွန်တော် ကြိုးစားပြီး ရှာထားလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်လိုက်တာရှင်။ ကူညီပေးပါဦး၊ ကျွန်မတို့ ပြန်လာခဲ့ပါ့မယ်"

စိုးမမမျိုးတို့နှစ်ယောက် ဆေးရုံဝင်းအတွင်းရှိ အအေးဆိုင်တစ်ခုတွင် ဝင်ထိုင်၍ အချိန်ဖြုန်းနေလိုက်ကြသည်။ နွေတက်လာပြီဖြစ်၍ ရန်ကုန်မြို့ နေ့လယ်နေအပူရှိန်ကား ပြင်းထန်လှသည်။ အေးခဲမတတ် အအေးဒဏ်ခံခဲ့ရသော မတူပီခရီးအား ပြန်ပြောင်းသတိရမိသေး၏။

ရန်ကုန်သို့ ပြန်ရောက်ကြပြီး အကြွေးတင်နေသော ရုံးချိန်းအမှုကိစ္စများကို နှစ်ပတ်နီးပါးကြိုးစားဖြေရှင်းပြီး ရုံးချိန်းလွတ်သော ယနေ့နံနက်တွင်မှ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးသို့ လာရောက်ခဲ့ကြခြင်း ဖြစ်၏။

အဘွားဒေါ်သူဇာရွှေအား ရှာပုံတော်ဖွင့်ရသည်မှာ နီးရက်နှင့်ဝေးဆိုသကဲ့သို့ ကြေးညိုပြားပါလိပ်စာအတိုင်း ချင်းတောင်တန်းအထိ တပင်တပန်း တက်ရောက်ရှာဖွေခဲ့ရာမှ နောက်ဆုံး ရန်ကုန်မြေပေါ်မှာပင် ပြန်ဆုံကြရပြန်၏။

အဘွားအကြောင်း မမေးလျှင်မဖြစ်၍သာ မေးနေရသည်။ မိမိမကြားချင်သော သတင်းစကားများကို ပြန်ဖြေလိုက်မည်ကိုလည်း တွေးကြောက်နေမိသည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဆေးရုံတက်သော လူတစ်ယောက် နှစ်နှစ်ကျော်၊ သုံးနှစ်ကြာခန့် ခြေရာပျောက်သွားသည်မှာ



www.burmeseclassic.com

www.burmeseclassic.com


စာရေးဝန်ထမ်းပြောသလို ကောင်းသောလက္ခဏာများ မဟုတ်ပေ။

ယင်းသို့ဆိုလျှင် အဘိုးကရော ဘယ်ရောက်သွားခဲ့သနည်း။ သူ ဘာကြောင့် ပြန်မလာခဲ့ပါသနည်း။ အရေးအကြီးဆုံးအချက်မှာ အဘွား၏ရောဂါအခြေအနေကို သူ့ညီ ဦးလောထန်းထံ ပြန်ပြောအသိပေးရမည့် တာဝန်ရှိပါလျက် အဘိုးရော အဘွားပါ တစ်ပြိုင်နက် ပျောက်ခြင်းမလှပျောက်သွားခြင်းမှာ အတော် စဉ်းစားစရာကောင်းသောအချက် ဖြစ်၏။

ဆေးရုံစာရင်းများအရ အဘွားအား ဦးခေါင်းတွင် သွေးခဲသောရောဂါဖြင့် ပခုက္ကူဆေးရုံတွင် (၆)လခန့် တက်ရောက်ကုသလစေပြီးမှ ဦးနှောက်နှင့် အာရုံကြောဆေးရုံသို့ လွှဲပြောင်းပေးခဲ့ခြင်းကို ထောက်ရှုလျှင် အဘွား၏ရောဂါမှာ မသက်သာဘဲ ပို၍ပင် ဆိုးလာခဲ့ပုံရ၏။

အဘွား၏ရောဂါမှာ ဦးခေါင်းပိုင်းနှင့်ဆိုင်နေပေရာ ဤဦးနှောက်နှင့် အာရုံကြောဆေးရုံမှ တခြား ဆေးရုံတစ်ခုခုသို့ ထပ်မံပြောင်းရွှေ့ရန် အကြောင်းမရှိနိုင်ပေ။ သို့ဆိုလျှင် ဤဆေးရုံတွင်သာ အဘွား တောက်လျှောက် တက်ရောက် ကုသခံနေခဲ့ရပေလိမ့်မည်။ ထိုသို့ ကုသခံရင်း ရောဂါအခြေအနေ ပိုဆိုးလာပါက တစ်ခုသာ ကျန်တော့သည်။

ထိုတစ်ခုအား စိုးမမမျိုး ဆက်မတွေးရဲတော့။

အအေးနှစ်ခွက်သောက်၍ ကိုကျော်ဇေယျနှင့် အမှုအကြောင်း၊ တရားရုံးများအကြောင်း၊ နောက်ဆုံးထုတ် စီရင်ထုံးစာအုပ်များအကြောင်း စသည့်ကိစ္စများကို ဆွေးနွေးရင်း အချိန်ဖြုန်းနေမိသည်။ မတူပီခရီးစဉ်အကြောင်း စကားမစပ်မိအောင် အထူးသတိထား ရှောင်နေလိုက်သည်။ မိုင် (၄၀)တွင် မိမိ သတိမေ့နေသည့်တစ်ချိန်လုံး ကိုကျော်ဇေယျ ထွေးပွေ့ထားသည်ကို ပြန်တွေးမိတိုင်း ရင်တုန်လှ၍ ဖြစ်၏။

"ကဲ- မမ၊ (၂)နာရီ (၄၅)မိနစ်တော့ ရှိပြီ။ သွားကြမလား"

"သွားလေ"

နှစ်ယောက်သား အအေးဆိုင်မှထကာ ဆေးရုံရုံးခန်းထဲသို့ ပြန်ဝင်လာကြသည်။

"ဟာ- အတော်ပဲ၊ အစ်မတို့လာတာနဲ့။ ကျွန်တော် အခုပဲ ရှာတွေ့တယ်"

စာရေးဝန်ထမ်းက ဆီးကြိုပြောလိုက်သောစကားကြောင့် စိုးမမမျိုး ထိတ်ခနဲ ရင်တုန်သွားမိသည်။ ဘယ်လိုတွေ့တာပါလိမ့်


www.burmeseclassic.com

www.burmeseclassic.com



ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။

"ကဲ- ဟောဒီ မှတ်ချက်စာပိုဒ်ကလေးသာ ဖတ်ကြည့်ကြပါတော့ဗျာ"

စာရေးဖြစ်သူထံမှ စိတ်မကောင်းသော လေသံကြောင့် စိုးမမမျိုး၏ရင်ထဲ တဒိတ်ဒိတ် ခုန်လာမိသည်။ ကိုကျော်ဇေယျကို အားငယ်သော မျက်လုံးများဖြင့် လှည့်ကြည့်ရင်း စာရေးချပေးထားသော စာရင်းစာအုပ်ကြီးအား မဝံ့မရဲ ကြည့်မိသည်။ စာအုပ်မှာ ဦးနှောက်နှင့်အာရုံကြောဆေးရုံမှ တခြားဆေးရုံသို့ လူနာလွှဲပြောင်းပေးပို့သောစာအုပ် ဖြစ်နေသည်။ စိုးမမမျိုးက စာရေးဘောလ်ပင်ဖြင့်ထောက်ပြထားသော စာပိုဒ်ကို ကမန်းကတန်း ဖတ်လိုက်မိ၏။

*ဒေါ်သူဇာရွှေ၊ အသက် (၃၂)နှစ်၊ မတူပီမြို့အား တံတားလေးရှိ စိတ်ကျန်းမာရေး အထူးကုဆေးရုံကြီးသို့ (၃-၇-၁၉၈၅) ရက်နေ့တွင် လွှဲပြောင်းပေးပို့လိုက်သည်။*

"ဟာ"

"ဟင်"

စိုးမမမျိုးရော ကိုကျော်ဇေယျပါ အဆိုပါမှတ်ချက်ကိုကြည့်၍ အလွန် အံ့သြသွားမိကြသည်။

ကြည့်စမ်း၊ စိတ်ကျန်းမာရေး အထူးကုဆေးရုံသို့ ဆိုပါလား။ ဘယ်လိုများဖြစ်တာပါလိမ့်။ အင်း. . . အဘွားရောဂါက စဖြစ်စဉ်ကတည်းက ဦးခေါင်းပိုင်းဆိုင်ရာဆိုတော့ စိတ်ရောဂါတစ်ခုခု ဖြစ်သွားတာများလား။

ဒါဆိုရင်တော့ မိမိ၏မျှော်လင့်ချက်များ သဲထဲရေသွန် ဖြစ်ရပါလေပြီ။ စိတ်ဝေဒနာသည်တစ်ယောက်အဖို့ ဘာကိုမှ မှန်မှန်ကန်ကန်စဉ်းစားတွေးခေါ်နိုင်မည်မဟုတ်တော့။ သူ့နောက်ကြောင်းရာဇဝင်ကိုလည်း ပြန်မှတ်မိတတ်ကြခြင်း မရှိကြ။ တချို့ဆိုလျှင် ကိုယ့်နာမည်ပင် ကိုယ်မသိကြတော့။

စိတ်ဖောက်ပြန်ပြီး သူမလက်ထဲက ကြေးကြုတ်ကလေးဖြင့် ထည့်ထားသော မသေဆေးတောင့်အကြောင်း လျှောက်ပြောနေလျှင် မခက်လား။ ထိုကြုတ်ကလေးကို ကယောင်ကတမ်းဖြင့် တစ်နေရာရာသို့ လွှင့်ပစ်ခဲ့ရင်တော့ သွားပါပြီ။ မိမိကြိုးစားခဲ့သမျှတွေ အလဟဿဖြစ်ရပေတော့မည်။

ရင်မောရပါလား အဘွားရယ်။

"ကဲ- ဘယ်လိုလုပ်ကြမလဲ မမ၊ တံတားလေးဆေးရုံမှာဆိုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



စိုးမမမျိုးက သက်ပြင်းမောတစ်လုံး မှုတ်ထုတ်လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် သွားတော့ကြည့်ရတော့မှာပေါ့ရှင်"

"ကောင်းပါလေ့ဗျာ"

စိုးမမမျိုးကတော့ ငုပ်မိသဲတိုင် အဆုံးစွန်အထိ လိုက်မိသူပါပေ။ ဒါကို ကိုကျော်ဇေယျတို့ကလည်း နောကြေနေလေပြီ။ ဒီနေရာတွင် ဦးဆောင်သူက စိုးမမမျိုး။ မိမိက နောက်လိုက်မျှသာ။

နောက်တစ်ပတ်ခန့်ကြာသည်အထိ တံတားလေးစိတ်ကျန်းမာရေးအထူးကုဆေးရုံရှိ အဘွားဒေါ်သူဇာရွှေအား သွားရောက်တွေ့ဆုံရေးကို စိုးမမမျိုး ဆုံးဖြတ်ချက်ပိုင်ပိုင်မချနိုင်သေးဘဲ တွေဝေတွန့်ဆုတ်နေခဲ့လေသည်။ နောက်ဆုံးတွင်ကား မသေဆေးတောင့်လက်ဝယ်ရရှိရေးကို စိတ်ဝင်စားမှု လျော့ပါးလာသော်လည်း သွားလေသူ ဘိုးဘိုးထံတွင် ကတိပြုထားခဲ့သည့်အတိုင်း မျိုးဆက်သစ်ဝင်တစ်ဦးအနေဖြင့် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးကိုသာ အလေးထားလိုက်မိတော့သည်။

ထို့ကြောင့်လည်း ကိုကျော်ဇေယျကိုခေါ်ကာ ယနေ့နံနက်စောစော တံတားကလေး စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ရင်တဖိုဖိုစိတ်လေးလေးဖြင့် စက်ရုပ်တစ်ရုပ်လို ထွက်ခဲ့မိခြင်း ဖြစ်သည်။

"ဘာ-မတူပီက ဒေါ်သူဇာရွှေ ဟုတ်လား။ တကယ့်ကို ထူးထူးဆန်းဆန်းပါလား။ နေပါဦး၊ သမီးတို့က ဒေါ်သူဇာရွှေနဲ့ ဘယ်လိုပတ်သက်ကြတာလဲ"

စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီးမှ ထဘီအစိမ်းရောင်နှင့် အသက်ငါးဆယ်ကျော်အရွယ် သူနာပြုဆရာမကြီးတစ်ဦးက စိုးမမမျိုးတို့အား အံ့အားတသင့် ပြောဆိုမေးမြန်းလိုက်ခြင်း ဖြစ်၏။

"ကျွန်မက ဒေါ်သူဇာရွှေရဲ့မြေး"

"ဘာ- မြေး ဟုတ်လား၊ ဘယ်လိုမြေးလဲ။ ဒေါ်သူဇာရွှေမှာက သားသမီးတစ်ယောက်မှ မရှိဘူးလေ"

စိုးမမမျိုးက တံတွေးတစ်ချက် မျိုချလိုက်သည်။

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်။ ဟိုလေ၊ ဒေါ်သူဇာရွှေက သမီးရဲ့ ဘိုးဘိုးကြီးနဲ့ မောင်နှမဝမ်းကွဲတော်တဲ့အဘွားပါ"

"အင်း . . . ဒါဆို အဘွားတစ်ဝမ်းကွဲ ခေါ်မလား။ အေး- ဒါတွေထားပါတော့၊ ဒါနဲ့ သမီးက ဘယ်မှာနေတာလဲ"

"ရန်ကုန်မှာပါ"

"အမလေးတော်- သမီးတို့နှယ် ရန်ကုန်မှာနေရဲ့သားနဲ့များ ကိုယ့်အဘွားတစ်ယောက်လုံးကို တစ်နှစ်ယောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



လာမကြည့်ဘဲ ပစ်ထားရသလားအေ။ အံ့ပါရဲ့တော်"

"ဒီ. . . ဒီလိုမဟုတ်ပါဘူး ဆရာမကြီး၊ သမီးတို့လည်း လိုက်ရှာနေတာကြာပါပြီ။ မတူပီအထိတောင် ရောက်ခဲ့တာပါ။ ပြီးခဲ့တဲ့အပတ်ကမှ ဒီမှာရှိနေတာ သတင်းအတိအကျရလို့ လိုက်လာတာပါ"

"ဪ- ဒီလိုလား၊ ဒါဆိုရင်လည်း ကောင်းပါလေ့ကွယ်။ အင်း. . . ဒေါ်သူဇာရွှေကတော့ သမီးကို အတွေ့ခံမလား၊ မခံဘူးလား ဆိုတာ အန်တီတို့လည်း အာမမခံနိုင်ဘူး။ သူက တစ်ခါတစ်ခါ အရမ်း စိတ်ကောင်းဝင်တတ်တယ်၊ တစ်ခါတလေကျရင်လည်း ဘယ်သူမှထိန်းလို့မရအောင် ကြမ်းတတ်တယ်။ အဲလို အချိန်မျိုးကျရင် အန်တီကလွဲပြီး ဘယ်သူကိုမှ အနားအကပ်မခံတော့ဘူး၊ ဦးဝါဆာတောင် အနား ကပ်လို့မရဘူး"

"ရှင်၊ ဦးဝါဆာ ဟုတ်လား"

"အေးလေ- သမီးအဘွားရဲ့ယောက်ျား၊ သမီးအဘိုးလေ။ မသိဘူးလား"

"ဟုတ်ကဲ့၊ သိ. . . သိပါတယ်"

"အေး- အကောင်းဆုံးက အဘွားနဲ့ မတွေ့ခင် သမီးအဘိုး ဦးဝါဆာနဲ့ အရင်တွေ့ပြီး အခြေအနေ မေးမြန်းကြည့်တာ ပိုကောင်းမယ်။ ကဲ- ဒီမှာ ခဏထိုင်စောင့်ကြဦး၊ အန်တီ ဦးဝါဆာကို လွှတ်လိုက်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာမကြီး"

သူနာပြုဆရာမကြီးက ဆေးရုံအတွင်းဘက်သို့ ဝင်သွား၏။ စိုးမမမျိုးတို့က ပြင်ပလူနာဌာနရှေ့ရှိ ခုံတန်းလျားပေါ်တွင် ထိုင်၍ စောင့်နေသည်။ ခဏအကြာတွင် စပို့ရှပ်အညိုရောင်၊ ဘောင်းဘီရှည်အနက်ရောင် ဝတ်ထားကာ ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းမွေးထူလဗျစ်၊ ခံနေလောင်ထားသော အသားညိုညစ်ညစ်၊ အရပ်အမောင်း ပုပျပ်ပျပ်နှင့် ချင်းလူမျိုးတစ်ဦး ထွက်လာကာ ဟိုကြည့်ဒီကြည့်လုပ်နေသည်။ စိုးမမမျိုးက နေရာမှထသွားကာ-

"အဘိုးဦးဝါဆာလား မသိဘူး"

ထိုသူ၏မျက်နှာ ဝင်းထိန်သွားသည်။

"ဟုတ်တယ်၊ ဦးဝါဆာပါ။ သမီးတို့က ဘယ်သူတွေလဲ"

"သမီးက အဘွားဒေါ်သူဇာရွှေရဲ့ အစ်ကိုဝမ်းကွဲရဲ့မြေးတော်ပါတယ်။ စိုးမမမျိုးလို့ ခေါ်ပါတယ်၊ ဒါက သမီးသူငယ်



www.burmeseclassic.com

www.burmeseclassic.com


ချင်း ကိုကျော်ဇေယျပါ"

"အင်း. . . သြော်- သမီးက အဘွားကို မတွေ့ပီအုထိတောင် သွားရှာတယ်လို့ ခုနဆရာမကြီး ပြောပြသွားတယ်။ အဘိုးတို့ အိမ်ထောင်ကျခဲ့တာပဲ အနှစ် (၄၀)လောက် ရှိနေပါပြီ။ သမီးနာမည်မျိုးတစ်ခါမှ မကြားဖူးဘူး။ ခုမှ ဘယ်လိုဖြစ်ပြီး အဆက်အသွယ်ရလာတာလဲ"

စိုးမမမျိုး ရုတ်တရက် ဘာဖြေရမှန်းမသိ။ ထို့ကြောင့်-

"အဘိုး၊ ဒီမှာ ခဏလောက် ထိုင်ပါဦး"

ဦးဝါဆာက အနီးရှိခုံတန်းလျားတစ်ခုတွင် ဝင်ထိုင်သည်။

စိုးမမမျိုးက ကိုကျော်ဇေယျကို တစ်ချက် စောင်းငဲ့ကြည့်ကာ မိမိ၏ဦးနှောက်ကို အမြန်ဖျစ်ညှစ်၍ အကြံထုတ်ရသည်။ ဦးဝါဆာ နားလည်အောင် အမိကအကြောင်းရင်းကို ချန်လှပ်ကာ မည်သို့ ပြောရပါမည်နည်း။

"ဒီလိုပါ အဘိုး၊ သမီးမှာလေ ငယ်ငယ်ကတည်းက အဆက်အသွယ်ပြတ်နေတဲ့ အဘိုးတစ်ယောက် ရှိတယ်။ အဲဒါ ပြီးခဲ့တဲ့ နှစ်လလောက်ကမှ သမီးဆီ စာတစ်စောင်ပို့ပြီး လူကြုံနဲ့ မှာတယ်။ သမီးဘိုးဘိုးက စစ်ကိုင်းတောင်မှာ ဘုန်းကြီးဝတ်နေတာလေ"

"သြော်. . ."

"အဲ. . . အဲဒါ ဘိုးဘိုးက ကျန်းမာရေးလည်း အတော်ဆိုးနေလို့ ခေါ်လိုက်တာပါပဲ။ သူ မျက်စိနှစ်လုံးမမှိတ်ခင် မှာစရာလေးတွေ မှာသွားချင်လို့တဲ့။ အဲဒါ ဘိုးဘိုး ပျံလွန်တော်မမူခင် သမီးလက်ထဲကို ကြေးညိုပြားတစ်ခု အပ်သွားတယ် အဘိုး"

"ကြေးညိုပြား၊ အဲဒါက ဘာလဲ"

"အဲဒီ ကြေးညိုပြားထဲမှာ ဘိုးဘိုးတို့ရဲ့ ဆွေစဉ်မျိုးဆက် ညီအစ်ကို မောင်နှမစာရင်းတွေပါတယ်။ ဘိုးဘိုးရဲ့အဘ၊ အဘိုး၊ အဘေးအထိ မျိုးဆက်လေးဆက်အထိ ဖော်ပြထားတယ်။ ဘိုးဘိုးရဲ့ အဘေးကနေ သား၊ မြေး၊ မြစ်အထိ အကုန်လုံးပါတယ်။ အဲဒီ စာရင်းထဲမှာ အဘွားဒေါ်သူဇာရွှေလည်းပါတယ် အဘိုး"

"သြော်. . ."

"အဘွားဒေါ်သူဇာရွှေက ဘိုးဘိုးရဲ့အဘေးကမွေးတဲ့ သား သုံးယောက်ထဲက သားအငယ်ဆုံးကနေ ဆင်းသက်လာတဲ့


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသမီးတဲ့ အဘိုး"

"အေး- တစ်ဦးတည်းသောသမီးလို့တော့ အဘိုးကို သူပြောဖူးတယ်"

"အဲဒါ ဘိုးဘိုးက သက်ရှိထင်ရှားရှိသေးတဲ့ ဘိုးဘွားတွေကို ရှာဖွေပြီး ကိုယ့်ကိုယ်ကိုယ်လည်း မိတ်ဆက်ပြီး ကိုယ့်အမျိုးကိုယ်ချစ်တဲ့ မျိုးချစ်သမီးတစ်ယောက်အဖြစ်ခံယူပြီး လိုက်ကန်တော့ရမယ် မှာထားခဲ့လို့ပါ အဘိုး"

"ဩော်- ကောင်းလိုက်တဲ့ အစီအစဉ်ကွယ်"

ကိုကျော်ဇေယျက စိုးမမမျိုးအား အခုမှ မြင်ဖူးသော သူစိမ်းတစ်ယောက်နှယ် စူးစိုက်ကြည့်မိသည်။ သူကိုယ်တိုင် စိုးမမမျိုး၏ ထိပ်တန်းလျှို့ဝှက်ချက်ကို ယနေ့တိုင် တိတိပပ မသိရသေးသည့်တိုင် အခု စိုးမမမျိုး ဦးဝါဆာကို ရှင်းပြနေသော မျိုးချစ်သမီးကိစ္စမှာလည်း ဖြစ်ရပ်မှန်မဟုတ်သော ထိုးဇာတ်တစ်ပုဒ်သာ ဖြစ်ချိမ့်မည်။

တစ်နည်းအားဖြင့် စိုးမမမျိုးသည် ဇာတ်လမ်း၏ မူလကျောရိုးကို လျှို့ဝှက်ထိမ်ချန်ထားကာ အတုအယောင်ဇာတ်ကွက်များဖြင့်သာ အစားထိုး ဖန်တီးပြနေသည်ဟု ကိုကျော်ဇေယျ သိနေသည်။

"ဒါကြောင့်မို့ သမီးက မတူပီအထိ ရောက်သွားတာကိုး"

"ဟုတ်ကဲ့ပါ အဘိုး"

စိုးမမမျိုးက မတူပီခရီးစဉ်အကြောင်း ရှင်းပြလိုက်သည်။

"ဒါနဲ့ အဘိုး၊ အဘွားကို ပခုက္ကူဆေးရုံပြဖို့ ထွက်သွားခဲ့ပြီးတဲ့နောက် ဘာဖြစ်လို့ မတူပီနဲ့ လုံးဝ အဆက်အသွယ်မလုပ်တော့တာလဲဟင်"

ဦးဝါဆာက စိုးမမမျိုး၏အမေးကို ရုတ်တရက် မဖြေသေးဘဲ မျက်နှာလွှဲသွားကာ ဆေးရုံဝင်းအပြင်ဘက်သို့ ငေးမျှော်ကြည့်နေသည်။ ရီဝေမှုန်အစ်နေသော မျက်လုံးများသည် မြူခြေဆိုင်းနေသည့် တောင်ခိုးတဝေဝေအောက်က မတူပီမြို့ကိုပင် လွမ်းဆွတ်တမ်းတနေသလားတော့ မသိ။ အတန်ကြာမှ ရှည်လျားလှသော သက်ပြင်းမောတစ်လုံး ရှူထုတ်လိုက်ကာ ခေါင်းတခါခါ လုပ်နေ၏။

"အမှန်တော့ သမီးအဘွားဟာ ပခုက္ကူဆေးရုံ စရောက်ကတည်းက အတော်လေး စိတ်ဖောက်ပြန်ပြီကွယ်။ ရှင်းရှင်းပြောရရင် အဲဒီကိစ္စကို မတူပီက အဘိုးရဲ့အမျိုးတွေ၊ မိတ်ဆွေတွေကို လုံးဝ မသိစေချင်ဘူး။ ဒါကြောင့် သူ့ကို့ အိုးနဲ့ ကျင်းနဲ့ လိုက်လာကြည့်ကြပြီး တစ်မြို့လုံး ဟိုးလေးတကျော်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်မှာစိုးလို့ မတူပီနဲ့ လုံးဝ အဆက်အသွယ်မလုပ်ခဲ့တော့ တာပေါ့ကွယ်"

"ဪ. . ."

"ပခုက္ကူဆေးရုံမှာ ငါးလလောက်ကြာတဲ့အထိ ဆေးကုသခံခဲ့ ပေမယ့် မသက်သာဘဲ ပိုဆိုးလာတာကြောင့် ရန်ကုန်က ဦးနှောက်နဲ့ အာရုံကြောဆေးရုံကို ရောက်ခဲ့တဲ့ကွယ်။ အဲဒီ ဆေးရုံမှာ ကိုးလလောက် ဆေးကုသခံခဲ့တာ ထူးခြားတိုး တက်မှု မရှိတော့တာနဲ့ နောက်ဆုံး ဒီဆေးရုံကို ရောက်လာရ တော့ပါပဲကွယ်"

"ဒါနဲ့ အဘိုး၊ ပခုက္ကူဆေးရုံတက်တုန်းက အဘွားနာမည် ချင်းလို ဒေါ်ရိုင်ဗန်းလို့မပေးဘဲ ဘာလို့ ဗမာလို ဒေါ်သူဇာ ရွှေလို့ ပေးခဲ့ရတာလဲဟင်"

"အဲဒါ ဆေးရုံမှာနာမည်မေးတော့ အဘိုးက ဘာမှမပြောရ သေးဘူး၊ စိတ်ကယောင်ကတမ်းဖြစ်နေတဲ့ သမီးရဲ့အဘွား က ရုတ်တရက် ဒေါ်သူဇာရွှေဆိုတဲ့နာမည် ပေးခဲ့တာပါပဲ ကွယ်"

"ဪ- အခု အဘွားက ဘယ်လိုစိတ်ရောဂါမျိုး ဖြစ်နေတာ လဲ အဘိုး"

"အင်း. . . ဆရာဝန်ကြီးပြောတာတော့ မသိစိတ်ဖောက်ပြန် ပြီး စိတ်ကစဉ့်ကလျား ဖြစ်သွားတာတဲ့။ သူ့ကို တာဝန်ခံကု သပေးနေတဲ့ ဆရာဝန်မလေးကတော့ သူပိုင်တဲ့ အဖိုးတန် ပစ္စည်းတစ်ခုကို တခြားတစ်ယောက် လာခိုးယူသွားမှာကို စိုးရိမ်တဲ့စိတ်ကြောင့် အသိစိတ်အာရုံ ပျက်စီးသွားတာလို့ ပြောတယ်။ အဘိုးလည်း သူတို့ပြောတာတွေ သိပ်နားမရှင်း ပါဘူးကွယ်။ အမှန်တော့ ရူးတာဟာ ရူးတာပဲပေါ့။ မဟုတ် ဘူးလား"

"ဪ- ဒါနဲ့ အခု အဘွားအခြေအနေ ဘယ်လိုနေလဲ၊ တိုးတက်မှုရှိရဲ့လား"

"အာ- အဲဒါ ဘယ်လိုပြောရမလဲ၊ ကောင်းတဲ့အခါလည်း အရမ်းကို သဘောကောင်းတာကွယ့်။အေး-သူ ဆိုးပြီ၊ ကြမ်း ပြီဆိုရင်တော့ သူ့အနားမှာရှိတဲ့ အဘိုးကိုတောင် ဝှန်းခနဲ ကန်ထုတ်တော့တာပဲကွယ့်။ အဲဒါ သူ့ကို စိတ်မချကြတော့ တစ်ယောက်ခန်းထဲမှာ သီးခြားခွဲထားရတယ်လေ"

"ဟုတ်လား၊ ဒါဆို ကျွန်မ အဘွားကို အကျိုးအကြောင်းပြော


www.burmeseclassic.com

www.burmeseclassic.com


ပြီး ကန်တော့ဖို့ လွယ်ပါ့မလား အဘိုး"

"ခုတော့ သူ အိပ်နေတယ်ကွယ့်။ တော်ကြာ နိုးရင် အခြေအနေပြောမယ်လေ"

"ဒါနဲ့ အဘိုးတို့ ပေါင်းသင်းလာခဲ့ကြတဲ့ အိမ်ထောင်သက်နှစ်ပေါင်းလေးဆယ်လောက်အတွင်းမှာ အဘွားနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား တစ်ခုခုကြုံခဲ့ရတာမျိုး ရှိခဲ့ဖူးလား"

"ဘယ်လိုဟာမျိုးလဲကွယ့်"

"ဘယ်လိုခေါ်မလဲ အဘိုးရယ်၊ ဟို- ထူးထူးဆန်းဆန်း အသက်ရှည်ဆေးလိုဟာမျိုး ဆိုပါတော့။ အဲဒါမျိုးများ တွေ့ဖူးကြုံဖူးသလား"

ကိုကျော်ဇေယျက စိုးမမမျိုးမျက်နှာအား ဖျတ်ခနဲ လှမ်းကြည့်သည်။ စိုးမမမျိုးက ဦးဝါဆာ၏အဖြေကို အာရုံစူးစိုက်နေ၏။

"အဲလိုမျိုး ဆေးတွေဝါးတွေတော့ တစ်ခါမှ မတွေ့မမြင်ဘူးပါဘူး။ အဲ- ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)လောက်က ထင်ပါရဲ့၊ သမီးအဘွား ရေနံချောင်းတစ်ခေါက်ဆင်းပြီး ပြန်လာကတည်းက ထူးထူးခြားခြား မကြာခဏ ပြောလေ့ပြောထရှိတဲ့ စကားတစ်ခွန်းတော့ ရှိတယ်။ အဲဒီစကားကို အခုဒီဆေးရုံရောက်မှ ပိုအပြောများလာတယ်ကွယ့်"

"ဟုတ်လား အဘိုး၊ အဲဒါ ဘယ်လိုစကားများလဲ"

"သူပြောတာက 'ကျွန်မ တော်တော်နဲ့သေမှာ မဟုတ်ဘူး၊ အသက်နှစ်ရာကျော်အထိ နေဦးမှာ' တဲ့ကွ"

စိုးမမမျိုး တစ်ကိုယ်လုံးရှိ အကြောအခြင်များ ရုတ်ခြည်းအေးစက် တောင့်တင်းသွားကြသည်။ ဦးနှောက်အတွင်းမှ အချက်ပေးခေါင်းလောင်းများ၏ ရုတ်တရက် ထမြည်လိုက်သံကို ဆူညံစွာ ကြားလိုက်မိသည်။ ဒီအတိုင်းဆိုလျှင် အဘွား ဒေါ်သူဇာရွှေသည် ရေနံချောင်းသို့ပြန်စဉ် လူကြီးတစ်ယောက်ထံမှ မသေဆေးတောင့်ကို လက်ဝယ်ရရှိခဲ့ကာ ထိုဆေးတောင့်အား ယခုအချိန်ထိ သူမ၏ လက်ဝယ် ထိန်းသိမ်းထားဆဲရှိသည်ဟု ယူဆရပေလိမ့်မည်။

"ကဲ- အဘိုးသွားပြီး အခြေအနေကြည့်ဦးမယ်၊ ခဏစောင့်"

ဦးဝါဆာ ဆေးရုံတွင်းဘက်သို့ ပြန်ဝင်သွားသည်။ ကိုကျော်ဇေယျက စိုးမမမျိုးအား မေးငေါ့ပြသည်။ တွေ့လို့ဖြစ်ပါ့မလား။ စိုးမမမျိုးက ပခုံးတွန့်၍ လက်လှန်ပြသည်။ မပြောတတ်သေးဘူး။

ဆေးရုံကော်ရီတာတစ်လျှောက် ညှော်သည်များနှင့်စည်ကားနေသည်။ လူနာများကို လာရောက်တွေ့ဆုံသော မိသားစုများ၊


www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံပြီး၍ ပြန်ထွက်လာသူများနှင့် သက်ဆိုင်ရာ ဆရာဝန်များနှင့်တွေ့ဆုံရန် စောင့်ဆိုင်းနေသူများတို့ဖြစ်၏။ စိုးမမမျိုးက အဘွားနှင့် တွေ့ဆုံခွင့်မှ ရပါ့မလား။ တွေ့ခွင့်ရလျှင် အဆင်ပြေပါ့မလား။ နူးနူးညံ့ညံ့ ဆက်ဆံမလား၊ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံမလား။

တွေးကြည့်ရင်း အမျိုးမျိုး ပုံဖော်၍ ရင်မောနေမိသည်။ ခက်သည်က ဒီအဘွား ဒေါ်သူဇာရွှေဆိုသူကို အရင်ကလည်း တစ်ခါမှ မြင်ဖူးခဲ့သည်မဟုတ်။ သူကလည်း အဘွားကိုမသိ၊ အဘွားကလည်း သူ့ကို သိမည်မဟုတ်။ ဤသို့ ယခင် လူကောင်းဘဝကပင် မမြင်ဖူးမသိခဲ့ဘူးသော အဘွားအား အခုလို စိတ်ဝေဒနာရှင်ဖြစ်မှ မည်သို့ ရှင်းလင်းမိတ်ဆက်၍ မည်သို့ ပြောပြရပါမည်နည်း။

ထိုစဉ် ဦးဝါဆာ သွက်လက်သောခြေလှမ်းများဖြင့် စိုးမမမျိုးအနီးသို့ လျှောက်လာသည်။

"ကဲ- သမီး၊ အဘွား အခုပဲ အိပ်ရာက နိုးတယ်။ သူ့ကြည့်ရတာ လန်းလန်းဆန်းဆန်းနဲ့ အခြေအနေကောင်းပုံရတယ်။ လာ- သမီး၊ အဘိုးနဲ့ လိုက်ခဲ့"

စိုးမမမျိုးက နေရာမှထကာ ကိုကျော်ဇေယျအား မျက်ရိပ်ပြ၍ နှုတ်ဆက်သည်။ ကိုကျော်ဇေယျက ခေါင်းညိတ်ပြသည်။ စိုးမမမျိုးက ဦးဝါဆာနောက်က အသာကပ်လိုက်လာရင်း နှုတ်ဖျားက မေတ္တာသုတ်ကို ရွတ်နေမိသည်။

အဆောက်အအုံတစ်ခုကို ကျော်လွန်လာပြီးနောက် ရှည်မျောမျောစင်္ကြံတစ်ခုရှေ့သို့ ရောက်လာသည်။ ထိုနေရာတွင် သံပန်းသံတံခါးပိတ်ထားသော ဆယ်ပေပတ်လည်ခန့် အခန်းအခန်းတို့တွင် အမျိုးသမီး လူနာတစ်ဦးစီကို တွေ့ရသည်။ ထိုအခန်းမျိုးသုံးခန်းကို ကျော်လွန်လာပြီးနောက် အခန်းတစ်ခန်းရှေ့တွင် ဦးဝါဆာ ရပ်လိုက်သည်။

အခန်းထဲတွင် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ဘိုးဘိုး၏မျက်နှာ တည်ဆောက်ပုံမျိုးရှိသော အသက် (၇၀)ကျော် အဘွားကြီးတစ်ဦးအား လှမ်းမြင်ရသည်။ သူမက ယောဂီရောင်ဝတ်စုံဝတ်ထားပြီး လက်ထဲတွင် စိပ်ပုတီးတစ်ကုံးကိုကိုင်၍ စိပ်နေရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

မျက်လုံးများ မှေးစင်းထားသော မျက်နှာပြင်မှာ ဇရာ၏ အရေးအကြောင်းများ ရှုပ်ထွေးတွန့်ကြေလျက်ရှိပြီး ခေါင်းမှဆံပင်များမှာလည်း ကြာဆံအမျှင်များကဲ့သို့ ဖွေးဖွေးလှုပ်နေလေပြီ။ လမ်းလျှောက်လိုက်တိုင်း နာကျင်စွာ ခံစားရ၍လားမသိ၊ ခြေတစ်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလှမ်းလိုက်တိုင်း လက်ဝဲဘက် ခြေတစ်ဖက်က ဆတ်ခနဲ ဆတ်ခနဲ တုန်တက်သွားသည်ကို တွေ့ရ၏။

စိုးမမမျိုးတို့၏ခြေသံကို ကြားရ၍လား၊ အသက်ရှူသံများကို အာရုံခံမိ၍လားမသိ။ သူမ၏မျက်လုံးများ ရုတ်တရက် ပွင့်လာကာ လျှောက်လှမ်းနေသော ခြေထောက်များက အခန်းအလယ်တွင် ရပ်တန့်သွားကြသည်။ သံပန်းသံတံခါး၏ အပြင်ဘက်တွင် ရပ်နေသော စိုးမမမျိုးအား လှမ်း၍ မျက်တောင်မခတ် စူးစိုက်ကြည့်လိုက်သည်။ အိုမင်းရင့်ရော်၍ ခန္ဓာကိုယ်တွင် ဝေဒနာတစ်ခုခု ခံစားနေရသော်လည်း သူမ၏မျက်လုံးများမှာ အရည်တလက်လက်ဖြင့် အရောင်ဝင်းတောက်နေသည်ဟု စိုးမမမျိုး ခံစားရမိသည်။

"ရှိုင်ဗန်းနဲ့ တွေ့ချင်လို့တဲ့။ မတူပီအထိတောင် ရောက်ခဲ့ပြီးပြီ။ ဆေးရုံတွေလည်း တစ်ရုံပြီးတစ်ရုံ ရောက်ခဲ့ပြီးပြီ။ မတွေ့လို့ ဒီလိုက်လာတာ။ သူ့နာမည်က စိုးမမမျိုးတဲ့။ သူ့အဘိုးနဲ့ ရှိုင်ဗန်းက မောင်နှမဝမ်းကွဲတော်တယ်လို့ ပြောတယ်။ သူ့အဘိုးပေးခဲ့တဲ့ ကြေးညိုပြားပေါ်က လိပ်စာအရ ရှိုင်ဗန်းကို ကန်တော့ဖို့ လိုက်လာတာတဲ့"

ဦးဝါဆာက စိုးမမမျိုးအား လက်ညှိုးထိုး၍ ရှင်းပြသည်။ ပြီးသည်နှင့် စိုးမမမျိုးအား ရှေ့တိုးရန် မျက်ရိပ်ပြရာ အဆောက်အအုံ၏ဝင်ပေါက်ဆီသို့ ပြန်လည် ထွက်ခွာသွားသည်။

စိုးမမမျိုးက ဂုဏ်တော်ကိုးပါး ရွတ်ဆိုရင်း သတိထား၍ သံပန်းတံခါးအနီးသို့ တစ်လှမ်းတိုးကပ်လိုက်သည်။ ထိုစဉ် အခန်းထဲမှ ဒေါ်ရှိုင်ဗန်းခေါ် ဒေါ်သူဇာရွှေသည် စိုးမမမျိုးအား မျက်လုံးကျွတ်လုမတတ် စူးစိုက်ကြည့်နေရင်းမှ မျက်နှာတစ်ခုလုံး ရှုံ့တွလာကာ ကြမ်းပြင်ပေါ်သို့ ဆောင့်ထိုင်ချလျက် ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့သည်။

"အီး. . . ဟီး. . . ဟီး. . . ဟီး"

စိုးမမမျိုးက ဘာလုပ်၍ ဘာပြောရမှန်းမသိဘဲ မျက်လုံးဝိုင်းကြီးများဖြင့် ငေးကြောင်ကြည့်နေမိသည်။

ထိုအခိုက် ဒေါ်သူဇာရွှေသည် ငိုကြွေးနေသည်ကို ရပ်လိုက်ကာ ရုတ်တရက် ဟားတိုက်ရယ်မောပြန်လေတော့သည်။

"ဟား ဟား ဟား ဟား ဟား"

စိုးမမမျိုးက ပါးစပ်အဟောင်းသားပွင့်သွားကာ မျက်လုံးများ ပြူးကျယ်ကာ ငေးကြည့်နေမိသည်။

"ဟား ဟား ဟား လာပြီလား၊ လာပြီလားဟေ့၊ သိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ညည်း တစ်နေ့နေ့ ငါ့ဆီလာတော့မယ်ဆိုတာ သိနေတယ်လေ။ ဟုတ်တယ်မဟုတ်လား၊ ဟဲ့ကောင်မ ပြောလေ"

"ရှင်"

"ရှင်-ရှင်ဟုတ်လား၊ ဘာရှင်လဲ။ ဟုတ်ကဲ့၊ လူမှန်ရင် ရှင်ချင်တာချည်းပဲ၊ ဘယ်သူမှ မသေချင်ဘူး။ ခုတော့ ငါထင်တဲ့အတိုင်း ညည်းက ငါ့ကို အသေသတ်ဖို့ လာပြီမဟုတ်လား။ လာပြီမဟုတ်လား ဟား ဟား ဟား"

"အဘွား"

"ဘာအဘွားလဲ၊ ဘယ်လိုအဘွားလဲ။ ညည်းအဘိုး ကိုထွန်းရွှေက ငါ့ကို အဘွားလို့ ခေါ်ခိုင်းတာလား၊ နင့်အဘွား ဉာဏစာရီ ဆိုတဲ့ မငြိမ်းရှင်ကရော ငါ့ကို အဘွားလို့ ခေါ်ခိုင်းသလား။ ပြောစမ်း ပြောစမ်း၊ ညည်း သူတို့တစ်တွေနဲ့ တွေ့ခဲ့ပြီးပြီ မဟုတ်လား"

"အဘွား၊ သမီး သူတို့နဲ့. . ."

"အို- ဒါတွေပြောမနေနဲ့၊ ငါ ကောင်းကောင်းသိတယ်။ နင် ငါ့ကိုသတ်ဖို့လာတာ။ ဘာလဲ၊ ကြောက်နေပြီလား လူသတ်သမရဲ့။ ကြံတုန်းက ကြံလာပြီးတော့"

"သမီး၊ ဟိုဒင်း. . ."

"ဟော့- ဒီမှာ၊ ဟိုဒင်းတွေ ဒီဒင်းတွေ လုပ်မနေနဲ့။ တစ်သက်လုံး မမြင်ဘူးမကြားဘူးတဲ့မိန်းမ၊ ခုမှ အဘွား လာတော်နေတယ်။ ဘယ်နှဝမ်းကွဲတဲ့ အဘွားလဲ။ ဟော့- ဒီမယ် သူငယ်မ၊ ညည်း ဘာလိုချင်လို့ ငါ့ဆီလာတယ်ဆိုတာ ငါသိတယ်။ ငါနားလည်တယ်။ တယ်လေ၊ ညည်းကိုပြောရတာ လူကြားပါတယ်အေ။ ဒီမှာ ဒါ. . . ဒါ လျှို့ဝှက်ချက် ထိပ်တန်းလျှို့ဝှက်ချက်ဟဲ့။ လာလာ- နင့်နားရွက် ငါ့နားတိုးစမ်း၊ ဟုတ်ပြီ"

စိုးမမမျိုးက သံပန်းတံခါးတွင် မျက်နှာတစောင်းထိကပ်ကာ နားစွင့်ထားလိုက်သည်။ ဒေါ်သူဇာရွှေက အလွန် တိုးညင်းသောလေသံဖြင့် နားရွက်နားကပ်ပြောသည်။

"ညည်းလိုချင်တာ ကြေးကြုတ်ကလေးနဲ့ မသေဆေးတော့ မဟုတ်လား"

စိုးမမမျိုး၏ ခေါင်းနားပန်းတစ်ခုလုံး ပုတ်လောက်ကြီးသွားသလို ထင်မိသည်။ ကြည့်စမ်း၊ ဒီအဘွားကြီး ကောင်းကောင်းသိနေပါလား။ သူ ရူးနေတယ်ဆိုတာ ဟုတ်မှဟုတ်ပါလေစ။

"ဘယ့်နှယ်လဲ၊ ငါပြောတာ ဟုတ်တယ်ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာက သံပန်းတံခါးက ပြန်ဆုတ်သွားကာ သာမန်လေသံဖြင့် ပုံမှန်အတိုင်း မေးသည်။

"ဟုတ် . . . ဟုတ်ပါတယ် အဘွားရယ်၊ သမီး အဲဒါ လိုချင်လို့ လိုက်လာတာပါ"

"ဟုတ်လား၊ တကယ်လိုချင်တာနော်"

"ဟုတ်ကဲ့ပါ အဘွား၊ သမီး တကယ်လိုချင်လို့ပါ"

"ကဲ- ဒါဆို ညည်းအိတ်ထဲမှာ ဘာပါလာလဲ။ ဓားပါလား၊ သေနတ်ပါလား။ အဲဒါထုတ်ပြီး ငါ့ကို မြန်မြန်သတ်လေ၊ ဒါမှရမှာပေါ့။ လွယ်လွယ်နဲ့ရရိုးလားဟေ့ ဟား ဟား ဟား"

စိုးမမမျိုးရင်ထဲ ရှုပ်ထွေးနောက်ကျိလာသည်။ ဒီအတိုင်းဆိုလျှင် အဘွားကြီးနှင့်မဖြစ်။ အော်ကြီးဟစ်ကျယ်နှင့်။ တော်ကြာ မောင်းထုတ်ခံနေရမလား။ မိမိတို့ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာသော လျှို့ဝှက်ချက် ပေါက်ကြားသွားမည်လား။

"အီး . . . ဟီး . . . ဟီး . . . ဟီး"

ဒေါ်သူဇာရွှေထံမှ ငိုရှိုက်သံထွက်ပေါ်လာပြန်၏။ ကလေးတစ်ယောက်လို ကြမ်းပြင်ပေါ်ထိုင်၍ ငိုကြွေးနေသည်။ ငိုသံ ရုတ်တရက် ရပ်သွားပြီး သံပန်းတံခါးအနီးကပ်လာကာ စိုးမမမျိုးအား လက်ယပ်ခေါ်သည်။

"ညည်း ကိုထွန်းရွှေမြေးဆိုရင် ညည်းဆီမှာ ရွှေကြုတ်ကလေးနဲ့ မအိုဆေးတောင့် ရှိရမယ်၊ ငါ့ကိုပြစမ်း"

ဒေါ်သူဇာရွှေ၏လေသံက တိုးညင်းသွားပြန်သည်။

စိုးမမမျိုးက လည်ပင်းတွင် စွပ်ထားသော ပရိတ်ကြိုးလုံးကို ဆွဲယူ၍ ခေါင်းပေါ်က ချွတ်လိုက်သည်။ ပရိတ်ကြိုးပါ ရွှေကြုတ်ကလေးကို ဒေါ်သူဇာက လက်ဟန်ဖြင့် ဖွင့်ခိုင်းသည်။ စိုးမမမျိုးက အဖုံးကိုဖွင့်ကာ စိမ်းဖန့်ဖန့် ဆေးတောင့်ကလေးကို ထုတ်ပြသည်။ ဒေါ်သူဇာရွှေက ဆေးတောင့်ကလေးကို သံပန်းတံခါးနားကပ်၍ သေချာစူးစိုက်ကြည့်သည်။

အတန်ကြာကြည့်ပြီးမှ ပြန်သိမ်းရန်လက်ပြသည်။ စိုးမမမျိုးက ဆေးတောင့်ကိုထည့်ကာ ရွှေကြုတ်အဖုံးကို သေချာအောင် ဖိပိတ်လိုက်ကာ ပရိတ်ကြိုးလုံးကို လည်ပင်းတွင် ပြန်စွပ်လိုက်ပြီး ရွှေကြုတ်ကို အင်္ကျီအောက် ရင်ညွှန့်ဆီသို့ ထိုးသွင်းထားလိုက်သည်။

ဒေါ်သူဇာရွှေက စိုးမမမျိုး၏ နားရွက်နားကပ်လိုက်ပြီး-

"ညည်း မငြိမ်းရှင်ဆီက ငွေကြုတ်ကလေးနဲ့ နနွင်းဆေးတောင့်ကော ရထားပြီးပြီလား၊ ငါ့ကိုပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



စိုးမမမျိုးက စလင်းဘက် အတွင်းအိတ်ဇစ်ကိုဖွင့်လိုက်ကာ ပလတ်စတစ်အိတ်ဖြင့် သေချာထုပ်ထားသော ပရိတ်ကြိုးလုံးကို ထုတ်ယူ၍ ငွေကြုတ်ကလေးကိုဖွင့်ပြီး အတွင်းမှ အဝါရောင်ရင့်ရင့် မနာဆေးတောင့်ကို ထုတ်ပြလိုက်ပြန်သည်။ ဒေါ်သူဇာရွှေအား ကျေနပ်အောင် ကြည့်စေသည်။ ပြီးမှ မနာဆေးတောင့်ကို ငွေကြုတ်ကလေးထဲ ပြန်ထည့်သည်။ ကြုတ်အဖုံးကို စနစ်တကျ ပြန်ပိတ်သည်။ ပရိတ်ကြိုးလုံးပါ ငွေကြုတ်ကလေးကို ပလတ်စတစ်အိတ်ထဲ ပြန်ထည့်သည်။ ပြီးမှ စလင်းဘက်အတွင်းအိတ်ကပ်ထဲ ပြန်ထည့်ကာ ဇစ်ပိတ်လိုက်သည်။

"ကဲ- ဒီမှာကြည့်"

စိုးမမမျိုးက အသံကြား၍ မော့ကြည့်လိုက်ရာ အလွန်အမင်း အံ့သြကာ ပါးစပ်မှောင်းလောင်းပွင့်သွားလေသည်။

ဒေါ်သူဇာရွှေက သူမ၏လည်ပင်းမှ ပရိတ်ကြိုးလုံးတစ်ခုကို ရုတ်တရက် ဆွဲဖြုတ်လိုက်ကာ ကြေးရောင်ကြုတ်ကလေးထဲမှ ရဲရဲတောက်နေသော ဆေးတောင့်ကလေးတစ်ခု ထုတ်ပြလိုက်၍ ဖြစ်ပါသည်။

"ဒါ မသေဆေးတောင့်ဘဲ သမီး၊ သေချာကြည့်"

ဒေါ်သူဇာရွှေက ပြောပြရင်း မသေဆေးတောင့်ကို ကြေးကြုတ်ကလေးထဲ အဖုံးပိတ်၍ သေချာပြန်ထည့်ကာ သံပန်းတံခါးကြားမှ လက်ထုတ်လျက် စိုးမမမျိုးအား လှမ်းပေးလိုက်သည်။

"ရော့- ရွာစားကြီး ဦးသူတော်ရဲ့ စတုတ္ထမျိုးဆက် မြစ်အနေနဲ့ ငါ နှစ်ပေါင်းများစွာ စောင့်ထိန်းလာခဲ့တဲ့ မသေဆေးတောင့်ကို ဆဋ္ဌမမျိုးဆက် တွတ်ဖြစ်တဲ့ ညည်းလက်ထဲကို အပ်လိုက်ပြီ။ ငါ့ရဲ့ လျှို့ဝှက်ထားရမယ့် မျိုးရိုးစဉ်ဆက် တာဝန်ဝတ္တရားလည်း ကျေပါပြီ။ ငါ့ကိုလည်း မနိုင်ဝန်ထမ်းထားရတဲ့ အိုခြင်း၊ နာခြင်း ဆိုတဲ့ ခန္ဓာဝန်ဝင့်ဒုက္ခက လွတ်ငြိမ်းချမ်းသာခွင့်ပေးပါတော့ကွယ်- ရော့ရော့"

စိုးမမမျိုးက မသေဆေးတောင့်ပါ ကြေးကြုတ်ကလေးကို လှမ်းယူကာ လက်အုပ်ချီ၍ ဒေါ်သူဇာရွှေအား ဦးသုံးကြိမ်ချလိုက်သည်။

"ကျေးဇူးကြီးလှပါတယ် အဘွားရယ်"

စိုးမမမျိုးက ကြေးကြုတ်ကလေးအား စလင်းဘက်အတွင်းအိတ်ထဲ သေသေချာချာထည့်ကာ ဇစ်ပိတ်လိုက်သည်။

ထိုစဉ်-



www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား ဟား ဟား ဟဲ့. . . ဟဲ့ကောင်မ၊ ညည်း ဒါ ဘာလုပ်နေတာလဲ။ ညည်းအိတ်ကိုဖွင့်ပြီး ဓားထုတ်နေတာလား။ လာလေ လာလေ။ ညည်း ငါ့ကို လာသတ်တယ်ဆိုတာ ငါသိတယ်၊ လာ သတ်လေ၊ သတ်လေ။ ဒါကို သတ်ယူမှရမှာ ပေါ့၊ လွယ်လွယ်နဲ့ ဘယ်ရမလဲဟဲ့ ဟား ဟား ဟား"

ရုတ်တရက် ဟားတိုက်ရယ်မော၍ အော်ကြီးဟစ်ကျယ် ပြောလိုက်သော ဒေါ်သူဇာရွှေ၏အသံကြောင့် ယောင်ယမ်း၍ နောက်ဆုတ်လိုက်မိသည်။

ဘယ်လိုဖြစ်တာပါလိမ့်၊ ခုနတုန်းကပဲ အကောင်း။ ခုတော့ ချက်ချင်းကြီး။

ထိုအခိုက် ဦးဝါဆာ တံခါးပေါက်မှ ခပ်သွက်သွက်ဝင်လာ၏။

"ဘယ့်နှယ်လဲ သမီး၊ အဆင်ပြေရဲ့လား"

ဦးဝါဆာက ရယ်လိုက်အော်လိုက်လုပ်နေသော သူ့ဇနီးအား လှမ်းကြည့်ရင်း စိုးမမမျိုးအား မေးသည်။

"အဆင်ပြေပါတယ် အဘိုး၊ စောစောက စကားပြောနေတာ လူကောင်းအတိုင်းပဲ။ ခုမှ ထအော်နေတာ"

ဦးဝါဆာက ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

"သူက တစ်နေ့တစ်နေ့ ဒီလိုပဲကွယ့်။ အခုပဲ ကောင်းလိုက်၊ အခုပဲ ဆိုးလိုက်နဲ့။ သမီး အဆင်ပြေတယ်ဆိုတာ သူ စိတ် ကောင်းဝင်တာနဲ့ ကြုံသွားလို့ကွယ့်။

ကဲ- သွားကြစို့၊ ညည်တွေ့ချိန်ကုန်သွားလို့ လာခေါ်တာ လေ"

"ဟုတ်ကဲ့ အဘိုး"

စိုးမမမျိုးက မထွက်ခွာမီ အဘွားဒေါ်သူဇာရွှေအား အပြင် ကလှမ်း၍ လက်အုပ်ချီကန်တော့ရင်း ဦးဝါဆာနောက်မှ လိုက်ပါ လာခဲ့သည်။

ဒေါ်သူဇာရွှေ၏ဟားတိုက်ရယ်မောသံများက သူမနောက် တွင် ဝေး၍ဝေး၍ ကျန်နေခဲ့တော့၏။

"ဟား ဟား ဟား ဟား. . . ဟေ့-ငါ့ကို သတ်ပါဆိုနေမှ ဘယ် ထွက်ပြေးဦးမလို့လဲ။ ဟဲ့- ဟိုကောင်မရဲ့၊ ပြောတာ ကြားရဲ့လား။ အေး- ဒါကို လွယ်လွယ်နဲ့ ရရိုးလား၊ ငါ့ကို သတ်ပြီးမှရမှာနော်. . . ဟား ဟား ဟား ဟား"

■■■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## ဂျမာရီဇီရွာနှင့် ဆွမ်းဦးပုညရှင်

တရားရုံးရှေ့ရှိ စားသောက်ဆိုင်တစ်ခုတွင် ဖြစ်၏။ စိုးမမမျိုး၏ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သော ဗဟိုတရားရုံးရှေ့နေ လှလှနှင့် အေးအေးတို့ ဆုံမိချိန် ဖြစ်သည်။

"မမကတော့ သူငယ်ချင်းအချင်းချင်း ထိမ်ချန်ထားတာ သေချာနေပြီနော်၊ မဟုတ်ဘူးလား အေးရယ်"

လှလှက ပြောရင်း အေးအေးကို လှည့်ကြည့်သည်။

"ဟုတ်တယ်၊ လှလှပြောတဲ့အတိုင်း မမကတော့ အချင်းချင်း လျှို့ထားပြီနဲ့တူတယ်ဟေ့"

အေးအေးက လှလှစကားကို ထောက်ခံလိုက်သည်။ စိုးမမမျိုးက မျက်ခုံးနှစ်ဖက်ပင့် သူတို့နှစ်ယောက်ကို စိုက်ကြည့်သည်။

"ဟာ- ဒီနှစ်ကောင် အတိုင်အဖောက်ညီညီနဲ့ ငါ့ကို ချွတ်နေကြတာလား"

"အေးလေ၊ လှလှပြောသလို မမက ထိမ်ချန်ထားတာကိုး"

"ဟော- ကိုယ်က ဘာကို ထိမ်ချန်ထားနေလို့လဲ"

"ဘာကိုရမှာလဲ၊ မမက တို့မသိအောင် လျှို့ဝှက်အသုံးပြုနေတဲ့ မျက်နှာလိမ်းဆေးကိုပေါ့"

"ဘာဖြစ်လို့လဲ လှလှရဲ့"

"အောင်မယ်၊ သူကပဲ ပြန်မေးယောင်ဆောင်နေရသေးတယ်။ တို့ နေ့တိုင်းပြောနေကြတာလေ၊ မမမျက်နှာက တစ်နေ့တစ်နေ့ ဒီလောက် ပင်ပန်းနေတဲ့ကြားထဲမှာ တစ်ချက်မှ ညှိုးကျမသွားဘူး။ ဆယ့်နှစ်ရာသီပန်းလေးကျနေတာပဲ၊ ရက်

www.burmeseclassic.com

www.burmeseclassic.com



တွေကြာလာလေ မမ မျက်နှာက နုပျိုကျန်းမာလေပဲ။ မဟုတ်ဘူးလား အေးရယ်"

"အေးအမြင်တော့ မျက်နှာတစ်ခုတည်းတင် မဟုတ်ဘူး၊ ခြေတွေ လက်တွေပါ ပိုလှလာသလိုပဲ။ ဒီမှာကြည့်ပါလား၊ ဟောဒီ လက်ဖဝါးလေးတွေက အရင်ထက်ပိုပြီး နုဖတ်လာတယ် မဟုတ်လား"

အေးအေးက စိုးမမမျိုး၏ လက်ဝါးနှစ်ဖက်ကို လှမ်းကိုင်၍ ဆုပ်နယ်ပြသည်။ စိုးမမမျိုးက ကိုယ့်လက်ဖဝါးများကို ကိုယ်ပြန်ကြည့်မိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သူမ၏လက်ဝါးပြင်များမှာ ယခင်က အခုလို တရားခွင်မှပြန်လာ၍ နားချိန်မျိုးတွင် ချွေးစေးများနှင့် စေးကပ်နေမြဲ ဖြစ်၏။ ဘိုးဘိုးပေးခဲ့သော မအိုဆေးတောင့်ကို အမှီဌာန်ဝင်၍ သောက်ပြီးသည့်နောက်ပိုင်းတွင် လက်ဖဝါးပြင်သာမက မျက်နှာနှင့် ခြေဖဝါးတို့တွင်လည်း ချွေးထွက်နည်းလာသည်။ မိမိတစ်ကိုယ်လုံးလည်း နေရထိုင်ရတာ ခါတိုင်းထက် ပေါ့ပါးသွက်လက်လာသည်။ ဓါလှကား အတက်အဆင်းများတွင် မောပန်းနွမ်းနယ်မှု မရှိသလောက် ဖြစ်လာသည်။

တစ်ခုတော့ရှိသည်။

မတူပီက အပြန်လမ်းတွင် သတိလက်လွတ် မူးမေ့သွားတာမျိုးတော့ ဖြစ်ခဲ့သေးသည်။ အံ့ဩဖွယ်ကောင်းသည်မှာ ခရီးပန်းလွန်း၍ မူးမေ့သွားသော်လည်း ပြန်သတိရချိန်တွင် ခေါင်းကိုက်မူးမော်ခြင်း အလျှင်းမရှိဘဲ ပကတိ ကြည်လင်လန်းဆန်းနေခြင်းပင်။

"ကဲ- ဘယ်လိုလဲ မမ၊ ဒီကိစ္စ တို့ကိုပြောမပြရင်တော့ သူငယ်ချင်းနဲ့ မခေါ်တော့ဘူးနော်"

စိုးမမမျိုးက သူတို့နှစ်ယောက်ကို ပြုံးပြလိုက်သည်။

"လှလှတို့ဂလည်းကွာ၊ ဒီလို ကိုယ်လက်နုပျိုစေတဲ့ လိမ်းဆေးသာရှိလို့ကတော့ ကိုယ့်ထက် ခေတ်ရှေ့ပြေးနေတဲ့ အမျိုးသမီးတွေ အရင်သုံးပြီးဖြစ်နေမှာပေါ့။ ကိုယ့်မျက်နှာ၊ ခြေလက်တွေ နုပျိုလာတယ်ဆိုတာ သူငယ်ချင်းတို့ ထင်လို့ပါ။ ဒီလောက် မဟုတ်ပါဘူး။

တစ်ခုတော့ရှိတာပေါ့လေ။ ကိုယ်က ငယ်ငယ်ကတည်းက နေ့တိုင်းဝတ်မပျက် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး တရားထိုင်ခဲ့တာဆိုတော့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေရဲ့ အစွမ်းနဲ့ နုပျိုနေတာ ဖြစ်ချင်ဖြစ်မှာပေါ့ဟယ်"

လှလှက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီလေ၊ ဒါထားပါတော့။ မမ မတူပီခရီးက ပြန်လာပြီးမှ မမဆီက ခါတိုင်းလိုထူးခြားတဲ့အတိတ်တွေ၊ နိမိတ်တွေ မကြားရတာ ကြာပြီနော"

ဟုတ်သည်။ လှလှတို့ပြောလည်း ပြောစရာပင်။ ခါတိုင်းဆိုလျှင် သူတို့လုပ်ငန်းများကို မိမိကပင် ကြိုတင်၍ ဟောကိန်းထုတ်တတ်သည်။

"လှလှ၊ နင် ဒီနေ့အမှုကိုမစစ်နဲ့။ ရုံးချိန်းယူလိုက်"

"အေးအေးက ဟိုတရားမမှုကို မလိုက်နဲ့တော့၊ နင်လိုက်ရင်ရှုံးလိမ့်မယ်"

စိုးမမမျိုး၏ဟောကိန်းများသည် တစ်ခါတစ်ရံ ဒက်ထိမှန်သည်။ ရံဖန်ရံခါ သွယ်ဝိုက်၍ အနီးစပ်ဆုံး မှန်တတ်သည်။ အကျိုးယုတ်သွားသည်တော့ မရှိ။ စိုးမမမျိုးအနေနှင့် ထိုသို့ ဟောကိန်းထုတ်နိုင်အောင်လည်း ဘာဗေဒင်နက္ခတ်မှ ဟုတ်တိပတ်တိ တတ်သိနားလည်၍တော့ မဟုတ်။ သူမ၏စိတ်ထဲ ထင်လာမြင်လာသည့်အတိုင်း ပြောချလိုက်ခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း ရှေ့နေအသိုင်းအဝိုင်းက သူမအား 'ဂမ္ဘီရမမ' ဟု ခေါ်ကြခြင်း ဖြစ်၏။

စင်စစ် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ အကျိုးကျေးဇူးများသာ ဖြစ်၏။

ယခုတော့ မတူပီခရီးစဉ်တက်ကတည်းက ဘုရားမှန်မှန်ရှိခိုးခဲ့သော်လည်း ခရီးပန်းသဖြင့် တရားထိုင်ခြင်းများ ပုံမှန်မရှိတော့ဘဲ ရံခါပျက်ကွက်ခဲ့သည်။ ဈာန်သမာဓိ၏ စွမ်းအင်ဆိုသည်ကလည်း ကျင့်စဉ်တစ်ခုကို လုံးဝ အပျက်အကွက်မရှိဘဲ အားထုတ်နိုင်မှသာ အာရုံစုစည်းလာနိုင်မည် ဖြစ်၏။

ထို့ကြောင့်လည်း မိမိ၏အာရုံတွင် အရင်ကလို အတိတ်နိမိတ် ထင်ဟပ်မှုများ အားနည်းလာခြင်း ဖြစ်ပေမည်။ ယင်းကိစ္စနှင့်အတူ မိမိလက်ဝယ်ရောက်နေပြီဖြစ်သော မနာဆေးတောင့်နှင့် မသေဆေးတောင့်များဖြင့် ယနေ့ညကစ၍ အဓိဋ္ဌာန်ဝင်မှ ဖြစ်တော့မည်။

"ဒါနဲ့ မမကို နောက်တစ်ခု သတိပေးရဦးမယ်"

လှလှက ပြောလာပြန်သည်။

"ဘာများလဲ လှလှရဲ့"

"ဩော်- တစ်နေ့တခြား ကိုကျော်ဇေယျကြီးကို တဖြည်းဖြည်း သနားနေမိလို့ပါ"

"ဟဲ့- ဒါက ဘာစကားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားလဲ ဟုတ်လား။ ရည်းစားစကားလေ၊ ရည်းစားစကား။ သူ့ခမျာ မမကို ချစ်ရေးဆိုထားတာဖြင့် ကြာကြာပေါ့။ အဲဒါ မမက အဖြေမပေးဘဲ ခုထိ ညှဉ်းဆဲထားလို့ သူ့ခမျာ တစ်နေ့တခြား တပိန်ပိန် တလိမ်လိမ် ဖြစ်နေတာ သာကြည့်တော့"

"တော်စမ်းပါ လှလှရယ်၊ မဟုတ်တာ"

အေးအေးက ဝင်ပြောသည်။

"ဘာမဟုတ်တာရမှာလဲ၊ ဟုတ်တာ ဟုတ်တာတော့။ မြန်မြန်လေးသာ ဟုတ်လိုက်ပါတော့ဟယ်၊ သူ့ခမျာ မမ သွားလေရာ မညည်းမညူနဲ့ အပင်ပန်းခံပြီး တကောက်ကောက် လိုက်နေရတာ ငါတောင်ကြည့်ရင်း သနားလာမိတယ်။ ဒီမယ် မမ၊ ငါ ဒီနေ့ တစ်ခုတော့ ကြိုသတိပေးထားလိုက်မယ်"

"အင်း. . . ဆိုပါဦး"

"ကိုကျော်ဇေယျလို မမအပေါ် ချစ်လွန်းလို့ ဒီလို အနွံတာခံတဲ့ ယောကျ်ားမျိုး ဒီတစ်သက် မတွေ့နိုင်တော့ဘူးဆိုတာပဲ"

စိုးမမမျိုးက နေရာက ထလိုက်သည်။

"ကဲပါလေ၊ ဒီနေ့တော့ ဒီဝိုင်းကို ငါပဲ ရှင်းလိုက်ပါတော့မယ်။ ဒီလောက် ပညာပေးနေမှတော့ သဘောပေါက်ပါပြီတော်"

လှလှက သဘောကျ၍ ထရယ်လိုက်သည်။

"ဟင်း ဟင်း ဟင်း တော်တယ်ဟေ့၊ မမတို့က အရိပ်ပြတာနဲ့ ချက်ချင်း အကောင်ထင်တတ်ပါလားနော်"

စိုးမမမျိုး ထိုနေ့က အိမ်ပြန်ရောက်၍ ရေမိုးချိုး ထမင်းစားပြီးသည်နှင့် ဘုရားခန်းထဲဝင်ကာ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်လျက် တရားထိုင်တော့သည်။ ထို့နောက် ကတိသစ္စာဆယ်ချက်ကို သစ္စာပြုခံယူကာ ကြေးဝါပြားပေါ်တွင် ပါရှိသော ဂါထာမန္တန်နှင့် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ (၄၅)ရက် အဓိဋ္ဌာန် စတင်တော့သည်။

ထိုနေ့ကစ၍ ငါးသတ်လွတ်၊ မီးလွတ်စားကာ ရွတ်ဖတ်စဉ်များကို လုံးဝ မပျက်ကွက်စေဘဲ အာရုံများကို စုစည်း၍ ကတိသစ္စာဆယ်ချက်ကို မထိခိုက်မိအောင် အထူးဂရုပြုရှောင်ရှားလျက် အဓိဋ္ဌာန် မှန်မှန်ဝင်နေခဲ့သည်။

တဖြည်းဖြည်း ဆယ်ရက်၊ ရက်နှစ်ဆယ်၊ ရက်သုံးဆယ်စသဖြင့် သတိထားကျင့်ကြံလာခဲ့ရာ နောက်ဆုံးတွင် (၄၅)ရက်အဓိဋ္ဌာန်ကို အောင်မြင်စွာ ပြီးဆုံးခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင် ဆေးတောင့်များကို ကြေးဖလားထဲတွင် ရေစိမ်ကာ ဇောဗျူဂ်သုတ်ကို ကိုးခေါက်ရွတ်ဆို မန်းမှုတ်ပြီးမှ ဆေးစိမ်ရေများအားလုံး ကုန်အောင် သောက်သုံးပြီးမှသာ အမိဋ္ဌာန်ကိစ္စ ဆုံးခန်းတိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် စိုးမမမျိုးသည် ဘုရားကျောင်းဆောင်အောက် အံဆွဲထဲတွင် သေချာသော့ခတ်သိမ်းထားသော မနာဆေးတောင့်နှင့် မသေဆေးတောင့်ပါ ကြုတ်ကလေးများကို ထုတ်ယူလိုက်သည်။ ထိုကြုတ်ကလေးများကို လက်ဝါးနှစ်ဖက်ဖြင့်ညှပ်၍ လက်အုပ်ချီပြီး ဘုရားကန်တော့ ဦးချလိုက်သည်။

ပြီးမှ ဒေါ်ဘဏာစာရီခေါ် ဒေါ်ငြိမ်းရှင်၏ မောင်တော်သူ ဦးခင်မောင်ညွန့်ထံမှ ရရှိထားခဲ့သော ငွေကြုတ်ကလေးဖြင့် ထည့်ထားသော မနာဆေးတောင့်ကို ငွေကြုတ်အဖုံးကိုဖွင့်၍ ထုတ်ယူလိုက်သည်။

"အလို"

စိုးမမမျိုးရင်ထဲ ဒိန်းခနဲ ပေါက်ကွဲသံကြီး ကြားလိုက်ရကာ မျက်လုံးများ အဆမတန် ပြူးကျယ်သွားပြီး ပါးစပ်အဟောင်းသားဖြင့် ငွေကြုတ်ကလေးထဲက မနာဆေးတောင့်ကို မယုံကြည်နိုင်အောင် စူးစိုက်ကြည့်နေမိသည်။ အဘယ်ကြောင့်ဆိုသော် သူမမြင်လိုက်ရသည့်အရာမှာ အဝါရောင်ရင့်ရင့် မနာဆေးတောင့်မဟုတ်ဘဲ မည်းမှောင်၍ နက်ပြောင်နေသော မီးသွေးခဲတောင့် ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ကြည့်စမ်း၊ ဒါ. . . ဒါ ဘယ်လိုဖြစ်တာပါလိမ့်။ အဝါရောင်ရင့်ရင့် မနာဆေးတောင့်နေရာတွင် အရွယ်အစား တစ်ပုံစံတည်း တူညီသော မီးသွေးခဲတောင့်က ဘယ်လိုလုပ်ပြီး ရောက်နေရတာပါလိမ့်။ တစ်ယောက်ယောက်က မနာဆေးတောင့်ကို လိုချင်လို့ ပုံစံတူ မီးသွေးခဲတောင့်နဲ့ လာလဲသွားတာလား။

ဒါတော့ လုံးဝ (လုံးဝ) မဖြစ်နိုင်။ သူမ၏လက်ဝယ် ဤမနာဆေးတောင့် ရောက်ရှိနေသည်ကို ထောင်ကျနေသော ဦးခင်မောင်ညွန့်မှတစ်ပါး ဤကမ္ဘာတွင် မိမိမှလွဲ၍ မည်သူမျှ မသိပေ။ သိ၍ လာယူသည် ဆိုစေဦးတော့၊ ဘာမှ အပင်ပန်းခံ၍ ဤမီးသွေးခဲတောင့်ပုံစံတူကို အစားထည့်ထားစရာမလို။ နဂိုမူလ ငွေကြုတ်ကလေးအတိုင်း အသာခိုးယူသွားရန်သာ ရှိသည်။

ထို့ကြောင့် တစ်ယောက်ယောက် လာလဲလှယ်သွားတာ လုံးဝ မဖြစ်နိုင်။ ဒါဖြင့် ဘယ့်နှယ်ကြောင့် ခုလို. . .။



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်လိုက်ကြသည်မှာ စဉ်းစားကြည့်လေ 'သံသယဝင်စရာပင် ဖြစ်လာသည်။

သူတို့ကိုယ်တိုင် ရှာစားကြီး ဦးသူတော်၏ မြစ်တော်ကြသူ လူကြီးသူမများ ဖြစ်နေပါလျက် မိမိလို ဆွေစဉ်မျိုးဆက်အရ တွတ်တော်သူအား မပေးနိုင်လျှင်လည်း မပေးနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြဖို့ကောင်းသည်။ အခုတော့ ထိုသို့မဟုတ်ဘဲ မလိမ့်တပတ် လုပ်ခဲ့ကြခြင်းမှာ တွေးမိလေ ရင်နာလေ ဖြစ်၏။

မည်သို့ဆိုစေ ဤကိစ္စကို သူတို့နှင့်ရင်ဆိုင်၍ ထိပ်တိုက်ဖြေရှင်းလိုက်ရမှ မိမိရင်ထဲက ကျေနပ်နိုင်ပေမည်။

စိုးမမမျိုးသည် မိုးလင်းသည်နှင့် ကိုကျော်ဇေယျအား တယ်လီဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။ သူ ရောက်လာသည်နှင့် တက္ကစီတစ်စီးငှားကာ အင်းစိန် ဗဟိုအကျဉ်းထောင်ဆီသို့ ထွက်ခွာလာခဲ့သည်။

ထောင်ဘူးဝရှိ စာပေးစာယူဌာနတွင် အကျဉ်းသား အမှုသည် ဦးခင်မောင်ညွန့်အား တွေ့လိုသော ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုးဟု လျှောက်လွှာတင်ထားလိုက်သည်။

မကြာမီ ထောင်မှူးတစ်ယောက် ရောက်လာကာ ဒေါ်စိုးမမမျိုးနာမည်ကို ခေါ်သည်။

"ဒေါ်စိုးမမမျိုးဆိုတာ ဟိုတစ်လောက ဦးခင်မောင်ညွန့်ကို တစ်ခါလာတွေ့ဖူးတဲ့ ဗဟိုတရားရုံးရှေ့နေ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"အဲဒါလေ၊ ဒေါ်စိုးမမမျိုး လာတွေ့သွားပြီးတဲ့ နောက်တစ်နေ့ကစပြီး ဦးခင်မောင်ညွန့်ရဲ့ ကိုယ်ခန္ဓာနေရာအနှံ့မှာ အဖုအပိမ့်ကလေးတွေ ထွက်လာလို့ ထောင်ဆရာဝန်နဲ့ ပြကြည့်တော့ အနာကြီးရောဂါ ဖြစ်လာတာလို့ သိရပါတယ်။ အဲဒါကြောင့် ဒီအနာကြီးရောဂါကို အမြန် အမြစ်ပြတ်အောင် ကုသခံနိုင်ဖို့အတွက် ဦးခင်မောင်ညွန့်ကို ညောင်ဦးအကျဉ်းထောင်ကို ပြောင်းရွှေ့ပေးလိုက်ရတာ တစ်လလောက် ရှိသွားပါပြီ။ ဆရာမတို့တွေ့ချင်ရင် ညောင်ဦးထောင်မှာ သွားတွေ့လို့ရပါတယ်"

စိုးမမမျိုးတို့ အင်းစိန်ထောင်ဘူးဝမှ ပြန်ထွက်လာကြသည်။ ရင်ထဲမှာတော့ မသိုးမသန့်စိတ်ဖြင့် ဘဝင်မကျချင်။ ဘယ်နှယ် မနာဆေးတောင့်ကို နှစ်ပေါင်းများစွာ လက်ဝယ်ထားခဲ့သော အနာကြီးရောဂါ ဖြစ်ရတယ်လို့။ ထူးတော့ထူးဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်လိုက်ကြသည်မှာ စဉ်းစားကြည့်လေ 'သံသယဝင်စရာပင် ဖြစ်လာသည်။

သူတို့ကိုယ်တိုင် ရှာစားကြီး ဦးသူတော်၏ မြစ်တော်ကြသူ လူကြီးသူမများ ဖြစ်နေပါလျက် မိမိလို ဆွေစဉ်မျိုးဆက်အရ တွတ်တော်သူအား မပေးနိုင်လျှင်လည်း မပေးနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြဖို့ကောင်းသည်။ အခုတော့ ထိုသို့မဟုတ်ဘဲ မလိမ့်တပတ် လုပ်ခဲ့ကြခြင်းမှာ တွေးမိလေ ရင်နာလေ ဖြစ်၏။

မည်သို့ဆိုစေ ဤကိစ္စကို သူတို့နှင့်ရင်ဆိုင်၍ ထိပ်တိုက်ဖြေရှင်းလိုက်ရမှ မိမိရင်ထဲက ကျေနပ်နိုင်ပေမည်။

စိုးမမမျိုးသည် မိုးလင်းသည်နှင့် ကိုကျော်ဇေယျအား တယ်လီဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။ သူ ရောက်လာသည်နှင့် တက္ကစီတစ်စီးငှားကာ အင်းစိန် ဗဟိုအကျဉ်းထောင်ဆီသို့ ထွက်ခွာလာခဲ့သည်။

ထောင်ဘူးဝရှိ စာပေးစာယူဌာနတွင် အကျဉ်းသား အမှုသည် ဦးခင်မောင်ညွန့်အား တွေ့လိုသော ဗဟိုတရားရုံးရှေ့နေ ဒေါ်စိုးမမမျိုးဟု လျှောက်လွှာတင်ထားလိုက်သည်။

မကြာမီ ထောင်မှူးတစ်ယောက် ရောက်လာကာ ဒေါ်စိုးမမမျိုးနာမည်ကို ခေါ်သည်။

"ဒေါ်စိုးမမမျိုးဆိုတာ ဟိုတစ်လောက ဦးခင်မောင်ညွန့်ကို တစ်ခါလာတွေ့ဖူးတဲ့ ဗဟိုတရားရုံးရှေ့နေ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"အဲဒါလေ၊ ဒေါ်စိုးမမမျိုး လာတွေ့သွားပြီးတဲ့ နောက်တစ်နေ့ကစပြီး ဦးခင်မောင်ညွန့်ရဲ့ ကိုယ်ခန္ဓာနေရာအနှံ့မှာ အဖုအပိမ့်ကလေးတွေ ထွက်လာလို့ ထောင်ဆရာဝန်နဲ့ ပြကြည့်တော့ အနာကြီးရောဂါ ဖြစ်လာတာလို့ သိရပါတယ်။ အဲဒါကြောင့် ဒီအနာကြီးရောဂါကို အမြန် အမြစ်ပြတ်အောင် ကုသခံနိုင်ဖို့အတွက် ဦးခင်မောင်ညွန့်ကို ညောင်ဦးအကျဉ်းထောင်ကို ပြောင်းရွှေ့ပေးလိုက်ရတာ တစ်လလောက် ရှိသွားပါပြီ။ ဆရာမတို့တွေ့ချင်ရင် ညောင်ဦးထောင်မှာ သွားတွေ့လို့ရပါတယ်"

စိုးမမမျိုးတို့ အင်းစိန်ထောင်ဘူးဝမှ ပြန်ထွက်လာကြသည်။ ရင်ထဲမှာတော့ မသိုးမသန့်စိတ်ဖြင့် ဘဝင်မကျချင်။ ဘယ်နှယ် မနှာဆေးတောင့်ကို နှစ်ပေါင်းများစွာ လက်ဝယ်ထားခဲ့သူက အနာကြီးရောဂါ ဖြစ်ရတယ်လို့။ ထူးတော့ထူးဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ အိမ်ပြန်မှာ မဟုတ်လား၊ တက္ကစီငှားလိုက်မယ်"

"မပြန်သေးဘူး၊ တံတားလေးကို သွားလိုက်ဦးမယ်"

"ဩော်"

ကိုကျော်ဇေယျက ခေါင်းတစ်ချက်ညိတ်ပြကာ တက္ကစီတစ်စီးကို တားလိုက်သည်။ တံတားလေး စိတ်ကျန်းမာရေး အထူးကုဆေးရုံကြီးသို့ ပို့ပေးရန် ပြောလိုက်သည်။

"အန်တီ ဆရာမကြီး၊ နေကောင်းပါတယ်နော်။ ကျွန်မတို့ကို မှတ်မိတယ် မဟုတ်လား"

စိတ်ကျန်းမာရေးဆေးရုံကြီး အပြင်ကော်ရိုတာတွင် အသင့်တွေ့ရသော ထဘီအစိမ်းဝတ် သူနာပြုဆရာမကြီးအား စိုးမမမျိုးက လိုက်နှုတ်ဆက်ရင်းမေးလိုက်သည်။ ဆရာမကြီးက စိုးမမမျိုးနှင့် ကိုကျော်ဇေယျတို့အား ပြုံးကြည့်ရင်း အကဲခတ်သည်။

"စိတ်တော့ မရှိပါနဲ့ကွယ်၊ အန်တီက တစ်နေ့တစ်နေ့ ဒီမှာက လူအများနဲ့ ဆက်ဆံနေရတာ ဆိုတော့လေ။ သမီးတို့က ဘယ်သူ့ကို လာတွေ့ခဲ့ကြတာလဲဟင်"

"သမီးရဲ့အဘွား ဒေါ်သူဇာရွှေကိုလေ အန်တီကြီး"

"ဩော်- ဟုတ်ပြီ၊ မှတ်မိပြီ။ မတူပီက ဒေါ်သူဇာရွှေ မဟုတ်လား"

"ဟုတ်ပါတယ် အန်တီကြီး"

"ဒါနဲ့ အခု ဘာကိစ္စရှိလို့ လာကြပြန်တာလဲကွယ့်"

"သမီးအဘွားနဲ့တွေ့ဖို့ပါ အန်တီကြီး"

"ဟော"

ဆရာမကြီးက ပါးစပ်ဟောင်းလောင်းဖြင့် စိုးမမမျိုးတို့ကို သေချာ စူးစိုက်ကြည့်သည်။ ပြီးမှ သဘောပေါက်သွားဟန်ဖြင့်-

"အန်တီထင်တော့ ထင်မိသားကွယ်၊ ဟိုတစ်ခေါက် သမီးတို့ လာတွေ့တုန်းက လိပ်စာပေးမသွားတော့ အန်တီတို့လည်း အကြောင်းမကြားနိုင်ခဲ့ဘူးလေ၊ ဒါကြောင့် မသိခဲ့ကြတာပေါ့"

"ဘာကိုလဲ အန်တီ"

"သမီးအဘွားက သမီးလာတွေ့တဲ့ နောက်တစ်နေ့ မနက်မှာ ဆုံးသွားခဲ့တယ်လေကွယ်"

"အို"

"သူ့ယောကျ်ား ဦးဝါဆာလည်း ချင်းတောင်ပြန်သွားပြီကွယ့်"

"ဟင်"

စိုးမမမျိုးတို့ ဆရာမကြီးအား နှုတ်ဆက်၍ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ယဲ့မှာတော့ အဖြေမရှိသော ပဟေဠိများဖြင့် ရှုပ်ထွေးနက်ရှိုင်းလာသည်။ ကြည့်လေ၊ မနာဆေးတောင့် လက်ဝယ်ရှိသူက မိမိလက်သို့ ဆေးတောင့်ပေးအပ်ပြီး နောက်တစ်နေ့ကစ၍ ခန္ဓာကိုယ်အနှံ့ အဖုအပိမ့်များထွက်ကာ အနာကြီးရောဂါ ဖြစ်လာသတဲ့။ မဒေသဆေးတောင့် လက်ဝယ်ရှိသူကလည်း ထိုဆေးတောင့် မိမိလက်သို့ အပ်ပြီးသည်နှင့် နောက်တစ်နေ့ နံနက်မှာပင် သေဆုံးသွားခဲ့သတဲ့။

ထို ဦးခင်မောင်ညွန့်နှင့် ဒေါ်သုဇာရွှေတို့ဖြစ်ရပ်က တိုက်ဆိုင်မှုဆိုလျှင်တောင် အတော်ဆန်းကြယ်သည့်တိုက်ဆိုင်မှုဟု ဆိုရမည်။ ဟုတ်တော့ဟုတ်သည်။ မနာဆေးတောင့် ပေးအပ်သူက အနာကြီးရောဂါ ဖြစ်သွားပြီး မဒေသဆေးတောင့် ပေးအပ်သူက သေဆုံးသွားသတဲ့။

ဤအချက်များအရ ဦးခင်မောင်ညွန့်နှင့် ဒေါ်သုဇာရွှေတို့သည် မိမိအား ဆေးတောင့် အစစ်အမှန်များ ပေးအပ်ခဲ့သည်ဟု ယူဆရမလို ဖြစ်လာပြန်သည်။ သို့ဆိုလျှင် ထိုဆေးတောင့်များသည် အဘယ်ကြောင့် မီးသွေးခဲတောင့်များ ဖြစ်နေခဲ့ရပါလေနည်း။

တစ်ခု ထူးခြားသည်မှာ သူမ ထိုနေ့က လှုပ်ရှားသွားလာရသည်မှာ ခါတိုင်းလို ပေါ့ပါးလန်းဆန်းမှု သိပ်မရှိတော့။ ခြေဖဝါး၊ လက်ဖဝါးများတွင်လည်း ချွေးစေးများ ထွက်လာသည်။ မောပန်းနွမ်းနယ်မှုကလည်း သိသာလာသည်။ ထိုအရာများသည် မနေ့က ဆေးတောင့်များကို မီးသွေးခဲများအဖြစ် မြင်လိုက်ရပြီးနောက် ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုများကြောင့်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်လည်း ထိုနေ့က စိတ်မောလူမော ဖြစ်ခဲ့၍လားမသိ၊ ညပိုင်း ဘုရားရှိခိုးပြီးသည်နှင့် ဘာကိုမှ သတိမရတော့ဘဲ အိပ်မောကျသွားခဲ့လေသည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည် မပြောတတ်။ တစ်စုံတစ်ယောက်က မိမိအား အနီးကပ်ခေါ်သံကြားမိ၍ အိပ်ရာက နိုးလာမိသည်။

"သမီးလေး မမ၊ သမီးလေး မမ"

မကြားဘူးသောအသံ၊ မခေါ်ဘူးသော အသုံးအနှုန်းများကြောင့် မျက်စိများဖွင့်ကာ ကြည့်မိသည်။ မိမိနှင့် မလှမ်းမကမ်းတွင် ဝတ်ဖြူစင်ကြယ်ဝတ်၍ တောင်ဝှေးတစ်ချောင်းထောက်ကာ မိမိအား ပြုံးရွှင်စွာ ရပ်ကြည့်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဝိုးတဝါး မြင်နေရသည်။ ထိုပုဂ္ဂိုလ်က တောင်ဝှေးကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ပြီးမှ သူ၏ လက်ယာဘက်လက်ကို ဖြန့်ထုတ်လိုက်ရာ သူ၏လက်ဖဝါးပေါ်တွင် ကြုတ်ကလေးသုံးခု ပေါ်လာသည်။ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်၊ ငွေကြုတ်နှင့် ကြေးကြုတ်တို့ ဖြစ်လေသည်။

"သမီးလေး မမ၊ ဘဘဟာ သမီး့ အဘင်တော်တဲ့ ရှာစားကြီး ဦးသူရတော်ကို ဟိုးလွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်က မအို၊ မနာ၊ မသေ ဆေးတောင့်တွေကို ကိုယ်တိုင်ဖော်စပ်ပေးခဲ့တဲ့ လိုဏ်ဂူနန်းရှင် ဂန္ဓာရီဝိဇ္ဇာပဲကွယ့်။

ဒီဆေးတောင့်တွေကို ရှာစားကြီးရဲ့ သားတော်တွေကတစ်ဆင့် လက်ဆင့်ကမ်းပြီး သုံးလာလိုက်ကြတာ မအိုတဲ့လူ၊ မနာတဲ့လူ၊ မသေတဲ့လူတွေ ရှိခဲ့ကြပေမယ့်လည်း ဒီဆေးသုံးမျိုးစလုံးကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်ခဲ့တာ ဦးသူတော်ကလွဲပြီး မရှိနိုင်ခဲ့ဘူးကွယ့်။ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေတဲ့ ပုထုဇဉ်လောကမှာ ဒီဆေးတောင့်တွေရဲ့ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့အောင် သာသနာပြုရေးကိစ္စကို ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ခဲ့ဘူးကွယ့်။ ဆေးတောင့်သုံးမျိုးစလုံးကို ပူးတွဲပြီး ကျင့်ကြံအားထုတ်ဖို့ အခွင့်မသာခဲ့ကြတာကြောင့် မအိုတဲ့ဆေးတောင့်ပိုင်ရှင်က နာခဲ့၊ သေခဲ့ရတယ်။ မနာတဲ့ဆေးတောင့် ရှိသူကလည်း အိုခဲ့၊ သေခဲ့ရတာပဲ။ မသေဆေးတောင့်ရှိတဲ့လူခမျာမှာလည်း အိုခြင်း၊ နာခြင်းကို သေတာထက်ဆိုးအောင် အပြင်းအထန် ခံစားခဲ့ရတယ်။

ဒါကြောင့် သမီးလေးမမရဲ့အဘွား ဒေါ်သူဇာရွှေဟာ အဲဒီ အိုခြင်း၊ နာခြင်း ဝေဒနာခန္ဓာဝန်ကို ထမ်းထားရတဲ့ ဘဝက လွတ်ငြိမ်းချမ်းသာခွင့်ပေးပါတော့ဆိုပြီး သူ့ကို မသေနိုင်တဲ့ ဆေးတောင့်ကို သမီးလေးမမလက်ထဲ အပ်ပြီးတာနဲ့ နောက်တစ်နေ့မှာ မသေနိုင်တဲ့ဘဝက လွတ်မြောက်သွားခဲ့ရတယ် မဟုတ်လား"

စိုးမမျိုး အားလုံးကို မြင်နေ၊ ကြားနေရသော်လည်း သူမ၏ ကိုယ်ကို နေရာရွှေ့မရ၊ ခေါင်းလှည့်၍ မရ၊ ပါးစပ်ဟ၍ မရ။

"သမီးလေး မမရဲ့ အဘိုးလေးတော်တဲ့ ဦးခင်မောင်ညွန့်ကျတော့ အယူအဆလွဲမှားခဲ့လို့ ဒုက္ခဖြစ်နေရရှာတယ်လေ။ သူ့ခမျာ သူကိုယ်တိုင် မကျူးလွန်ခဲ့တဲ့အမှုကို ကျူးလွန်ခဲ့တယ်ထင်ပြီး ကတိသစ္စာပြုထားတဲ့ ကာယကံသုံးပါးထဲက အဒိန္နာဒါနကံကို ကျူးလွန်ခဲ့မိပြီလို့ ထင်မှတ်မှားခဲ့တယ်။ ဒါကြောင့် သူ့လက်မှာရှိတဲ့ မနာဆေးတောင့်ကို အစွမ်းမထက်တော့ဘူးထင်ပြီး သမီးလေး မမလက်ထဲ ပြန်ကွက်အပ်မိ



www.burmeseclassic.com

www.burmeseclassic.com



တာ သူ့အမှားပဲ။ အဲဒါကြောင့်လည်း အနာကြီးရောဂါ စွဲကပ်ခံရရှာတာပေါ့ကွယ်။ အမှန်တော့ မနာဆေးတောင့် သူ့အတွက် အပြည့်အဝ မဟုတ်တော့ပေမယ့် အတော်အသင့်တော့ အစွမ်းထက်နေသေးတယ်ကွယ်"

စိုးမမမျိုးက ဘဘကြီးအား တစ်စုံတစ်ခုပြောရန် ကြိုးစားလိုက်သော်လည်း လုံးဝ လှုပ်ရှား၍မရ။ ထို့ကြောင့် ဆက်နားထောင်နေရသည်။

"သူ့ဖြစ်ရပ်အမှန်အစီအစဉ်အတိုင်း ဆိုရင်တော့ သမီးလေး မမဟာ ကတိသစ္စာပြုထားတဲ့ ကာယကံသုံးပါးကို ကျူးလွန်မိတာကြောင့် ကြီးမားတဲ့ အပါယ်ငရဲထဲကို ကျရောက်နိုင်တယ်ကွယ့်။ ဦးခင်မောင်ညွန့်ဟာ သမီးကြောင့် အနာကြီးရောဂါ ခံစားသွားရတယ်လို့ ယူဆလို့ ရနိုင်လို့ပဲကွယ့်။ အဲဒီလိုပဲ ဒေါ်သူဇာရွှေဟာလည်း သမီးကြောင့်ပဲ သေဆုံးခဲ့ရတယ်လို့ ကောက်ယူလို့ ရနေလို့ပဲကွယ့်"

စိုးမမမျိုးက ရုတ်တရက် တစ်စုံတစ်ခု ပြောချလိုက်သည်။ ပါးစပ်က လှုပ်၍မရ။ သို့သော် ဘဘကြီးအား စိတ်ဖြင့် ဆက်သွယ်၍ ရလိုက်သည်။

"ဘဘကြီးရှင့်၊ ဒါဆို သမီးဆီက ငွေကြုတ်ကလေးနဲ့ မနာဆေးတောင့်ကို အဘိုးလေး ဦးခင်မောင်ညွန့်ကို ပြန်ပေးလိုက်ရင် မဖြစ်ဘူးလား"

ဘဘကြီးက ပြုံးလိုက်သည်။

"အမှန်တော့ ပြန်ပေးလိုက်ရင် သမီးလည်း အပြစ်ကလွတ်သွားမှာပဲလေ။ ဒါပေမယ့် မနေ့ညက သမီးသိတဲ့အတိုင်းပဲလေ၊ အားလုံးဟာ ပြီးဆုံးသွားခဲ့ပါပြီ"

"ဘယ်လို ပြီးဆုံးသွားခဲ့တာလဲ ဘဘကြီး"

စိုးမမမျိုးက စိတ်ထဲက မေးလိုက်သည်။

"အေး- တကယ်ဆိုရင် သမီးလေးမမက ရွာစားကြီးဦးသူတော်ပြီးရင် မျိုးရိုးစဉ်ဆက်တစ်လျှောက်မှာ ကံအကောင်းဆုံး၊ အအောင်မြင်ဆုံး ဖြစ်တော့မလို့ဘဲကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ သမီး ကလေးမမရဲ့ လက်ထဲမှာ မအို၊ မနာ၊ မသေဆေး သုံးမျိုးစလုံး ပိုင်ဆိုင်ထားနိုင်ခဲ့လို့လေ။ ဒါပေမယ့် ငါ့သမီးလေး မမက ဉာဏ်နဲ့ ဝီရိယမှာ ထက်သန်ခဲ့ပေမယ့် ကံအကြောင်းတရားက မကောင်းခဲ့ဘူးလေ။ သမီးရဲ့လက်ထဲကို မအို၊ မနာ၊ မသေဆေးသုံးမျိုးစလုံး ရောက်လာတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟာ အတော်လေး နောက်ကျခဲ့ရတယ်။ ဒီဆေးသုံးတောင့်ရဲ့ သိဒ္ဓိအစွမ်းသက်တမ်းကုန် (၁၀၈)နှစ် ပြည့်ခဲ့လို့ပဲကွယ်"

"(၁၀၈) နှစ် . . ."

စိုးမမမျိုးက စိတ်ဖြင့် ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ ကုန်းဘောင်ခေတ် နောက်ဆုံးဘုရင် သီပေါမင်းလက်ထက် ၁၈၇၈ ခုနှစ်မှာ ရှာစားကြီး ဦးသူတော်ကို ဘဘဖော်စပ်ပေးခဲ့တဲ့ မအို၊ မနာ၊ မသေဆေးတွေရဲ့ အစွမ်းသိဒ္ဓိဟာ (၁၀၈)နှစ်အထိပဲ သက်တမ်းရှည်နိုင်ခဲ့တယ်ကွယ့်။

ဒါကြောင့် အခု သမီးလေး မမတို့ခေတ် ၁၉၈၆ ခုနှစ်ဆိုတော့ ဘဘကြီးရဲ့ ဆေးတောင့်သက်တမ်းတွေက ကုန်ဆုံးသွားပြီလေ။ အဲဒါကြောင့် မနေ့ညက ဆေးတောင့်တွေဟာ သမီးလေးလက်ထဲမှာတင် မီးသွေးခဲတောင့်ဘဝ ပြောင်းသွားခဲ့ရတာပေါ့။ သမီးလေး ကံမကောင်းလို့ ဒီဆေးရဲ့ အစွမ်းသိဒ္ဓိတွေကို မခံစားရတော့ပေမယ့် အဲလို ဆေးသက်တမ်းကုန်ဆုံးသွားတဲ့အတွက် မနာဆေးတောင့်ကို သမီး ခုနမေးသလို ဦးခင်မောင်ညွန့်ဆီ ပြန်ပို့လို့လည်း အကြောင်းမထူးတော့ဘူး မဟုတ်လား။ အေး- ဒီလို ဆေးတောင့်သက်တမ်းကုန်ဆုံးသွားတဲ့အတွက်လည်း သမီးလေးကြောင့် နာခဲ့၊ သေခဲ့ရတဲ့ ဦးခင်မောင်ညွန့်နဲ့ ဒေါ်သူဇာရွှေတို့ရဲ့ အပြစ်တွေကိုလည်း မခံစားရတော့တာပဲကွယ့်။ ဒါကြောင့် တစ်နည်းအားဖြင့် ကံကောင်းတယ်လို့လည်း ဆိုနိုင်သေးတာပေါ့ကွယ်"

စိုးမမမျိုးက ဘာမှမပြောဘဲ အာရုံစိုက်နားထောင်နေသည်။

"ဘဘကြီး နောက်ဆုံးမှာခဲ့ချင်တာက ကိုယ်နဲ့မထိုက်လို့ မရခဲ့တဲ့ အရာတွေပေါ်မှာ ဥပါဒါန်အစွဲအလမ်းတွေကို ဖြတ်တောက်ပစ်ပြီး လောကီအကျိုးကိုသာ ဆက်လက်ဆောင်ရွက်သွားဖို့ပဲ။ သမီး လက်ထဲမှာ ရှိတာတွေက မူလဆေးတောင့်ပုံသွင်းတုန်းက အောက်ခံမီးသွေးခဲတောင့်တွေပါ။ ဘာမှ အစွမ်းအာနိသင် မရှိဘူး၊ အစစ်တွေက ဘဘလက်ထဲကို ရောက်နေပြီ။ ဒါပေမယ့် ဒီဆေးတောင့်တွေကို သက်တမ်းပြန်တိုးနိုင်အောင် ဘဘ ဂန္ဓာရီ ခရီးရှည်ထွက်ရဦးမယ်ကွယ့်။ ကဲ- ငါ့သမီးလေး မမ၊ လူ့လောကထဲမှာ စိတ်ချမ်းသာကိုယ်ချမ်းသာရှိပြီး လိုအင်ဆန္ဒမှန်သမျှပြည့်ဝပါစေကွယ်"

ဘဘ ဂန္ဓာရီဝိဇ္ဇာသည် စိုးမမမျိုး၏ မျက်စိရှေ့မှာပင်



www.burmeseclassic.com

www.burmeseclassic.com


တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

"ဘဘကြီး၊ ဘဘကြီး"

စိုးမမမျိုးက လှမ်းခေါ်လိုက်မိသည်။

"ဘဘကြီး၊ ဘဘကြီး"

ထိုစဉ် အိပ်ခန်းအပြင်ဘက်က ကြီးမေ၏အသံ ကြားလိုက်ရ၏။

"ဟဲ့- မမ၊ ဘာတွေအော်နေတာလဲ။ အိပ်မက်မက်ပြီး ယောင်နေတာလား"

ထိုအခါ စိုးမမမျိုးတစ်ယောက် အိပ်မက်က တကယ်လန့်နိုးလာမိတော့သည်။

"ဟုတ်. . . ဟုတ်ကဲ့ ကြီးမေ၊ သမီး နိုးပါပြီ"

"အေး- ဘုရားကို သေချာရှိခိုးပြီးမှ ပြန်အိပ်နော်"

"ဟုတ်ကဲ့ပါ ကြီးမေ"

စိုးမမမျိုးက ဘုရားရှိခိုးရန် အိပ်ရာမှထသည်။ ထိုစဉ် ရုတ်တရက် အတွေးတစ်ခု ဝင်လာသဖြင့် လည်ပင်းက ပရိတ်ကြိုးလုံးကို ဖြုတ်ယူကာ ရွှေကြုတ်လေးထဲက မအိုဆေးတောင့်ကို အမြန်ထုတ်ကြည့်မိသည်။

စိုးမမမျိုး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ မိမိမြင်လိုက်ရသည်ကား စိမ်းဖန့်ဖန့် မအိုဆေးတောင့် မဟုတ်တော့ပေ။ မည်းနက်တောက်ပြောင်သော မီးသွေးခဲတောင့်ပင် ဖြစ်နေလေတော့၏။

စိုးမမမျိုးက ရှည်လျားသော သက်ပြင်းမောတစ်လုံးကို တဖြည်းဖြည်း ရှူထုတ်ရင်း ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်မိတော့၏။ ဟုတ်ပါသည်။ ဘဘဂန္ဓာရီဝိဇ္ဇာကြီး မှာခဲ့သလို ကိုယ်နဲ့မထိုက်တာတွေအပေါ် ဥပါဒါန်အစွဲဖျောက်ပြီး ဘဝတစ်လျှောက် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ကြိုးစားရဦးမည် မဟုတ်ပါလား။

* * *

ထိုနေ့မှ ရက်သတ္တ တစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။

"ကဲ- ကိုကျော်ဇေယျ၊ မမတို့ ခရီးထွက်ကြမယ်"

"ဟုတ်လား၊ ဘယ်ကိုလဲ မမ"

"စစ်ကိုင်းတောင်ရိုးကိုလေ"

"အဲဒီမှာ ဘာလုပ်စရာရှိသေးလို့လဲ မမရဲ့"

"လိုက်သာလိုက်ခဲ့ပါ၊ ဟိုကျရင်သိမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ကိုကျော်ဇေယျ ဘာမှ ထပ်မမေးတော့။ စိုးမမမျိုး၏အစီအစဉ်အတိုင်း သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်လို လှုပ်ရှားတော့သည်။

ပထမ မန္တလေးသို့ အမြန်ရထားဖြင့် တက်ကြ၏။ မန္တလေး မဟာမြတ်မုနိဘုရား၊ မန္တလေးတောင်တက်၍ ဘုရားအနှံ့ ဖူးမြော်ကြသည်။ အမရပူရဘက် ဦးပိန်တံတားအထိ လျှောက်လည်ကြသည်။

ကိုကျော်ဇေယျက ဘာမှသေချာမမေးသော်လည်း စိုးမမမျိုးအား စိတ်ထဲက သက်သာမကင်း ဖြစ်နေမိသည်။ ပြောတုန်းကတော့ စစ်ကိုင်းတောင်ရိုးတဲ့။ ခုတော့ မန္တလေးမှာ ဘုရားစုံဖူးပြီးတာတောင် မပြီးနိုင်သေး။ ဈေးချိုတစ်ပတ်ပတ်ကာ ဈေးဝယ်နေသေးသည်။ ညပိုင်းတွင် ကျောက်တော်ကြီးဘုရား ဝင်ဖူးလိုက်သေးသည်။ ပြီးမှ ညကြီး စစ်ကိုင်းဘက်ကူးကာ စစ်ကိုင်းတောင်ခြေက တည်းခိုခန်းတစ်ခုတွင် တည်းသည်။

နောက်တစ်နေ့ နံနက်လေးနာရီထကာ စစ်ကိုင်းတောင်ရိုးပေါ် တက်ကြသည်။ စစ်ကိုင်းတောင်ရိုး တစ်ဝက်ကျော်ကျော် တက်ပြီးသည်တွင် အိုးအိုးသိတင်းသုံးခဲ့သော ပညာဒီပကျောင်းရှေ့သို့ ရောက်လာသည်။

"ဝင်ကြမယ်မဟုတ်လား မမ"

စိုးမမမျိုးက ခေါင်းခါပြသည်။ သူမကပင် ဦးဆောင်၍ ရှေ့က တက်သွားသည်။ ကိုကျော်ဇေယျ နောက်က ထက်ကြပ်မကွာအောင် မနည်းလိုက်တက်ရသည်။ ဘုရားစေတီအဆူဆူကိုသာ လွန်လာခဲ့သည် စိုးမမမျိုးက မရပ်မနား ဆက်တက်နေဆဲ။ ထို့ကြောင့် တစ်နေရာအရောက်တွင် ကိုကျော်ဇေယျက မေးရတော့သည်။

"ဘယ်အထိ ဆက်တက်ဦးမလို့လဲ မမရယ်"

စိုးမမမျိုးက ခပ်လှမ်းလှမ်းတွင် မြင်နေရပြီဖြစ်သော ဆွမ်းဦးပုညရှင်စေတီတော်ကို လက်ညှိုးထိုးပြသည်။

"မမက အဲဒီမှာ ဘာလုပ်မလို့လဲ၊ ယတြာချေမလို့လား"

"ကိုကျော်ဇေယျကလည်းလေ၊ ကိုယ်ပြောခဲ့တဲ့စကား ကိုယ်မေ့နေပြန်ပြီလား"

"ကျွန်တော် ဘာပြောခဲ့မိလို့လဲ"

စိုးမမမျိုးက ကိုကျော်ဇေယျအား မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်သည်။

"ကိုကျော်ဇေယျပဲ ပြောခဲ့တယ် မဟုတ်လား၊ ဆွမ်းဦးပုညရှင်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ဆီ မမနဲ့ နှစ်ယောက်တည်းလာပြီး သူများထက် ဦးအောင်ဆွမ်းလာကပ်ချင်တယ်လို့လေ။ ကဲ- အခု ရှင့်ဆန္ဒ အတိုင်း ဆွမ်းကပ်ကြစို့လေ"

ကြားလိုက်ရသောစကားကြောင့် ကိုကျော်ဇေယျတစ်ယောက် ဝမ်းသာလုံးဆို့တက်လာကာ မမအား ရွှန်းရွှန်းစားစားကြည့်လိုက်သည်။ ထို့နောက် စိုးမမမျိုး၏ ခန္ဓာတစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ထားလိုက်မိတော့သည်။

"ဟိုး- ဆရာဟိုး၊ ဟိုမှာ မြင်ကုန်မယ်"

"ဟွန်း- မမကလည်း၊ မနက်အစောကြီး ဘယ်သူမှ မရှိတဲ့ ဟာကိုများ"

"ရှိတယ်လေ၊ မမြင်ဘူးလား"

"ဘာမှလဲ မတွေ့ပါဘူး မမရဲ့"

"ဟိုမှာ ဘုရားရုပ်ပွားတော်တွေရှိတယ်လေ ကိုကျော်ဇေယျရဲ့။ ဘုရားတွေရှေ့မှာ ဒီလိုမလုပ်ကောင်းဘူး"

"အိုးမိုင်ဂေါ့။ ကဲ- ဒါဆိုလာ၊ သွားကြမယ်"

ကိုကျော်ဇေယျက စိုးမမမျိုး၏လက်တစ်ဖက်ကို သူ၏လက်မောင်းတွင် ချိတ်တွဲလျက် ဆွမ်းဦးပုညရှင် စေတီတော်ဆီသို့ သွက်လက်စွာ တက်သွားကြလေတော့သတည်း။

ပီတာမြင့်ဦး



www.burmeseclassic.com